
http://www.dhammadownload.com

ဗဟုဒိဇာတ်စဉ်ကျမ်း



အက်စီ-အင်-ဂိုအင်ကာ

ပါဠိယတိဓမ္မသင်္ဂဟော



http://www.dhammadownload.com

http://www.dhammadownload.com

ဇန်နဝါရီလ၊ ၂၀၀၃

'ဗဟုသုတလာဘ် ကိုအင်းကာ မိသားစု

၁၂၅-နှစ် ခရီး မြန်မာနိုင်ငံ'

အမှတ်တရ ထုတ်ဝေသည်။

http://www.dhammadownload.com

ဤစေတီ တိုင်းပြည်မှ ပြည်သူ ပြည်သားများအား
ထက်သန်သော မေတ္တာတရားဖြင့်
ရည်ညွှန်းအပ်ပါသည်။

ကလျာဏမိတ္တ
အက်စ်-အင်-ဂိုအင်ကာ

http://www.dhammadownload.com

ဟာဟာဒိဟာ ဓမ္မကထာ

[အဘိုး ဗဆေဆာလာလ်အတွက် ရည်ညွှန်း
ဖွဲ့ဆိုထားသော ဒိဟာကဗျာများ]

http://www.dhammadownload.com

မြန်မာပြန်သူ၏ အမှာ

အရှေ့ဘက် ခပ်လှမ်းလှမ်း တောင်တန်းပေါ်တွင် တောင်ခိုးတောင်ငွေ့များနှင့် နှင်းမှုန်များ ရောနှောစုပေါင်း၍ လွင့်ပျံနေကြသည်။ အရုဏ်ဦးရောင်ခြည်သည် ထိုတောင်ခိုး တောင်ငွေ့များနှင့် နှင်းမှုန်များကြားထဲတွင် မပြူနိုင် မတိုးနိုင် ဖြစ်နေသည်။ မြောက်ဘက် ကပ်လျက်ရှိနေသော ကျောက်တောင်ကြီးမှာမူ ဓမ္မဂီရိကုန်းမြေကို အပေါ်မှ မိုးကြည့်နေသည်။ ဓမ္မဂီရိ ကုန်းမြေပေါ်မှ စေတီတော်၏ ဆည်းလည်းသံသည် နံနက် အရုဏ်ရောင်ခြည်ဦးနှင့်အတူ တိုက်ခတ်လာသော လေပြည်လေညင်းကြောင့် ဓမ္မဂီတသဖွယ် မြည်နေသည်။ ယောဂီများအိပ်ရာမှထပြီး မျက်စိဖွင့် နားစွင့်လိုက်သည်နှင့် တစ်ပြိုင်နက် ဓမ္မဂီရိဝန်းကျင် တစ်ခွင်၌ ပဲ့တင်ထပ်နေသော အသံကို ကြားနေကြရသည်။ ထိုအသံမှာ ဓမ္မဂီရိ ဝန်းကျင်တစ်ခွင်၏ တိတ်ဆိတ်ငြိမ်သက်နေခြင်းကို ဖြိုခွင်းနေသော တစ်ခုတည်းသောအသံ ဖြစ်လေသည်။ အသံသွင်းယူထားသော ဂုရုကြီး၏ တရားဂါထာနှင့် ဓမ္မကဗျာအဖွဲ့ ရွတ်ဆိုသံသည် နံနက် ဝေလီဝေလင်း အချိန်လောက်ကပင်စတင်၍ ဓမ္မဂီရိဝန်းကျင် တစ်ခုလုံးတွင် ပျံ့လွင့်နေသည်။ ဂုရုကြီး၏ တရားရွတ်သံသည် အိပ်ရာမှနိုးထလာသော ယောဂီများအား တရားနှလုံးသွင်းရန် လှုံ့ဆော်နေလေသည်။ ဂုရုကြီးရွတ်ဆိုသော တရားများထဲတွင် ဘုရားဟော ဒေသနာတော်ထဲက ပါဠိဂါထာအဖွဲ့များအပြင် သူကိုယ်တိုင် ဖွဲ့ဆိုထားသော 'ဒိုဟာ'ခေါ် ဓမ္မကဗျာ အဖွဲ့များလည်း ပါဝင်သည်။

ဂုရုကြီး ဂိုအင်္ကာသည် မြန်မာနိုင်ငံဇာတိ အိန္ဒိယအမျိုးသားဖြစ်သည်။ မြန်မာနိုင်ငံ၌နေစဉ်က လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်၌ အိန္ဒိယအမျိုးသားများကို ဦးဆောင်ခဲ့သူ ဖြစ်သည့်အပြင် ကူးသန်းရောင်းဝယ်ရေး နယ်ပယ်၌လည်း အောင်မြင်သူ ငွေရှင် ကြေးရှင်တစ်ဦး ဖြစ်သည်။ ထိုမျှသာမက နိုင်ငံတကာ ဝိပဿနာရိပ်သာ **IMC**တွင် ဆရာကြီး ဦးဘခင်၏ သင်ပြမှုအောက်၌ ဝိပဿနာတရားကို ပွားများအားထုတ်သောအခါ၌လည်း ထူးချွန်သူတစ်ဦး ဖြစ်လာလေသည်။

http://www.dhammadownload.com

ကိုအင်ကာသည် လွန်ခဲ့သည့် နှစ် ၂၀-ကျော်ခန့်က အကြောင်းအား လျော်စွာ မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ပြောင်းရွှေ့သွားရသည်။ အိန္ဒိယနိုင်ငံ၌ ဆရာကြီးဦးဘခင်၏ ဝိပဿနာနည်း နိဿယများကို တစ်ဆင့်ပြသော အခါ၌လည်း ကိုအင်ကာသည် အောင်မြင်မှုသရဖူဆောင်းသောပုဂ္ဂိုလ် ဖြစ်လာသည်။ အစပထမ၌ ကိုအင်ကာသည် သူ၏မိသားစုကိုစ၍တရားပြသည်။ ထို့နောက် သူ၏တရားစခန်းများကို တစ်စထက်တစ်စ တိုးချဲ့လာခဲ့ရာ ယခု အခါ၌ အိန္ဒိယနိုင်ငံ အကွက်အကွင်းကျသော မြို့ကြီးလေးငါးမြို့၊ ဌာနကြီး လေးငါးဌာနတို့၌ ဝိပဿနာရိပ်သာ ဗဟိုဌာနကြီးများ တည်ထောင်ပြီးလျှင် အမြဲမပြတ် ပြည်တွင်းပြည်ပ ယောဂီများကို ဝိပဿနာပြနေလေသည်။ အိန္ဒိယပြည်တွင်း၌သာ မကဘဲ ပြည်ပတွင်လည်း ဩစတြေးလျ၊ အမေရိက၊ ဂျပန်၊ အင်္ဂလန်၊ ပြင်သစ်၊ ကနေဒါ၊ ဂျာမနီ၊ ဘယ်လ်ဂျီယန်၊ စပိန်၊ အီတလီ၊ သီရိလင်္ကာ၊ နယူးဇီလန်၊ နီပေါလ်တို့၌လည်း ကိုအင်ကာ၏ တရားပတ်များ ရှိနေလေသည်။ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့်ပြောရလျှင် နှစ်စဉ်နှစ်တိုင်း တရားပတ် ၁၅၀-လောက်ရှိနေပြီး ယောဂီပေါင်း ၆၀၀၀-ကျော် တရားထိုင်နေ ကြပြီ။ ထို့ကြောင့် ကိုအင်ကာသည် ယခုအခါ၌ ကမ္ဘာပေါ်တွင် အအောင်မြင် ဆုံး ဝိပဿနာဆရာကြီးတစ်ဦး ဖြစ်နေပြီ။

မြတ်စွာဘုရား လက်ထက်တော်အခါက ဘုရားရှင်တပည့်သာဝကများ ဖြစ်ကြသော ဘိက္ခုနှင့် ဘိက္ခုနီမတို့သည် တရားအမြင်ရရှိသွားကြသော အခါ ဝမ်းသာအယ်လဲဖြစ်သွားကြပြီးလျှင် ဝမ်းသာစကား ဥဒါန်းကျူးရင့်ကြ လေသည်။ ထေရီနှင့် ထေရတို့၏ ယင်း ဥဒါန်းစကားများသည် 'ထေရီ ထေရာ ဂါထာ' ကဗျာအဖွဲ့များ ဖြစ်လာကြလေသည်။ ထိုနည်းတူစွာပင် ဝိပဿနာ ဆရာကြီး ကိုအင်ကာသည် ဝိပဿနာအမြင် ရင့်သန်ကြီးထွားလာ သောအခါ သူ၏ အတွင်းသန္တာန်၌ ပီတိတွေ့ ပြည့်လျှမ်းသွားခဲ့လေသည်။ အတွင်းသန္တာန်၌ ပြည့်လျှံနေသော ပီတိသည် အပြင်ဘက် ဖိတ်စဉ်ဝေကျ လာလေသည်။ ယင်း ဖိတ်စဉ်ဝေကျလာသော ပီတိသည်ပင်လျှင် 'ဗာဗာ ဒိုဟာ' ကဗျာဖြစ်လာလေသည်။ ကိုအင်ကာက 'ဗာဗာဒိုဟာ'၏ နိဒါန်း၌ ဤသို့ ဖော်ပြထားလေသည်။

"ဗာဗာဒိုဟာ ကဗျာအဖွဲ့များကို ရေးသားဖွဲ့ဆိုသည်ဟု ပြော၍မရပေ။ ကျွန်ုပ်၏ နှလုံးသားထဲက ခံစားချက်ကို ဖော်ပြသော ဗာဗာဒိုဟာကဗျာများ

http://www.dhammadownload.com

သည် ကျွန်ုပ်၏စိတ်ထဲတွင် သူ့အလိုလိုပင် ပေါ်လာကြသည်။ ထိုကဗျာများသည် ကျွန်ုပ်တစ်ကိုယ်ရေ ကျေနပ်နှစ်သိမ့်မှုအတွက်မှတစ်ပါး တခြားရည်ရွယ်ချက် မရှိပေ။ ဗာဗာ (အဘိုး)ကို သတိရသည့်အခါတိုင်း ပီတိတွေဖြာဝေနေသော ကျေးဇူးတရားသည် စိတ်ထဲတွင် လှုံ့တက်လာလေသည်။ ထိုအချိန်၌ ဒိုဟာကဗျာအဖွဲ့တစ်ခုခု သူ့အလိုလိုပေါ်လာပြီးလျှင် စိတ်ထဲတွင် ပဲ့တင်ထပ်သွားလေသည်။ အကယ်၍ သတိရနေလျှင် ထိုဒိုဟာအဖွဲ့ကို ရေးမှတ်ထားလိုက်လေသည်။ သတိမရလျှင်လည်း ထိုဒိုဟာအဖွဲ့သည် အတန်ကြာ နှစ်သိမ့်မှုပေးပြီးလျှင် မေ့လျော့ခြင်း ဝေဟင်ထဲတွင် ပျောက်ကွယ်သွားလေသည်။ ရေးမှတ်ထားလိုက်သော ဒိုဟာများ၏ ပဲ့တင်သံမှာမူ စိတ်နှလုံးထဲတွင် ဆက်လက်၍ ပီတိပြည့်လှုံ့နေအောင် လုပ်လာခဲ့လေသည်။ ယခုလည်း လုပ်နေတုန်းပင် ဖြစ်လေသည်။

'ဗာဗာဒိုဟာ' ၌ ပါသော 'ဗာဗာ' သည် 'အဘိုး' ဟု အနက်အဓိပ္ပာယ်ရသည်။ 'ဒိုဟာ' မှာ ဟိန္ဒီကဗျာဖွဲ့နည်း တစ်ခုဖြစ်သည်။ များသောအားဖြင့် ရှေးသူတော်စင်ပုဂ္ဂိုလ်များသည် ဒိုဟာကဗျာဖွဲ့နည်းဖြင့် ဓမ္မကဗျာကိုလည်းကောင်း၊ လောက ကဗျာကိုလည်းကောင်း ဖွဲ့ဆိုတတ်ကြသည်။ ကဗျာပုံစံမှာ ပါဠိဂါထာအဖွဲ့မျိုးကဲ့သို့ လေးပိုဒ်ရှိလေသည်။ ဒုဟိယအပိုဒ်နှင့် စတုတ္ထအပိုဒ်ကို 'အ' ကာရန်ဖြင့် အဆုံးသတ်လေသည်။ ယင်းကဗျာဖွဲ့နည်းမှာ ဟိန္ဒီကဗျာဖွဲ့နည်း၌ အလွန်ထင်ရှား အလွန်အသုံးများသော ကဗျာဖွဲ့နည်း ဖြစ်သည်။ ထို့ကြောင့် 'ဗာဗာဒိုဟာ' သည် မိမိအဘိုးကို အကြောင်းပြု၍ ဖွဲ့သော မိမိအဘိုးအတွက် ဖွဲ့သော ကဗျာအဖွဲ့ဟု အနက်အဓိပ္ပါယ်ရသည်။

၁၉၈၆-ခုနှစ်၊ ဒီဇင်ဘာလတွင် ဝိပဿနာဆရာကြီး ဦးဘခင် ကွယ်လွန်သည့် ဆယ့်ငါးနှစ်မြောက် အထိမ်းအမှတ်အဖြစ်ဖြင့် အီဂတ်ပူရီ ဓမ္မဂီရိဝိပဿနာသုတေသနဌာနအတွက် ဘုံဘေမြို့'ဗဆေဆာလာလ်ဒွါရကာဒါဆ်ဂိုအင်ကာဖေါင်ဒေးရှင်း' မှ ဤ 'ဗာဗာဒိုဟာ' ကို ပုံနှိပ်ထုတ်ဝေသည်။ 'ဗာဗာဒိုဟာ' ၏ အဖွင့်စာမျက်နှာ၌ **"ရွှေစေတီများ၏တိုင်းပြည်မှ ပြည်သူ ပြည်သားများအား မေတ္တာဖြင့်ရည်ညွှန်းပါသည်"** ဟူ၍ မြန်မာနိုင်ငံသူ နိုင်ငံသားများအား ရည်ညွှန်းထားသည်။ ထို 'ဗာဗာဒိုဟာ' စာအုပ်သည် ဂိုအင်ကာ၏ဒိုဟာကဗျာအဖွဲ့များကို စုပေါင်းပုံနှိပ်ဖော်ပြထားသည့် စာအုပ်ဖြစ်သည်။ ရာဂျစတန်နီဘာသာ မူရင်းကဗျာများနှင့် အတူတကွ အင်္ဂလိပ်ဘာသာပြန်များကို

http://www.dhammadownload.com

ပါ တွဲဖက်ဖော်ပြထားလေသည်။

'ဗာဗာဒိုဟာ' ၌ ပါသော ကဗျာများကို အပိုင်းသုံးပိုင်းခွဲထားသည်။ ပထမပိုင်းကို '**ဓမ္မနှင့်ဆုံခြင်း**' ဟု အမည်ပေးထားသည်။ ထိုအပိုင်း၌ ဝိပဿနာ အသိဉာဏ် ရရှိပြီးသည့်အခါမှစ၍ ၁၉၆၄-ခုနှစ်အထိ ကဗျာများ ပါဝင်သည်။ ထိုအချိန်ကာလမှာ ကဗျာဖွဲ့သူအနေဖြင့် တရားအမြင်ကို ရရှိသည် ဖြစ်၍ အလွန်တရာ ပီတိဖြစ်ပွားနေသော အချိန်ကာလ ဖြစ်သည်။ '**ဓမ္မကို ဘဝ၌ အသုံးချခြင်း**' အမည်ပေးထားသော ဒုတိယပိုင်း၌ ပါသည့် ကဗျာအဖွဲ့များမှာ ၁၉၆၄-ခုနှစ် မှ ၁၉၆၉-ခုနှစ်အထိ ဖွဲ့သော ကဗျာများ ဖြစ်သည်။ ထိုကာလကို ကဗျာဖွဲ့သူက သူ့ဘဝ၏ ရွှေခေတ်ဟူ၍ ထင်မှတ်ယူဆလေသည်။ တတိယပိုင်းမှာ '**ဓမ္မကို ဖြန့်ဝေခြင်း**' အပိုင်း ဖြစ်လေသည်။ ထိုအပိုင်း၌ ပါသော ကဗျာများမှာ ၁၉၆၉-ခုနှစ်မှ ယခု အချိန်အထိ ဖွဲ့ဆိုသော ကဗျာများ ဖြစ်ပေသည်။

ဝိပဿနာဆရာကြီး ဂိုအင်ကာသည် ကဗျာဆရာတစ်ဦးလည်းဖြစ်သည်။ ကဗျာဆရာသည် ခံစားမှုတစ်ခုခုရှိလာသောအခါတွင် ခံစားမှုများသည် ကဗျာပုလဲကုံးများ ဖြစ်လာကြသည်။ ဂိုအင်ကာတွင် ဓမ္မအသိ၊ ဓမ္မခံစားမှုများ ဖြစ်ပေါ်လာသောအခါ၌ ထိုခံစားမှုများသည် ကဗျာဆရာ၏ နှလုံးအိမ်ထဲမှ ပုလဲကုံးများပမာ အပြင်အပသို့ ထွက်လာကြလေသည်။ ထိုခံစားချက်များသည် 'ဗာဗာဒိုဟာ' ဖြစ်လာလေသည်။ ဂိုအင်ကာ၏ 'ဗာဗာဒိုဟာ' ကဗျာ၌ မြန်မာနိုင်ငံနှင့် ဆရာကြီးဦးဘခင်အပေါ် ထားရှိသော သူ၏ စေတနာနှင့် ကျေးဇူးဥပကာရ တရားသည်လည်းကောင်း၊ ဓမ္မအသိ ဓမ္မအမြင်ကြောင့် ဖြစ်ပေါ်လာသော နှစ်သိမ့်ခြင်းသည်လည်းကောင်း ထင်ထပ်နေပေသည်။

'ဗာဗာဒိုဟာ' ကဗျာသည် ရာဂျစတန်နီဘာသာဖြင့်သာမက ဟိန္ဒီဘာသာဖြင့်လည်းရှိသည်။ 'ဗာဗာဒိုဟာ' စာအုပ်တွင်ပါသော စကားပြေများမှာမူ ပထမ ဟိန္ဒီဘာသာဖြင့်ရေးသည်။ ထို့နောက်မှ အင်္ဂလိပ်ဘာသာပြန်ထားခြင်းဖြစ်သည်။ ယင်းကဗျာနှင့် စကားပြေများကို မြန်မာစာဖတ်ပရိသတ်အတွက် မူရင်းနှင့် အင်္ဂလိပ်ဘာသာပြန်များကို ညှိနှိုင်းတိုက်ဆိုင်၍ မြန်မာဘာသာပြန်ဆိုလိုက်ရပေသည်။ ကဗျာ မြန်မာဘာသာပြန်နှင့်အတူ ကဗျာအင်္ဂလိပ် ဘာသာပြန်များကိုလည်း ဤစာအုပ်၌ တွဲဖက်ဖော်ပြထားပေသည်။

http://www.dhammadownload.com

မူရင်းကဗျာကို ဘာသာတစ်ခုခုဖြင့် ဘာသာပြန်သောအခါ၌ မူရင်းကဗျာ့အရသာမှာ ပေါ်မလာဘဲ ကဗျာ၏ အနက်အဓိပ္ပာယ်များလောက်ကိုသာလျှင် သိရှိရပေသည်။ ဤ 'ဗာဗာဒိုဟာ' ကဗျာ မြန်မာပြန်၌လည်း ဤနည်းအတိုင်း ပင်ဖြစ်ပေသည်။

ပါရဂူ

၂၄. ၇. ၈၉

http://www.dhammadownload.com

ကဗျာဆရာ၏ အမှာ

ဗာဗာဒိုဟာကဗျာများကို ကျွန်ုပ်စပ်ဆိုရေးဖွဲ့သည်ဟူ၍ ပြော၍မရပေ။ မိမိခံစားမှုကို ဖော်ပြသော ထိုကဗျာများသည် ကျွန်ုပ်၏စိတ်နှလုံးထဲတွင် သူ့အလိုလို သန္ဓေတည်လာကြသည်။ ထိုကဗျာများတွင် ကျွန်ုပ်အားပုဂ္ဂလိကနှစ်သိမ့်ကျေနပ်မှုပေးရုံမှတစ်ပါး တခြားဘာရည်ရွယ်ချက်မျှမရှိပေ ကျွန်ုပ်၏ချစ်လှစွာသော ဗာဗာ (အဘိုး)ကို သတိရသည့်အခါတိုင်း ကတည်းက ကတဝေဒီတရားသည် ကျွန်ုပ်၏စိတ်နှလုံးထဲတွင် လှုံ့တက်လာပြီးလျှင် ကြက်သီးမွေးညင်းထလာလေသည်။ ဝမ်းသာကြည်နူးခြင်း ဖြစ်ရလေသည်။ ပီတိသောမနဿ ဖြစ်ရလေသည်။ ထိုအချိန်မျိုး၌ ဒိုဟာကဗျာတစ်ခုခု သူ့အလိုအလျောက် ပေါ်လာပြီးလျှင် စိတ်နှလုံးထဲတွင် အချိန်အတန်ကြာမျှပဲ့တင်ရိုက်ခတ်နေလေသည်။ အကယ်၍ ထိုကဗျာကို မှတ်မိလျှင် အချိန်များမကြာမီအတွင်း၌ ရေးမှတ်ထားလိုက်လေသည်။ အကယ်၍ မမှတ်မိတော့လျှင်လည်း ထိုကဗျာသည် ပီတိရောင်ပြန်ကို ထားခဲ့ပြီးလျှင် မေ့လျော့ခြင်း ကောင်းကင်ပြင်၌ ပျောက်ကွယ်သွားလေသည်။

ရေးမှတ်ထားလိုက်သည့် ကဗျာများသည်ကား စိတ်နှလုံးထဲတွင် ပဲ့တင်ထပ်ရပြီးလျှင် စိတ်နှလုံးကို ဆက်ကာဆက်ကာ နှစ်သိမ့်ကြည်နူးမှုရှိအောင် ပြုလုပ်နေလေသည်။ ယခုလည်း နှစ်သိမ့်ကြည်နူးမှုရှိအောင် ပြုလုပ်နေဆဲပင် ဖြစ်လေသည်။

သူတစ်ထူး၏ ကျေးဇူးသိတတ်ခြင်းသည် ဓမ္မကျင့်သုံးမှု၏ အရေးပါသော သွင်ပြင်လက္ခဏာဖြစ်လေသည်။ ဗာဗာကို အောက်မေ့သတိရသည့်အခါ၌ ကတညုတ ကတဝေဒီ ဓမ္မစိတ်ဓာတ်သည် ကျွန်ုပ်၏စိတ်နှလုံးထဲတွင် ထက်ထက်သန်သန် ပေါ်ပေါက်လာလေသည်။ ဗာဗာအား ဂါရဝထားလျက် ဖွဲ့ဆိုသော ဤဒိုဟာကဗျာများကို ကတညုတ ကတဝေဒီ မင်္ဂလာ ကဗျာဂီတများ ဟူ၍ ခေါ်ဆိုနိုင်ပေသည်။

ဤကဗျာများသည် ကျွန်ုပ်အပေါ် တင်ရှိနေသော ဗာဗာ၏ကျေးဇူးတရားများကို ဖော်ပြနေကြသည်။ ဗာဗာ အခြေချခဲ့သော၊ ကျွန်ုပ်၏ဇာတိနိုင်ငံ

http://www.dhammadownload.com

ဖြစ်လာခဲ့သော နိုင်ငံ၏ ကျေးဇူးတရားကို ဖော်ပြနေကြသည်။ ထို့နောက် တစ်ဖန် ကျွန်ုပ်အား ဓမ္မဂဂ်ါထဲတွင်နှစ်ပြီးလျှင် ကျွန်ုပ်၏ဘဝလမ်းကြောင်း ပြောင်းလဲပစ်ရုံမျှသာမကဘဲ တစ်ပြိုင်တည်းမှာပင် ကျွန်ုပ်အား ဘဝသစ်ပေးသော လူဝတ်ကြောင် သူတော်စင်ဆရာကြီး ဦးဘခင်၏ ကျေးဇူးတရားကို ဖော်ပြနေကြသည်။ ထို့ကြောင့် ဗာဗာနှင့်အတူတကွ ကျွန်ုပ်၏ ဇာတိနိုင်ငံကို လည်းကောင်း၊ ဆရာကြီး ဦးဘခင်ကိုလည်းကောင်း သတိရလာသည့်အခါတိုင်း နှလုံးအိမ်တစ်ခုလုံး ဥပကာရ လှိုင်းတံပိုးများ ထကြွလှုပ်ရှားလာလေသည်။

ထို့အတူပင် မဟာကရုဏာတော်ရှင် ရှင်တော်ဗုဒ္ဓ ပေးသနားတော်မူသော ကောင်းကျိုးပြုသည့် တရားဓမ္မကို သတိရလာသည့် အခါတိုင်း ထိုတရားဓမ္မက ကျွန်ုပ်နှင့် တခြားပုဂ္ဂိုလ် အများအပြားအား ကောင်းကျိုးပြုသည်ကို သတိရလာသည့်အခါတိုင်း ကျွန်ုပ်၏စိတ်နှလုံးသည် ကတညုတကတဝေဒီ တရားများဖြင့် ပြည့်လျှံသွားလေသည်။

ဗာဗာ၏ကျေးဇူးကို ထုတ်ဖော်ပြောပြခြင်းဖြစ်သော်လည်း မိဘနှင့် ပက်သက်၍ သော်လည်းကောင်း၊ တခြား ရင်းနှီးသော ပုဂ္ဂိုလ်များနှင့် ပက်သက်၍သော်လည်းကောင်း ကျေးဇူးတင်စရာမရှိဟူသည့် အဓိပ္ပာယ်လုံးဝ မဟုတ်ပေ။ ထိုနည်းအတိုင်းပင် မိမိနှလုံးသားနှင့် ချည်နှောင်ထားသော မိမိ၏ အမိမြန်မာနိုင်ငံ၏ ကျေးဇူးတရားကြီးမားပုံ အသိဝင်လာခြင်းမှာလည်း ရှင်တော်မြတ်ဘုရား၏ “**ကမ္မဘူမိ**” ဖြစ်သော အိန္ဒိယနိုင်ငံအပေါ် တွယ်တာမှုမရှိ ဟူသည့် အနက်အဓိပ္ပာယ် မဟုတ်ပေ။ ရှင်တော်မြတ်ဘုရားပွင့်တော်မူခဲ့ပြီး တရားဒေသနာ ဟောကြားရာဖြစ်သော၊ မိမိဘိုးဘွားဘီဘင်များ၏ နိုင်ငံဖြစ်သော်၊ ဘဝ၏ ညနေဆည်းဆာအချိန်၌ ကျွန်ုပ်အား ကြိုဆိုလျက် ခိုလှုံခွင့်ပေးပြီးလျှင် ပြည်တွင်းပြည်ပနှစ်ဌာနလုံး၌ ဓမ္မဒူတအလုပ်ကို လွတ်လွတ်လပ်လပ် လုပ်ခွင့်ပေးသော နိုင်ငံအား ကျွန်ုပ် ကျေးဇူးမတင်ဘဲ ဘယ်မှာ ဖြစ်ပါမည်နည်း။

ထိုနည်းအတိုင်းပင် မိမိ၏ ဓမ္မဖခင် ဆရာကြီး ဦးဘခင်အပေါ် တင်ရှိနေသည့် ကျေးဇူးကြွေးမြီကို သတိတရရှိနေခြင်းသည် မိမိ၏ဘဝ၌ မိမိအနေဖြင့် တစ်စုံတစ်ရာသင်ကြားနာယူခွင့်ရရှိသော တခြား လူကြီးမိဘဆရာသမား

http://www.dhammadownload.com

များအား လေးစားကြည်ညိုခြင်းမရှိ ဟူသည့် အဓိပ္ပာယ်လည်း မဟုတ်ပေ။ သို့သော်လည်း အမှန်စင်စစ်မှာ ကျွန်ုပ်၏ ဗာဗာကိုလည်းကောင်း၊ ကျွန်ုပ်၏ ဓမ္မဖခင်ကိုလည်းကောင်း၊ ကျွန်ုပ်၏ အမိနိုင်ငံကိုလည်းကောင်း သတိရသည့် အခါတိုင်း ကျွန်ုပ်၏စိတ်နှလုံးသည် အရည်ပျော်သွားပြီးလျှင် သိမ်မွေ့နူးညံ့သော ခံစားချက်များသည် ဒိုဟာအဖြစ် မွေးဖွားပေါ် ပေါက်လာကြလေသည်။

ဤကဗျာများကို ရေးဖွဲ့စဉ်အခါက ဤကဗျာများကို တစ်နေ့ကျလျှင် ပုံနှိပ်ဖြန့်ချိမည်ဆိုသည့် ရည်ရွယ်ချက် ကျွန်ုပ်တွင် လုံးဝမရှိခဲ့ပေ။ ဤကဗျာများသည် ကျွန်ုပ်အတွက် နှလုံးသားထဲက နက်နက်နဲနဲခံစားချက်များကို မှတ်တမ်းတင်ထားသော ပုဂ္ဂလိက မှတ်တမ်းသာလျှင် ဖြစ်ပေသည်။ သို့သော်လည်း ဗာဗာဒိုဟာကဗျာများကို ဖတ်ရသူ၊ နားထောင်ရသူများက ဤ ဗာဗာဒိုဟာများကို စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေရန် ကျွန်ုပ်အား နားပူနားဆာ လုပ်ကြလေသည်။ ဤကဗျာများသည် ပုဂ္ဂလိကကဗျာများ ဖြစ်သော်လည်း ဓမ္မ ကိုယ်ကာယနှင့် ခွဲ၍မရသော အစိတ်အပိုင်းတစ်ခု ဖြစ်သည့် ကျေးဇူးတရား သိတတ်ပုံကို ဖော်ကျူးထားသည့် ကဗျာများ ဖြစ်ပေသည်။ စာဖတ်သူများလည်း အလားတူ ဓမ္မအသိမျိုး သိမြင် သဘောပေါက်လာလိမ့်မည် ဟူသော မျှော်လင့်ချက်ဖြင့် ဤကဗျာများကို ထုတ်ဝေ ဖြန့်ချိခွင့် ပြုလိုက်ရခြင်း ဖြစ်ပေသည်။

ဤစာအုပ်၌ ဖော်ပြပါရှိသော ဒိုဟာကဗျာများကို ကဏ္ဍ သုံးကဏ္ဍ ခွဲခြားထားသည်။ ပထမကဏ္ဍမှာ ၁၉၅၅-ခုနှစ်၊ ကျွန်ုပ် ပထမဦးဆုံး ဝိပဿနာတရားကို ပွားများအားထုတ်သည့် အချိန်မှစ၍ ၁၉၆၄-ခုနှစ်အထိ အချိန်ကာလအတွင်း ဒိုဟာကဗျာများ ဖြစ်ပေသည်။ ထိုအချိန်ကာလမှာ ကျွန်ုပ်အတွက် အလွန်တရာ ပီတိသောမနဿဖြစ်ရသော အချိန်ကာလဖြစ်သည်။ သူကန်းတစ်ယောက် မျက်စိအလင်း ရလာသကဲ့သို့ဖြစ်သည်။ လူမဲတစ်ယောက် ရတနာအိုး ကောက်ရသကဲ့သို့ဖြစ်သည်။ မွတ်သိပ်နေသူတစ်ယောက် အမြိုက်သုဓာ ရသကဲ့သို့ဖြစ်သည်။ မိမိကိုယ်တိုင် ဓမ္မအရသာကို မြည်းရသည့်အတွက် ပေါ်ပေါက်လာသော ပီတိသောမနဿထက် မြန်မာနိုင်ငံ၌ နေထိုင်ကြသော မိမိ မိသားစုအားလုံး အမြိုက်သုဓာ စားသုံးရသည့်အတွက် ပေါ်ပေါက်လာသော ပီတိသောမနဿက ပိုမိုလွန်ကဲနေပေ သည်။

http://www.dhammadownload.com

ဒုတိယကဏ္ဍ၌ ပါဝင်သောကဗျာများမှာ ၁၉၆၄-ခုနှစ်မှ ၁၉၆၉-ခုနှစ် အထိ ရေးသားစပ်ဆိုသော ကဗျာများဖြစ်ပေသည်။ ထိုအချိန်ကာလကို မိမိ ဘဝ၏ ရွှေခေတ်ဟူ၍ ကျွန်ုပ်ယူဆသည်။ အစိုးရ အပြောင်းအလဲ ဖြစ်လာလေသည်။ အစိုးရ ပြောင်းလဲလာသည်နှင့် နိုင်ငံတော်အစိုးရ၏ မူဝါဒလည်း ပြောင်းလဲလာလေသည်။ ကုန်သွယ်မှုလုပ်ငန်းအား လုံးနှင့် စက်မှုလုပ်ငန်း အားလုံးကို ပြည်သူပိုင် လုပ်လိုက်လေသည်။ ကျွန်ုပ်အတွက် အကြီးအကျယ် အားလပ်မှု ရရှိလာလေသည်။ ပျားသကာရှိလျှင် ယင်မမဲရိုင်းများ တဝိုဝိနှင့် အုံလာတတ်လေသည်။ ယခု မအုံတော့ပေ။ လွတ်လွတ်ကင်းကင်း ဖြစ်သွားပြီ။ သကာအိုး မရှိတော့ပြီ မဟုတ်လား။

အကယ်၍ ကျွန်ုပ်၏ လုပ်ငန်းတစ်ခုတည်းကိုသာလျှင်ကွက်ပြီး အစိုးရသိမ်းသည်ဆိုလျှင် ကျွန်ုပ် စိတ်မကောင်း ဖြစ်ချင်ဖြစ်မိပေမည်။ သို့သော်လည်း အာဏာပိုင်များသည် ကျွန်ုပ်အပေါ်၌ ဘယ်လိုအာဃာတမျိုးကိုမှ မထားရှိပေ။ အမှန်မှာ ဝန်ကြီးအဖွဲ့သစ်တွင် ပါဝင်သော တစ်ဦးထက်မကသည့် ဝန်ကြီးများမှာ ကျွန်ုပ်၏ ရင်းနှီးသော မိတ်ဆွေများဖြစ်ကြပေသည်။ ကျွန်ုပ်အပေါ်၌ထား သော သူတို့၏ ရင်းနှီးခင်မင်မှုမှာ ပြောင်းလဲမသွားပေ။ အစိုးရ၏ မူဝါဒသည် မည်သူ့မျက်နှာကိုမှ မကြည့်ဘဲ အား လုံးအတွက် တစ်ပြေးတစ်ညီတည်း ကျင့်သုံးသည့် မူဝါဒဖြစ်သည်မှာ ထင်ရှားပြတ်သားနေပေသည်။ ပုဂ္ဂိုလ်တစ်ဦးဦး၊ သို့မဟုတ် လူမျိုးတစ်မျိုးမျိုးကို ကွက်၍ အကောင်အထည်ဖော်သော မူဝါဒ မဟုတ်ပေ။ ထို့ကြောင့် တစ်ဦးတစ်ယောက်အနေနှင့် မကောင်းထင်စရာ ဘာအကြောင်းမျှ မရှိပေ။

ထို့ပြင် ထူးခြားသောအကြောင်းတစ်ခုမှာ ထိုအချိန်၌ ကျွန်ုပ်၏ ဝိပဿနာကျင့်စဉ်မှာ ရင့်ကျက်နေလေပြီ။ ဝိပဿနာအမြင်ကြောင့် ကျွန်ုပ်သည် မိမိ၏စိတ်နှလုံးကို တစ်ဘက်စောင်းနင်း ဖြစ်မသွားစေရန် ထိန်းသိမ်းနိုင်လေပြီ။ ဒိုဟာအဖွဲ့တစ်ခု၌ ကျွန်ုပ်ဆိုထားသကဲ့သို့ပင် ပိုင်သင့်ပိုင်ထိုက်သူ ပိုင်ရှင်ထံ ပစ္စည်းပြန်ရောက်သွားရာ၌ စိတ်နှလုံး ထိခိုက်နေစရာ မဟုတ်ပေ။ ကျွန်ုပ်အတွက် ထို ကဲ့ကြမ်မာအပြောင်းအလဲသည် ကံကောင်းဖို့ ဖြစ်လာလေသည်။ မိမိ၏ဆရာကြီးနှင့် ထိတွေ့ဆက်သွယ်ခွင့် ပိုရလာပြီးလျှင် ပရိယတ္တိနှင့် ပဋိပတ္တိဓမ္မကို စွဲစွဲမြဲမြဲ ကျင့်သုံးလိုက်စားခွင့် ပိုရလာလေသည်။ ယင်းသို့

http://www.dhammadownload.com

အားဖြင့် ကျွန်ုပ်သည် မိမိ၏အချိန်ကို အကျိုးရှိအောင် အသုံးချနိုင်လာခဲ့လေသည်။

တတိယကဏ္ဍ ပါသော ဒိုဟာများမှာမူ ၁၉၆၉-ခုနှစ်မှ ယခုအချိန်အထိ စပ်ဆိုသော ဒိုဟာများဖြစ်ပါသည်။ ၁၉၆၉-ခုနှစ်တွင် ကျွန်ုပ်သည် မိမိ၏ မကျန်းမမာဖြစ်နေသော မိခင်ကြီးအား ဝိပဿနာတရားပြလျက် ပြုစုရန် အိန္ဒိယနိုင်ငံသို့ ရောက်လာခဲ့လေသည်။ မိခင်ကြီးအတွက် စိစဉ်သော တရားပတ်တွင် အခြားပုဂ္ဂိုလ်တချို့လည်း ပါဝင်အားထုတ်ကြလေသည်။ ထို တရားပတ်တွင် ပါဝင်တရားထိုင်ကြသည့် လူတိုင်းလူတိုင်းသည် အကျိုးရှိကြ လေသည်။ လူတိုင်းလူတိုင်းတွင် "ဖေဖေပဿိက" အသိတရား ထူးခြားစွာ ပေါ်လာကြလေသည်။ ယင်းမှာ အိန္ဒိယနိုင်ငံ၌ ဒုတိယ ဗုဒ္ဓသာသနာ စလာပုံ ဖြစ်လေသည်။

တရား တစ်ပတ်ပြီးတစ်ပတ် ပြသလေသည်။ ထိုတရားပတ်များကို လူမျိုးမရွေး ဘာသာမရွေး လာရောက် တရားထိုင်ကြလေသည်။ နှစ်အနည်းငယ် အတွင်း၌ပင် တရားထိုင်သော ယောဂီများ၏ အရေအတွက်သည် မျော်မှန်းသည်ထက် များပြားလာလေသည်။ ပြည်ပနိုင်ငံများမှလည်း ဖိတ်မန္တကပြုလာကြသည်။ ဓမ္မအရသာကို သောက်သုံးလိုကြသော်လည်း အိန္ဒိယနိုင်ငံသို့ မလာရောက်နိုင်သောသူများ၏ အကျိုးအတွက် ပြည်ပမှ ယောဂီများသည် သူတို့၏ နိုင်ငံသို့လာရောက်ပြီး ဝိပဿနာပြရန် ကျွန်ုပ်အား တိုက်တွန်း တောင်းပန်ကြလေသည်။

တရားဓမ္မ ပြန့်ပွားထွန်းကားစေရန်နှင့် တရားဓမ္မကို လိုလားကြသူများအား တတ်နိုင်သမျှ အကူအညီပေးရန် ဆန္ဒထက်သန်သော်လည်း နိုင်ငံခြားမှ တရားဓမ္မလိုလားသူများ၏ တိုက်တွန်းတောင်းပန်ချက်ကို ကျွန်ုပ်တို့ပြန်နိုင်သည့် အနေအထားတွင် မရှိခဲ့ပေ။ ကျွန်ုပ်၏ နိုင်ငံကူးလက်မှတ်သည် ကျွန်ုပ်အား အိန္ဒိယနိုင်ငံမှတစ်ပါး အခြားနိုင်ငံသို့ သွားခွင့်မပြုပေ။ ကျွန်ုပ်သည် တစ်ခြားနိုင်ငံများသို့ သွားနိုင်ရန် လိုအပ်သော 'အင်ဒိုစမင့်' အတွက် လျှောက်ထားခဲ့လေသည်။ သို့သော်လည်း မြန်မာနိုင်ငံမှ အာဏာပိုင်များသည် ထိုအချိန်က နိုင်ငံတော်အစိုးရ မူဝါဒအရ ကျွန်ုပ်၏လျှောက်လွှာကို

http://www.dhammadownload.com

စဉ်းစားနိုင်သည့်အခြေအနေတွင် မရှိခဲ့ပေ။

ထို့ကြောင့် မိမိအိန္ဒိယသို့ ရောက်သည့်အချိန်မှစ၍ ဆယ်နှစ်ကြာသည်အထိ စောင့်ဆိုင်းမည်ဟူ၍လည်းကောင်း၊ အကယ်၍ ဆယ်နှစ်အချိန်ကာလ ကျော်လွန်သွားပြီးသည့်တိုင်အောင် နိုင်ငံခြားသို့ ခရီးသွားခွင့်မရပါက နိုင်ငံခြားသို့ လွတ်လွတ်လပ်လပ် ခရီးသွားခွင့်ရရန်အတွက် မိမိ၏နိုင်ငံသားအဖြစ်ကို ပြောင်းလဲပစ်လိုက်ရန် ဓမ္မက လိုလားသည်ဟူ၍လည်းကောင်း ကျွန်ုပ် သန္နိဋ္ဌာန်ချလိုက်လေသည်။

ဆယ်နှစ် ကျော်လွန်လာခဲ့လေသည်။ ၁၉၆၉-ခုနှစ် ဇွန်လတွင် ကျွန်ုပ် မြန်မာနိုင်ငံက ထွက်လာခဲ့လေသည်။ ၁၉၇၉-ခုနှစ် ဇွန်လတွင် ကျွန်ုပ် အိန္ဒိယနိုင်ငံသားအဖြစ် ခံယူလိုက်လေသည်။ ရက်များမကြာမီ အတောအတွင်းမှာပင် ကျွန်ုပ်သည် ရှင်တော်မြတ်ဘုရား ဟောကြားမိန့်တော်မူခဲ့သော "စရထ ဘိက္ခဝေ ဧာရိကံ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ" ဟူသော တရားဒေသနာတော်အရ ယခင်က ဓမ္မ မရောက်ခဲ့သောတိုင်းပြည်ဒေသများသို့ ဓမ္မဖြန့်ဖြူးရန် ခရီးစတင်ထွက်ခဲ့လေသည်။

ဓမ္မဒူတလုပ်ငန်းသည် အရှိန်အဟုန်နှင့် နေ့ချင်းညချင်း တိုးတက်ပြန့်ပွားလာလေသည်။ ကမ္ဘာတစ်ဝန်းရှိ ဒုက္ခတွေ့နေကြရသော လူအမြောက်အများ သူတို့၏ဒုက္ခတွင်းမှ လွတ်မြောက်လာသည်ကို တွေ့ရသောအခါ ဗာဗာကိုလည်းကောင်း၊ မြန်မာနိုင်ငံကိုလည်းကောင်း၊ မိမိ၏ ဓမ္မဖခင် ဆရာကြီးဦးဘခင်ကိုလည်းကောင်း၊ ဓမ္မကိုလည်းကောင်း ကျေးဇူးဥပကာရ တင်ရှိသည့် ကတညုတ ကတဝေဒီ အသိတရားသည် ကျွန်ုပ်တွင် တစ်ဖန် ပေါ်ပေါက်လာပြန်လေသည်။ ယင်းအသိတရားသည် မိမိကိုယ်ခန္ဓာ၏ မွေးညင်းပေါက်များမှ ယိုစီးစိမ့်ထွက်လာပြီးလျှင် စိတ်နှလုံးထဲတွင် ဒိုဟာကဗျာများ မွေးဖွားပေါ်ပေါက်လာလေသည်။ အနာဂတ်ကာလတွင်လည်း ဒိုဟာကဗျာများ ပေါ်ပေါက်လာဦးမည်မှာ မလွဲမသွေဖြစ်လေသည်။သို့သော်လည်း ယခု အချိန်အတွင်း၌မူ ယခုအထိ ရေးသားမှတ်တမ်းတင်ထားသော ဒိုဟာကဗျာများကို စာအုပ်တွင် ထည့်သွင်းဖော်ပြထားလေသည်။

အကယ်၍ ဤကဗျာစာအုပ်တွင် ဝိပဿနာတရားကို ပွားများ

http://www.dhammadownload.com

အားထုတ်ကြသော ယောဂီများအား ဓမ္မနှင့်ပတ်သက်၍ ခိုင်မာမှုရှိစေရန် ကတညုတ ကတဝေဒီတရား ပွားများစေရန် လှုံ့ဆော်အားပေးသည် ဆိုပါလျှင်၊ အကယ်၍ ဤကဗျာစာအုပ်ကြောင့် တခြားပုဂ္ဂိုလ်များလည်း ဓမ္မလမ်းကြောင်းပေါ် လျှောက်သွားလိုသည့်ဆန္ဒ ပေါ်ပေါက်လာသည် ဆိုပါလျှင် ကျွန်ုပ်အနေဖြင့် ဤကဗျာစာအုပ် ထုတ်ဝေရကျိုးနပ်သည်ဟူ၍ ယူဆရပေသည်။

သတ္တဝါအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ ဟူသော ဆုတောင်းမေတ္တာဖြင့် -----

ဆတျနာရာယန်း ဂုံအင်ကာ

http://www.dhammadownload.com

တည်းဖြတ်သူ၏ အမှာ

ဒိုဟာကဗျာ အဖွဲ့ပုံစံသည် အိန္ဒိယစာဖတ်ပရိသတ်နှင့် တရင်းတနှီး ရှိသော်လည်း တခြားပုဂ္ဂိုလ်များအတွက်မူ ဒိုဟာအကြောင်းကို အနည်း အကျဉ်း ရှင်းပြဖို့ လိုပေလိမ့်မည်။

ဒိုဟာသည် သုတ္တန္တပိဋကတ်၌ပါရှိသော ဗုဒ္ဓရှင်တော်မြတ်ဘုရား မကြာခဏ အသုံးပြုတော်မူခဲ့သည့် ရှေးဟောင်း "အနုဋ္ဌုဘဆန္ဒ"အဖွဲ့မျိုးမှ ဆင်းသက်လာသောကဗျာ အဖွဲ့တစ်မျိုး ဖြစ်လေသည်။ ဒိုဟာအဖွဲ့သည် အခြေခံအားဖြင့် ဂါထာအဖွဲ့ပုံစံမျိုးဖြစ်လေသည်။ သို့သော်လည်း ဒိုဟာ၏ ထူးခြားချက်မှာ စာကြောင်းတစ်ကြောင်းတိုင်း၌ ကာရန်ဖြင့် နိဂုံးအုပ်ထားခြင်း ဖြစ်လေသည်။ အိန္ဒိယသူတော်စင်ပေါင်းများစွာတို့သည် မိမိတို့၏ အဆုံး အမ ဩဝါဒများကို ဖော်ထုတ်ရန်အတွက် ဤဒိုဟာကဗျာအဖွဲ့ပုံစံကို အသုံးပြုကြလေသည်။ ဒိုဟာကဗျာအဖွဲ့ ရေးသားစပ်ဆိုသော ကဗျာဆရာများထဲတွင် ဒါဒူ၊ ရာဂျာဗ်၊ ရဟီးမ်၊ ကမိရ်၊ ဂုရုနာနတ်တို့သည် ထင်ရှားကျော်ကြားသူများ ဖြစ်ကြပေသည်။ ဒိုဟာကဗျာအဖွဲ့သည် အိန္ဒိယလူမျိုးတို့၏နှလုံးသားထဲတွင် နက်ရှိုင်းစွာစူးဝင်နေသည့်ဖြစ်၍ စာမဖတ်တတ်သော ကျေးတောသားများသည်ပင်လျှင် ဒိုဟာကဗျာများကို ရွတ်ဆိုကြလေသည်။

အက်စ်အင်န်ဂိုအင်ကာ၏တပည့် ယောဂီများသည် ဝိပဿနာ တရားစခန်းများ၌ ယောဂီများအား သဒ္ဓါတရားပွားများလာစေရန် ဂိုအင်ကာဂျီရွတ်ဆိုသော ဒိုဟာများကို နာကြားကြရလေ့ရှိကြလေသည်။ အမှန်ဆိုရလျှင် ဤစာအုပ်တွင်ပါရှိသော ဒိုဟာများသည် အက်စ်အင်န်ဂိုအင်ကာစပ်ဆိုသော ဒိုဟာထောင်ပေါင်းများစွာထဲက လက်တစ်ဆုပ်စာမျှသော ကဗျာများသာ ဖြစ်ပေသည်။ အက်စ်အင်န်ဂိုအင်ကာ၏ ဒိုဟာကဗျာများကို ကျယ်ကျယ်ပြန့်ပြန့် စုဆောင်းထုတ်ဝေသော စာအုပ်တစ်အုပ် မကြာမီ ထွက်လာကောင်း ထွက်လာပေလိမ့်မည်။

ဤစာအုပ်တွင် ပါရှိသော ကဗျာအဖွဲ့အားလုံးသည် မူလရာဂျစတန်နီဘာသာ၊ သို့မဟုတ် ဟိန္ဒီဘာသာဖြင့် ဖွဲ့ဆိုထားသော ကဗျာအဖွဲ့များ ဖြစ်ပေသည်။ ထိုကဗျာများကို အက်စ်အင်န်ဂိုအင်ကာကိုယ်တိုင် အင်္ဂလိပ်

http://www.dhammadownload.com

ဘာသာဖြင့် အကြမ်းဖျင်းအားဖြင့် ဘာသာပြန်ဆိုထားပြီး တည်းဖြတ်သူက ပြင်ဆင်မွမ်းမံထားပေသည်။

"ဗာဗာအား ဂါရဝပြုခြင်း"အမည်ရှိ ဆောင်းပါးသည် ပထမဦးစွာ ဓမ္မဂီရိမှ ၁၉၈၆-ခုနှစ် မတ်လတွင် ထုတ်ဝေသော ဟိန္ဒီဘာသာ ဝိပဿနာ စာစောင်၌ ထည့်သွင်းဖော်ပြထားသည့် ဆောင်းပါးဖြစ်လေသည်။

"ကတညုတ ကတဝေဒီ" အမည်ရှိ ဆောင်းပါးသည် ၁၉၇၉-ခုနှစ် ဇူလိုင်လထုတ် ဟိန္ဒီဘာသာ ဝိပဿနာစာစောင်၌ ထည့်သွင်းဖော်ပြထားသော ဆောင်းပါးဖြစ်လေသည်။

"နှစ်ပေါင်း၆၀-ပြည့်ပြီ" အမည်ရှိ ဆောင်းပါးသည် ၁၉၈၄-ခုနှစ် ဖေဖော်ဝါရီလထုတ် ဟိန္ဒီဘာသာ ဝိပဿနာစာစောင်၌ ထည့်သွင်းဖော်ပြထားသော ဆောင်းပါးဖြစ်လေသည်။ ထိုဆောင်းပါး၏ အင်္ဂလိပ်ဘာသာပြန်ကို ၁၉၈၄-ခုနှစ် ဇူလိုင်လ၌ အမေရိကန် ဝိပဿနာကမ္မဋ္ဌာန်းရိပ်သာမှ ထုတ်ဝေသော " The Vipassana Newsletter"၌ ပုံနှိပ်ဖော်ပြထားလေသည်။

http://www.dhammadownload.com



Baba

SHRI BASESARLAL GOENKA

(ca. 1859 - 1932)

http://www.dhammadownload.com

ဗာဗာအား ဂါရဝပြုခြင်း

မိမိအကြောင်း

"အရင်းငွေထက် အတိုးအဖြစ် ရရှိသည့်ငွေကို ပို၍မက်ကြ၏" ယင်း ဟိန္ဒီစကားပုံကို အခြေခံလျက် အများ လက်ခံထားသော အယူအဆတစ်ခု ရှိလေသည်။ အဘိုးဖြစ်သူသည် သူ၏သားထက် မြေးကို ပို၍ချစ်လေသည်။ (သားအချစ်မြေးအနှစ်)။ ယင်းကို တုံ့ပြန်သည့်အနေနှင့် ဖြစ်ကောင်းဖြစ်ပေ လိမ့်မည်။ မြေးဖြစ်သူကလည်း သူ၏အဖေထက် သူ၏အဘိုးကို ပို၍ချစ်ပုံ ရလေသည်။

ကျွန်ုပ်၏အတွေ့အကြုံအရ ယင်းအယူအဆသည်မှန်ကန်မှုရှိသည်ဟု ထင်ပေသည်။ ထို့ကြောင့်ပင် ဖြစ်ပေလိမ့်မည်။ ကျွန်ုပ် သတိရနေသည့် ငယ်စဉ်က အကြောင်းများထဲက ကျွန်ုပ်၏အမှတ်သညာထဲတွင် အပြတ်သား အထင်ရှားဆုံးပေါ်နေသည်မှာ ကျွန်ုပ်၏အဘိုး ဗဆေဆာလာလ်ဂျီ ဖြစ်လေ သည်။ သို့သော်လည်း အသက် ၇၃-နှစ်အရွယ် အဘိုးကွယ်လွန်သွားချိန်၌ ကျွန်ုပ်၏အသက်သည် ၇-နှစ် ၈-နှစ် မျှလောက်သာ ရှိသေးသည်။

အဘိုး ပြောကြားသော စကားတချို့သည် ကျွန်ုပ်၏ နုနုနယ်နယ် သူငယ်နှလုံးသား၌ နက်ရှိုင်းစွာ စွဲကျန်နေခဲ့လေသည်။ ယင်းစကားလုံးများ သည် ကျွန်ုပ်၏ ဘဝတစ်လျှောက်၌ တစ်သက်လုံး ဩဇာစူးရှ လွှမ်းမိုးနေ လေသည်။ အဘိုးသည် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများအား ထူးထူးခြားခြား ချစ်ခင်လေးစားလေသည်။ အဘိုးပြောပြသည့် မြန်မာနိုင်ငံ အကြောင်းများထဲက အချို့မှာ ယနေ့ထက်တိုင် ကျွန်ုပ်၏အမှတ်သညာထဲ တွင် ရှိနေတုန်းပင် ဖြစ်လေသည်။

အကြောင်းအရာတစ်ခုကို အဘိုးမကြာခဏ ပြောပြလေ့ရှိသည်။ အဘိုး ၏အလုပ်မှာ အထည်ရောင်းဝယ်ဖောက်ကားသည့်အလုပ်ဖြစ်သည်။ အဘိုးသည် အခကြေးငွေဖြင့် ငှားထားသော မြင်းများနှင့် မြည်းများပေါ်တွင် ကုန် ပစ္စည်းများကို တင်လျက် များသောအားဖြင့် မြန်မာနိုင်ငံအရှေ့ပိုင်း တောင်ပေါ်ဒေသ ရပ်ရွာများသို့ လှည့်လည်ရောင်းချလေ့ရှိပေသည်။ ရှမ်း လူမျိုးများနေထိုင်ရာ ထိုဒေသ၌ ထိုအချိန်က မြို့တစ်မြို့ တစ်မြို့၌ ခုနစ်ရက် တစ်စျေး၊ စျေးနေ့ရှိလေသည်။ ကျွန်ုပ်၏အဘိုးလို ကုန်သည်များအဆင်ပြေမှု

http://www.dhammadownload.com

ရှိစေရန်အတွက် တစ်နေရာနှင့်တစ်နေရာ ရက်ခြား ခြားပြီး စျေးပတ်ကို သတ်မှတ်သွားလေသည်။ ကုန်သည်များသည် စျေးတစ်စျေး၌ မိမိတို့၏ ကုန်ပစ္စည်းများကို ရောင်းချပြီးလျှင် စျေးသို့အချိန်မီ ရောက်သွားနိုင်ကြလေသည်။ ထိုနည်းအားဖြင့် အဘိုးသည် တဖြည်းဖြည်း ခရီးသွားပြီးလျှင် ခရီးတစ်လျှောက်ရှိ စျေးတစ်စျေးစီ၌ ကုန်ပစ္စည်းများကို ရောင်းချလျက် မန္တလေးမြို့သို့ ပြန်လာလေ့ ရှိပေသည်။

ယင်းလမ်းခရီးတစ်လျှောက်၌ ညအိပ်ညနေစတည်းချရန် လူတိုင်းအတွက် တည်းခိုစတည်းချစရာ ဓမ္မသာလာများ ရှိလေသည်။ ယင်းဓမ္မသာလာများကို မြန်မာလို (ဇရပ်)ဟုခေါ်လေသည်။ မြန်မာနိုင်ငံအချို့နေရာများတွင် ယခုခေတ်၌ပင် ယင်းကဲ့သို့သောဇရပ်များရှိလေသည်။ အမိုးသာရှိပြီး နံရံအကာ မရှိသောဆင့် ဖြစ်လေသည်။ ခရီးသည်သည် ဆင့်ပေါ်၌ မိမိ ပစ္စည်းကိုထားပြီးလျှင် ညဉ့်အချိန်၌စိတ်ချလက်ချအိပ်ပြီး နောက်တစ်နေ့ မနက်တွင် ခရီးဆက်သွားလေသည်။ ဇရပ်တွင်တည်းခိုနေထိုင်သည့်အတွက် အခကြေးငွေ မပေးရပေ။ ထိုဇရပ်များမှာ ခရီးသည်များအတွက် အနီးအနား တွင်ရှိသော ရွာသူရွာသားများ ဆောက်ထားသော ဇရပ်များဖြစ်လေသည်။ ရွာသူရွာသားများသည်ပင် ပရဟိတစိတ်ဖြင့် ဇရပ်ကို တံမြက်လှည်းပြီး သန့်ပြန့်အောင် လုပ်ထားကြလေသည်။ အနီးတွင် ရေအလွယ်တကူရအောင်လည်း စီမံပေးထားကြလေသည်။

အဘိုးကပြောသည်။ ထိုအချိန်၌ အရောင်းအဝယ်လုပ်ရာတွင် ငွေဒင်္ဂါးများကို အလွန်အသုံးပြုကြလေသည်။ အဘိုးသည် ငွေဒင်္ဂါးများကို သူ့ခါးတွင် ပတ်ထားသော ခါးပတ်အိတ်ကြီးထဲတွင် ထည့်ထားလေ့ရှိလေသည်။ ညအိပ်သည့်အခါ ခါးပတ်ကြီးကိုဖြုတ်၍ ခေါင်းအုံးအောက်တွင်ထားပြီး အိပ်လေ့ ရှိလေသည်။ တစ်နေ့တွင် နေမထွက်မီ နံနက်အစောကြီးထပြီး ခရီးဆက်သွားရန် စိတ်ကူးထားလေသည်။ သို့ရာတွင် ထိုနေ့က အိပ်ရာထနောက်ကျသွားသည်ဖြစ်၍ အိပ်ရာက ကမန်းကတန်းထပြီး ပစ္စည်းများကို မြင်းများပေါ်တင်လျက် ခရီးဆက်လေသည်။ ၅-နာရီ၊ ၆-နာရီလောက် ခရီးပေါက်သွားပြီးသောအခါကျမှ ငွေထည့်ထားသော ခါးပတ်ကြီးပါမလာဘဲ ဇရပ်တွင် မေ့ကျန်ခဲ့သည်ကို သိရှိသွားလေသည်။ ထိုခဏ၌ပင် အဘိုးသည် ပြန်ရလိုသည့်ဇောဖြင့် မြင်းသမားများအား နောက်ကြောင်းပြန်လှည့်ရန်

http://www.dhammadownload.com

တောင်းပန်လေသည်။ သို့သော်လည်း မြင်းသမားများက နောက်ပြန်လှည့်သွားရန် ငြင်းဆန်နေကြသည်။ "ရှေ့စျေးကို သွားမှာသာ ဆက်သွားပါ။ ပြီးမှ ပြန်လာပါ။ ခင်ဗျားပိုက်ဆံအိတ် ဘယ်မှ ထွက်မပြေးဘူး။ ဇရပ်မှာ ထားခဲ့တဲ့အတိုင်း တွေ့ရပါစေမယ်"ဟူ၍ ခိုင်ခိုင်မာမာ ပြောနေကြလေသည်။

အဘိုးသည် စိုးရိမ်ပူပန်နေသော်လည်း မြင်းသမားများပြောသည့် စကားကို လက်ခံလိုက်ရလေသည်။ နောက် ၄-ရက်၊ ၅-ရက်လောက်ကြာမှ ထိုဇရပ်သို့ ပြန်လာနိုင်ခဲ့လေသည်။ ဇရပ်သို့ရောက်ခါနီး၌ အဘိုးသည် "ငါတော့ အရှုံးကြီးရှုံးတော့မည်။ ငွေတွေအပြည့်နှင့် ပိုက်ဆံအိတ် မေ့ကျန်ခဲ့သည်။ သည်တစ်ခေါက်တော့ အမြတ်မပေါ်ရုံမျှသာမက အရင်းထဲကပါ ပဲ့ထွက်သွားတော့မည်"ဟူ၍ စိတ်တထင့်ထင့်ဖြစ်နေလေသည်။

သို့သော်လည်း ဇရပ်ပြန်ရောက်သွားသောအခါ ထိုဆင့်ပေါ်၌ ပိုက်ဆံအိတ်သည် ယခင်အတိုင်းပင် ခြေရာလက်ရာမယွင်း ရှိနေသည်ကို အံ့ဩဖွယ်ရာ တွေ့ရလေသည်။ ငွေဒင်္ဂါးများကို ရေတွက်ကြည့်သောအခါ တစ်ပြားမှ မလျော့ဘဲ သူ့အတိုင်းရှိနေသည်ကို တွေ့ရလေသည်။ ရွာသူရွာသားများသည်လည်းကောင်း၊ ပိုက်ဆံအိတ် မေ့ကျန်ခဲ့သည့်အချိန်မှစ၍ ထိုဇရပ်၌ ညဉ့်အိပ်ညဉ့်နေ နေထိုင်မည်ဖြစ်သည့် ရာပေါင်းများစွာသော ခရီးသွားတို့သည်လည်းကောင်း မည်သူမျှ ထိုပိုက်ဆံအိတ်ကို ကိုင်၍ပင်မကြည့်ကြပေ။ ဤနိုင်ငံက လူများသည် အလွန်ရိုးသားကြလေသည်။ ဤနိုင်ငံ၌ သူခိုးမရှိဟု အဘိုးပြောလေ့ရှိလေသည်။

ကျွန်ုပ်တို့အား အဘိုးမကြာခဏ ပြောပြလေ့ရှိသော အဖြစ်အပျက်တစ်ခုမှာ မန္တလေးမြို့ စျေးထဲတွင် ဖြစ်ပျက်သော အဖြစ်အပျက်ဖြစ်လေသည်။ မိန်းမတစ်ယောက်သည် အမှတ်တမဲ့ စိန်နားကပ် ကျွတ်ကျသွားလေသည်။ ဆိုင်များ မျက်နှာစာ အရှေ့ဘက် လူသွားလမ်းပေါ်၌ ကျခဲ့ခြင်းဖြစ်လေသည်။ နေ့စဉ်နေ့တိုင်း ဖြတ်သွားဖြတ်လာ လုပ်ကြသော လူများသည် ထိုစိန်နားကပ်ကို တွေ့ကြသည်။ သို့သော်လည်း မည်သူမျှ ကောက်မယူကြပေ။ နံနက်တိုင်း၊ နံနက်တိုင်း မိန်းမတစ်ယောက်သည် လမ်းပေါ်၌ တံမြက်စည်း လာလာလှည်းလေသည်။ ထိုမိန်းမသည် စိန်နားကပ်နားရောက်သောအခါ စိန်နားကပ်ကိုကောက်ယူပြီး လမ်းကို တံမြက်စည်းလှည်းသည်။ တံမြက်စည်း လှည်းပြီးသောအခါ စိန်နားကပ်ကို ယခင်ကျနေသည့်

http://www.dhammadownload.com

နေရာ၌ပင် ပြန်ချထားလေသည်။ တစ်ပတ်လောက် ကြာသွားပြီးခါမှ မင်းမှူထမ်းတစ်ဦးက ထိုစိန်နားကပ်ကို ကောက်ယူသွားပြီး စိန်နားကပ် ပျောက်သူရှိလျှင် အမျိုးအမည် ပြောပြ၍ လာရောက် တောင်းယူနိုင်ကြောင်း တစ်မြို့လုံး မောင်းကြေးနင်း လည်ခတ်စေလေသည်။ မြန်မာနိုင်ငံသူ နိုင်ငံသားများသည် ဤမျှ ရိုးသားကြလေသည်။

အဘိုးပြောပြသော အကြောင်းအရာတစ်ခုရှိသေးသည်။ သူ မှတ်မိသမျှ ထိုအချိန်က အိမ်များတွင် သော့မခတ်ကြပေ။ သော့ခတ်သည့် အလေ့အထ မရှိပေ။ ခွေး၊ ကြောင်၊ နွား စသော လေလွင့်တိရစ္ဆာန်များ အိမ်ထဲမဝင်စေရန် တံခါးတွင် ဂလန့်ထိုးရုံသာလျှင် ထိုးထားကြသည်။ သော့ ခတ်မထားကြပေ။ ဘယ်လောက် ကြွယ်ဝချမ်းသာသည့်အိမ် ဖြစ်စေကာမူ အိမ်တွင် သော့ခတ်မထားပေ။ ထိုဓလေ့ထုံးစံသည် ၁၈၈၅-ခုနှစ် မြန်မာဘုရင် စနစ် နိဂုံးချုပ်သည့် အချိန်အထိ ဆက်လက် တည်မြဲလာခဲ့လေသည်။ အင်္ဂလိပ်လက်ထက် ရောက်သောအခါ နိုင်ငံခြားသားများ အများအပြား လာရောက် နေထိုင်ကြသည်ဖြစ်၍ လူမှုရေးပုံစံကြီးတစ်ခုလုံး တဖြည်းဖြည်း ယိုယွင်းသွားလေသည်။ ခိုးမှုများ ဖြစ်ပွားပေါ်ပေါက်လာလေသည်။ လုံခြုံမှု မရှိသောအခါ အိမ်ကို သော့ခတ်ကြရလေသည်။ သော့ခတ်ထားသည့် ကြားထဲကပင် သော့ကို ရိုက်ချိုးပြီး အိမ်ထဲဝင်လျက် သူခိုး ခိုးကြသည်။ ဓားပြတိုက်ကြသည်။ လူမှုရေး ဓလေ့ထုံးစံ ပျက်စီး ယိုယွင်းလာသောအခါ၌ တံခါး၌ ခတ်ထားသော သော့သည် လုံခြုံမှုကို မပေးနိုင်တော့ပေ။

အဘိုးသည် မြန်မာဘုရင် မင်းတုန်းမင်းတရားကြီးလက်ထက်ကတည်းက မန္တလေး၌ အခြေစိုက်သလား၊ သို့မဟုတ် နောက်ပိုင်းကျမှ ရောက်လာသလား ဆိုသည်ကို အတိအကျ မသိရသော်လည်း နောက်ဆုံး မြန်မာဘုရင် သီပေါမင်းလက်ထက်၌ မန္တလေးတွင် ရှိနေသည်မှာမူ သေချာလေသည်။ သီပေါမင်းကို အဘိုးက ဘုရင်ဘုန်းကြီးဟု ခေါ်လေ့ရှိသည်။ သီပေါမင်းသည် ဘုရင်မဖြစ်ခင် အချိန်အတန်ကြာမျှ ဘုန်းကြီးဝတ်ခဲ့သောကြောင့်လား၊ သို့တည်းမဟုတ် တရားဓမ္မစိတ် ရှိသောကြောင့်လား၊ ဘာကြောင့် ယင်းသို့ခေါ်သည်ကိုမူ မသိပေ။ အင်္ဂလိပ်လူမျိုး သမိုင်းဆရာတို့ကမူ ထိုမြန်မာဘုရင် အကြောင်း အကောင်း မရေးကြပေ။ ယင်းသို့ မရေးခြင်းမှာ နိုင်ငံရေး အကြောင်းကြောင့် ဖြစ်တန်ရာသည်။ အမှန်က ဘုရင်သည် စိတ်ကောင်း

http://www.dhammadownload.com

စေတနာကောင်း ရှိပုံရလေသည်။ အဘိုး၏ အမြင်၌မူ သီပေါမင်းသည် မင်းကောင်း ဘုရင်ကောင်းတစ်ပါး ဖြစ်လေသည်။ အဘိုးသည် သီပေါမင်း ထီးနန်း လက်လွှတ်လိုက်ရသည်ကို လည်းကောင်း၊ အင်္ဂလိပ်များ၏ အကျဉ်းသားအဖြစ် အဖမ်းခံရပြီး နန်းတော်မှ ရောဝတီမြစ်ကမ်းသို့ လိုက်ပါသွားရသည်ကိုလည်းကောင်း ရင်နင့်ဖွယ် မြင်ကွင်းများကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရလေသည်။ ထိုမြင်ကွင်းများ အကြောင်းကို အဘိုးသည် အလွန်တရာ ကြေကွဲဝမ်းနည်းစွာဖြင့် ပြောပြနေလေ့ရှိပေသည်။ မြန်မာ့လွတ်လပ်ရေး ဆုံးရှုံးသွားရခြင်းအတွက် အဘိုးသည် စိတ်မချမ်းမသာများစွာ ဖြစ်လေသည်။ အင်္ဂလိပ်အစိုးရ အုပ်ချုပ်ရေးသည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအတွက် ကံဆိုးမိုးမှောင်ကျခြင်းဖြစ်၏ဟူ၍ အဘိုးက ထင်လေသည်။

အဘိုးသည် သီပေါမင်းကို အလွန်တရာ ကြည်ညိုလေးစားသည်။ အဘိုး၏ အဆိုအရ သီပေါဘုရင်နှင့် ဘုရင့်အမှုထမ်း အရာထမ်းများသည် အိန္ဒိယကုန်သည်များအပေါ် ထူးထူးခြားခြား ချစ်ခင်လေးစားမှုရှိကြသည်ဖြစ်၍ အင်္ဂလိပ်စသော နိုင်ငံခြားကုန်သည်များအဖို့ မနာလိုစရာအကြောင်း ဖြစ်လာလေသည်။ ထိုအချိန်၌ မြန်မာနိုင်ငံတောင်ပိုင်း ရောဝတီမြစ်ညာသို့ သယ်ဆောင် လာသော ကုန်စည်များကို မန္တလေးဆိပ်ကမ်း၌ အကောက်ခွန်စည်းကြပ်လေသည်။ မြန်မာ အကောက်ခွန်အရာရှိများသည် အိန္ဒိယကုန်သည်များအား ယဉ်ယဉ်ကျေးကျေး ဆက်ဆံကြလေသည်။ ဘာပစ္စည်းယူလာသလဲဟူ၍ မေးရုံသာလျှင် မေးကြသည်။ မည်သည့်အခါမျှ သေတ္တာများကို ဖွင့်မကြည့်ကြပေ။ အိန္ဒိယကုန်သည်များအား အပြည့်အဝ ယုံကြည်စိတ်ချသည်ဖြစ်၍ သူတို့ပြောသည့်အတိုင်းသာလျှင် အခွန်အကောက်စည်းကြပ်ကြလေသည်။ သို့ရာတွင် တခြားနိုင်ငံမှလာသော ကုန်သည်များကိုမူ အသေအချာစစ်ဆေးလေသည်။

ယင်းသို့ အိန္ဒိယကုန်သည်များအား ဦးစားပေးခြင်းကြောင့် အခြားကုန်သည်များသည် မကျေမနပ်ဖြစ်လာကြလေသည်။ အခြားကုန်သည်များက ကန့်ကွက်သည်ဖြစ်၍ မြန်မာအစိုးရ အရာရှိများသည် အိန္ဒိယကုန်သည်များ၏ သေတ္တာများကိုလည်း ဖွင့်မကြည့်ဘဲ မနေကြရတော့ပေ။ သို့သော်လည်း သေတ္တာထဲပါသည့် ကုန်ပစ္စည်းများကို မွှေနှောက်ရှာဖွေခြင်းမပြုဘဲ သေတ္တာများ၏အပေါ်တွင် ထည့်ထားသော ပစ္စည်းကိုကြည့်၍ ရရုံလောက်

http://www.dhammadownload.com

သာလျှင် သေတ္တာများကို ဖွင့်ကြည့်ကြလေသည်။ အိန္ဒိယကုန်သည်များသည် အမည်ခံ မတ္တမျှလောက်သာလျှင် အစစ်အဆေး ခံကြရလေသည်။ အကောက်ခွန် အရာရှိများသည် အိန္ဒိယကုန်သည်များ၏ ပြောစကားကို အမေးအစမ်းမရှိဘဲ လက်ခံတုန်းပင် ရှိနေသေးသည်။

ယင်းအခြေအနေမှာ နှစ်ပေါင်းများစွာ တည်ရှိလာခဲ့လေသည်။သို့သော် လည်း နောက်ပိုင်း၌ အိန္ဒိယကုန်သည်အချို့သည် မြန်မာအရာရှိများအား မရိုးမသား လုပ်လာကြပြီးလျှင် သူတို့အပေါ်တွင် ထားရှိသော ယုံကြည်မှုကို ပျက်ပြားသွားအောင် လုပ်ကြလေသည်။ ထို အိန္ဒိယကုန်သည်များသည် အကောက်ခွန်အရာရှိများအား လိမ်လည်လှည့်စားပြီး အကောက်ခွန် အပြည့်မဆောင်ရအောင် သေတ္တာအပေါ်ပိုင်း၌ အပေါစား အကြမ်းထည် ပိတ်များကို တင်ထားကြလေသည်။ နောက်ဆုံး၌ သူတို့၏ မသမာမှုများ ဘူးပေါ်သလို ပေါ်သွားကြလေသည်။ အိန္ဒိယကုန်သည် လူနည်းစုတို့၏ မရိုးသားမှုကြောင့် အိန္ဒိယကုန်သည်အားလုံး၏ ဂုဏ်သိက္ခာသည်မဲ့စွန်းထင်းသွားရလေသည်။ ပုပ်နေသော ငါးတစ်ကောင်နှစ်ကောင်ကြောင့် ရေကန်တစ်ကန်လုံး ညစ်ညမ်းသွားရလေသည်။ အချဉ်တစ်စက်နှစ်စက် ကျသွားသောကြောင့် နွားနို့တစ်အိုးလုံး ပစ်လိုက်ရလေသည်။ အပုပ်တစ်လုံးနှစ်လုံး ပါသောကြောင့် ပန်းသီးတစ်ခြင်းလုံး အလဟဿ ဖြစ်သွားရလေသည်။

အဘိုး ပြောပြလေ့ရှိသော အကြောင်းအရာ တစ်ခုရှိသေးသည်။ မြန်မာနိုင်ငံ၌ ရှေးအခါက “ကုလ”(ကုလား)ဟူသော စကားလုံးသည် အိန္ဒိယလူမျိုးများအတွက် တလေးတစား ခေါ်ဝေါ်သုံးစွဲသည့် စကားလုံးဖြစ်သည်။ (ရှေးဟောင်းပါဠိစာပေ၌ပါသော “မဟာကုလ အနာထပိဏ္ဍိက၊ မဟာကုလ ဝိသာခါ” စသည်တို့ကဲ့သို့ ခေါ်ဝေါ်သုံးစွဲခြင်းမျိုး ဖြစ်ဟန်တူသည်။) သို့သော် လည်း နှစ်များမကြာမီအတောအတွင်း၌ပင် လောဘဇောထွက်ကြသော ထို အကျင့်ပျက် အိန္ဒိယကုန်သည်များ၏ အပြုအမူများကြောင့် “ကုလား”ဟူသော ဝေါဟာရသည် သိက္ခာမဲ့သည့် ဝေါဟာရစကားလုံး ဖြစ်လာလေသည်။ ကုန်သည်သည် ရိုးသားမှုမရှိသည့်အခါ၌၊ ဂုဏ်သိက္ခာကျဆင်းသွားသောအခါ၌ ရှိသမျှအားလုံး ဆုံးရှုံးသွားလေသည်။

ရိုးသားမှုသည် ကုန်ကူးသန်းရောင်းဝယ်မှုအတွက် ကြီးပွားတိုးတက်မှု၏ အကြောင်းရင်းဖြစ်၏ ဟူ၍လည်းကောင်း၊ ကြွယ်ဝချမ်းသာခြင်းနှင့်

http://www.dhammadownload.com

ငြိမ်းချမ်းခြင်းကို ဖြစ်ပေါ်စေသည်မှာ ရိုးသားမှုသာလျှင်ဖြစ်၏ ဟူ၍ လည်းကောင်း အဘိုးက ထင်မြင်ယူဆလေသည်။ ကျွန်ုပ်မမွေးခင် အချိန် ကြာမြင့်စွာကပင် အရောင်းအဝယ်အလုပ်က အနားယူလိုက်ပြီ ဖြစ်သော် လည်း ကုန်ကူးသန်း ရောင်းဝယ်မှုနှင့် ပတ်သက်သော အဘိုး၏အယူအဆ သည် ဩဇာအရှိန်အဝါ လွှမ်းမိုးလျက်ပင် ရှိနေသည်။ ဖောက်သည်များသည် ထမင်းကျွေးသော ကျေးဇူးရှင်များဖြစ်၏ဟု အဘိုးက ပြောလေသည်။ ထမင်းရှင်အား လိမ်လည်လှည့်စားခြင်းသည် ကျေးဇူးရှင်ကို ကျေးစွပ်ခြင်း ဖြစ်၏ဟု အဘိုးက ထင်မြင်ယူဆလေသည်။ အဘိုး၏ ယင်းအယူအဆကို မိသားစုအားလုံးက လက်ခံကြပြီးလျှင် ကူးသန်းရောင်းဝယ်မှု ပြုလုပ်ရာ၌ ထိုအတိုင်းပင် လိုက်နာကျင့်သုံးကြလေသည်။ ကျွန်ုပ်၏ ဦးကြီးတစ်ယောက် မှာမူ ထိုမူဝါဒကို တစ်ဘက်စွန်းရောက်သွားသည်အထိပင် လိုက်နာကျင့်သုံး လေသည်။

အဘိုးသည် ကျွန်ုပ်၏ဘဝ၌ နည်းအမျိုးမျိုးဖြင့် ဩဇာလွှမ်းမိုးမှု ရှိနေ သည်။ သာဓကအားဖြင့် ပြောရလျှင် အဘိုးသည် သတင်းစာ အလွန် ဝါသနာပါသည်။ သို့သော်လည်း မျက်စိမှုန်နေပြီဖြစ်၍ ကျွန်ုပ်အား နေ့စဉ် နေ့တိုင်း သတင်းစာ ဖတ်ပြခိုင်းသည်။ အိန္ဒိယနှင့်မြန်မာနိုင်ငံ နိုင်ငံရေး အကြောင်းအရာများကို အဘိုး အလွန်စိတ်ဝင်စားသည်။ ယင်းအချက်သည် ကျွန်ုပ် အပေါ်တွင်လည်း နက်ရှိုင်းစွာ ဩဇာလွှမ်းမိုးမှု ရှိလာခဲ့လေသည်။ ကျွန်ုပ် လည်း နေ့စဉ်နေ့တိုင်း သတင်းစာ မဖတ်ရ မနေနိုင်ဖြစ်လာလေသည်။

အဘိုးသည် စာပေကို အလွန်ချစ်မြတ်နိုးသည်။ သူ၏ အမှတ်သညာ ဘဏ္ဍာတိုက်ထဲ၌ ကျေးလက်ပုံပြင်များနှင့် ကျေးလက်ကဗျာ အများအပြား သိုမှီး သိမ်းဆည်းထားသည်။ အဘိုးသည် မရေမတွက်နိုင်သော ကျေးလက် ပုံဝတ္ထုများကို ကျွန်ုပ်တို့အား ပြောပြလေသည်။ သူ၏ အမိဘာသာ ရာဂျစတာနီ ဒိုဟာကဗျာအဖွဲ့များသည် ကျွန်ုပ်အပေါ်၌ နက်ရှိုင်းစွာ ဩဇာလွှမ်းမိုးမှု ရှိနေသည်။ ကံအားလျော်စွာ ကျွန်ုပ်၏ မူလတန်း ကျောင်းဆရာ ရှရီကလျာဏဒတ္တ ဒူဗေသည်လည်း အဘိုးကဲ့သို့ပင် ကဗျာကို ချစ်မြတ်နိုးသော ကဗျာဆရာတစ်ဦး ဖြစ်နေသည်။ ကျွန်ုပ်ကို ဟိန္ဒီစာ သင်ပြရန်အတွက် ကျွန်ုပ်၏ဆရာသည် ကလေးဖတ်စာ စာအုပ်ကို အဖတ် မခိုင်းဘဲ ဒိုဟာကဗျာ စာအုပ်ကို အဖတ်ခိုင်းလေသည်။ ဟိန္ဒီဘာသာဖြင့်

http://www.dhammadownload.com

ကျွန်ုပ် ပထမဦးဆုံးဖတ်ရသော စာအုပ်မှာ "ရဟိမန်ဆုဓာ"ဖြစ်လေသည်။ ထိုစာအုပ်သည် အလယ်ခေတ် မူဆလင်ကဗျာဆရာ ရဟီးမ် ရေးသားဖွဲ့ဆိုထားသော ကဗျာများကို စုပေါင်းထားသည့် စာအုပ်ဖြစ်လေသည်။

ထိုစာအုပ်ကိုဖတ်ရသဖြင့် စိတ်ပါလာပြီးလျှင် ကျွန်ုပ်သည် အသက် ၇နှစ်၊ ၈နှစ်သားအရွယ်၌ ကျွန်ုပ်၏ပထမဦးဆုံး ဒိုဟာကဗျာကို ရေးပြီးလျှင် အဘိုးကြားလျှင် အားရဝမ်းသာဖြစ်လိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် အဘိုးအား စိတ်ပါလက်ပါ ဖတ်ပြလေသည်။ ကျွန်ုပ် တအံ့တသြဖြစ်သွားရသည်။ အဘိုးသည် ကျွန်ုပ်၏ ပထမဦးဆုံးလက်ရာကို အကြီးအကျယ် သဘောကျသွားပြီးလျှင် ခွက်ထိုးခွက်လန် ရယ်လေသည်။ သူ့ရယ်သံမှာ ကျယ်လည်းကျယ်၊ ကြာလည်းကြာသည်။ ထိုကဲ့သို့ ရယ်ရခြင်း၏အကြောင်းကို ကျွန်ုပ် နှစ်ပေါင်းများစွာ ကြာပြီးသောအခါကျမှ သိရှိရလေသည်။ "ရဟီမန်ဆုဓာ"၌ပါသော ဒိုဟာကဗျာအဖွဲ့တိုင်း၌ ရဟီးမ်၏အမည် ပါရှိလေသည်။ ကဗျာဆရာတစ်ဦးအနေဖြင့် သူရေးသားဖွဲ့ဆိုသော ကဗျာ၌ သူ့အမည် ထည့်ခြင်းမှာ ထုံးစံတစ်ရပ် ဖြစ်နေသည်။ ယင်းအချက်ကို မသိနားမလည်သည်ဖြစ်၍ မိမိ၏ဒိုဟာကဗျာ၌လည်း ရဟီးမ်အမည် ပါရမည်ဟု အောက်မေ့ပြီး ကျွန်ုပ် ရဟီးမ် အမည်ကို ထည့်လိုက်ခြင်းဖြစ်လေသည်။ အဘိုး ရယ်သည်မှာ အဆန်းမဟုတ်ပေ။ သူရယ်သည့်အကြောင်းကို ကျွန်ုပ် နောက်ကျမှ သိရှိရသည်။ ထို မသိနားမလည်သေးသော ကဗျာဆရာပေါက်စကလေးသည် နောင် နှစ်ပေါင်းများစွာ ကြာသွားသောအခါ၌ သူ့အဘိုးအား သတိရသည့် အထိမ်းအမှတ်ဖြင့် ဒိုဟာကဗျာ အဖွဲ့တိုင်း၌ "ဗာဗာ" (အဘိုး)ဟူသော စကားလုံးကို ထည့်ထားလိမ့်မည်ဆိုသည်ကိုမူ အဘိုး အဘယ်မှာ သိရှိမည် နည်း။

မန္တလေးမြို့နှင့် ၁၀-မိုင်လောက်ဝေးသော တံခွန်တိုင်ရွာ၌ "ဂေါသာလ" တစ်ခုရှိသည်။ နွားများကို ဘေးမဲ့ပေးထားသည့်နေရာ ဖြစ်သည်။ နှစ်စဉ် နှစ်တိုင်း "ဂေါပါဌမိ" (နွားပွဲ)နေ့၌ ထိုနေရာတွင် ပွဲသဘင် ကျင်းပပြုလုပ်လေ့ရှိသည်။ ထိုပွဲသို့ အဘိုးသည် အိမ်က ကလေးများကို ခေါ်သွားလေ့ရှိသည်။ ကျွန်ုပ်တို့သည် ထိုပွဲတွင် ကလေးဘာဝ လွတ်လွတ်လပ်လပ် ပျော်ကြ ဆော့ကြသည်။ ညနေပိုင်းတွင် ထိုပွဲ၌ လူထုစည်းဝေးပွဲတစ်ခု ကျင်းပသည်။ ထိုစည်းဝေးပွဲ၌ လူတွေ ဟောကြပြောကြသည်။ အဘိုးသည် ထိုစည်းဝေးပွဲကို

http://www.dhammadownload.com

အထူး စိတ်ဝင်စားလေသည်။ တစ်နှစ်တွင် ထိုစည်းဝေးပွဲ၌ တက်ဖတ်ရန် ကျောင်းဆရာ ဒူဗေက ကျွန်ုပ်အတွက် ၇-မျက်နှာ၊ ၈-မျက်နှာလောက်ရှိသော ဟောပြောချက်တစ်ခုကို ရေးပေးလေသည်။ ထိုအကြောင်း သိသွားသော အခါ အဘိုးက "ဘာဖြစ်လို့ ဖတ်ပြရမှာလဲ။ ရအောင်ကျက်ပြီးတော့ ပြောပါ။ အဲဒီလိုပြောမှ ပို စိတ်ဝင်စားစရာကောင်းတယ်" ဟု ပြောလေသည်။ အဘိုး ညွှန်ကြားသည့်အတိုင်း ကျွန်ုပ်ဆရာ ရေးပေးသော ဟောပြောချက်ကို အာဂုံ ရအောင် ကျက်ပြီး စည်းဝေးပွဲ၌ ထပြောလိုက်လေသည်။ အဘိုးသည် ကျွန်ုပ်အား အနာဂတ်အတွက် "ထရိမ်နင်"ပေးဟန်တူပေသည်။

ကျွန်ုပ်တို့၏အိမ်၌ အိန္ဒိယလူမျိုးတို့၏ ဓလေ့ထုံးစံအတိုင်း နေ့လယ်စာကို ၇-နာရီ နှင့် ၈-နာရီအတွင်း စားကြသည်။ သို့သော်လည်း အဘိုးသည် မြန်မာလူမျိုးတို့ ဓလေ့ထုံးစံအတိုင်း နေ့လယ်စာနှင့် ညစာ စောစောစားခြင်းကို နှစ်သက်သဘောကျလေသည်။ ထို့ကြောင့် အချိန်မှန်မှန် နေ့လယ်စာကို နံနက် ၁၀-နာရီတွင် စားပြီး ညစာကို ညနေ ၅-နာရီတွင် စားလေသည်။ ယင်းအစီအစဉ်ကြောင့် သူအတွက် အလုပ်ပိုလုပ်ပေးကြရသော်လည်း သူ၏ ခွေးမများသည် အဘိုးစိတ်တိုင်းကျ လုပ်ပေးရသည့်အတွက် ဝမ်းသာအားရ ဖြစ်ကြလေသည်။ ယင်းသို့ ထမင်းစောစောစားသည့်အလေ့ကို ဝိပဿနာ တရားစခန်းများ၌လည်း ကျွန်ုပ် စမ်းသပ်ကြည့်လေသည်။ ကျန်းမာရေး အတွက် များစွာ အကျိုးရှိသည်ဟု ထင်သည်။ ညဉ့်အချိန်နောက်ကျမှ ထမင်းစားလျှင် ကျွန်ုပ်သည် မကြာခဏ မအီမသာ ဖြစ်နေတတ်ပေသည်။

အဘိုး ပူဇော်ဝတ်ပြုသည်ကိုလည်းကောင်း၊ ကျမ်းစာရွတ်ဖတ်သည်ကိုလည်းကောင်း တစ်ခါမှ မတွေ့ရပေ။ မနှုန်ရွတ်ခြင်း၊ အကျင့်တရားကျင့်ခြင်း၊ ဥပုသ်စောင့်ခြင်း၊ ဘာသာရေးဓလေ့များကို လိုက်နာပြုလုပ်ခြင်းများ လုပ်သည်ကိုလည်း တစ်ခါမှမတွေ့ရပေ။ မြို့ထဲတွင် ဆတျနာရာယန်း ဟိန္ဒူ ဘုရားကျောင်း တစ်ကျောင်းရှိသည်။ သို့သော်လည်း ထိုဘုရားကျောင်းသို့ အဘိုးသွားသည်ကို တစ်ခါမှ မတွေ့ရပေ။ နှစ်စဉ် နှစ်တိုင်း "ကရီရှဏာဌမိ" နေ့တွင် ဘုရားကျောင်း၌ စည်ကားသိုက်မြိုက်စွာ ဘုရားပွဲကျင်းပသည်။ ထို ဘုရားပွဲ၌ လှလှပပ ပြင်ဆင်မွမ်းမံထားသည်။ လူတွေလည်း စည်စည် ကားကား သွားလာကြသည်။ သို့ရာတွင် ထိုဘုရားပွဲ၌ အဘိုးကိုမတွေ့ရပေ။ အဘိုး၏ သမီးတစ်ယောက်ရှိသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမ ဖြစ်နေရာ

http://www.dhammadownload.com

သည်။ သားသမီးလည်းမရှိပေ။ ထိုအဒေါ်သည် ကျွန်ုပ်နှင့်အတူနေသည်။ ကျန္ဒာဘာအီ အမည်ရှိ ထိုအဒေါ်သည် ကျွန်ုပ်တို့ကလေးများကို အလွန်ချစ်သည်။ သို့သော်လည်း အဒေါ်သည် တစ်ခါတစ်ရံ အဘိုး၏ အပြုအမူများကို အားမလိုအားမရဖြစ်ပြီး အဘိုးအား "အဖေ! အဖေဟာ ဘုရားမှန်းတရားမှန်းလဲ မသိဘူး။ ပုတီးလဲမစိပ်ဘူး။ ဘုရားသွားကျောင်းတက်လဲ မလုပ်ဘူး။ ဥပုသ်လဲမစောင့်ဘူး။အဖေတစ်ယောက်တော့ ခက်တယ်။ ဘာဆိုဘာမှမလုပ်ဘဲ တစ်သက်လုံး အချိန်ဖြုန်းနေတယ်"ဟူ၍ ကဲ့ရဲ့ ပြစ်တင်လေသည်။

သို့သော်လည်း အဘိုးသည် သူ့သမီးကို ဘာမှပြန်မပြောဘဲ ပြုံးရုံသာ ပြုံးနေလေသည်။ ထိုဘာသာမဲ့တရားမဲ့ဟု ထင်ရသော အဘိုးသည် မကြာခဏ ကျွန်ုပ်တို့ကလေးများကိုခေါ်ပြီး ကျွန်ုပ်တို့အိမ်နှင့် လေးငါးမိုင်လောက်ဝေးသည့် မဟာမြတ်မုနိဘုရားသို့ ခေါ်သွားပြီးလျှင် ဘုရားတွင် အချိန်အတန်ကြာမျှ တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေတတ်သည်။ သူတရားနှလုံးသွင်းနေသလား၊ သို့မဟုတ် ထိုင်ရုံထိုင်နေသလားဆိုသည်ကိုမူ ကျွန်ုပ်မသိပေ။ ထိုပတ်ဝန်းကျင်သည် သူနှစ်ခြိုက်ပျော်ပိုက်သည့် ပတ်ဝန်းကျင် ဖြစ်ဟန်တူပေသည်။ ကျွန်ုပ်တို့၏ ဘုရားကျောင်း တော်တော်များများ၌ ညစ်လည်းညစ်ပတ်၊ ဆူလည်းဆူညံနေသဖြင့် သန့်ရှင်းမှုနှင့် ငြိမ်းချမ်းမှုကို ရှာ၍မတွေ့ပေ။ သို့သော်လည်း ဤမဟာမြတ်မုနိဘုရား၏ ခြေတော်ရင်း၌မူ တကယ့်သန့်ရှင်း စင်ကြယ်မှုနှင့် ငြိမ်းချမ်းမှုမှတစ်ပါး တခြား ဘာကိုမျှ မတွေ့ရပေ။ သန့်ရှင်းစင်ကြယ်သော ပတ်ဝန်းကျင် အနေအထားသည် ထိုနေရာသို့ ရောက်သွားသူ မှန်သမျှအား ထုံးစံအတိုင်းပင် စိတ်ကြည်နူးစေလေသည်။ ထိုနေရာသို့ ရောက်သွားတိုင်း ထူးထူးခြားခြား ကြည်နူးမှု၊ ငြိမ်းချမ်းမှု ဖြစ်ရသည်ကို ကျွန်ုပ် အစဉ်သဖြင့် သတိရနေလေသည်။

အဘိုးသည် မကြာခဏ ကလေးများကို မန္တလေးနန်းတော်ဝင်းထဲသို့ခေါ်သွားပြီး မြန်မာဘုရင်များ၏ ရှေးဟောင်းနန်းတော်ကို ပြလေ့ရှိပေသည်။ သီဟာသနပလ္လင်ဆောင်၊ ညီလာခံဆောင်၊ မိဖုရားဆောင် စသော နန်းတော်ဆောင် အားလုံး၏အကြောင်းကို စိတ်ရှည်လက်ရှည် ကျယ်ကျယ်ပြန့်ပြန့်ရှင်းလင်းပြောပြလေ့ရှိပေသည်။ ထို့နောက် နန်းတော်တစ်ခုလုံးကို ကြည့်ပြီး သောအခါ နန်းတော်ဝင်းထဲ၌ပင် မနီးမဝေး၌ ပေါက်နေသော ဗောဓိညောင်ပင်အိုတစ်ပင်သို့ မရောက်ရောက်အောင် ကျွန်ုပ်တို့ကို ခေါ်သွားပြီး

http://www.dhammadownload.com

လျှင် ထိုနေရာ၌ အချိန်တန်ကြာမျှ နားနေလေသည်။ မဟာမြတ်မုနိဘုရားမှာကဲ့သို့ပင် ထိုနေရာဝန်းကျင်၌လည်း ငြိမ်းငြိမ်းချမ်းချမ်းရှိလှသည် ဆိုသည်ကို ကျွန်ုပ် ပြတ်ပြတ်သားသား သတိရနေလေသည်။ ထိုဗောဓိညောင်ပင်ရင်းနေရာကို အထူးနှစ်ခြိုက်သွားသည်ဖြစ်၍ မက်ထရစ်စာမေးပွဲ မကျင်းပမီ စာဖတ်ရန်အတွက် ၁၀-ရက် ကျောင်းအနားပေးလိုက်သည့် အချိန်အတွင်း၌ ကျွန်ုပ်သည် ထိုနေရာသို့သာလျှင်သွားပြီး အချိန်ကုန်လွန်စေခဲ့သည်။ နံနက်တိုင်း စာအုပ်နှင့် ထမင်းဘူးကိုယူပြီးလျှင် ကျွန်ုပ်သည် စက်ဘီးစီးလျက် နန်းတော်သို့ သွားလေသည်။ ကျွန်ုပ်၏အိမ်မှ ခရီးအဝေးကြီးသွားရသော်လည်း ကျွန်ုပ် စိတ်မပျက်ပေ။ နန်းတော်ဝင်းရှိ ထိုဗောဓိညောင်ပင်ရင်း၌ စာဖတ်ရင်း တစ်နေ့လုံး အချိန်ဖြုန်းပြီး ညနေကျမှ အိမ်ပြန်လာလေသည်။ ထိုဗောဓိညောင်ပင်ရင်း၌ တွေ့ရသော ငြိမ်းချမ်းမှုသည် ကျွန်ုပ်၏နှလုံးအိမ်တွင် ထာဝရ စွဲထင်နေပေသည်။

ယင်းသို့အားဖြင့် ကျွန်ုပ်၏စိတ်နှလုံးမြေပြင်၌ အဘိုးစိုက်ပျိုးခဲ့သော စာပေမျိုးစေ့နှင့် ဓမ္မမျိုးစေ့တို့သည် ကာလရွှေ့လျားလာသည့်အခါ၌ အညွှန့်အညှောက်ပေါက်လာလေသည်။ အပွင့် ပွင့်လာလေသည်။ အသီးသီးလာလေသည်။

မြန်မာနိုင်ငံ၌ အဘိုးလာရောက်အခြေစိုက်သောကြောင့်သာလျှင် ကျွန်ုပ်သည် ဤမင်္ဂလာရှိသော နိုင်ငံ၌ လူလာဖြစ်ရခြင်းဖြစ်လေသည်။ ကျွန်ုပ်သည် ကုန်သည်အိမ်ထောင်စု၌ မွေးဖွားလာသည်ဖြစ်၍ ကျွန်ုပ်နေ၍ရသည့် မည်သည့်နိုင်ငံ၌မဆို လောကီစည်းစိမ်ဥစ္စာကို အများအပြား ရှာဖွေ၍ရနိုင်သည်။ သို့သော်လည်း ထိုဓမ္မနိုင်ငံ၌ ကျွန်ုပ်သည် လူဝတ်ကြောင်သူတော်စင်ကြီး ဆရာကြီးဦးဘခင်နှင့် ဆုံရသော အခွင့်ထူးကြီးကို ရရှိခဲ့လေသည်။ ထိုဆရာကြီးသည် ကျွန်ုပ်အား အဖိုးဖြတ်၍မရသော ဓမ္မရတနာကို ရအောင်ရှာဖွေရာ၌ အကူအညီပေးခဲ့လေသည်။ ထိုဓမ္မရတနာသည် ကျွန်ုပ်ဘဝကို အပိုင်းအခြားမရှိ ကြွယ်ဝချမ်းသာစေခဲ့လေသည်။

အဘိုး၏ကျေးဇူးမပါဘဲ ယခုအဆင့် ရောက်လာနိုင်ဖို့ရန်မှာ မဖြစ်နိုင်ပေ။ အဘိုးသည် ကျွန်ုပ်၏ဘဝ၌ တကယ့်ကျေးဇူးရှင်ကြီး ဖြစ်ပေသည်။ အဘိုးအား မမေ့မလျော့သော စိတ်နှလုံးဖြင့် အကြိမ်တစ်ရာ၊ အကြိမ်တစ်ထောင် ရှိခိုးဦးတင်လိုက်ပါသည်။

http://www.dhammadownload.com



Sayagyi
U BA KHIN
(1898 - 1971)

http://www.dhammadownload.com

ဓမ္မနှင့် တွေ့ဆုံခြင်း
ENCOUNTERING THE DHAMMA

ဗာဗာ၊ ကြွယ်ဝပြီးမြင့်မြတ်သော မြန်မာနိုင်ငံ၌ ဗာဗာ အခြေချသည်မှာ အလွန်တရာ ကံကောင်းလှပေသည်။ ထိုနိုင်ငံ၌ ကျွန်တော်သည် ဘဝသံသရာ ပင်လယ်သမုဒ္ဒရာကို ဖြတ်ကူးရာကူးကြောင်း ဖြစ်သော ရတနာသုံးပါးကို ရရှိပေသည်။

How fortunate, Baba, that you settled in Myanmar, the land of affluence, the holy land! There I acquired the Triple Gem, the means to swim across the ocean of *bhava*.

ဗာဗာ၊ သုဝဏ္ဏဘူမိ (ရွှေနိုင်ငံ)သို့ မိသားစုထဲမှ ပထမဦးဆုံး ရောက်ရှိလာသူမှာ ဗာဗာဖြစ်ပေသည်။ ထိုနိုင်ငံ၌ ရွှေကိုလည်း အများအပြား ရှာ၍ရပေသည်။ အဖိုးဖြတ်၍ မရသော ဓမ္မရတနာကိုလည်း ရှာ၍ရရှိပေသည်။

Baba! You were the first in the family to arrive in the golden land (*Thuwanna-Bhuūmi*), where much gold was earned, and also was earned the invaluable treasure of the Dhamma.

အကယ်၍ ဗာဗာသည် မြန်မာနိုင်ငံ ရောက်မလာလျှင် ကျွန်တော်တို့သည် မည်သည့်အရပ် မည်သည့်လမ်း၌ မည်သို့သော အသွင်အပြင်ဖြင့် လှည့်လည် သွားလာနေရမည် မသိပေ။ သို့သော်လည်း ကျွန်တော်တို့သည် ဤ မြန်မာနိုင်ငံ၌ ကြီးမားများပြားသော ဥစ္စာဓနကိုလည်းကောင်း၊ မြင့်မြတ်သော ဓမ္မကိုလည်းကောင်း ရရှိပေသည်။

We do not know where we would have been wandering, in which lanes, in what attire, if you had not migrated to Myanmar. But here in Myanmar we received great material gains as well as the superb Dhamma.

http://www.dhammadownload.com

အကယ်၍သာ ဗာဗာ တခြားနိုင်ငံ ရောက်သွားလျှင် ကျွန်တော်တို့သည် ဥစ္စာဓန အမြောက်အမြား ရှာဖွေရရှိကောင်း ရရှိလိမ့်မည်ဖြစ်သော်လည်း အဖိုးမဖြတ်နိုင်သော ဓမ္မအလင်းရောင်ကိုမူ ကျွန်တော်တို့ ဘယ်မှာ ရရှိနိုင်မည်နည်း။

Had you migrated to any other country, quite probably we would have earned enormous wealth, but where could we have got the invaluable light of Dhamma?

ကိုးကွယ်ခြင်း၊ ပူဇော်ခြင်း၊ ရွတ်ဖတ် သရဇ္ဈာယ်ခြင်း၊ ဆုတောင်းခြင်းတို့ဖြင့် အရောင်ခြယ်ထားသော ဘာသာရေး အစွဲအလမ်း ဓလေ့ထုံးစံများကို ကျွန်တော်တို့ ပြုလုပ်ခွင့် ရကောင်းရလိမ့်မည် ဖြစ်သော်လည်း ဓမ္မစစ် ဓမ္မမှန်ကိုမူ၊ ရှင်တော်မြတ်ဘုရား၏ တရားဒေသနာတော်ကိုမူ ကျွန်တော်တို့ ဘယ်မှာ ရရှိနိုင်မည်နည်း။

We would have become involved in many cults coloured with blind devotion, many rites and disguised rituals, prayers and recitations. But where, Baba, could we have received the pure Dhamma, the wisdom of the Enlightened One?

ဗာဗာ၊ အကယ်၍သာ ဤနိုင်ငံ၌ ဗာဗာ အခြေမချခဲ့လျှင် ကျွန်တော်တို့သည် ဓမ္မနှင့် ကင်းကွာပြီးလျှင် ဒုက္ခပြွမ်းသော ဘဝဖြင့်သာလျှင် နေသွားရပေလိမ့်မည်။

Baba! If you had not settled in this country, we would have been living a life of misery- void of Dhamma.

ဗာဗာ၊ ဓမ္မစစ်ဓမ္မမှန်၏ အနှစ်အရသာကို ကျွန်တော်လက်ခံရရှိသည်မှာ ဤမြန်မာနိုင်ငံ၌သာလျှင် ဖြစ်သည်။ ထိုဓမ္မစစ်ဓမ္မမှန်၏ အနှစ်သာရအားဖြင့်သာလျှင် ကျွန်တော်သည် ဘာသာရေးကိုးကားဂဏာ အစွဲအလမ်း ဝန်ထုပ်ဝန်ပိုးကြီးက လွတ်မြောက်သွားပေသည်။

http://www.dhammadownload.com

Baba! It is only in Myanmar that I received the essence of pure Dhamma, by which I was relieved of the burden of sectarianism.

ကျွန်တော်သည် အဖိုးဖြတ်၍မရသော သီလ၊ သမာဓိ၊ ပညာရတနာကို ရရှိပေသည်။ ကျွန်တော်၏ စိတ်ပိုင်းဆိုင်ရာ ချွတ်ခြုံကျခြင်း အပြီးသတ်သွားသည်။ ကျွန်တော်၏ ဘဝသည် အောင်မြင်မှုရရှိသွားပေသည်။

I received the priceless jewels of *sīla*, *samādhi*, *and paññā*, ending my spiritual poverty and making my life worthwhile.

ဗာဗာ၊ ဤနိုင်ငံ၌ ဘုရား တရား သံဃာအပေါ် ပျက်စီးကျိုးပြတ်သွားခြင်း မရှိသော ယုံကြည်ကိုးကွယ်မှုသည် ကျွန်တော့်တွင် ဖြစ်ထွန်းလာပေသည်။ ဝိပဿနာ ပွားများအားထုတ်နည်းကို ကျွန်တော် သိမြင်ရရှိလာပေသည်။ ဝိပဿနာ ပွားများအားထုတ်နည်းကြောင့် ကျွန်တော် ဓမ္မအမြိုက်ကို တဝသောက်သုံးရလေသည်။

Baba! Here in this country unbreakable faith in Buddha, Dhamma, and Sangha arose in me. I received the technique of Vipassanā, allowing me to drink the nectar of Dhamma to my heart's content.

ဗာဗာ၊ ဗာဗာသည် ဤနိုင်ငံသို့ရောက်အောင် ဒုက္ခအဖုံဖုံကြုံခဲ့ပြီးလျှင် မိုင်ပေါင်းများစွာကွာဝေးသော ခရီးကို အပင်ပန်း အဆင်းရဲခံလျက် ဖြတ်သန်းလာခဲ့ရသည်။ သို့သော်လည်း ဗာဗာ၏ မြေးများကမူ ဗာဗာ အဆင်းရဲအနစ်နာ ခံခဲ့ရသမျှ၏ အကျိုးထူးတရားများကို ရရှိနေကြပေသည်။

You suffered many discomforts, traveling toilsome mile upon mile to reach this land, but your grandchildren have received the blissful benefits of your pains.

ဗာဗာ၊ ဤမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် နိုင်ငံသို့ ရောက်လာရန်အတွက်

http://www.dhammadownload.com

ဗာဗာသည် တောအထပ်ထပ် အရပ်ဒေသအမျိုးမျိုးကို ဖြတ်ပြီးလျှင် ကန္တာရခရီးကို လာခဲ့ရပေသည်။

Oh Baba! How you suffered travelling from place to palce, moving through jungles and wildernesses, to reach this land of blessings!

ထိုအချိန်က ပင်လယ်ခရီးနှင့် ပတ်သက်သော ဟိန္ဒူလူမျိုးတို့၏ အစဲ့အလမ်းကြီးကို ဗာဗာသည် ဖြတ်တောက်ပစ်ခဲ့လေသည်။ အကယ်၍သာ ထိုသို့ ဗာဗာ မပြုလုပ်ပါက ကျွန်တော်သည် ဓမ္မစစ်ဓမ္မမှန် ဆိတ်သုဉ်းသော နိုင်ငံတစ်နိုင်ငံ၌သာလျှင် မွေးဖွားလာခဲ့ရပေလိမ့်မည်။

You broke the taboo against sea travel (which was then in force among Hindus), but if you had not done so, Baba, I would have been born in a country lacking the pure Dhamma.

ဗာဗာ၊ ကျွန်တော် ဓမ္မတိုင်းပြည်၌ မွေးဖွားလာသည်မှာ ဗာဗာ၏ ကျေးဇူးကြောင့်ပင်ဖြစ်ပေသည်။ ဓမ္မတိုင်းပြည်၌ မွေးဖွားလာရသည်ဖြစ်၍ ကျွန်တော်သည် မိမိ၏ဘဝကို အောင်မြင်မှုရအောင် ပြုလုပ်နိုင်ခဲ့ပေသည်။ မိမိ၏ဆင်းရဲဒုက္ခကို ပပျောက်အောင် ပြုလုပ်နိုင်ခဲ့ပေသည်။

Baba! It is because of you that I was born in the land of Dhamma, which helped me to make my life purposeful and to eradicate my sufferings.

ဗာဗာ၊ ကျွန်တော်သည် ချစ်စရာကောင်းသော၊ မက်မောစရာကောင်းသော အမိတိုင်းပြည်ကို ရရှိခဲ့ပေသည်။ ကျွန်တော်၏ဇာတိမှာ မဟာမြတ်မုနိဘုရား၏ ဘုန်းရိပ်အောက်၌တည်ရှိနေသော ရတနာပုံနေပြည်တော် မန္တလေးဖြစ်ပေသည်။

Baba! I received a lovely and enchanting motherland, and as my city of birth Yadanabon (Mandalay), lying under the blessing

http://www.dhammadownload.com

of Mahā Myat Muni.

ဗာဗာ၊ ရှေးအတိတ်ကုသိုလ်ကံ အကျိုးပေးကြောင့် ကျွန်တော်သည် ဤမြန်မာနိုင်ငံ၌ မွေးဖွားလာရပေသည်။ ထို့နောက် ဤနိုင်ငံတွင်ပင် ဓမ္မ၌ ကျွန်တော် တစ်ဖန် မွေးဖွားလာရပြန်ပေသည်။ ယင်းသို့ ဓမ္မ၌ တစ်ဖန် မွေးဖွားလာရခြင်းမှာ မိမိကို ဒုက္ခပေးသော အတိတ်ကံ အနှောင်အဖွဲ့ကို အစိတ်စိတ် အမွှာမွှာ ဖြတ်တောက်ပစ်ရန်အတွက် ဖြစ်ပေသည်။

Oh Baba! As the merits of the past came to fruit, I was born in this land of Myanmar, and then on this land I was reborn in Dhamma, to cut ansunder the bonds of past kammas that had made me miserable.

ဗာဗာ၊ အမိမြန်မာနိုင်ငံ၏ ရင်ခွင်သည် နှစ်သိမ့်ကြည်နူးဖွယ် ကောင်းလှသည်။ စိတ်နှလုံးအား ပီတိသောမနဿ အပြည့်ပေးသော (အရိယ) အသီးလေးလုံးသည် ဤအမိမြန်မာနိုင်ငံ၏ ရင်ခွင်၌ ဖြစ်ထွန်းနေပေသည်။

Oh Baba! Pleasant is the lap of Mother Myanmar. All the four (*Ariya*) fruits grow on it, filling the heart with bliss and joy.

ဗာဗာ၊ ဤ သုဝဏ္ဏဘူမိ (ရွှေနိုင်ငံ) ၌ ကျွန်တော် နေရခြင်းမှာ ဗာဗာ၏ ကျေးဇူးကြောင့်ပင် ဖြစ်ပေသည်။ ဤနိုင်ငံ၌ မည်သည့်အခါမှ ဥစ္စာဓန မချို့တဲ့ပေ။ မည်သည့်အခါမှလည်း ဓမ္မ မဆိတ်သုဉ်းပေ။

Baba! It is because of you that I could enjoy this Golden Land (*Thuwanna-Bhūmi*). In this land there is never a lack of material wealth, and never a lack of Dhamma.

ဗာဗာ၊ ဤမြင့်မြတ်သော နိုင်ငံကို ဗာဗာ အခြေချရန် ရွေးချယ်ခြင်းသည် အလွန်တရာ သင့်လျော်ကောင်းမြတ်ပေသည်။ မြန်မာနိုင်ငံ၌ ဗာဗာအခြေချသောကြောင့်သာလျှင် ကျွန်တော်သည် မိမိ၏ ကာယိကဒုက္ခ၊ မနသိက

http://www.dhammadownload.com

ဒုက္ခနှင့် အတိတ်ကံများကို ဖျောက်ဖျက်ပစ်ရန် အခွင့်အလမ်း ရရှိခြင်းဖြစ်ပေသည်။

Baba! It was most gracious of you to select this excellent land for your place of settlement. This gave me the opportunity to eliminate my miseries of body, mind, and past kammas.

ဗာဗာ၊ ဤမိမိ အမိနိုင်ငံ၏ ရင်ခွင်၌ စည်းစိမ်ဥစ္စာမှန်သမျှကို ကျွန်တော် သုံးဆောင် ခံစားရပေသည်။ သို့သော်လည်း ကျွန်တော် သုံးဆောင်ခံစားရသမျှထဲက အမွန်မြတ်ဆုံး အကောင်းဆုံးမှာ ထူးခြားသော ဓမ္မရသဖြစ်ပေသည်။

Baba! I relished all the material pleasures in the lap of this my motherland, but best of all I relished the unique flavour of the sap of Dhamma (*Dhamma - rasa*).

ဤရွှေနိုင်ငံ၌ ငွေရောင် ဆန်စပါးများ ပေါကြွယ်ဝလှပေသည်။ သို့ရာတွင် အကောင်းဆုံး အမွန်မြတ်ဆုံးမှာ အရောင်တောက်နေသော ရတနာသုံးပါးနှင့် ရှင်တော်မြတ်ဘုရား ဟောကြားသော တရားဒေသနာတော်၏ ပဲ့တင်သံဖြစ် ပေသည်။

Much silvery rice grows on this land, but best are the glittering Triple Gems, and the echo of the message of the Enlightened One.

ဗာဗာ၊ ဤခမ်းနားသော တိုင်းနိုင်ငံသည် မည်မျှ ကြီးကျယ်မြင့်မြတ်ပေသနည်း။ ရွှေတိဂုံစေတီတော်ကြီးသည် မည်မျှကြီးကျယ်မြင့်မြတ်ပေသနည်း။ ဝိပဿနာပွားများနည်းသည် မည်မျှကြီးကျယ်မြင့်မြတ်ပေသနည်း။ ရှင်တော်မြတ်ဘုရား၏ တရားဒေသနာတော်သည် မည်မျှ ကြီးကျယ်မြင့်မြတ်ပေသနည်း။

http://www.dhammadownload.com

How great is this superb country! How great is the pagoda of Shwe Dagon! How great is the technique of Vipassana! How great is the teaching of the Enlightened One!

ဗာဗာ၊ အံ့ဩဖွယ်ကောင်းသော ဤတိုင်းနိုင်ငံကို ကျွန်တော်နေခွင့်ရရှိခဲ့ပေသည်။ ကြီးကျယ်သော ဤဓမ္မကို ကျွန်တော်ရရှိခဲ့ပေသည်။ မိမိအား ဒုက္ခကင်းဝေးအောင်လုပ်ပေးသော အံ့မခန်းလမ်းကို ကျွန်တော်ရရှိပေသည်။

Baba! I attained this wonderful land; I attained this superb Dhamma; I attained such a marvellous path relieved me of my miseries.

ဤနိုင်ငံ၏ ဝမ်းတိုက်သည် အဖိုးတန်ရတနာ အပြည့်ဖြစ်နေသည်။ သို့သော်လည်း ဗာဗာ၊ အဖိုးဖြတ်၍ မရသည်မှာ ဤနိုင်ငံ၏ ကြီးကျယ်ခမ်းနားသော ဓမ္မရတနာ ဘဏ္ဍာတိုက်ပင် ဖြစ်ပေသည်။

The womb of this land is full of percious gems, but invaluable, Baba, is its magnificent store of Dhamma-gems.

ဗာဗာ၊ အကယ်၍ ဤပထဝီမြေကြီးပေါ်၌ နတ်ပြည်ရှိသည်ဆိုလျှင်၊ အကယ်၍ ဤပထဝီမြေကြီးပေါ်၌ နန္ဒဝန်ဥယျာဉ်ရှိသည်ဆိုလျှင် ဤချစ်စဖွယ် မြန်မာနိုင်ငံမှတစ်ပါး တခြား မဖြစ်နိုင်ပေ။

Baba! If there is any heaven on this earth, if there is any celestial garden (*nandana-vana*) on this earth, it can be no other than this enchanting land of Myanmar.

အမိမြန်မာနိုင်ငံ၏ ရင်ခွင်သည် မည်မျှကြည်နူးနှစ်သိမ့်ဖွယ် ကောင်းသနည်း။ မည်မျှမက်လာအပေါင်းနှင့် ပြည့်စုံသနည်း။ ဤအမိမြန်မာနိုင်ငံ ရင်ခွင်တွင် ကျွန်တော် မွေးဖွားကြီးပြင်းလာခဲ့ရပေသည်။ ဗာဗာ၊ ထိုအကြောင်းကို ပြန်ပြောင်း စဉ်းစားလိုက်သည့်အခါ ကျွန်တော်၏ ဟဒယနှလုံးသည်

http://www.dhammadownload.com

ပီတိသောမနဿ ပြည့်လျှံသွားပေသည်။

How pleasant and blissful is the lap of Mother Myanmar! Here I was born and brought up. Baba, my heart overflows with joy at this recollection.

ဗာဗာ၊ မြန်မာနိုင်ငံ၌ ဗာဗာ လာရောက်နေထိုင်ခြင်းသည် အလွန်တရာသင့်လျော် ကောင်းမြတ်လှပေသည်။ သောကဟူသမျှ ကင်းဝေးသွားခဲ့ပေသည်။ ဤဘဝ(လောက)နှင့် တမလွန်ဘဝ(ပရလောက) နှစ်ခုလုံး ပြုပြင်ပြောင်းလဲသွားပေသည်။

How good, Baba, that you settled in Myanmar! I was relieved of my miseries. Improved is the present life (*loka*), and also the life to come (*paraloka*).

မြန်မာနိုင်ငံ၌ ဗာဗာ အခြေစိုက်လာခြင်းကြောင့် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသွားရပေသည်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ရပေသည်။ သန္တိနှင့်သုခကို ရရှိပေသည်။

The settling of Baba in Myanmar conferred great blessing. Because of it I found mental peace and happiness, the refuge in Buddha, Dhamma, and Sangha.

ဗာဗာ၊ မြန်မာနိုင်ငံ၌ မနေဘဲနှင့် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် တည်းဟူသော အဘိဓမ္မာ အသိဉာဏ်ကို ကျွန်တော် ဘယ်မှာ ရရှိနိုင်ပေမည်နည်း။

Baba! Without Myanmar where could I have gained the wisdom of the Abhidhamma, *rūpa*, *citta*, *cetasika*, *nibbāna*?

ဗာဗာ၊ အကယ်၍ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် ဤမြန်မာနိုင်ငံ၏ဓမ္မနှင့် ထိတွေ့မှုရရှိမည်ဆိုလျှင် သံသည် ရွှေအဖြစ် ပြောင်းလဲသွားလေ

http://www.dhammadownload.com

သည်။ ရွှေသည် ပြဒါးရှင်လုံးအဖြစ် ပြောင်းလဲသွားလေသည်။

Baba! If someone receives the beneficent touch of Dhamma in the land of Myanmar, base metal is transmuted into gold, and gold into philosopher's stone.

ဗာဗာ၊ ဗာဗာ၏ ကျေးဇူးကြောင့် ကျွန်တော်၏ကျီနှင့် ဘဏ္ဍာတိုက်သည် ဘဝ၏ သုခမှန်သမျှ ပြည့်ဝသွားပေသည်။ ဗာဗာ၏ကျေးဇူးကြောင့် ကျွန်တော်သည် စင်ကြယ်မွန်မြတ်သော ဓမ္မ၏ အနှစ်အရသာကို ရရှိပေသည်။

Because of you, Baba, my granary and treasury are full with all the comforts of life, and becasue of you I have attained the noble essence of Dhamma.

ဗာဗာ၊ ဗာဗာ၏ကုသိုလ်ကောင်းမှုကြောင့် ကျွန်တော်သည် ဤဘဝကို အကျိုး ကျေးဇူးများအောင် ပြုလုပ်နိုင်ခဲ့ပေသည်။ အဖိုးမဖြတ်နိုင်သော ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ရရှိခဲ့ပေသည်။

Because of your virtues, oh beneficent Baba, I could make this life fruitful, and I acquired the invaluable gems of Buddha, Dhamma, and Sangha.

အိုဗာဗာ၊ ဗာဗာ၏ ကုသိုလ်ကောင်းမှု ဟူသမျှကြောင့်သာလျှင် ဗာဗာ၏ သားများ၊ မြေးများ၊ မြစ်များသည် ဓမ္မ၏ မဟာလမ်းမတွင် လျှောက်သွားသူများ ·ဖြစ်လာကြပေသည်။

It is all your virtue, to your glory. Hail, Baba, hail! Your sons, grandsons, and great-grandsons have become followers of the great path of Dhamma!

http://www.dhammadownload.com

ဗာဗာ၊ ဗာဗာ၏ ကုသိုလ်ကောင်းမှု နွယ်ပင်သည် ကြီးထွားပြန့်ပွားသွားလေသည်။ ထိုနွယ်ပင်မှ မည်မျှချို့မြသော အသီးများ သီးခဲ့ကြသနည်း။ မည်မျှကျက်သရေအပေါင်းနှင့် ပြည့်စုံသည့် အပွင့်များ အလျှံပယ်ပွင့်ခဲ့သနည်း။

The creeper of your virtue flourishes and spreads, Baba. See how sweet are the fruits it has produced, and how magnificent are the blossoms it has put forth in profusion!

မျိုးဆက် ငါးဆက်သည် သစ္စာဓမ္မကို အခြေခံလျက် အေးငြိမ်းမှု ရရှိခဲ့ပေသည်။ အနာဂတ်တွင်လည်း မျိုးဆက်ပေါင်းများစွာ ရရှိကြပေလိမ့်ဦးမည်။ ဗာဗာ၊ ဗာဗာ၏ ကောင်းမှုကုသိုလ်သည် အဆုံးအပိုင်းအခြား မရှိပါပေတကား။

Five generations have attained salvation with the support of the Dhamma, the truth. So many more will attain it in future! Your virtues are immense, Baba.

ဗာဗာ၊ ဗာဗာ၏ကုသိုလ်သည် ဤမျှအကျိုးပြုပေသည်။ ဗာဗာ၏ ကောင်းမှုသည် ဤမျှအထောက်အပံ့ ပြုပေသည်။ ကျွန်တော်တို့သည် ဒါနကို ရက်ရက်ရောရော လှူဒါန်းကြပေသည်။ သီလကို တင်းကျပ်စွာ စောင့်ထိန်းကြပေသည်။ ဘာဝနာကို နှစ်နှစ်ကာကာ ပွားများအားထုတ်ကြပေသည်။

Such are your merits, Baba, such are your virtues: look, we give *dāna* liberally, we observe *sīla* scrupulously, and we practise *bhāvanā* to our heart's content.

ဗာဗာ၏ မိသားစု အဆက်အနွယ်များသည် မိမိတို့၏ ဘဝကို အကျိုးဖြစ်ထွန်းအောင် လုပ်ခဲ့ကြပေသည်။ သူတို့သည် ဥစ္စာဓနနှင့် အာရုံခံစားမှုများကို ရသည်သာလျှင်မကဘဲ ထိုအရာဝတ္ထုများထက် သာလွန်သော လွတ်ငြိမ်းမှုတံခါးဝသို့ ပို့ဆောင်သည့် ဓမ္မလမ်းကြောင်းကိုလည်း တွေ့မြင်ကြပေသည်။

http://www.dhammadownload.com

The descendants of Baba have made their lives fruitful. They have attained not only material wealth and pleasures of the senses, but over and above these they have found the path of Dhamma, leading to the gateway of liberation.

ဗာဗာ၊ မိသားစုထဲက လူတိုင်းလူတိုင်း၏ သန္တာန်၌ တောက်ပသော ဓမ္မ အလင်းရောင်သည် ထွန်းပလျက်ရှိနေပေသည်။ လူတိုင်းလူတိုင်းသည် ဓမ္မ အလင်းရောင်ကြောင့် ထွန်းပြောင်ဝင်းလက်နေပေသည်။ တစ်ယောက်မှ ကြွင်းကျန်မနေပေ။

The bright light of Dhamma glows within each member of the family. Each has been lit with the light of Dhamma. Not one is left out.

အိုဗာဗာ၊ မည်ကဲ့သို့သော လမ်းမကို ကျွန်တော်မြင်တွေ့ရသနည်း။ ဘဝ သည် အောင်မြင်မှုအဝဝနှင့် ပြည့်စုံသွားခဲ့ပေသည်။ ဓမ္မအမြိုက်ကို သောက်သုံးရသဖြင့် ဘဝပေါင်းများစွာက မွတ်သိပ်ခြင်းဟူသမျှ ပြေပျောက် သွားခဲ့ပေသည်။

Oh Baba! What a path I came across! Life has become worth living. By drinking the nectar of Dhamma I quenched the thirst of countless past lives.

ဗာဗာ၊ ရာဂနှင့် ဒေါသ ရုပ်တည်ခြင်းငှာ မစွမ်းနိုင်သော ဓမ္မစစ်ဓမ္မမှန်သည် ကျွန်တော်၏ စိတ်နှလုံး၌ ပေါ်ပေါက်လာခဲ့ပေသည်။ စိတ်နှလုံးသည် စင်ကြယ်သန့်စင်သွားလေပြီ။ ဒုက္ခလည်း ကင်းငြိမ်းသွားလေပြီ။

Baba! Such a pure Dhamma has arisen in my mind that neither craving nor aversion can stand against it. The mind has been purified, eardicating misery.

http://www.dhammadownload.com

အတိတ်ဘဝက ကုသိုလ်ကောင်းမှုများသည် ဓမ္မနှင့် မင်္ဂလာရှိသော ပေါင်းဆုံခြင်း အကျိုးတရားကို ဖြစ်ပေါ်စေလေသည်။ ဗာဗာ၊ စိတ်နှလုံးထဲက ကိလေသာ အဆိပ်ပြင်းနေသည့် နွယ်ပင်သည် ပြတ်တောက်သွားလေပြီ။

The virtuous merits of the past have resulted in this blessed union with the Dhamma. Baba, with this the poisonous creeper of mental defilements was cut down.

ကျွန်တော်သည် မရေတွက်နိုင်သော ဘဝများစွာကစ၍ ဘဝစက်ရဟတ်၏ အောက်၌ နင်းခြေခြင်း၊ နှိပ်စက်ခြင်း ခံခဲ့ရပေသည်။ ဗာဗာ၊ ယခုအခါ၌မူ ကျွန်တော်သည် မိမိကိုယ်ကို ဒုက္ခမှန်သမျှမှ လွတ်ငြိမ်းရန်အတွက် မြတ်စွာဘုရား၏ တရားဒေသနာတော်နှင့် ထိတွေ့ ဆက်သွယ်ခွင့် ရပေသည်။

For countless lives I had been crushed and tortured beneath the wheel of *bhava*. Now, Baba, I came in contact with the wisdom of the Enlightened One to liberate myself from all miseries.

ဗာဗာ၊ စိတ်နှလုံး၏ အောက်ခြေ၌ သစ္စာအလင်းရောင် ထွန်းလင်းတောက်ပနေပြီ။ အမိုက်မှောင်သည် လွင့်ရှားပျောက်ကွယ်သွားလေပြီ။ စိတ်နှလုံးသည် မင်္ဂလာရှိသော မေတ္တာတရားနှင့် ပြည့်စုံသွားလေပြီ။

Baba! At the deepest level of the mind the light of truth has been lit. The darkness is dispelled. The mind is filled with virtuous *mettā*.

ဗာဗာ၊ ဓမ္မစစ်ဓမ္မမှန် အသိဉာဏ်ကို ကျွန်တော်ရရှိခြင်းသည် အမှန်ပင် ကုသိုလ်ကံ ထူးလှပေသည်။ ယခုအခါတွင် အနှောင်အဖွဲ့သည် အမှန်တကယ်ပင် ပြတ်တောက်သွားပေတော့မည်။ အပြီးသတ် ရည်မှန်းချက်ကို ရရှိပေတော့မည်။

http://www.dhammadownload.com

It is indeed a good fortune, Baba, that I acquired the wisdom of pure Dhamma. Now the shackles will surely be shattered. Now the final goal will certainly be attained.

ဗာဗာ၊ ဤလမ်းကို မမြင်တွေ့ပါက ကျွန်တော်သည် ၈,၄၀၀,၀၀၀ သော ဘဝများထဲတွင် အချိန်ရှိသမျှ ကာမဂုဏ်အာရုံခံစားမှု အလိုပြည့်လိုသော အာသာဖြင့် တဝဲလည်လည် ကျင်လည်ရပေလိမ့်မည်။

Without this path, Baba, I would have been rolling in any of the 8,400,000 existences, all the time craving for the fulfilment of sense desires.

ဗာဗာ၊ ကျွန်တော်၏ ကုသိုလ်ကောင်းမှုသည် ဗာဗာ၏ ကုသိုလ်ကောင်းမှုနှင့် ရေနှော ပေါင်းစပ်သွားလေသည်။ ကျွန်တော်သည် ဖယောင်း သို့မဟုတ် ဆီ မပါဘဲ ထွန်းလင်းတောက်ပသော ဓမ္မဆီမီးနှင့် ဆက်သွယ်မှုရရှိလာလေသည်။

My merits mingled with yours, Baba, and I came in contact with the Dhamma, the lamp of which is lit without wick or oil.

ဗာဗာ၊ ကျွန်တော်သည် မြန်မာနိုင်ငံအတွင်း၌လည်းကောင်း၊ ပြည်ပနိုင်ငံ ပေါင်း များစွာတို့၌လည်းကောင်း ခရီးသွားဖူးပေါင်း များလှလေပြီ။ သို့သော်လည်း မြန်မာနိုင်ငံလောက် ကျက်သရေမဂ်လာနှင့် ပြည့်စုံသောနိုင်ငံကို တခြား ဘယ်မှာမှ မတွေ့ဘူးပေ။

I have travelled in Myanmar and in many foreign countries, Baba, but I have never come across another country as enchanting as Myanmar.

ဗာဗာ၊ မြန်မာနိုင်ငံသည် အမှန်တကယ်ပင် နတ်ပြည်နတ်လောက ဖြစ်သည်။ နန္ဒဝန်ဥယျာဉ်ဖြစ်သည်။ ကျွန်တော့်အတွက် ကျွန်တော်၏ဇာတိနိုင်ငံသည်

http://www.dhammadownload.com

မိခင်နှင့် ဘာမှမခြားပေ။ မြန်မာနိုင်ငံအား လေးစားသမှုပြုသည့် အခါ၌ ကျွန်တော်သည် ပီတိဖြစ်လွန်းမကဖြစ်၍ ကြက်သီးမွေးညင်းပင် ထသွားလေသည်။

Baba! The country of Myanmar is really an abode of the devas, a celestial garden. For me my birthland is like a mother. I experience a thrill of *pīti* when I pay respects to Myanmar.

ဗာဗာ၊ မြန်မာနိုင်ငံသည် နက်ရှိုင်းစွာ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသော နိုင်ငံဖြစ်သည်။ ဓမ္မဂင်္ဂါသည် ဤနိုင်ငံ၌ စီးဆင်းနေသည်။ ဉာဏ်ပညာစစ် ဉာဏ်ပညာမှန် (သမ္မာဉာဏ) သည် ဤနိုင်ငံ၌ ပေါ်ပေါက်လာလေသည်။

Baba! The country of Myanmar was deeply blessed. The Ganges of Dhamma started flowing in it, and true wisdom (*sammā-ñāṇa*) arose there.

ဗာဗာ၊ နှစ်ပရိစ္ဆေဒ ထောင်ပေါင်းများစွာပတ်လုံး အမျိုးကောင်းသားများသည် ဂင်္ဂါ၏တိုင်းပြည်မှ ရောဝတီ၏တိုင်းပြည်သို့ (ဓမ္မဒေသနာကိုဆောင်ကျဉ်း၍) လာခဲ့ကြပေသည်။

Baba! For thousands of years noble householders had been coming from the land of the Ganges to the Irrawaddy (carrying the message of the Dhamma).

သို့သော်လည်း ဗာဗာ၊ ဝေးဝေးလံလံ ကျယ်ကျယ်ပြန့်ပြန့်. ဓမ္မထွန်းကားသွားသည်မှာ အသောကမင်းတရားကြီး၏ လက်ထက်ကဖြစ်လေသည်။ မြန်မာနိုင်ငံ၌ ဓမ္မဂင်္ဂါရေအလျင် တသွင်သွင် စီးဆင်းသွားသည်မှာ ထိုအချိန်ကဖြစ်လေသည်။ သုဝဏ္ဏဘူမိ မြန်မာနိုင်ငံသည် ညစ်ကြေးကင်းစင်သွားလေသည်။

But, Baba, it was during the reign of the Emperor Asoka that

http://www.dhammadownload.com

the Dhamma spread far and wide. It was then that the Ganges of Dhamma flowed affluently here, and the land of Myanmar was sanctified.

ဗာဗာ၊ သောဏနှင့် ဥတ္တရ မထေရ်နှစ်ပါးသည် မြန်မာနိုင်ငံ ကြွလာတော်မူကြသည်မှာ အလွန်အံ့ဩဖွယ် ကောင်းလှပေသည်။ ဓမ္မစည်ကြီး ရိုက်ဆော်မြည်ဟည်းသွားလေသည်။ ဓမ္မစည်သံသည် နိုင်ငံ၏ အရပ်လေးမျက်နှာသို့ ပဲ့တင်ထပ်သွားလေသည်။

Baba! It was wonderful that the bhikkhus Uttara and Sona came to this land. The drum of Dhamma was struck and the sound echoed to the four corners of the land.

ဤကုသိုလ်ကံ ထူးသောနိုင်ငံ၌ ဓမ္မအလင်းရောင် ထွန်းလင်းတောက်ပသွားလေသည်။ နိုင်ငံ၏ မည်သည့်အရပ်၌မဆို ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်ဝသွားလေသည်။

The flame of Dhamma arose over this fortunate land. Every part of the country was filled with blessings.

http://www.dhammadownload.com

ဓမ္မကို ဘဝ၌အသုံးချခြင်း

APPLYING DHAMMA IN LIFE

ဓမ္မ၏ တိုင်းပြည်သည် ကံကောင်းလှပေသည်။ မြန်မာနိုင်ငံသည် ကံကောင်းလှပေသည်။ ဤနိုင်ငံသူ နိုင်ငံသားတို့သည် ကံကောင်းလှပေသည်။ မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ အဝတ်အစား အသွင်အပြင်သည် ရောင်စုံဖြစ်သော်လည်း သူတို့၏ စိတ်သဘောမှာမူ စင်ကြယ်ရိုးသားလှပေသည်။

Fortunate is the land of Dhamma! Fortunate is the country of Myanmar! Fortunate are the people of this land! Their attire is colourful, but their minds are pure.

ဗာဗာ၊ မြန်မာနိုင်ငံသူ နိုင်ငံသားတို့သည် မည်မျှရည်မွန်ကြသနည်း။ သူတို့သည် ကျွန်တော့်အား ချမ်းသာသုခမှန်သမျှ ပေးကြသည်။ ပစ္စည်းဥစ္စာဟူသမျှ ပေးကြသည်။ ဘဝ၏ ဂုဏ်သိက္ခာဟူသမျှ ပေးကြသည်။ သို့သော် သူတို့ပေးသည့်အရာများထဲက အမွန်မြတ်ဆုံးအရာမှာ ဓမ္မအရသာ ဖြစ်လေသည်။

Baba! How gracious are the people of Myanmar! They gave me generously all the pleasures, luxuries, and honours of life, but best of all they gave me the taste of the essence of Dhamma.

ဗာဗာ၊ ဤနိုင်ငံ၌ ကျွန်တော်ရှာဖွေရသော ပစ္စည်းဥစ္စာမှန်သမျှသည် စင်စစ်ဤနိုင်ငံ၏ အပိုင်သာလျှင် ဖြစ်ပေသည်။ ယင်းပစ္စည်းဥစ္စာများကို ဤနိုင်ငံအား ပြန်လည်ပေးအပ်ရာ၌ ကျွန်တော်၏စိတ်နှလုံးတွင် မည်သို့မျှ စနိုးစနောင့် မဖြစ်ပေ။

Baba! All the material treasures earned by me in this land actually belong to the land. There is no trace of negativity or aversion in

http://www.dhammadownload.com

my mind at returning them to this land.

ဗာဗာ၊ ဤရွှေဤမျှ များပြားသော ဥစ္စာဓနကို ကျွန်တော် ရှာဖွေစုဆောင်းနိုင်ခြင်းသည် ဤနိုင်ငံ၏ စေတနာကြောင့်သာလျှင် ဖြစ်ပေသည်။ ထိုဥစ္စာဓန အားလုံးသည် ဤနိုင်ငံ၏ အပိုင်သာဖြစ်ပေသည်။ ဗာဗာ၊ ထိုဥစ္စာဓနကို တကယ် ပိုင်ဆိုင်သူ ပိုင်ရှင်အား ပြန်လည်ပေးအပ်ရာ၌ အမှန်တကယ်ပင် ကျွန်တော် စိတ်ထိခိုက်ခြင်း မဖြစ်ပေ။

Baba! It was all because of the benevolence of this land that I was able to accumulate so much wealth. All of it belongs to this land. Truly, Baba, the mind does not become defiled or disturbed at returning it to its rightful owner.

ဗာဗာ၊ ဥစ္စာဓနသည် မမြဲသော တရားဖြစ်သည်။ အရိပ်နှင့် နေရောင်ပမာ ပေါ်လာပြီးလျှင် ပျောက်ကွယ်သွားလေသည်။ အမြဲတည်ရှိနေသော အရာမှာ ဓမ္မတည်းဟူသော ဥစ္စာဓနသာလျှင် ဖြစ်လေသည်။ ဓမ္မတည်းဟူသော ဥစ္စာဓနသည် မျက်မှောက်ဘဝ တစ်လျှောက်လုံး တည်မြဲနေသည်သာမက တမလွန်လောကသို့ပင် ထောက်ပံ့ကူညီရန် လိုက်ပါသွားလေသည်။

Baba! Material wealth is so ephemeral. It comes and goes, like shadow and sun. It is the wealth of Dhamma that matters most. This not only stays throughout the present life, but also follows to support future lives.

ဗာဗာ၊ နေ့ည၌မပြတ် ဤနိုင်ငံ၏ ဂုဏ်ပုဒ်ကို ကျွန်တော် ထုတ်ဖော်ချီးကျူးပေသည်။ အမိနိုင်ငံ၏ ရင်ခွင်တွင် ကျွန်တော် သန္တိနှင့်သုခကို ရရှိခဲ့ပေသည်။

Day in and day out, I applaud the virtues of this land, Baba. I enjoyed so much peace and tranquillity of the Dhamma in the lap of my motherland.

http://www.dhammadownload.com

ဗုဒ္ဓ၏ တရားဒေသနာတော် အနှစ်သာရကို ကျွန်တော်ရရှိခြင်းသည် ဤနိုင်ငံ၌ ဖြစ်လေသည်။ ဗာဗာ၊ မြန်မာနိုင်ငံ၏ ကျေးဇူးဥပကာရကို ကျွန်တော် ဘယ်မှာ မေ့နိုင်ပါမည်နည်း။

It was in this land that I gained the essence, the core of Buddha's teachings. Oh Baba, how can I ever forget the benefaction of Myanmar to me?

ဓမ္မစစ်ဓမ္မမှန်ကြောင့် ဖြစ်လာသော ပီတိသည် ကျွန်တော်၏ နှလုံးထဲတွင် အပြည့်ဖြစ်နေပေသည်။ ညစ်ကြေးကင်းစင်သော သဒ္ဓါတရား၊ ယုံကြည်ကိုးကွယ်မှု၊ ကျေးဇူးဥပကာရ တင်ရှိမှုကြောင့် ဖြစ်လာသော သောမနဿသည် ကျွန်တော့်စိတ်တွင် အခါခပ်သိမ်း လှိုက်တက်နေပေသည်။

The rapture of pure Dhamma keeps overflowing in my heart. The ecstasy of pure devotion, faith, and gratitude keeps welling up constantly in the mind.

ဤခန္ဓာကိုယ် တစ်ခုလုံးသည် ကျေးဇူးတရားအပြည့်ဖြစ်နေပေသည်။ မြန်မာနိုင်ငံမှ ရရှိသော အကျိုးတရားအတွက် ကျေးဇူးကြွေးမြီ တင်၍မဆုံးဖြစ်နေပေသည်။ ဗာဗာ၊ ကျွန်တော်၏ ကာယိကဘဝနှင့် မနသိကဘဝ အခြေခံအုတ်မြစ်သည် မြန်မာနိုင်ငံ၌ ရှိသည်ဆိုသည်ကို ကျွန်တော် မည်သည့်အခါမျှ မေ့မည် မဟုတ်ပေ။

Every atom, every fibre of this body is filled with gratitude and feels indebted for the benefaction received from the motherland. Never, Baba, can I forget that the roots of my life, physical and spiritual, are in Myanmar.

အကယ်၍ သဘာဝတရားကသာ လိုလားပါမူ ကျွန်တော်၏အသားနှင့်အရိုးများ မှုန်.မှုန်.ညက်ညက် ကြေသွားပြီးလျှင် ကျွန်တော့်ကိုယ်ခန္ဓာ၏ အဏုမြူမှုန်သမျှ ဤမြင့်မြတ်သော နိုင်ငံ၏ မြူမှုန်များနှင့် ရောနှောပေါင်းစပ်သွား

http://www.dhammadownload.com

ပါစေ။ ကျွန်တော့်အတွက် ဆက်လက်အသက်ရှည်စေရန် သဘာဝတရားက လိုလားပါမူကား ကျွန်တော့်ဘဝ၏ ထွက်သက်၊ ဝင်သက်မှန်သမျှကို အမိ နိုင်ငံအပေါ် တင်ရှိနေသော ကျေးဇူးဥပကာရနှင့်အတူပင် ရှုနေနိုင်ပါစေ။

If nature so wills, may it mince every slice of my flesh and powder the bones, and may every atom of my body be mingled with the dust of this sacred land. And if it is the will of nature for me to live longer, may every breath of my life flow with gratitude towards my motherland.

ဗာဗာ၊ အကယ်၍ တစ်စုံတစ်ရာသော အကြောင်းကြောင့် သဘာဝတရားက ကျွန်တော့်ကို တစ်ပြည်ရပ်ခြား အိန္ဒိယနိုင်ငံသို့သွား၍ အခြေချရန် လိုလား ပါမူလည်း ကျွန်တော်၏ကာယနှင့်မနော အစိတ်အပိုင်းဟူသမျှသည် ဤနိုင်ငံ အပေါ်ထားရှိသော ချစ်ခြင်းမေတ္တာဖြင့်လည်းကောင်း ဤနိုင်ငံအပေါ်တည်ရှိ နေသော ကျေးဇူးဥပကာရဖြင့်လည်းကောင်း အပြည့်ဖြစ်နေပါစေ။

Baba! If by any reason nature wills that I go and settle on the other shore in India, may every part and particle of my body and mind remain filled with love and gratitude towards this land.

ဗာဗာ၊ ဘင်္ဂလားပင်လယ်အော်၏ လှိုင်းတံပိုးများသည် ဤနိုင်ငံ၏ ရောဝတီ မြစ်ရေနှင့်လည်းကောင်း၊ ထိုနိုင်ငံ၏ ဂင်္ဂါမြစ်ရေနှင့်လည်းကောင်း ပေါင်းဆုံ ရသဖြင့် မည်မျှ ဝမ်းသာအားရ လှိုင်းထနေကြသနည်း။ ကျွန်တော်၏ စိတ်နှလုံးသည် ထိုမြစ်နှစ်သွယ် ပေါင်းဆုံခြင်းကြောင့် ရွှင်လန်းမြူးကြွနေပေ သည်။

See, Baba, how the waves of the Bay of Bengal leap high with joy at the mingling of the waters of Irrawaddy here and Ganges there. My heart is exhilirated by the union of the two rivers.

ဗာဗာ၊ ဓမ္မတိုင်းပြည် မြန်မာနိုင်ငံသည် မင်္ဂလာတရားအပေါင်းနှင့် အစဉ်

http://www.dhammadownload.com

ထာဝရ အကြွင်းမဲ့ ပြည့်စုံနေပါစေ။ ကျွန်တော်၏ ယင်းအသိ ယင်းအမြင်သည် ကျွန်တော့်အနီး၌ နေသည်ဖြစ်စေ၊ အဝေး၌ နေသည်ဖြစ်စေ ကျွန်တော့်စိတ်နှလုံး၏ အောက်ဆုံးအခြေ၌ ဆက်လက်ရှင်သန်တည်မြဲနေပါစေ။

Baba! May the Dhamma land of Myanmar enjoy the utmost felicity forever. May this feeling continue to remain the Dhamma voiltion at the deepest level of my mind wherever I am, far or near.

❖ ❖ ❖

http://www.dhammadownload.com

ဓမ္မကို မျှဝေပေးခြင်း

SHARING DHAMMA WITH OTHERS

ဗာဗာ၊ ဤမြန်မာနိုင်ငံ၌ ဓမ္မ၏ သန္တိနှင့်သုခကို ကျွန်တော်ခံစားရသည့် မည်သည့်အခါ၌မဆို ခဏတိုင်း၊ မုဟုတ်တိုင်း၊ အချိန်တိုင်း၊ အခါအခွင့်တိုင်း၊ နေ့တိုင်း၊ ညတိုင်းသည် ကျက်သရေမင်္ဂလာပေါင်းနှင့် ပြည့်စုံနေပေသည်။

Baba! Blessed was every instant, every moment, every occasion, every day, every night, whenever I enjoyed the peace, harmony, and tranquillity of Dhamma in the land of Myanmar.

ဗာဗာ၊ မြန်မာနိုင်ငံ၌ ရှိနေစဉ်အတွင်း ကျွန်တော် ခံစားရသည့် ဓမ္မအရသာသည် အလွန်တရာ မြင့်မြတ်ကြီးမားလှပေသည်။ တခြားအာရုံများကို ခုံမင်တွယ်တာမှုမှန်သမျှ အားလုံးပင် ပျောက်သွားပေသည်။ ထိုအာရုံများသည် ကျွန်တော့်အတွက် အရသာမရှိကြတော့ပေ။ ဓမ္မ၌ရှိသော သန္တိသုခအရသာသည် အမှန်တကယ်ပင် မည်သည့်အရသာနှင့်မှ မတူပေ။

Baba! So surperb was the sap of Dhamma (*Dhamma-rasa*) I tasted while in Myanmar that I lost all attraction to the flavour of sensory pleasures; they became tasteless for me. Certainly there is no taste equal to the taste of equanimity in Dhamma.

ဗာဗာ၊ ဗာဗာ၏အပေါ်တွင် တင်ရှိနေသော ကြွေးမြီသည် အလွန်တရာများပြားလှပေသည်။ ဗာဗာ၏ ကျေးဇူးတရားသည် အဆုံးအပိုင်းမခြားမရှိပေ။ ဤဓမ္မတိုင်းပြည်၌ ဗာဗာ လာရောက်အခြေချသည့်အတွက် ကျွန်တော်သည် သူတော်စင်ပုဂ္ဂိုလ်ကြီး (ဆရာကြီးဦးဘခင်)နှင့် တွေ့ကြုံဆုံဆည်းရခြင်း ဖြစ်ပေသည်။

Baba! My debt to you is enormous. Your benevolence to me is

http://www.dhammadownload.com

boundless. You settled in that land of Dhamma, and as a result I encountered such a saintly person (Sayagyi U Ba Khin).

ဗာဗာ၊ ဤမြန်မာနိုင်ငံ၌ ကျွန်တော်၏ဆရာ သူတော်စင် ပညာရှင်ပုဂ္ဂိုလ်ကြီးကို ကျွန်တော်တွေ့ရခြင်းဖြစ်ပေသည်။ ဤမြန်မာနိုင်ငံ၌ ကျွန်တော်သည် မိမိအပေါ် မင်္ဂလာမိုး သွန်းဖြိုးရွာချပေးသော ဓမ္မစစ်ဓမ္မမှန်ကို တွေ့ရခြင်းဖြစ်ပေသည်။

Oh Baba! Here in Myanmar I found my Master, a saint, a wise sage. Here I found such pure Dhamma which showered blessings on me.

ဗာဗာ၊ ဤမြန်မာနိုင်ငံ၌ တန်ဖိုးဖြတ်၍မရသော သူတော်စင်ပုဂ္ဂိုလ်ကြီး (ဆရာကြီးဦးဘခင်)နှင့် တွေ့ကြုံဆုံဆည်းရခြင်းသည် ကျွန်တော့်အတွက် အလွန်တရာ ကံကောင်းလှပေသည်။ ထိုသူတော်စင် ပုဂ္ဂိုလ်ကြီးသည် ဘဝဘဝများစွာကစ၍ ငတ်မွတ်လာခဲ့သော ဤသတ္တဝါအား ဓမ္မအမြိုက်အရသာကို ပေးကမ်းခဲ့လေသည်။

Baba! I was fortunate to come in contact with this invaluable saint (Sayagyi U Ba Khin) in the land of Myanmar. He gave the nectar of the *Dhamma-rasa* to this being, who had been suffering from thirst for so many lives.

ခြောက်သယောင်းနေသော သဲကန္တာရ၌ လမ်းပျောက်ပြီး တဝဲလည်လည် ဖြစ်နေသောကျွန်တော်သည် အလွန်တရာ ဆင်းရဲဒုက္ခရောက်နေရပေသည်။ ဗာဗာ၊ ထိုအချိန်ထိုကာလ၌ ကျွန်တော်သည် အမြိုက်အရသာ အပြည့်ရှိနေသော ရေကန်ကို တွေ့ရသကဲ့သို့ ကျွန်တော်၏ ဆရာဂုရုကို တွေ့ရလေသည်။

Having lost my way, wandering in the sandy, dry desert, I became extremely miserable. Then, Baba, I found my Master,

http://www.dhammadownload.com

like a pond full of nectar.

ဗာဗာ၊ အကယ်၍ ထိုဆရာဂုရုကသာ ကျွန်တော့်အား ဓမ္မအမြိုက်မပေးကမ်း မချိုးမြှင့်ပါက အဖိုးတန်လူ့ဘဝသည် အချည်းနှီး အလဟဿသာလျှင် ဖြစ်သွားပေလိမ့်မည်။

Baba! This valuable human life would have been wasted if the great Teacher had not offered me the ambrosia of the Dhamma.

ကျွန်တော်သည် လမ်းညွှန်လမ်းပြ မရှိသဖြင့် ဗဟိဒ္ဓလောကဌ် တဝဲလည်လည်နှင့် မိမိဘဝ အချည်းနှီး အလဟဿသာ ဖြစ်ခဲ့ရလေသည်။ဗာဗာ၊ ကျွန်တော်၏ အဇ္ဈတ္တသန္တာန်တွင်းဌ်ရှိသော သစ္စာတရားကို ညွှန်ပြသည့် ဆရာဂုရုနှင့် ကျွန်တော် တွေ့ကြုံဆုံဆည်းခဲ့ရပြီ။

I was wasting my life, being misled wandering and remaining extraverted. Baba! I came in contact with the Master who showed me truth within myself.

ဗာဗာ၊ ကျွန်တော်၏ အဇ္ဈတ္တ အတွင်းသန္တာန်၌ ဓမ္မအရသာ စမ်းရေအလျင်သည် စီးဆင်းနေလေပြီ။ နွမ်းခြောက်နေသော စိတ်နှလုံး ဆောင်းဦးဥယျာဉ်သည် ဖူးပွင့်ဝေဆာနေသော နွေဦးဥယျာဉ်အဖြစ် ပြောင်းလဲသွားလေပြီ။

Baba! Within me started flowing the stream of the sap of Dhamma (*Dhamma-rasa*). The dry autumn garden of the mind was transformed into blooming spring.

လူသူမနီး တောကြီးမျက်မည်းထဲ၌ လမ်းပျောက်ပြီး တဝဲလည်လည် ဖြစ်နေသော ကျွန်တော်သည် အလွန်တရာပင် အတိဒုက္ခ ရောက်နေခဲ့ရပေသည်။ ဗာဗာ၊ ဆရာဂုရုသည် ကျွန်တော်၏လက်မောင်းကို ဆွဲကိုင်လျက် ဓမ္မလမ်းကို ညွှန်ပြနေပေသည်။

http://www.dhammadownload.com

Wandering in desolate dark jungle, having lost my way, I became extremely miserable. Baba! The Master caught hold of my arm and showed me the Dhamma path out.

ဗာဗာ၊ ဤဆရာဂုရုကို ဤကရုဏာပင်လယ်ကို တွေ့ရခြင်းသည် ကျွန်တော့် အတွက် အလွန်တရာ ကံကောင်းလှပေသည်။ ဤဆရာဂုရုကြောင့် မျက်မမြင် မျက်စိအလင်းပြန်ရသကဲ့သို့ ဓမ္မအနှစ်သာရကို ကျွန်တော်ရရှိခဲ့ပေသည်။

What great good fortune, Baba, that I found this Master, this ocean of compassion, through whom I attained the essence of true Dhamma - just as a blind man regains sight.

ဗာဗာ၊ ဓမ္မရေကြည်ဖြင့် ဆေးကြောသဖြင့် ကျွန်တော်၏ ညစ်ထေး စွန်းထင်းနေသော စိတ်နှလုံး အဝတ်အထည်သည် ဖြူစင်သန့်ရှင်းသွားပေသည်။ ရှုရုံ သက်သက်ဖြင့် ကာယိကဒုက္ခဝေဒနာနှင့် မနသိကဒုက္ခဝေဒနာတို့သည် ပျောက်ပျက်သွားကြလေသည်။

Oh Baba! It was with the detergent of Dhamma that the soiled fabric of my mind was cleansed. By mere observation, agonies of body vanished as well as agonies of mind.

နေ့ည၌မပြတ် စားသောက်နေရသော်လည်း မည်သည့်အခါမှ ဆာလောင်မွတ်သိပ်ခြင်း ပြေပျောက်မသွားပေ။ သို့သော်လည်း ဗာဗာ၊ ဓမ္မအရသာသည် ကျွန်တော့်ဘဝကို နှိပ်စက်ကလူ ပြုနေသော ဆာလောင်မွတ်သိပ်ခြင်းကို ပြေပျောက်သွားအောင် လုပ်လိုက်လေသည်။

Eating and drinking day and night, one will never get rid of hunger and thirst. But Baba, the taste of Dhamma quenched the thirst that had tormented my life.

http://www.dhammadownload.com

ဗာဗာ၊ ကျွန်တော်သည် အဖိုးအနှဲ့ ထိုက်တန်သောရတနာများ သိုလှောင်ထားရာဖြစ်သော အလွန်တရာ နက်ရှိုင်းသည့် ပင်လယ်သမုဒ္ဒရာပြင်နှင့်တူသော မဟာဂုရုနှင့် တွေ့ကြုံဆုံဆည်းရလေသည်။ ထိုဆရာဂုရုသည် ကျွန်တော့်အား ဘဝ၏ ဆင်းရဲဒုက္ခဟူသမျှ ကင်းလွတ်ပပျောက်သွားစေရန် အတွက် အဖိုးမဖြတ်နိုင်သော ရတနာသုံးပါးကို ပေးခဲ့လေသည်။

Baba! I encontered the great Teacher who was like the mighty ocean, storing valuable gems. He offered me three invaluable gems to free myself of all the miseries of *bhava*.

ဗာဗာ၊ စိတ်နှလုံးသည် ကျိုးသွင်းထားသော အမှုန်ယစ်နေသည့် ဆင်နှင့်တူလေသည်။ ယင်းသို့ဖြစ်နေစဉ် ကျွန်တော့်အား စိတ်ဆင်ရိုင်းကို ဦးကျိုးစေသော ချွန်းကိုပေးသည့် သူတော်စင် ဆရာဂုရုနှင့် ကျွန်တော် တွေ့ကြုံဆုံဆည်းရလေသည်။

Baba! The mind was an intoxicated elephant in rut, and then I came in contact with this saintly Teacher who gave me the goad to bring it into submission.

ဤသတ္တဝါသည် ဘဝပင်လယ် သမုဒ္ဒရာအတွင်း၌ မြုပ်ချီပေါ်ချီ ဖြစ်နေသည်။ ဗာဗာ၊ မဟာဂုရုကို တွေ့ရခြင်းသည် ကျွန်တော့်အတွက် အလွန်ကံကောင်းလှပေသည်။ ဆရာဂုရုသည် ကျွန်တော်၏ လက်မောင်းကို ကိုင်လျက် ဘေးအန္တရာယ်ထဲက ထုတ်ဆယ်ကယ်တင်ခဲ့လေသည်။

This being was submerged in the ocean of *bhava*. Baba! I was fortunate to meet the great Teacher. He caught hold of my arm and took me out of danger.

ဗာဗာ၊ အကယ်၍ ဂင်္ဂါမြစ်ကမ်းပါး၌ ရှိနေသော မဟာဂုရုနှင့်သာ ကျွန်တော် မတွေ့ခဲ့သော် ကျွန်တော်သည် မိမိ၏မွတ်သိပ်မှု ပြေပျောက်သွားစေရန် အတွက် ဂင်္ဂါရေကို မသောက်သုံးဘဲ ဂင်္ဂါမြစ်ကိုသာလျှင် ဆက်လက်

http://www.dhammadownload.com

ပူဇော်ပသ နေပေလိမ့်မည်။

Baba! If I had not met the great Teacher by the bank of the Ganges, I would have continued paying respects to the Ganges without ever drinking its water to quench my thirst.

ဗာဗာ၊ အကယ်၍သာ ဓမ္မစစ်ဓမ္မမှန်ကို ကျွန်တော် အရသာခံမကြည့်ခဲ့သော် ကျွန်တော်သည် မိမိ၏ ဘဝတစ်လျှောက်လုံး အကျိုးမရှိသော စောဒက တက်ခြင်း၊ ဆွေးနွေးခြင်း၊ ငြင်းခုံခြင်း သက်သက်ဖြင့်သာလျှင် အချည်းနှီး အလဟဿ အချိန်ကုန်နေပေလိမ့်မည်။

Baba! If I had not tasted the sap of true Dhamma, I would have wasted my entire life in mere useless arguments, discussions, and debates.

အကယ်၍ ကျွန်တော်သည် လမ်းမှားပေါ်တွင် တဝဲလည်လည် ဖြစ်နေပါက ဘဝသည် အဓိပ္ပာယ်မရှိ ဖြစ်နေပေလိမ့်မည်။ ဗာဗာ၊ ကျွန်တော်၏ဘဝကို အဓိပ္ပာယ်ရှိအောင်ပြုသော လမ်းစစ်လမ်းမှန်ကို ကျွန်တော်တွေ့ရပြီ။

Life would have been meaningless had I kept staying on the wrong path. Baba! I found this pure path which has given meaning to my life.

ကျွန်တော်သည် သုခနှင့်ဒုက္ခ၊ ဒုက္ခနှင့်သုခ လောကဓံ ဝဲဩယထဲတွင်လူးလှိမ့် နေရပေသည်။ ဗာဗာ၊ ထိုအချိန်အတွင်း ကျွန်တော်သည် ဝိပဿနာရှုနည်း ကို ရရှိပေသည်။ ဝိပဿနာရှုနည်းသည် ဘဝ၏ ဆင်းရဲဒုက္ခမှန်သမျှမှ ကျွန်တော့်အား လွတ်မြောက်အောင်လုပ်လေသည်။

I was rolling in the misery of pain-and-pleasure, pleasure-and-pain. Then, Baba, I received Vipassana, which is taking me away from all the miseries of *bhava*.

http://www.dhammadownload.com

မျက်လုံးတွင် ပတ်တီးစည်းထားသော ကျွန်တော်သည် ဆီဆုံက နွားကဲ့သို့ ရည်မှန်းချက်ပန်းတိုင်ရှိရာသို့ မသွားနိုင်ဘဲ တဝဲလည်လည်သာ ဖြစ်နေရသည်။

Blindfolded, I would have made circles round and round like a bullock at the oilpress, making circles without advancing towards the goal.

ဗာဗာ၊ အကယ်၍ မြန်မာနိုင်ငံ၌ မဟာဂုရုနှင့် ကျွန်တော် မတွေ့ကြုံမဆုံဆည်းရပါမူကား လောကစည်းစိမ်ဥစ္စာ ညှတ်ကွင်းထဲမှာ ဖမ်းမိနေပြီးလျှင် ကျွန်တော်သည် မိမိဘဝတစ်လျှောက်လုံး အချည်းနှီး အလဟဿသာလျှင် အချိန်ဖြုန်းနေရပေလိမ့်မည်။

Oh Baba! If I had not come in contact with the great Master in the land of Myanmar, I would have wasted my entire life, entangled in the snares of worldly wealth.

ဗာဗာ၊ ကျွန်တော်သည် ဆရာဂုရုထံမှ ဓမ္မစစ်ဓမ္မမှန်အထုပ်ကို ရရှိခဲ့ပေသည်။ ကိုယ်နှုတ်နှလုံး အပြုအမူများ၏ အပြစ်အနာအဆာများမှလည်း ကင်းလွတ်သွားပေသည်။

Baba! I received from the Master the packet of pure Dhamma and was relieved from the defects of mind, speech, and physical actions.

ဗာဗာ၊ ကရုဏာတရား အပြည့်ရှိနေသော ဆရာဂုရု၏ ကျေးဇူးကြောင့် အနှောင့်အယှက်ဟူသမျှ ကင်းဝေး ပပျောက်သွားပြီးလျှင် ကျွန်တော့်အတွက် လွတ်ငြိမ်းမှုတံခါးများလည်း ပွင့်သွားကြလေသည်။

Baba! With the benevolence of the Master full of compassions, all obstacles were removed and the gates of liberation were

http://www.dhammadownload.com

opened wide for me.

ဗာဗာ၊ ဆရာဂုရု၏ မဂ်လာအပေါင်းနှင့် ပြည့်စုံသည့် တရားစကားကိုနာကြား ရသော ကျွန်တော်သည် တရားဓမ္မလမ်းကြောင်းပေါ်၌ လျှောက်သွားပြီးလျှင် မိမိအတိတ်ကံ၏ ဆင်းရဲဒုက္ခများမှ လွတ်ငြိမ်းချမ်းသာမှုကို တွေ့မြင်သိရှိခဲ့ ရပေသည်။

Baba! Having listened to the blessing-filled words of the Teacher, I walked on the path and found relief from the sufferings of my past kammas.

ဗာဗာ၊ ကျွန်တော်သည် မှားသော အတွေ့အကြုံများကို အသိညာဏ်အမှန် ဟူ၍ ထင်မှတ်မှားခဲ့လေသည်။ သို့ရာတွင် သမ္မာ (မှန်သော) ဂုရုကို တွေ့ သောအခါတွင် ကျွန်တော်၏ သန္ဓာန်၌ သမ္မာ (မှန်သော) အသိညာဏ် ပေါ်ပေါက်လာလေသည်။

Baba! I had mistaken false contemplations as real knowledge, but real *sammā-ñāṇa* arose in me when I met the *sammā-guru*.

ကျွန်တော်သည် သီလကို ကျင့်သုံးဆောက်တည်ခဲ့လေသည်။ ဓမ္မကို ပွားများ ခဲ့လေသည်။ ဗာဗာ၊ ကျွန်တော်သည် အဇ္ဈတ္တအသိညာဏ်ကို ဖွင့်ပေးသော၊ ထူးခြားသောနည်းလမ်းကို ရရှိခဲ့လေသည်။

I observe the Precepts (*sīla*) and meditate on Dhamma. Baba, what a wonderful technique this is to arouse inner wisdom!

ဗာဗာ၊ အကယ်၍ ဆရာဂုရုကသာ ကျွန်တော့်အား လမ်းမှန်မပေးခဲ့လျှင် ကျွန်တော် တဝဲလည်လည် ဖြစ်နေသည့်အတွက် ကြောက်ရွံ့ဖွယ်ကောင်းသော ဘဝ၏ ဒုက္ခအနန္တသည် ထပ်တလဲလဲ ဆက်ဖြစ်နေပေလိမ့်မည်။

http://www.dhammadownload.com

The frightening endless misery of *bhava* would have continued to multiply as a result of my wandering astray, if the Master had not given me right path.

ဗာဗာ၊ အကယ်၍ မဟာဂုရုကသာ အဖိုးအနှဲ့ထိုက်တန်သော သမ္မာဉာဏ် လက်ဆောင် မပေးခဲ့ပါလျှင် မိမိ၏ အနှောင်အဖွဲ့ကို သတိမပြုမိဘဲ တစ်ဘဝ ပြီး တစ်ဘဝ အဆုံးမရှိ ဆက်လက်၍ တဝဲလည်လည် ဖြစ်နေပေလိမ့်မည်။

Baba! I would have continued wandering endlessly from life to life without being aware of my bondage if the great Master had not given me the precious gift of right wisdom.

အမှန်ပင် ကျွန်တော်သည် အသိပညာပိုင်းဆိုင်ရာ ဒဿနအမြင်နှင့် ပတ်သက်သော ငြင်းခုံခြင်း၊ ဆွေးနွေးခြင်းများ၌သာလျှင် အချိန်ကုန်နေရပေ လိမ့်မည်။ ဓမ္မအမြိုက်အရသာကို ကျွန်တော်ဘယ်မှာ သောက်သုံးရမည် နည်း။

Certainy I would have remained entangled in the intellectual entertainment of philosophical debates and discussions. But where could I have tasted the ambrosia of the pure sap of Dhamma?

ဗာဗာ၊ ကျွန်တော်သည် မိမိ၏ စိတ်နှလုံးအညစ်အကြေးများကို မဆေးကြော ရဘဲနှင့်၊ မိမိ၏ စိတ်နှလုံးအထုံးအဖွဲ့ကို မဖြေရဘဲနှင့် ဘဝတစ်လျှောက်လုံး ဘာသာရေး အစဉ်အလာ အစွဲအလမ်းများ၊ ဓလေ့ထုံးစံများ၊ ပူဇော်ဝတ်ပြုမှု များ၊ ရွတ်ဖတ်သရဇ္ဈာယ်မှုများကို လုပ်ကိုင်ဆောင်ရွက်ရင်းနှင့် အချိန်ကာလ အချည်းနှီးအလဟဿ ဖြစ်သွားရပေလိမ့်မည်။

Baba! I would have wasted my whole life in merely performing rites and rituals, prayers and recitations, without washing away any mental defilements, without untying any mental knots.

http://www.dhammadownload.com

ယင်းဓလေ့ထုံးစံများ၊ အစဉ်အလာ အစွဲအလမ်းများ၊ ပူဇော်ဝတ်ပြုမှုများ၊ ဆုတောင်းပတ္ထနာပြုမူများကို ပြုလုပ်ခြင်းအားဖြင့် ကျွန်တော်သည် ဓမ္မစစ် ဓမ္မမှန် အစက်တစ်စက်မျှကိုပင် ရရှိလိမ့်မည်မဟုတ်ပေ။ အမှန်တကယ်ပင် ကျွန်တော်သည် ဟင်းလင်းဖြစ်နေသော ခွက်တစ်ခွက်မျှသာ ဖြစ်နေရပေလိမ့်မည်။

By these rites and ceremonies, rituals and prayers I would not have got even a drop of pure Dhamma. Certainly I would have remained an empty vessel.

ကျွန်တော်သည် ဘာသာရေး အစွဲအလမ်းနှင့် ပတ်သက်သော စိတ်လှုပ်ရှားတက်ကြွမှု အဝိဇ္ဇာတရား၌သာလျှင် နစ်မြုပ်နေခဲ့ရပေသည်။ ဗာဗာ၊ အချိန်နောက်ကျသွားသော်လည်း နောက်ဆုံး၌ ကျွန်တော်သည် ညစ်ကြေးကင်းစင်သော ဓမ္မကို သိမြင်နားလည်သွားလေသည်။

I was submerged in the ignorance of devotional emotions. Oh Baba! Though it was late, at last I was introduced to the stainless Dhamma.

ဗာဗာ၊ အံ့ဩဖွယ် ဝိပဿနာပွားများနည်းကို ကျွန်တော်ရရှိခဲ့ပေသည်။ ယင်းဝိပဿနာပွားများနည်းကြောင့် အခြေမခိုင်သော စိတ်လှုပ်ရှားမှုများ ပပျောက်သွားကြလေသည်။ တဝဲလည်လည်ဖြစ်နေရခြင်းနှင့် မနသိကဒုက္ခများလည်း ချုပ်ငြိမ်း ပျောက်ကွယ်သွားကြလေသည်။

Baba! I received this wonderful Vispassana, by which all unhealthy emotions were eradicated, and also eradicated were the restless wanderings and miseries of the mind.

အို ဗာဗာ၊ အကယ်၍ လွတ်မြောက်မှုအတွက် ကျွန်တော် ပညာကို မရရှိခဲ့လျှင် ကျွန်တော်သည် မိမိ၏ဘဝတစ်လျှောက်လုံး သတိမမူ ဂူမမြင်ဘဲ အဝိဇ္ဇာတရားနှင့်သာ အချည်းနှီးအလဟဿ အချိန်ကုန်သွားပေလိမ့်မည်။

http://www.dhammadownload.com

Oh Baba! If I had not acquired the *paññā* (wisdom) of liberation, I would unknowingly have wasted my life in mere ignorance.

ကျမ်းစာအုပ်ထဲက ပညာဆိုသော အရာများဖြင့် အထုံးအဖွဲ့များသာလျှင် တစ်ခုပြီးတစ်ခု ထုံးဖွဲ့ ရစ်နှောင်လာပေလိမ့်မည်။ သို့သော်လည်း ပညာရှိ ဆရာဂုရုနှင့် တွေ့ရသော ကျွန်တော်သည် (ဓမ္မကျမ်းစာထဲက) အက္ခရာ စာလုံးတိုင်း စာလုံးတိုင်းသည် ရှင်းလင်း ပြတ်သားလာသည်ကို တွေ့ရပေသည်။

Only more and more knots were tied by the so-called wisdom of books. But by meeting the wise Teacher, I found every word (of the Scriptures) became so clear.

ဗာဗာ၊ ကျွန်တော်သည် တစ်ခဲနက် အမိုက်မှောင်ထဲတွင် ကျရောက်နေခဲ့ရပေသည်။ ထို အမိုက်မှောင်ထဲ၌ တစ်စုံတစ်ယောက်သည် မိမိ၏ လက်ကိုပင် မမြင်ရပေ။ ဗာဗာ၊ ယင်းအခြေအနေ၌ မဟာဂုရု၏ ကျေးဇူးကြောင့် ပညာဆီမီး တောက်ပ ဝင်းလက်လာသည်။

I was involed in a situation of pitch darkness where one cannot see even one's own hand. In this situation, Baba, the lamp of wisdom was lit with the beneficence of the great Teacher.

ဗာဗာ၊ ကျွန်တော်သည် ကာမဂုဏ် အာရုံများထဲတွင် နစ်မြုပ်နေပြီးလျှင် ကိုယ့်ကိုယ်ကို မေ့နေလေသည်။ ဆရာဂုရု၏ ကျေးဇူးကြောင့် ကျွန်တော် သတိ ပြန်ရလာလေသည်။ ကာမဂုဏ် အာရုံတို့မှ လွတ်မြောက်မှု ရသွားသည်မှာ အချိန် မကြာလိုက်ပါပေ။

Baba! I had lost my senses, remaining submerged in sensory pleasures. With the benevolence of my Teacher, I came to senses and it did not take long to become liberated from sense

http://www.dhammadownload.com

pleasures.

အဆိပ်ပြင်းသော မြွေဟောက်ကဲ့သို့ စိတ်သည် ကာမဂုဏ်အာရုံ ခင်မင်တွယ်တာမှု အဆိပ် ပြွမ်းနေပေသည်။ သို့သော်လည်း သူတော်စင် ဆရာဂုရု နှင့် တွေ့ကြုံဆုံစည်းပြီး ဓမ္မအမြိုက်အရသာကို သောက်သုံးရသောကြောင့် စိတ်သည် အဆိပ် ကင်းရှင်းသွားလေသည်။

Like a cobra, the mind was full of the poisons of sense desires. But with the contact of the Samtly Teacher and by drinking the nectar of Dhamma, the mind became free from poison.

ဆရာဂုရု၏ ဂုဏ်ကျေးဇူးကြောင့် လည်ဆယ်ခြင်းတံခါးများ ပွင့်သွားကြလေသည်။ ဆရာဂုရုထံမှ ဝိပဿနာ ပွားများနည်း ရရှိသဖြင့် စိတ်သည် ဖြူစင်သွားလေသည်။

With the benevolence of the Master, the doors of deception were shattered. By receiving meditation from him, the mind was purified.

ရာဂနှင့် ဒေါသပင်လယ်ထဲတွင် ကျွန်တော် နစ်မြုပ်နေခဲ့လေသည်။ ထိုအခါ၌ ဗာဗာ၊ ရှေးရှေးက ကုသိုလ်ကံအချို့ ပေါ်လာသောကြောင့် ကျွန်တော့်အား ညွှန်ပြောင်းထဲက ထုတ်ဆယ်ကယ်တင်သော ဆရာဂုရုနှင့် တွေ့ရလေသည်။

I was sinking in the ocean of passion and anger. Then, Baba, because of the arising of some past merits, I encountered the Master who took me out of the morass.

ဗာဗာ၊ နွားနို့ထဲတွင် ထောပတ်ဆီဉီး များစွာရှိနေပေသည်။ သို့သော်လည်း ကျွန်တော့်စွင် ထုတ်ယူသည့်နည်းမရှိပေ။ မဟာဂုရုသည် ကျွန်တော့်အား ရက်ရောစွာ ထောပတ်ထုတ်သည့် ကိရိယာကို ပေးလေသည်။ ထိုကိရိယာဖြင့် ကျွန်တော် ထောပတ်ဆီဉီးကို ထုတ်ယူလေသည်။

http://www.dhammadownload.com

Baba! There was much fat in the milk, but I had no means to extract it. The great Master kindly gave me the stirrer by which I took out the butter.

ဗာဗာ၊ ကံကောင်းထောက်မသည့်အားလျော်စွာ ဆရာဂုရုသည် ကျွန်တော်၏ သန္တာန်၌ ပညာဖြစ်ထွန်းစေခဲ့လေသည်။ ငြင်းခုံခြင်းနှင့် ဆွေးနွေးခြင်း အနှောင်အဖွဲ့မှလည်းကောင်း၊ ဒဿနအမြင်ဆိုင်ရာ ယုံကြည်ယူဆချက် အနှောင်အဖွဲ့မှလည်းကောင်း ကျွန်တော် ကင်းလွတ်သွားခဲ့လေပြီ။

Fortunately, Baba, the Master aroused *paññā* in me, and I was relieved from the bondage of debates and discussions, of all philosophical beliefs.

ဗာဗာ၊ ဆရာဂုရုနှင့် တွေ့ကြုံဆုံဆည်းရခြင်းအားဖြင့် ကျွန်တော်သည် အမှန်တကယ်ပင် သုခ၏ အခြေခံအကြောင်းတရားနှင့် တွေ့ကြုံဆုံဆည်းရလေသည်။ ဓမ္မစစ်ဓမ္မမှန်၏ အပူငွေ့ကြောင့် ဒုက္ခဟူသမျှ အရည်ပျော်သွားကြလေသည်။

Baba! By coming in contact with the Master I actually came in contact with the source of happiness. With the warmth of the Dhamma, all miseries were melted.

ဗာဗာ၊ ကိုယ်နှင့်စိတ်သည် မမြဲသော အနိစ္စတရားများဖြစ်၏ ဟူသော မှန်ကန်သည့် သိမြင်နားလည်မှုသည် ကျွန်တော်၏ အဇ္ဈတ္တသန္တာန်၌ ပေါ်လာလေသည်။ ယင်းပညာဉာဏ်ပေါ်ပေါက်လာခြင်းသည် အလွန်ကံကောင်းပေသည်။ ယခုအခါ၌ ဒုက္ခဟူသမျှ အပြည့်အဝ ကင်းငြိမ်း ပပျောက်သွားကြပေပြီ။

Baba! The right understanding arose in me that the mind-matter phenomenon is ephemeral. It was a great good fortune that this wisdom arose. Now certainly all my sufferings will be fully

http://www.dhammadownload.com

eradicated.

ဗာဗာ၊ စိတ်နှလုံးအောက်ခြေ၌ သစ္စာအလင်းရောင် ထွက်ပြူလာလေပြီ။ အမိုက်မှောင် ပျောက်ကွယ်သွားလေပြီ။ စိတ်နှလုံးသည် သုခဖြင့်လည်းကောင်း၊ မေတ္တာဖြင့်လည်းကောင်း အပြည့်ဖြစ်သွားလေသည်။

Baba! At the depth of the mind sprang up the light of truth. The darkness was dispelled. The mind was filled with happiness and *mettā*.

ဗာဗာ၊ ကျွန်တော်၏ စိတ်ရောဂါ ကိုယ်ရောဂါတို့သည် ဆင့်ကဲဆင့်ကဲ ဖြစ်လာကြလေသည်။ သို့သော်လည်း ဝိပဿနာဆေးအစွမ်းကြောင့် ရောဂါအားလုံး ကင်းဝေးပပျောက်သွားကြလေသည်။

Baba! There had been a constant multiplication of my mental and physical ailments, but by the medicine of Vipassana all these were removed.

မာနထောင်လွှားခြင်း၊ တွေဝေခြင်း၊ ယုံမှားခြင်း၊ လှည့်စားခြင်း၊ အမျက်ထွက်ခြင်းတို့သည် အားလုံးပင် ကင်းငြိမ်းသွားကြလေသည်။ ဗာဗာ၊ အနတ္တ အသိဉာဏ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ဒုက္ခဟူသမျှ ကင်းဝေး ပပျောက်သွားကြလေသည်။

Ego, ignorance, delusion, deception, and negativities all get eradicated. Baba! As the enlightenment of egolessness (*anatta*) arises, all miseries get eradicated.

ဗာဗာ၊ မိမိ၏စိတ်နှလုံးကို ညစ်ကြေးစွန်းထင်းအောင် ကျွန်တော် လုပ်ခဲ့လေသည်။ ယခုအခါ၌ကား သန့်ရှင်းသုခကို ခံစားနိုင်ရန်အတွက် ဝိပဿနာဆပ်ပြာဖြင့် မိမိ၏ စိတ်နှလုံးကို ဆေးကြောနိုင်ခဲ့ပေသည်။

http://www.dhammadownload.com

Baba! I had defiled my mind and therefore remain miserable day and night. Now with the soap of Vipassana, I could cleanse my mind to enjoy peace, happiness, and harmony.

လောဘ၊ ဒေါသ၊ မောဟတည်းဟူသော မူးယစ်ခြင်းမှတစ်ပါး အခြားမည်သည့် အရာမှမရှိပေ။ ဗာဗာ၊ ပညာတည်းဟူသော အမူးပြေဆေးကြောင့် အစစအရာရာ ပြုပြင်ပြောင်းလဲသွားခဲ့ပေသည်။

There was nothing but the intoxication of *lobha, dosa, moha*. Oh Baba! With the sobering effect of *paññā*, everything improved.

ဓမ္မ (ဘာသာတရား) ဆိုင်ရာ ကျမ်းစာများစွာကို ဖတ်ပြီးလျှင် ကိုယ့်ကိုယ်ကို အထင်ကြီးလာခဲ့လေသည်။ ဗာဗာ၊ ဝိပဿနာ ပွားများ အားထုတ်ပြီးသော အခါမှသာလျှင် ကျွန်တော်၏ မာန်မာနသည် ကင်းရှင်းပျောက်ကွယ်သွားလေသည်။

My head had swollen from having read so many books on Dharma (religion). Oh Baba! Only after practising Vipassana was this pride dissolved.

မာန်မာနအပြည့်ဖြင့် ကျွန်တော်သည် လွဲမှားသော ငြင်းခုံခြင်း၊ ဆွေးနွေးခြင်း၊ စောဒကတက်ခြင်းများကို ပြုလုပ်ခဲ့ပေသည်။ ထိုအခါမှ၌ ကုသိုလ်ကံထောက်မသဖြင့် ဓမ္မကို ကျွန်တော် တွေ့ရှိရပေသည်။ ထိုဓမ္မဖြင့် နောက်ဆုံးတွင် သစ္စာတရား၏ အနှစ်သာရကို ကျွန်တော် အရသာ ခံစားရပေသည်။

Full of vanity and pride, I indulged in false debates, discussions, and arguments. Then fortunately I found the practice of Dhamma, with which at last I could taste the essence of truth.

ဗာဗာ၊ အနှစ်မရှိ အကာအတိသာဖြစ်သော အရာများကို တွယ်တာမိသည်

http://www.dhammadownload.com

ဖြစ်၍ ကျွန်တော်၏စိတ်ဒုက္ခသည် ပွားများသည်ထက် ပွားများလာလေသည်။ ကံကုသိုလ်ထောက်မသဖြင့် ဒုက္ခဟူသမျှ တစ်စမကျန် ဖျက်ဆီးပစ်ရန်အတွက် ပညာ ဖြစ်ထွန်းပေါ်ပေါက်လာလေသည်။

Baba! I kept multiplying my inner misery by indulging in the essenceless. Fortunately *paññā* arose to eliminate every trace of misery.

ဗာဗာ၊ ဗဟိဒ္ဓလောကၦ် တဝဲလည်လည်ဖြစ်နေစဉ်ၦ် ကျွန်တော်သည် သုခစစ်သုခမှန်ကို အမြွက်မျှပင် မတွေ့မြင်ခဲ့ပေ။ သို့သော်လည်း ဝိပဿနာ ပွားများအားထုတ်ခြင်းအားဖြင့် အဇ္ဈတ္တသန္တာန်တွင်းမှ သစ္စာတရားကို အာရုံပြုသော အခါၦ် မိမိ၏ကိုယ်တွင်းၦ် စစ်မှန်သော သန္တိနှင့်သုခကို ကျွန်တော် ရရှိလေသည်။

In my wanderings, oh Baba, I could not find even a trace of real happiness. But when I started observing truth inside by the practice of Vipassana, I attained true peace and happiness within.

ဗာဗာ၊ ဓမ္မသည် မည်မျှ စွမ်းအားနှင့်ပြည့်စုံသနည်း။ မည်မျှ အကျိုးအာနိသင် ရှိသနည်း။ ယခုအခါၦ် သံသယဖြစ်စရာ မလိုတော့ပေ။ ဤလှေနာဝါသည် တစ်ဖက်ကမ်းသို့ မုချ ဆိုက်ကပ်ပေလိမ့်မည်။

Baba! How strong is Dhamma, how effective is Dhamma! There is no more doubt now, this boat will certainly reach the other shore.

ဗာဗာ၊ ကျွန်တော် တွေ့ကြုံဆုံစည်းရသော ဆရာဂုရုသည် အရှိန်အဝါကြီးမားလှပေသည်။ အစွမ်းသတ္တိ ထက်မြက်လှပေသည်။ ဆရာဂုရု၏ ကျေးဇူးကြောင့် လူမျှားစွာတို့တွင် ဓမ္မ ဖြစ်ထွန်း ပေါ်ပေါက်လာလေသည်။ လူမျှားစွာတို့သည် ဒုက္ခ ကင်းဝေး ပပျောက်သွားကြလေသည်။

http://www.dhammadownload.com

Baba! I came in contact with a Master whose glory was great, whose powers were immense. Look, because of him Dhamma is arising in so many. So many are coming out of worldly miseries.

ဗာဗာ၊ သံကို ပြဒါးရှင်လုံး ထိသောအခါ ပြဒါးရှင်လုံးသည် သံကို ရွှေဖြစ်အောင် လုပ်နိုင်လေသည်။ သို့သော် မဟာဂုရုကမူ သံကို ပြဒါးရှင်လုံးဖြစ်သွားအောင် လုပ်နိုင်လေသည်။

Baba! When the philosopher's stone touches base metal, it turns that metal into gold. But look, the great Master has turned base metal into a philosopher's stone!

ဗာဗာ၊ ရှင်တော်မြတ်ဘုရား၏ တန်ဖိုးဖြတ်မရသော တရားဒေသနာတော်ကို ရရှိသည်မှာ မြန်မာနိုင်ငံ၌သာလျှင် ဖြစ်လေသည်။ ထို တရားဒေသနာတော်သည် မမာမကျန်း ဖြစ်နေသူများနှင့် စိတ်လူပ်ရှားနေသူများ အတွက် အသက်ဆက်ဆေးပင် ဖြစ်လေသည်။

Baba! It was only in Myanmar that I received the priceless teachings of the Enlightened One. These were a life-giving remedy to the highly sick and agitated mind.

ကျွန်တော်၏ နေ့ရက်များ ပြောင်းလဲသွားကြသကဲ့သို့ပင် အားလုံး၏နေ့ရက်များလည်း ပြောင်းလဲသွားကြပါစေ။ ဗာဗာ၊ ကမ္ဘာလောက၌ ဓမ္မ ပေါ်ပေါက်ထွန်းကားလာပါစေ။ လူအပေါင်းတို့၏ စိတ်နှလုံးထဲက ဒုက္ခမှန်သမျှ ကင်းဝေး ပပျောက်သွားပါစေ။

As my days have changed, may the days of all be changed. Baba, may Dhamma arise in the world! May misery be eradicated from the minds of all people.

http://www.dhammadownload.com

အမိမြန်မာနိုင်ငံ၏ ရင်ခွင်ထဲ၌ရှိနေစဉ် ဓမ္မရတနာကို ကျွန်တော်ရရှိခဲ့ပေသည်။ ဗာဗာ၊ ယခုအိန္ဒိယနိုင်ငံ၌ ထိုဓမ္မရတနာကို ကျွန်တော်ဖြန့်ဝေသောအခါ ကျွန်တော်၏ ဉာတိမိတ်သင်္ဂဟများသည် အတိုင်းထက်အလွန်ဝမ်းသာ အားရ ဖြစ်ကြလေသည်။

I acquired the gem of Dhamma while living in the lap of Mother Myanmar. Baba! My elation finds no bounds at my distributing it here in India.

ဗာဗာ၊ မြန်မာနိုင်ငံ၌ ရှာဖွေရရှိခဲ့သည့် အရာဝတ္ထုသည် အလွန်တရာ မြင့်မြတ်ကြီးကျယ်လှပါသည်။ ယခုအခါတွင် ထိုအရာဝတ္ထုကို ကျွန်တော် လွတ်လွတ်လပ်လပ် ဖြန့်ဝေပေးနေပေသည်။ ပြည်သူအများ သူတို့၏ဒုက္ခကင်းဝေး ပပျောက်သွားသည်ကို ကျွန်တော် တွေ့မြင်ရပေသည်။

Baba! My earning in Myanmar was very great. Now I continue to distribute it freely, and I see people becoming liberated from their misery.

ကျွန်တော် ဖြန့်ဝေပေးနေသော်လည်း ဓမ္မဘဏ္ဍာသည် နည်းပါးကုန်ခန်းသွားခြင်းမရှိပေ။ ဗာဗာ၊ နည်းပါးကုန်ခန်း မသွားရုံမျှသာမက ဓမ္မရတနာသည် နေ့တိုင်းနေ့တိုင်း နှစ်ဆတက်လာပေသည်။ညတိုင်းညတိုင်း လေးဆတက်လာပေသည်။

The treasure of Dhamma does not become dimmed as I distribute it. On the contrary, Baba, look! It doubles by day and quadruples by night.

ဗာဗာ၊ ဓမ္မအရသာကို ဖြန့်ဝေပေးသည့်အခါ၌ အတိတ်ကို ကျွန်တော် ပြန်လည် သတိရလာသည်။ မလွဲမရှောင်သာသော အခြေအနေကြောင့် 'ဒွါရကာ'၌ နေရသော်လည်း ကျွန်တော်၏စိတ်နှလုံးထဲက 'ပရဇ' အားအောက်မေ့ တသ သတိရနေခြင်းကိုမူ ကျွန်တော် ဖျောက်ဖျက်၍မရပေ။

http://www.dhammadownload.com

(မှတ်ချက် - ဒေလီတစ်ဝိုက်ရှိ သူ့တိုင်းပြည်ကို ခွဲခွာပြီး ပစ္ဆိမဒေသ၌ သွားနေရသော်လည်း လုလင်ဘဝကနေခဲ့ရသော သူ့ဇာတိမြေ "ဗရဇ" ကို ကရိရှဏသည် မည်သည့်အခါမှ မမေ့ပေ။ ယင်း အဖြစ်အပျက်မှာ ဟိန္ဒီနှင့် ရာဇစတန်နီ စာပေ အရေးအသားများ၌ အဝေးရောက်နေရသူတစ်ဦး၏ မိမိ ဇာတိနယ်မြေအပေါ် သံယောဇဉ်တွယ်တာပုံကို ရေးခြယ်ပြရာတွင် ဥပမာဆောင်ရေးသား ဖော်ပြလေ့ရှိသော ဇာတ်လမ်း အဖြစ်အပျက် ဖြစ်လေသည်။)

Whenever I distribute the *Dhamma-rasa*, Baba, I remember the days of the past. Although unavoidable circumstances have made me settle in Dwarika, I cannot eradicate the memory of Brija from my mind.

(Note -reference to the story of Krishna, who left his kingdom in the area of Delhi and settled further in the West, yet who never forgot the home of his youth. This is a popular expression in Hindi and Rajasthani to describe an exile's undying love for his homeland.)

ဗာဗာ၊ မြန်မာနိုင်ငံသည် ကျွန်တော် လူ့ဘဝ ရောက်ခဲ့သည့် နိုင်ငံ ဖြစ်သည်။ ကျွန်တော် ဓမ္မစစ်ဓမ္မမှန် ရခဲ့သည့် နိုင်ငံ ဖြစ်သည်။ ကျွန်တော့်အတိတ်ကံ၏ ဆင်းရဲဒုက္ခများ ကင်းရှင်းပပျောက်သွားခဲ့သော နိုင်ငံ ဖြစ်သည်။ ထိုနိုင်ငံကို ကျွန်တော် ဘယ်သောအခါမှ မမေ့နိုင်ပေ။

Baba! I can never forget the land where I was born, where I received the Dhamma, where my miseries of past kammas were eradicated.

ဗာဗာ၊ ကျွန်တော့်အား မွေးဖွားသော၊ ကျွန်တော့်အား ဓမ္မပေးကမ်း ခီးမြှင့်သော၊ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် လှပသော မြန်မာနိုင်ငံ

http://www.dhammadownload.com

ကို မေ့သွားဖို့ရန်မှာ ကျွန်တော့်အတွက် မဖြစ်နိုင်ပေ။

The country that gave me birth, the country that gave me the Dhamma- Baba! It is impossible for me to forget the beautiful *mangala-desa* (land of beautitude), Myanmar.

ဗာဗာ၊ ဤခန္ဓာကိုယ်၌ အသက်ရှိနေသမျှ ကာလပတ်လုံး ကျွန်တော်သည် မြန်မာနိုင်ငံ ကောင်းကျိုးအတွက် ဆုတောင်းမေတ္တာ ပို့သနေမည် ဖြစ်ပေသည်။ အမိနိုင်ငံအပေါ် တင်ရှိနေသော ကြွေးမြီကို ကျွန်တော်၏ ကျေးဇူးဥပကာရတင်သော စိတ်ဓာတ်ဖြင့် ပြန်လည်ပေးဆပ်နိုင်ပါစေ။

Baba! I will keep feeling good wishes for that country so long as life remains in this body. May my debt to my motherland be repaid by my feelings of gratitude.

ကျွန်တော်၏ ခန္ဓာတစ်ခုလုံးသည် ကျေးဇူးကြွေးမြီ တင်ရှိနေပေသည်။ ဗာဗာ၊ ထိုကျေးဇူးကြွေးမြီကို ကျွန်တော် မည်ကဲ့သို့ ပြန်ဆပ်မည်နည်း။ မြန်မာနိုင်ငံ၏ ကောင်းကျိုး မင်္ဂလာအတွက် ဆုတောင်းမေတ္တာ ပို့သနေပါရစေ။ ကျွန်တော် မြင်တွေ့သော တစ်ခုတည်းသော နည်းလမ်းမှာ ဤနည်းလမ်းသာလျှင် ဖြစ်ပေသည်။

Every fibre of my body feels indebted. How to repay this debt, Baba? May I continue to wish blessings for Myanmar; this is the only way that I can see.

ဗာဗာ၊ ကျွန်တော့်အား သုခပေးသောနိုင်ငံသည် သုခနှင့်ပြည့်စုံနေပါစေ။ ထိုနိုင်ငံ၌ ဓမ္မဆီမီးသည် ထွန်းလင်းတောက်ပနေပါစေ။ အမိုက်အမှောင်သည် ထိုနိုင်ငံမှ ပျောက်ကွယ်သွားပါစေ။

Baba! May the country that gave me happiness remain happy. May the lamp of Dhamma remain lit in that land. May darkness

http://www.dhammadownload.com

be dispelled from that land.

ဗာဗာ၊ မြန်မာနိုင်ငံသည် အစစအရာရာ၌ မင်္ဂလာတရားနှင့် ပြည့်စုံနေပါစေ။ မြန်မာနိုင်ငံ၏ ဥစ္စာဓနနှင့် သုခသန္တိတို့သည် အမြဲမပြတ် တိုးပွား များပြားနေပါစေ။

Baba! May the country of Myanmar be benefited in all respects. May its materiral wealth, peace, and happiness keep growing constantly.

ဗာဗာ၊ မြန်မာနိုင်ငံသူနိုင်ငံသား အားလုံး ချမ်းသာသုခနှင့် ပြည့်ဝနေကြပါစေ။ ဒုဗ္ဘိက္ခန္တရကပ်သည် မြန်မာနိုင်ငံသို့ မည်သည့်အခါမှ ရောက်မလာပါစေနှင့်။ ရောဂန္တရကပ်သည် မြန်မာနိုင်ငံသို့ မည်သည့်အခါမှ ရောက်မလာပါစေ နှင့်။

Baba! May all the inhabitants of Myanmar remain happy. May the misery of famine never come to the land. May the misery of epidemic never come to the land.

ကျွန်တော်၏ နောက်ပိုင်းနှစ်များ၌ အိန္ဒိယနိုင်ငံသည် ကျွန်တော့်အား ဓမ္မဒူတ အလုပ်ကိုလုပ်နိုင်ရန်အတွက် ခိုလှုံရာနေရာ ပေးခဲ့သည်။ ကျွန်တော်၏ ခိုလှုံရာ နေရာဖြစ်သော ဤနိုင်ငံသည် ကြီးပွားတိုးတက်ပါစေ။ စည်ပင်သာယာပါစေ။

In my later years this land of India gave me shelter and facilities to continue the *Dhama-dūta* work. May this land of my refuge grow, develop, and flourish.

မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့် အိန္ဒိယနိုင်ငံသူ နိုင်ငံသားများသည် အနာရောဂါ ကင်းရှင်းကြပါစေ။ သူတို့အားလုံးသည် ကျွန်တော်ပြုခဲ့သော ကုသိုလ် ကောင်းမှု၏ အသီးအပွင့်များကို သုံးဆောင်ခံစားနိုင်ကြပါစေ။

http://www.dhammadownload.com

May the people of Myanmar and India remain free from all diseases. May they all share the fruits of my merits.

အိန္ဒိယနှင့်မြန်မာ ဆက်သွယ်ရေးသည် ရာစုနှစ်ပေါင်း များစွာမှစ၍ ကောင်းမွန်လာခဲ့ပေသည်။ ယင်း မဟာမိတ်ပန်းရနံ့သည် အရပ် ထက်ဝန်းကျင်၌ ဆက်လက်၍ ပျံ့နှံ့ကြိုင်လှိုင်နေပါစေ။

There had been good relations between India and Myanmar for centuries. May this fragrance of friendship continue to waft far and wide.

မြန်မာနှင့်အိန္ဒိယ၏ ချစ်ခင်ရင်းနှီးမှုသည် တိုးတက်အားကောင်းနေပါစေ။ နှစ်နိုင်ငံသည် ဓမ္မ၏ အရှိန်အဝါအောက်၌ ချမ်းသာသုခနှင့် ပြည့်ဝနေပါစေ။

May Myanmar and India remain growing in friendship. May both grow in happiness under the glory of Dhamma.

ဓမ္မအနှစ်သာရသည် ဂင်္ဂါနှင့်ရောဝတီ၌ စီးမြဲစီးနေပါစေ။ ပြည်သူအပေါင်း တို့၏ ဒုက္ခမှန်သမျှ ကင်းပ ပျောက်ပျက်သွားပါစေ။ ဘဝဆင်းရဲခြင်းမှန်သမျှ ကင်းပ ပျောက်ပျက်သွားပါစေ။

May the essence of Dhamma keep flowing in the Ganges and Irrawaddy. May the miseries of people be eradicated. May the sufferings of *bhava* be removed.

ဓမ္မစစ်ဓမ္မမှန် ဂင်္ဂါမြစ်သည် ကမ္ဘာတစ်ခုလုံး၌ အစဉ်မပြတ် စီးဆင်းနေပါစေ။ သတ္တဝါအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ သတ္တဝါအားလုံး ချမ်းသာသုခနှင့် ပြည့်စုံကြပါစေ။

May the Ganges of pure Dhamma keep flowing throughout the world. May all be benefited. May all be happy.

http://www.dhammadownload.com

ဗာဗာ၊ တုသိတာနတ်ပြည်၌ ဗာဗာ ခဏတိုင်း ခဏတိုင်း ရွှင်လန်းချမ်းမြေ့နေပါစေ။ ဗာဗာ၏မြေးသည် ဗာဗာ၏ မင်္ဂလာရှိသော အကာအကွယ်ထီးရိပ်အောက်၌ နေခွင့်ရှိနေပါစေ။

Baba! May you feel delighted moment by moment in the celestial *Tusita-loka*. May your grandson remain under the shade of umbrella of your gracious protection.

ဆရာကြီး၊ တုသိတာနတ်ပြည်၌ ဆရာကြီး ခဏတိုင်း ခဏတိုင်း ရွှင်လန်းချမ်းမြေ့နေပါစေ။ ဆရာကြီး၏ဓမ္မသားသည် ဆရာကြီး၏ မင်္ဂလာရှိသော အကာအကွယ် ထီးရိပ်အောက်၌ နေခွင့်ရရှိနေပါစေ။

Sayagyi! May you feel delighted moment by moment in the celestial *Tusita-loka*. May your Dhamma son remain under the shade of the umbrella of your gracious protection.

ဗာဗာ၊ ဗာဗာကို သတိရသည့် အခါတိုင်း ကျွန်တော် အတိုင်းမသိ ပီတိသောမနဿ ဖြစ်ရပေသည်။ နေအရုဏ်ကျင်း၍ အလင်းပေါ်လာ သကဲ့သို့ ပင် ကျွန်တော်၏ ဘဝသည် လင်းလက်သွားပေသည်။

Whenever I remember you, Baba, the heart fills with rapture to the brim, and my life brinhtens as dawn lights up with the rising of the sun.

ဆရာကြီး၊ ဆရာကြီးကို သတိရသည့်အခါတိုင်း ကျွန်တော်အတိုင်းမသိ ပီတိသောမနဿ ဖြစ်ရပေသည်။ နေအရုဏ်ကျင်း၍ အလင်းပေါ်လာသကဲ့သို့ ပင် ကျွန်တော်၏ဘဝသည် လင်းလက်သွားပေသည်။

Whenever I remember you, Sayagyi, the heart fills with rapture to the brim, and my life bringtens as dawn lights up with the rising of the sun.

http://www.dhammadownload.com

ဗာဗာ၊ ကျွန်တော်ပြုလုပ်ခဲ့သော ကုသိုလ် ကောင်းမှု၏ အဖို့ဘာဂကို ဗာဗာ အမျှရပါစေ။ ဓမ္မဒူတ၏ စာရိကာသည် ဗာဗာ၏ အကျိုးအတွက်ဖြစ်ပါစေ။

Baba! May you share in the merits that I acquire. May the *cārika* of *Dhamma-dūta* be for your benefit.

ဆရာကြီး၊ ကျွန်တော်ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို ဆရာကြီး အမျှရပါစေ။ ဓမ္မဒူတ၏ စာရိကာသည် ဆရာကြီး၏ အကျိုး အတွက် ဖြစ်ပါစေ။

Sayagyi! May you share in the merits that I acquire. May the *cārika* of *Dhamma-dūta* be for your benefit.

မြင်ရသော၊ မမြင်ရသော သတ္တဝါမှန်သမျှ အားလုံး သုခနှင့် ပြည့်စုံပါစေ။ ကျွန်တော် ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို သတ္တဝါ အားလုံး အမျှယူနိုင်ကြပါစေ။

Visible or invisible, may all beings be happy. May all share the merits I acquire.

ရေ၌နေသော၊ ကုန်း၌နေသော၊ ကောင်းကင်၌နေသော သတ္တဝါမှန်သမျှ အားလုံး သုခနှင့်ပြည့်စုံကြပါစေ။ ကျွန်တော် ပြုလုပ်ခဲ့သော ကုသိုလ် ကောင်းမှု၏ အဖို့ဘာဂကို သတ္တဝါအားလုံး အမျှယူနိုင်ကြပါစေ။

Belonging to earth, water or sky, may all beings be happy. May they all share the merits I acquire.

အရပ်ဆယ်မျက်နှာ၌ သတ္တဝါမှန်သမျှ အားလုံး သုခနှင့် ပြည့်စုံကြပါစေ။ ကျွန်တော် ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို သတ္တဝါ အားလုံး အမျှယူနိုင်ကြပါစေ။

http://www.dhammadownload.com

Living in all the ten directions, may all beings be happy. May they all share the merits I acquire.

ဘဝတု သဗ္ဗ မင်္ဂလံ။
ဘဝတု သဗ္ဗ မင်္ဂလံ။
ဘဝတု သဗ္ဗ မင်္ဂလံ။

May all be happy !
May all be happy !
May all be happy !

http://www.dhammadownload.com

၁၀-နှစ်ခရိုး

(အောက်ဖော်ပြပါ ဆောင်းပါးမှာ ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်ရာ၌ ဆယ်နှစ်ဆယ်မိုးပြည့်သည့် အထိမ်းအမှတ်ဖြင့် ၁၉၆၉-ခုနှစ်တွင် ဂိုအင်ကာဂျီ ရေးသားသော ဆောင်းပါးဖြစ်သည်။ ထိုအချိန်မှ နောက်ပိုင်း၌ ကြီးပွားတိုးတက်လာသော ဓမ္မလုပ်ငန်းအသစ်များကိုမူ ဤဆောင်းပါး၌ ရေးသားဖော်ပြထားခြင်းမရှိပေ။ ထိုဓမ္မလုပ်ငန်း အသစ်များမှာ ကမ္မဋ္ဌာန်းရိပ်သာများ တည်ထောင်ဖွင့်လှစ်ခြင်း၊ အိန္ဒိယနိုင်ငံပြင်ပ၌ နှစ်စဉ် ပြုလုပ်ဆောင်ရွက်သော ဝိပဿနာလုပ်ငန်းများနှင့် လက်ထောက် ကမ္မဋ္ဌာနာစရိယ ငါးဆယ်ကျော် ခန့်အပ်ခြင်းတို့ ဖြစ်ကြပေသည်။ သို့ပင် ဖြစ်စေကာမူ ဤဆောင်းပါးသည် အချိန် နောက်မကျသေးပေ။ ယောဂီများ အတွက် အားပေး လှုံ့ဆော်မှုရရှိသော ဆောင်းပါးလည်း ဖြစ်သည်။)

၁၉၆၉-ခုနှစ်၊ ဇွန်လ ၂၀-ရက်နေ့၌ ကျွန်ုပ်၏ လေးစားမြတ်နိုးအပ်သော ဆရာဖြစ်သူ ဆရာကြီး ဦးဘခင်သည် ကြီးလေးလှသော ကမ္မဋ္ဌာနာစရိယ တာဝန်ကြီးကို ကျွန်ုပ်အား တရားဝင် ပေးအပ်လေသည်။ ထို့နောက် နှစ်ရက်အကြာ၌ ကျွန်ုပ်သည် မိမိ၏ အမိနိုင်ငံမြန်မာပြည်မှ ခွဲပြီး အိန္ဒိယနိုင်ငံသို့ လာခဲ့လေသည်။ ယင်းမှာ မင်္ဂလာရှိသော ရွှင်လန်းဝမ်းမြောက်ဖွယ် အခါအခွင့် ဖြစ်ပေသည်။ မိမိအတွက် နတ်ပြည်သဖွယ်ဖြစ်နေသော မိမိ၏ ဇာတိနိုင်ငံကို ခွဲခွာလာရသည့်အတွက် ဝမ်းနည်းခြင်း ဖြစ်ရသည်မှာ ဓမ္မတာသဘောတရားပင် ဖြစ်လေသည်။ သို့သော်လည်း ဓမ္မ၏ မွေးရပ်ဇာတိဖြစ်သော နိုင်ငံသို့ ရောက်သွားရတော့မည်ဆိုသည့် တောက်ပဝင်းလက်သော မျှော်လင့်ချက်ကြီးက ထိုဝမ်းနည်းခြင်းကို မှေးမှိန်အောင် လုပ်ထားလိုက်လေသည်။

မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ ကျေးဇူးကြွေးမြီကို ပြန်ဆပ်သင့်သည်ဟူ၍ ဆရာကြီးတွင် ခိုင်မာသော ဓမ္မအယူအဆတစ်ခု ရှိလေသည်။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော်အခါက မြန်မာနိုင်ငံသည် အကျိုးထူးတရား ဖြစ်ပွားစေသော ဝိပဿနာအားထုတ်နည်းကို ပင်ရင်းနိုင်ငံမှ

http://www.dhammadownload.com

ရရှိခဲ့လေသည်။ ယခုအခါတွင် ထိုဝိပဿနာ အားထုတ်နည်းကို အိန္ဒိယနိုင်ငံသို့ စိတ်ကောင်းစေတနာကောင်းဖြင့် ပြန်ပေးရမည်ဖြစ်လေသည်။ ယင်းသို့ ပြုလုပ်မှသာလျှင် မြန်မာနိုင်ငံအနေနှင့် တာဝန်ဝတ္တရား ကျေပွန်ပေလိမ့်မည်။ ယင်းသို့ ဆရာကြီးက ထင်မြင်ယူဆလေသည်။

ဆရာကြီးသည် ထိုအရေးကြီးသောလုပ်ငန်းကို သူကိုယ်တိုင် ဆောင်ရွက်မည်ဟု မျှော်မှန်းထားလေသည်။ သို့ရာတွင် အခက်အခဲအမျိုးမျိုး ရှိနေသဖြင့် သူကိုယ်တိုင် ဆောင်ရွက်နိုင်သည့် အခြေအနေ ဖြစ်မလာပေ။ ထို့ကြောင့် ဆရာကြီးသည် ကျွန်ုပ်အား ထိုတာဝန်ကို ထမ်းရွက်စေလိုသည့်ဆန္ဒ ဖြစ်ပေါ်လာလေသည်။ အမှန်အားဖြင့် ဆရာကြီးသည် သင့်လျော် လျောက်ပတ်သည့် အခါအခွင့် ပေါ်လာမည့်အချိန်ကာလကို စောင့်စားနေလေသည်။

ကျွန်ုပ် မကြာခဏ ပြောပြသကဲ့သို့ပင် ခပ်စောစောကပင် အိန္ဒိယနိုင်ငံသို့ပြန်သွားသော ကျွန်ုပ်၏မိခင်အိုကြီး မမာမကျန်းဖြစ်လာသောအခါ ထိုအခါအခွင့်ကြီးပေါ် ပေါက်လာလေသည်။ ထိုအချိန်က မြန်မာနိုင်ငံ အစိုးရသည် နိုင်ငံသားများအား သာမန်အနေအထားအရ ပြည်ပသို့သွားခွင့် မပြုသော်လည်း ကျွန်ုပ်အား ထောက်ထားသက်ညှာသည့်အနေဖြင့် အိန္ဒိယ သို့သွားရန် နိုင်ငံကူးလက်မှတ် ထုတ်ပေးလေသည်။ အိန္ဒိယအစိုးရကလည်း အလားတူပင် လိုအပ်သောဗီဇာထုတ်ပေးပြီး အကူအညီပေးလေသည်။ အစိုးရ နှစ်ခုလုံးအပေါ် ကျွန်ုပ်၏ ကြီးမားနက်ရှိုင်းသော ကျေးဇူးတရား တည်ရှိနေပေသည်။

ကျွန်ုပ်အတွက် အိန္ဒိယသွားရန် လမ်းပွင့်သွားသည်ဖြစ်၍ ဆရာကြီးသည် အကြီးအကျယ် ဝမ်းသာအားရဖြစ်သွားပြီးလျှင် အနှစ်နှစ်အလလက သူမျှော်မှန်းတောင့်တလာခဲ့သော အလိုဆန္ဒကို အကောင်အထည်ဖော်ရမည့် အလုပ်ကို ကျွန်ုပ်အား ယုံကြည်စိတ်ချစွာ လွှဲအပ်လေသည်။ မိမိ စွမ်းဆောင်နိုင်မှုအခြေအနေ ကျယ်ကျယ်ပြန့်ပြန့်. မရှိသေးသည်ကို သိသော်လည်း ကျွန်ုပ်သည် ထို ကြီးမားသော တာဝန်ဝတ္တရားကြီးကိုလက်ခံလိုက်လေသည်။ အကြောင်းမူကား ကျွန်ုပ်တွင်လည်း မိမိ၏ ချစ်ခင်မြတ်နိုးအပ်သော ဆရာအား ပြန်ဆပ်ရမည့်ကြွေး တင်ရှိနေသောကြောင့် ဖြစ်လေသည်။

မေတ္တာတရား အပြည့်ရှိနေသော ထိုမဟာသူတော်စင်ကြီးသည်

http://www.dhammadownload.com

ကျွန်ုပ်အား ထိုအံ့ဩဖွယ် နည်းနိဿယညွှန်းကို သင်ကြားပြသပေးပြီးလျှင် အဝိဇ္ဇာဥခွံကို ဖောက်ထွက်ရန် အကူအညီပေးလေသည်။ မိမိကိုယ်တွင်း၌ မည်သို့မည်ပုံ ကိုယ့်ကိုယ်ကို သိမြင်သဘောပေါက်နိုင်ပုံနှင့် အမှန်တရားကို သိမြင်သဘောပေါက်နိုင်ပုံကို ပြပြီးလျှင် ဆရာကြီးသည် ကျွန်ုပ်အားဘဝသစ် ပေးခဲ့လေသည်။ ထိုမျှသာမက ဖခင်တစ်ဦး၏ အကြင်နာတရားမျိုးဖြင့် ဆရာကြီးသည် ကျွန်ုပ်အား ထိုနည်းနိဿယညွှန်းနှင့် ပတ်သက်၍ တိုးတက်မှု ရှိလာစေရန် နှစ်ပေါင်းများ စွာ နည်းပေးလမ်းပြလုပ်ခဲ့ပြီးလျှင် ဓမ္မစိတ်ဓာတ် ထက်သန်အားကောင်းလာစေရန် ကျွန်ုပ်ကို အကူအညီပေးလေသည်။ မိမိ အပေါ် တင်ရှိနေသော ကြီးကျယ်များပြားသော ကြွေးမြီထဲက အနည်း အကျဉ်းမျှလောက်ပင်ဖြစ်ဖြစ်၊ မိမိ၏ဓမ္မဖခင်အား ပြန်ဆပ်ရန် အလို့ငှာ ကျွန်ုပ်သည် မိမိ၏ စွမ်းဆောင်နိုင်မှု အခြေအနေ ပြန့်ကျယ်ကြီးမားမှု မရှိသော်လည်း ထိုလေးလံလှသော တာဝန်ဝတ္တရားကြီးကို လက်ခံရန် ပြင်ဆင်ရလေသည်။

အမှန်တကယ်ပင် အလွန်တရာကြီးမားသော တာဝန်ဝတ္တရားကြီးဖြစ်ပေသည်။ အိန္ဒိယနိုင်ငံသည် ဗုဒ္ဓအား လေးစားကြည်ညိုပြီး ဗုဒ္ဓနှင့် ပတ်သက်၍ ဂုဏ်ယူနေသော်လည်း ဗုဒ္ဓ၏ တရားဒေသနာတော်နှင့် ပတ်သက်၍ အထင်မှား အမြင်မှားဖြစ်နေသည့် အကြောင်းတစ်ခုတည်း အတွက်နှင့် အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓတရားဒေသနာတော်အား ကျယ်ကျယ်ပြန့်ပြန့် ဆန့်ကျင်မှုများ ရှိနေပေသည်။ နှစ်ပေါင်း နှစ်ထောင်ကျော်အထိ ရှိလာခဲ့သော ထို အထင်အမြင်လွဲမှားမှုနှင့် ဆန့်ကျင်မှုများအတွက် မည်သူ့ကို အပြစ်တင်မည်နည်း။ ကျွန်ုပ်သည်ပင် တစ်ချိန်တုန်းက ထိုသူများထဲတွင် ပါဝင်ခဲ့ပေသည်။ ဒဿနိကဗေဒ ယုံကြည်ချက်တစ်ချို့ကို ဖက်တွယ်ထားသည်ဖြစ်၍ ကျွန်ုပ်ကိုယ်တိုင်ပင် ထို ဆန့်ကျင်ဘက် အုပ်စုဝင်တစ်ဦး ဖြစ်ခဲ့လေသည်။ သို့သော်လည်း ဆရာကြီး၏ ထက်သန်အားကောင်းသော မေတ္တာကရုဏာကြောင့် ကျွန်ုပ်သည် ဗုဒ္ဓမြတ်စွာဘုရား ဟောကြားထားတော်မူသည့်အတိုင်း ဓမ္မ၏ လက်တွေ့ကျကျ အစိတ်အပိုင်းကို သင်ကြားဆည်းပူးနိုင်ခဲ့လေသည်။ ထို့ကြောင့် ကျွန်ုပ်၏ အထင်မှား အမြင်မှားများသည် ကွယ်ပျောက်သွားပြီးလျှင် ကျွန်ုပ်၏ ဆန့်ကျင်မှုများလည်း အစအနရှာမတွေ့ရတော့ပေ။ ဗုဒ္ဓ၏ တရားဒေသနာတော်ထဲက ထိုလက်တွေ့ကျ

http://www.dhammadownload.com

သော အစိတ်အပိုင်းသည် များစွာသော လူတို့၏ အထင်အမြင်မှားမှုများနှင့် ဆန့်ကျင်မှုများကို ဖယ်ရှားပစ်ခဲ့လေသည်။ ယနေ့လည်း ဆက်လက် ဖယ်ရှားပစ်နေလေသည်။ မည်သည့်အခြေခံ နောက်ကြောင်းနှင့် လူကိုဖြစ်စေ အားလုံးကို အကျိုး ဖြစ်ထွန်းစေနိုင်သော၊ အားလုံးအတွက် လက်ခံနိုင်သော ဓမ္မ၏ တကယ့် အစစ်အမှန် သဘောသဘာဝသည် ထင်ထင်ရှားရှား ပေါ်ပေါက်လာလေပြီ။

ထို စစ်မှန်သော၊ အားလုံးအတွက်ဖြစ်သော ဓမ္မသည် ဗုဒ္ဓ ဟောကြားတော်မူသော တရားဒေသနာဖြစ်လေသည်။ ဗုဒ္ဓသည် သမ္မာ သမာဓိ၊ ပညာ၏ တကယ့် လက်တွေ့လုပ်ငန်းပိုင်းကို ညွှန်ကြားဟောပြတော် မူလေသည်။ ယင်းတရားမှာ ဉာဏ်အလင်းရရှိသူ မည်သူမဆို ညွှန်ကြား ဟောပြသော တရားဖြစ်လေသည်။ စစ်မှန်သောဓမ္မသည် ဆွေးနွေးခြင်း၊ ငြင်းခုံခြင်း သက်သက်မျှသာ မဟုတ်ပေ။ ယုံကြည်ခြင်း၊ ဒဿနိကဗေဒ တွေးခေါ်ခြင်းများ သက်သက်လည်း မဟုတ်ပေ။ စစ်မှန်သော ဓမ္မသည် ဂိုဏ်းဂဏတစ်ခု တည်ထောင်ရန်အတွက် အခြေခံ အကြောင်းတရားလည်း မဟုတ်ပေ။ ဓမ္မသည် မိမိ၏ အစစ်အမှန် အကျိုးဖြစ်ထွန်းမှုနှင့် သူတစ်ပါး၏ အကျိုးဖြစ်ထွန်းမှုကို ရှာခြင်းသက်သက်မျှသာ ဖြစ်လေသည်။

ကျွန်ုပ်ကို ဆွဲဆောင်သည်မှာ အားလုံးအတွက်ဖြစ်သော၊ အားလုံးကို အကျိုးပြုသော ထိုဓမ္မ၏ သဘောသဘာဝပင် ဖြစ်လေသည်။ ဤ နှိုင်ငံ၌ ပညာတတ် လူပေါင်းများစွာတို့အား ဆွဲဆောင်ခဲ့သော၊ ယခုလည်း ဆွဲဆောင် နေသော တရားမှာ ထိုဓမ္မ၏ သဘောသဘာဝပင် ဖြစ်လေသည်။ “အဟော ဗုဒ္ဓ၊ အဟော ဓမ္မ၊ အဟော ဓမ္မသုဓမ္မတာ”။ ဗုဒ္ဓသည် ကြီးမြတ်တော်မူလှပေ၏။ ဓမ္မသည် ကြီးမြတ်တော်မူလှပေ၏။ ဓမ္မ၏ သဘောသဘာဝသည် ကြီးမြတ်တော်မူလှပေ၏။ အားလုံးအတွက်ဖြစ်သော ဓမ္မကို ဟောပြတော်မူသော ဗုဒ္ဓသည် ကြီးမြတ်တော်မူလှပေ၏။ အားလုံးအတွက်အသုံးချ၍ရသော ဓမ္မ သည် ကြီးမြတ်တော်မူလှပေ၏။ ရိုးရိုးအသိဉာဏ်ရှိသော သာမန် ပုဂ္ဂိုလ် တစ်ယောက်ပင် လက်တွေ့ကျင့်သုံး၍ရသော၊ အကျိုးဖြစ်ထွန်းအောင် လုပ်နိုင်သော ဓမ္မ၏ သဘောသဘာဝသည် ကြီးမြတ်တော်မူလှပါပေ၏။

ဂိုဏ်းဂဏဆိုင်ရာ ကျဉ်းမြောင်းသော စိတ်သဘောထား၏အပေါ် တက်နေသော၊ လူသားအားလုံးအတွက်ဖြစ်သော ထိုအံ့သြဖွယ် ဓမ္မအား

http://www.dhammadownload.com

ကျွန်ုပ် ကျေးဇူးအထူးတင်ပေသည်။ ယင်း စစ်မှန်ပြီး လူတိုင်းအတွက် ဖြစ်သော ဓမ္မအင်အားသည် ဝိပဿနာအား အစပိုင်း၌ အခက်အခဲရှိသော်လည်း ပြည်သူလူထု အကျိုးပြုရန်အတွက် ကြားကိရိယာတစ်ခု ဖြစ်အောင် ပြုလုပ်ပေးနိုင်ခဲ့လေသည်။

အစပိုင်း၌ အခက်အခဲများရှိသည်မှာ အမှန်ပင်ဖြစ်သည်။ အခက်အခဲတစ်ခုမှာ အိန္ဒိယနိုင်ငံ၌ လူဦးရေ ၆၀၀,၀၀၀,၀၀၀ ရှိသည့်အနက် ကျွန်ုပ် ကောင်းကောင်းသိသောသူများမှာ တစ်ရာ အနိုင်နိုင်လောက်သာ ရှိလေသည်။ မိမိနှင့်ရင်းနှီးသူဟု ခေါ်ရလောက်သော လူများမှာ လက်ချိုးရေတွက်၍ ရလောက်ရုံသာလျှင် ရှိပေသည်။ အရင်းနှီးဆုံးလူများမှာ အိန္ဒိယနိုင်ငံ၌ လာအခြေချ နေကြသည့် ကျွန်ုပ်၏မိသားစုများသာလျှင် ဖြစ်ကြလေသည်။ သို့သော်လည်း ထိုပုဂ္ဂိုလ်များမှာ ဝိပဿနာနှင့် ဆန့်ကျင်ဘက်ဖြစ်သော ယောဂကျင့်နည်း အသီးသီးကို ကျင့်ကြံ အားထုတ်နေကြသူများ ဖြစ်နေကြသည်ကို တွေ့ရှိရပေသည်။ ထို့ကြောင့် မိမိ၏ မိသားစု ပုဂ္ဂိုလ်များထံမှ ဝိုင်းဝန်းကူညီမှု မျှော်လင့်ချက်ထား၍ မဖြစ်နိုင်တော့ဟု ကျွန်ုပ်ထင်မှတ်သွားမိလေသည်။ သို့သော်လည်း အမှန်တကယ်၌မူ ထိုပုဂ္ဂိုလ်များသည် ကူညီဝိုင်းဝန်းမှု ပြုလုပ်ကြလေသည်။ ထိုပုဂ္ဂိုလ်များ၏ ကူညီပံ့ပိုးမှုကို ကျွန်ုပ် မည်သည့်အခါမှ မေ့လိမ့်မည် မဟုတ်ပေ။ ထိုပုဂ္ဂိုလ်များအား သူတို့၏ ကူညီပံ့ပိုးမှုအတွက် ကျွန်ုပ် ကျေးဇူးတင်ပေသည်။ မိမိ၏ ဓမ္မလုပ်ငန်း ကုသိုလ်ကောင်းမှုကို ထိုပုဂ္ဂိုလ်များအား အမျှဝေလိုက်ရပေသည်။

ဓမ္မ၏ အရှိန်အဝါကြောင့် လွန်ခဲ့သည့်ဆယ်နှစ်အတွင်း ပြည်တွင်းပြည်ပမှ ထောင်ပေါင်းများစွာသောလူတို့သည် ဝိပဿနာ သင်ကြားဆည်းပူးရန်အတွက် ရောက်ရှိလာကြလေသည်။ ရောက်ရှိလာကြသော လူပေါင်းများစွာတို့သည် ကျွန်ုပ်အတွက် တစိမ်းလိုလို ဖြစ်နေကြသည်။ သို့သော်လည်း မကြာခင်အချိန်အတောအတွင်း၌ပင် အချိန်ကာလ ကြာမြင့်စွာကပင် သိကျွမ်းခင်မင်ရင်းနှီးလာခဲ့သည့် မိတ်ဟောင်းဆွေဟောင်းသဖွယ် ဖြစ်သွားကြလေသည်။

တဖွဲဖွဲရောက်လာကြသူများထဲမှ တချို့ပုဂ္ဂိုလ်များမှာ အတိတ်က ကုသိုလ်ကောင်းမှုများကို ပြုလုပ်ခဲ့ကြသူများ ဖြစ်ပေသည်။ ထို ကုသိုလ်ကောင်းမှုများ၏ အကျိုးဆက်ကြောင့် ထိုပုဂ္ဂိုလ်များသည် ယခုအခါ၌ စစ်မှန်

http://www.dhammadownload.com

သော ဓမ္မမျိုးစေ့ကို ရကြွခြင်းဖြစ်လေသည်။ ထိုမျိုးစေ့သည် အချိန်တန်သော အခါ၌ အသီးကောင်းအသီးမွန်ကို ပေးပေလိမ့်မည်။ ထိုပုဂ္ဂိုလ်အားလုံးကို ကျွန်ုပ် ကျေးဇူးတင်ရပေမည်။ ထိုပုဂ္ဂိုလ်များသည် ကျွန်ုပ်အား သူတို့ကို ဓမ္မနှင့် ပတ်သက်၍ အကျိုးပြုခွင့်နှင့် ကျွန်ုပ်အပေါ် တင်ရှိနေသော ဆရာ၏ ကျေးဇူးကြွေးမြီထဲက အရေအတွက် အနည်းအကျဉ်းပဲဖြစ်ဖြစ် ကျွန်ုပ်၏ ဆရာအား ပြန်ဆပ်ခွင့်ကို ပေးကြလေသည်။

သို့ရာတွင် ဝိပဿနာအားထုတ်နည်းကို သင်ကြားဆည်းပူးရန် ရောက်လာကြပြီး အလိုအလျောက်ပင် ဓမ္မလုပ်ငန်း၏ အစိတ်အပိုင်း ဖြစ်သွားသူများလည်း ရှိပေသည်။ ထိုပုဂ္ဂိုလ်များသည် ဘယ်လောက် ကြီးကျယ်သော အကျိုးပြုလုပ်ငန်းများကို လုပ်ခဲ့သူများ ဖြစ်ပေသနည်း။ လွန်ခဲ့သည့် ဆယ်နှစ်ကာလကို ပြန်ပြောင်းကြည့်လိုက်သောအခါ ဝိပဿနာ စခန်းများကို စီမံခန့်ခွဲရာ၌ ငွေကုန်ကြေးကျခံလျက် စိတ်ရောကိုယ်ပါ ကူညီ အားပေးကြသူများ၏ မျက်နှာများကို ကျွန်ုပ် သတိရလာလေသည်။ ထိုအချိန်ကာလများက ဝိပဿနာ သင်ကြားပြသဖို့ရန်အတွက် ဝိပဿနာ ရိပ်သာဟူ၍ မရှိသေးပေ။ ကမကထလုပ်သူများသည် တရားစခန်းအတွက် တည်းခိုရိပ်သာ (ဓမ္မသာလာ)၊ စာသင်ကျောင်း ကဲ့သို့သော ရုပ်ဝတ္ထု အနေ အရ အဆင်ပြေမည့် နေရာများကို ရှာကြရလေသည်။ ကမကထလုပ်သူများ အနေနှင့် တရားထိုင်သူများအတွက် နေရေး၊ စားရေးများကို စီမံပေးရလေ သည်။ အကယ်၍ တရားထိုင်သူတစ်ဦးဦး တရားထိုင်နေစဉ်အတောအတွင်း မကျန်းမမာဖြစ်ပါက ဆေးဝါးကုသမှုများနှင့် အထူး ကျန်းမာရေး အစီအစဉ် များကို စီစဉ်လုပ်ကိုင်ပေးရလေသည်။ ကမကထလုပ်သူများသည် ၁၀-ရက် လုံးလုံး တရားထိုင်သူ ယောဂီများကို ကြည့်ရှုစောင့်ရှောက်ရန်အတွက် မိမိတို့ ၏ ကိုယ်ရေးကိုယ်တာကိစ္စအားလုံးကို ဘေးဖယ်ထားပြီးလျှင် ယောဂီများ အား အရိပ်တကြည့်ကြည့် ကြည့်နေရသည်မှာ ယား၍ ကုတ်စရာအချိန်ပင် မရှိပေ။ ထိုလုပ်ငန်းမှာ ၁၀-ရက် အချိန်ကာလ အတောအတွင်း၌သာလျှင် မကပေ။ တရားစခန်းမစမီ ပြင်ဆင်မှုများကို လုပ်ရသည့်အပြင် ယောဂီများ နှင့် စာပေးစာယူ ဆက်သွယ်သည့် အလုပ်များကိုလည်း လုပ်ရလေသည်။ တရားစခန်း အပြီးသတ်သောအခါ၌လည်း လုပ်စရာအလုပ် များစွာ ရှိလေသည်။ ငှားရမ်းထားသော ပစ္စည်းများကို ပြန်ပေးခြင်း၊ ငှားခပေးခြင်း၊

http://www.dhammadownload.com

ယောဂီများအတွက် ရထား လက်မှတ် ဝယ်ပေးရခြင်း စသည့်အလုပ်များ ဖြစ်လေသည်။ တရားပတ် ပြီးသည့်အခါ၌ ကြီးကြီးငယ်ငယ် ရွယ်ရွယ်စားစား လုပ်စရာအလုပ်များသည် ကမကထလုပ်သူများအား စောင့်ဆိုင်းနေကြလေသည်။ ကြီးမားလေးလံလှသည့် ဝန်အလေး ပိနေကြသော်လည်း သူတို့သည် ဓမ္မကို အကျိုးပြုလိုသည့် အာသာဆန္ဒတစ်ခုတည်းဖြင့် ကျရာတာဝန်ကို အပြုံးမပြတ် ထမ်းဆောင်နေကြသည်ကိုသာလျှင် ကျွန်ုပ် တွေ့ရလေသည်။

ထိုပုဂ္ဂိုလ်များသည် သူတို့၏ လုပ်ငန်းများမှ မည်သည့် ရုပ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူးများကိုမှ မရရှိပေ။ ထိုကဲ့သို့သော အကျိုးကျေးဇူးမျိုးများကိုလည်း သူတို့ မျှော်လင့်ချက်မထားကြပေ။ နာမည်ကြီးလိုမှု၊ ဂုဏ်သတင်း ကျော်ကြားမှုမျိုးကိုပင် သူတို့ မလိုလားကြပေ။ သူတို့ကိုယ်တိုင် ဓမ္မရသကို စားသုံးပြီးပြီဖြစ်၍ ထိုအမြိုက်အရသာကို ကျယ်ပြန့်သည်ထက် ကျယ်ပြန့်သော လူများ စားသုံးစေလိုသည့် ဆန္ဒသာလျှင် အဓိက ဖြစ်လေသည်။ သူတို့ကိုယ်တိုင် ထိုအုံ့ဩဖွယ် နည်းနိဿယညွှန်ကြောင့် အကျိုးကျေးဇူး ခံစားရပြီးပြီဖြစ်၍ အရေအတွက် များသည်ထက်များသော လူများအား အကျိုးကျေးဇူး ခံစားစေလိုသည့် ဆန္ဒသာလျှင် အဓိက ဖြစ်လေသည်။

ဓမ္မအတွက် မိမိကိုယ်ကို မြှုပ်နှံထားကြသော ထို ဓမ္မအကျိုးဆောင်များ၏ မျက်နှာများကို ပြန်လည် သတိရသည့်အခါ၌ ကျွန်ုပ်သည် တစ်ကိုယ်လုံး ပီတိသောမနဿ ဖုံးလွှမ်းသွားလေသည်။ ၁၀-နှစ်ကာလအတွင်း၌ ပြီးစီးအောင်မြင်သွားခဲ့သည့် လုပ်ငန်းများသည် ထိုဓမ္မလုပ်သားများ၏ ကိုယ်ကျိုးမငဲ့သော ကျေးဇူးပြုမှုမပါဘဲ အောင်မြင်ပြီးစီးသွားနိုင်ပါမည်လား ဟူ၍ ကျွန်ုပ် ကိုယ့်ကိုယ်ကို မေးကြည့်လေသည်။

ဓမ္မအတွက် ကိုယ်ကျိုးစွန့်ထားသော ထိုပုဂ္ဂိုလ်များထဲမှ အချို့သည် အီဂတ်ပူရီ၊ ဟိုက်ဒရာဘက်၊ ဂျပူတို့၌ ဆရာကြီးဦးဘခင် အထိမ်းအမှတ်ဖြင့် ကမ္မဋ္ဌာန်းရိပ်သာများ တည်ထောင်ရာတွင် ပါဝင်ကူညီကြသူများ ဖြစ်ကြပေသည်။ နောက်ထပ် ယောဂီအတော်များများလည်း ကမ္မဋ္ဌာန်းရိပ်သာများတွင် အစစအရာရာ အဆင်ပြေမှု ရှိစေရန်အတွက် ကြိုးပမ်းအားထုတ်မှုများ၌ တစ်တပ်တစ်အား ပါဝင်ကူညီလာကြလေသည်။ ထိုပုဂ္ဂိုလ်များသည် ဘာကိုမှ မျှော်လင့်ချက်မထားဘဲ အကူအညီ ပေးနေကြတုန်းပင် ဖြစ်လေသည်။ သူတို့၏ အကျိုးပြုမှုများမှာ အမှန်တကယ်ပင် ကိုယ်ကျိုးမဖက်ပေ။ မွန်မြတ်

http://www.dhammadownload.com

သန့်စင်လှပေသည်။ ငွေကြေး အများအပြား လှူဒါန်းကြသော ပုဂ္ဂိုလ်များလည်း ရှိသည်။ ထိုပုဂ္ဂိုလ်များသည် အလှူရှင်များဖြစ်သော်လည်း ဂုဏ်သတင်း ကျော်စောမှုကိုလည်း မလိုလားကြပေ။ ကမ္မဋ္ဌာန်းရိပ်သာများ၌ အထူး အခွင့်အရေးကိုလည်း မမျှော်မှန်းကြပေ။ ထိုပုဂ္ဂိုလ်အားလုံးသည် မိမိတို့၏ ကုညီထောက်ပံ့မှုများကြောင့် မိမိတို့သည် အဖွဲ့အစည်းကြီး၌ အထူးအခွင့်အရေး ရပိုင်ခွင့်ရှိသူများဖြစ်၏ ဟူ၍ မတွက်ဘဲ စေတနာ သဒ္ဓါတရား သက်သက်ဖြင့် ဓမ္မလုပ်ငန်းကို ကုညီပံ့ပိုးသူများ ဖြစ်ကြပေသည်။ ကိုယ်ကျိုးမငဲ့သော ထိုဓမ္မ အကျိုးဆောင်အားလုံးကို ကျွန်ုပ် လှိုက်လှိုက်လဲလဲ ကျေးဇူးတင်ရပေသည်။

ယင်း ဓမ္မအကျိုးပြုလုပ်ငန်းများကို အိန္ဒိယလူမျိုး ယောဂီများသာလျှင် ပြုလုပ်ဆောင်ရွက်ကြသည် မဟုတ်ပေ။ အနောက်နိုင်ငံများမှ လုလင် ဝိပဿနာယောဂီများစွာတို့လည်း သူတို့၏ဘဝကို ဓမ္မအကျိုးပြုလုပ်ငန်းအတွက် မြှုပ်နှံထားကြလေသည်။ အရေအတွက်အနည်းငယ်မျှလောက်သာလျှင် ဓမ္မဂီရိ၌ တကယ့် ရသေ့ရဟန်းဘဝမျိုးဖြင့် နေထိုင်ကြလေသည်။ အရေးကြုံလာလျှင် ထိုအနောက်တိုင်းမှ ယောဂီများသည် သာမန်အလုပ်သမားများကဲ့သို့ပင် စိတ်ပါလက်ပါ လုပ်အားအလှူ ပေးကြလေသည်။ ယင်းတို့၏ ကိုယ်ဖိရင်ဖို ဆောင်ရွက်သော အကျိုးပြုလုပ်ငန်းများသည် အခြားပုဂ္ဂိုလ်များအား ရွှင်လန်းချမ်းမြေ့မှုနှင့်လည်းကောင်း၊ ဓမ္မနှင့်လည်းကောင်း ပတ်သက်သော အားပေးလှုံ့ဆော်မှုကို ပေးလေသည်။

အိန္ဒိယနိုင်ငံ အပြင်ဘက်၌လည်း မိမိတို့ဆန္ဒအလျှောက် ဓမ္မအကျိုးပြုလုပ်ငန်း ဆောင်ရွက်နေကြသူများ အများအပြား ရှိလေသည်။ နိုင်ငံအသီးသီး၌ ဝိပဿနာနှင့်ပတ်သက်၍ သတင်းဖြန့်ရန်အတွက် အဆက်အသွယ်များနှင့် တစ်ပတ်တစ်ကြိမ် ယောဂီများ စုပေါင်းတရားထိုင်ကြသော နေရာများ ရှိကြလေသည်။ တရားပတ်များလည်း အချိန်မှန်မှန် ရှိလေသည်။ များပြားလှသော ထိုအိန္ဒိယယောဂီများနှင့် အနောက်တိုင်းသား ယောဂီများသည် အားလုံးပင် ကျွန်ုပ် ကျေးဇူးတင်ရမည့် ပုဂ္ဂိုလ်များချည်း ဖြစ်လေသည်။ သို့သော်လည်း သူတို့ထဲက မည်သူတစ်ဦးတစ်ယောက်မျှ ကျွန်ုပ်ထံမှ ကျေးဇူးတင်စကားမျှလောက်ကိုပင် မျှော်လင့်ပြီး အလုပ် လုပ်သူ မဟုတ်ပေ။

http://www.dhammadownload.com

လွန်ခဲ့သည့် ဆယ်နှစ်ကာလအတွင်း၌ ဗုဒ္ဓဘာသာ၊ ဂျိန်းဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စာလမ်ဘာသာ၊ ခရစ်ယာန်ဘာသာကဲ့သို့သော အသီးသီးသော ဘာသာဝင်တို့၏ ဝတ်ပြုရာ နေရာဌာနများစွာတို့၌ ဝိပဿနာစခန်းများကို ဖွင့်လှစ်ခဲ့လေသည်။ ယင်းတရားပတ်များကို ဖွင့်နှိုင်ခြင်းမှာ ဘာသာရေး အဖွဲ့အစည်း အသီးသီးမှ ခေါင်းဆောင်များ၏ စိတ်ကောင်း စေတနာကြောင့်သာလျှင် ဖြစ်လေသည်။ အကယ်၍ ထိုပုဂ္ဂိုလ်များသည် ကိုယ့်ဘာသာ တရားအစွဲဖြင့် ကျဉ်းမြောင်းသောစိတ်ထား အရိပ်အမြွက်မျှလောက်ပင် ရှိပါမူ သူတို့၏ ဝတ်ပြုရာနေရာဌာနများကို ဝိပဿနာ တရားစခန်းဖွင့်ရန် အတွက် ခွင့်ပြုကြမည်မဟုတ်ပေ။ ဝိပဿနာတရားပြနေချိန်၌ စင်ပြိုင်သဘောမျိုး သို့မဟုတ် အနှောင့်အယှက်သဘောမျိုး မဖြစ်စေရန်အတွက် သူတို့၏ ဝတ်ပြုရာ နေရာဌာနများ၌ တရားပတ်ရှိနေသည့် အချိန်အတောအတွင်း ဘာသာရေးဓလေ့ထုံးတမ်းများ၊ ဘုရားရှိခိုးခြင်းများ၊ တရားစာရွတ်ဖတ်ခြင်းများကို ဆိုင်းငံ့ထားသည်ကို တွေးကြည့်လိုက်လျှင် သူတို့၏ စိတ်သဘောထား ကျယ်ပြန့်ကြီးမားမှုမှာ ပေါ်လွင်ထင်ရှားလာလေသည်။

ခန်ဒလာ၌ စိန်မေရီဘုရားရှိခိုးကျောင်းတွင် ဝိပဿနာတရားစခန်းဖွင့်သောအခါ ဘုရားရှိခိုးကျောင်း (ချော့ချ်)၏ ခန်းမကို တရားထိုင်သည့်ခန်းမအဖြစ် အသုံးပြုခဲ့လေသည်။ တရားပတ်အတွင်း၌ နေ့စဉ် ဝတ်တက်ခြင်းမျှသာမကဘဲ တနင်္ဂနွေနေ့ တရားပွဲများကိုပင် ရပ်နားထားလေသည်။ ကုချို (ဂူဂျရတ်) နှင့်ဂါလ်၌ရှိသော ဗလီကြီးတစ်ခု၌ ဝိပဿနာ တရားပတ်နှစ်ပတ်ဆက်တိုက်ဖွင့်လှစ်ခဲ့လေသည်။ ထိုဗလီကြီးတွင် ဝိပဿနာယောဂီများ၏ အကျိုးအတွက် နေ့စဉ် ဝတ်ပြုခြင်းနှင့်တကွ သောကြာနေ့ စုပေါင်းဝတ်ပြုပွဲ (နမာဇ်)ကိုပင် ရပ်ထားလေသည်။ ဟိန္ဒူဘုရားကျောင်းများ၌ လုပ်ရိုးလုပ်စဉ် ဘုရားဝတ်ပြု ခေါင်းလောင်းတီးခြင်းများကိုပင် ခေတ္တပိတ်ထားလေသည်။ ယင်းအပြုအမူများမှာ ထို ဘာသာတရား ကျောင်းကန်များမှ ဂေါပကလူကြီးများ၏ စိတ်ထားကျယ်ပြန့်ခြင်းနှင့် စိတ်ကောင်းနှလုံးကောင်းထားခြင်းများ၏ သက်သေသာဓကများ ဖြစ်ကြပေသည်။ ယင်းဘာသာရေးအုပ်စုများသည် ဝိပဿနာ နည်းနိဿယည်းကို သင်ကြားဆည်းပူးရာ၌ စိတ်ပါလက်ပါ ပံ့ပိုး ကူညီကြသူများ ဖြစ်လေသည်။

http://www.dhammadownload.com

လွန်ခဲ့သည့် ဆယ်နှစ်ကာလအတွင်း၌ ဘုန်းကြီးများသည် သာမန်လူဝတ်ကြောင်တစ်ဦးထံမှ ဓမ္မနှင့်ပတ်သက်၍ သင်ကြားဆည်းပူးရန် အများအပြား လာရောက်ကြလေသည်။ ထိုဘုန်းကြီးများသည် သင်ကြားနာယူသည့်အတွက် မိမိတို့၏ ဂုဏ်သိက္ခာ ထိခိုက်သွားလေမည်လား ဟူသော အချက်ကို ထည့်မတွက်ကြပေ။

ထိုသို့ဓမ္မနှင့်ပတ်သက်၍ သင်ကြားနာယူရန် ရောက်လာကြသော ဘုန်းကြီးများထဲတွင် သုတေသနပညာရှင်များဖြစ်ကြသော နာမည်ကျော် ကထိကပုဂ္ဂိုလ်များဖြစ်ကြသော ဗုဒ္ဓဘာသာရဟန်းတော်များ၊ မိမိတို့၏ နယ်ပယ်၌ အထူးကြည်ညိုလေးစားခြင်း ခံကြရသည့် ထင်ရှားကျော်ကြားသော ဂျိန်းမုနိ (ဘုန်းကြီး)များနှင့် သီလရှင်များ၊ ခေါင်းဆောင်ပိုင်းက ခရစ်ယာန်ဘုန်းကြီးများနှင့် သီလရှင်များ၊ နာမည်ကြီး ဟိန္ဒူဆန္နျာဆီ (ဘုန်းကြီး) များ ပါဝင်ကြပေသည်။ ထို နာမည်ကျော် ပုဂ္ဂိုလ်များသည် လူဝတ်ကြောင်တစ်ဦးထံမှ သင်ကြားလေ့လာရန် ပိုင်းဖြတ်ထားကြသည်ဖြစ်၍ မာန်မာနနှင့် ဂုဏ်သိက္ခာများကို ဘေးဖယ်ထားကြလေသည်။ ဝိပဿနာအားထုတ်နည်းကိုသာလျှင် ဇွဲသန်သန်ဖြင့် လေ့လာဆည်းပူးကြလေသည်။

ထိုပုဂ္ဂိုလ်များအနေဖြင့် ရင်ဆိုင်ကြရသော အခက်အခဲ အဟန့်အတားများကလည်း မသေးပေ။ တရားပတ်အတွင်း၌ သူတို့သည် မိမိတို့၏ အစဉ်အလာ ဘာသာရေး အခမ်းအနားများကို ရပ်ဆိုင်းထားရလေသည်။ သို့သော်လည်း သူတို့သည် လာဖြစ်အောင် လာကြလေသည်။ ဂျိန်းမုနိ (ဘုန်းကြီး) နှင့် ဂျိန်းသီလရှင်များသည် ဘီးတပ်ယာဉ် သို့မဟုတ် စက်တပ်ယာဉ်ကို မစီးရဟူ၍ တားမြစ်ပိတ်ပင်ထားသည့် ကျင့်ဝတ်စည်းကမ်း ရှိကြသည်ဖြစ်၍ တရားစခန်း၌ တရားထိုင်ရန်အတွက် မိုင်ရာပေါင်းများစွာအထိ ခြေကျင်လာကြရလေသည်။ ဓမ္မကို သင်ကြားနာယူလိုသော သူတို့၏ ဇွဲကား ကြီးမားလှပေသည်။ လွတ်မြောက်ငြိမ်းချမ်းမှု ရလိုသောသူတို့၏ အာသာဆန္ဒကား ကြီးမားလှပေသည်။ ရည်မှန်းချက်ပန်းတိုင်သို့ ရှေးရှုဦးတည်သော သူတို့၏ ကြိုးပမ်းအားထုတ်မှုများကား ကြီးမားလှပေသည်။ သူတို့၏ စွန့်လွှတ်ခြင်းကား ကြီးမားလှပေသည်။ သူတို့သည် အမှန်တကယ်ပင် အတိတ်က ကုသိုလ်ကောင်းမှုများကို ထူးထူးခြားခြား ပြုလုပ်ခဲ့သူများဖြစ်ပေလိမ့်မည်။ ထိုပုဂ္ဂိုလ်များကို တစ်ဦးစီတစ်ဦးစီ သတိရလာသောအခါ၌

http://www.dhammadownload.com

ကျွန်ုပ်၏ စိတ်နှလုံးသည် ပီတိသောမနဿဖြင့် လည်းကောင်း၊ လေးစားမှုဖြင့် လည်းကောင်း အပြည့်ဖြစ်သွားလေသည်။

ကျွန်ုပ်သည် လွန်ခဲ့သည့် ဆယ်နှစ်ကာလ၌ ဝိပဿနာပြန့်ပွားရေး အတွက် ပြုလုပ်ဆောင်ရွက်ခဲ့သမျှကို တန်ဖိုးလျှော့ပြီး မတွက်လိုပေ။ ယင်းသို့ တန်ဖိုးလျှော့တွက်လျှင် လူပေါင်းများစွာတို့၏ ကိုယ်ကျိုးမဖက် ဆောင်ရွက်ခဲ့သော အကျိုးပြုလုပ်ငန်းများကို တန်ဖိုးလျှော့တွက်သလို ဖြစ်သွားပေမည်။ သို့သော်လည်း အမှန်မှာ ဝိပဿနာလုပ်ငန်းနှင့် ပတ်သက်၍ ယခုအထိ ဆောင်ရွက်ချက်များမှာ ပထမခြေလှမ်းမျှသာ ဖြစ်လေသည်။ ရှေ့တွင် ခရီးရှည်ကြီးကို ဆက်လျှောက်ရဦးမည်။ အိန္ဒိယနိုင်ငံ၌ အခြေချခဲ့သော မြမြံခိုင်ခဲ့သည့် အခြေခံမှ ဝိပဿနာအလင်းရောင်သည် ကမ္ဘာအနှံ့ ပြန့်သွားရပေလိမ့်မည်။

ဤလုပ်ငန်းမှာ တစ်သက်လုံး လုပ်ရမည့် လုပ်ငန်းဖြစ်သည်။ အလွန်တရာ မြင့်မားမတ်စောက်သော တောင်တက်ခရီးဖြစ်သည်။ အနှောင့်အယှက်အဟန့်အတားများ အမြောက်အမြားရှိလေသည်။ တချို့မှာ အတွင်းအနှောင့်အယှက် အဟန့်အတားများ ဖြစ်ကြသည်။ ဘချို့မှာ အပြင်အပ အနှောင့်အယှက် အဟန့်အတားများ ဖြစ်ကြလေသည်။ မိသားစုတာဝန်၊ လူ့အဖွဲ့အစည်းတာဝန်များနှင့် ပတ်သက်၍ ပဋိပက္ခ ရှိနေခြင်းမျှသာမကဘဲ ဓမ္မကို ဆန့်ကျင်သော ဆန့်ကျင်ဘက် အင်အားစုများလည်း များစွာ ရှိလေသည်။ ယင်း အခက်အခဲများကို ကျော်လွှားအောင်မြင်နိုင်ရန်အတွက် ထက်မြက်ကြီးမားလှသော ဓမ္မအင်အား၊ လုံ့လဝီရိယရှိခြင်း၊ သည်းခံခြင်း၊ ဇွဲရှိခြင်း၊ နှိမ့်ချခြင်းများ လိုအပ်ပေသည်။

ယင်း အခက်အခဲများနှင့် ကြုံတွေ့ရသည့်အခါများ၌ မိမိသည် ထို အခက်အခဲများ၏ ဝန်ထုပ်ဝန်ပိုးအောက်၌ ဒူးညွှတ်လဲကျသွားသည်ကို ကျွန်ုပ်တွေ့ရသည်။ သို့သော်လည်း ကျွန်ုပ်သည် ချက်ချင်း ထရပ်သည်။ ဖုတ်ဖက်ခါသည်။ ထို့နောက် ဓမ္မအင်အားနှစ်ဆဖြင့် ပြန်လျှောက်လေသည်။ ခရီးပေါက်လာခဲ့သမျှသည် ရှေ့ဆက်လျှောက်ရန်အတွက် အားပေးအားမြှောက် ပြုနေပေသည်။ လမ်းခရီး၌ အကြီးမားဆုံးသော အဖေါ်သဟဲမှာ ကျေးဇူးတရား ဖြစ်လေသည်။ ယင်းသည် ရှေ့ခရီးအတွက် အထောက်အကူ အပံ့အပိုး ဖြစ်လေသည်။

http://www.dhammadownload.com

ထို့ကြောင့် ကျေးဇူးတရားသည် ကျွန်ုပ်၏စိတ်နှလုံးထဲတွင်ပြည့်လျှံနေပေသည်။ ပထမဆုံး ကျေးဇူးတရားမှာ ရှင်တော်မြတ်ဘုရားနှင့် ပတ်သက်လေသည်။ ရှင်တော်မြတ်ဘုရားသည် ထို ပျောက်ဆုံးနေသော နည်းနိဿယည်းကို ပြန်လည် ရှာဖွေတွေ့ရှိတော်မူပြီးလျှင် ဝေနေယျသတ္တဝါများ၏ အကျိုးအတွက် မဟာကရုဏာတော်ဖြင့် အချန်အခြွင်းမရှိ ဟောကြားဖြန့်ဖြူးတော်မူလေသည်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားမှ ဆရာကြီးဦးဘခင်အထိ ဆင်းသက်လာခဲ့သော ဆရာအစဉ်အဆက် ကွင်းဆက်တစ်ခုလုံးအား ကျွန်ုပ် ကျေးဇူးအထူးတင်ရှိပေသည်။ ထိုပုဂ္ဂိုလ်မြတ်များသည် ထိုအံ့သြဖွယ် နည်းနိဿယည်းကို မူရင်းပုံမပြတ် ထိန်းသိမ်းလာခဲ့ကြပေသည်။ ထို့ကြောင့် ကျွန်ုပ်သည် ထိုနည်းစစ်နည်းမှန်ကို သင်ကြားလေ့လာခွင့် ရရှိခဲ့လေသည်။ မိမိ၏ မိသားစုပုဂ္ဂိုလ်များအားလည်း ကျွန်ုပ် ကျေးဇူး အထူးတင်ရှိပေသည်။ ဓမ္မဒူတလုပ်ငန်း၌ ကျွန်ုပ်၏မိသားစုများသည် များစွာ အကူအညီ အထောက်အပံ့ ပေးကြလေသည်။ ကျွန်ုပ်သည် မိမိ၏ ဓမ္မမိတ်ဆွေအားလုံး၏ ကျေးဇူးနှင့်လည်း မကင်းပေ။ ဓမ္မမိတ်ဆွေများသည် အားလုံးပင် ကျွန်ုပ်အား ဝိုင်းဝန်းကူညီ ပံ့ပိုးကြလေသည်။ သူတို့နှင့် လက်တွဲရခြင်းသည် လမ်းခရီး၌ ကျွန်ုပ်အား တစ်အားတက်စေခဲ့လေသည်။

လွန်ခဲ့သည့် ဆယ်နှစ်ကာလအတွင်း၌ ကျွန်ုပ်သည် ကာယကံဖြင့် ဖြစ်စေ၊ ဝစီကံဖြင့်ဖြစ်စေ၊ မနောကံဖြင့်ဖြစ်စေ၊ သိလျက်နှင့်သော်လည်းကောင်း၊ မသိဘဲနှင့်သော်လည်းကောင်း၊ တမင်တကာဖြစ်စေ၊ အမှတ်မထင်ဖြစ်စေ တစ်စုံတစ်ဦးအား အကယ်၍ ပြစ်မှားမိပါက ကျွန်ုပ်အား ခွင့်လွှတ်ပါရန် အနူးအညွတ် တောင်းပန်ပါသည်။

အားလုံးအား ကျွန်ုပ် ကျေးဇူးတင်စကား ထပ်မံပြောကြားပါသည်။

သတ္တဝါအားလုံး ရွှင်လန်းချမ်းမြေ့ပါစေ။

သတ္တဝါအားလုံး ငြိမ်းချမ်းပါစေ။

သတ္တဝါအားလုံး လွတ်မြောက်ကြပါစေ။

http://www.dhammadownload.com

နှစ်ပေါင်း ၆၀-ပြည့်ပြီ

[အိန္ဒိယနိုင်ငံ၌ နှစ်ခြောက်ဆယ်ပြည့် မွေးနေ့ကို ဘဝတစ်လျှောက်၌ အရေးကြီးသော မိုင်တိုင်တစ်တိုင်အဖြစ် သတ်မှတ်ယူဆကြသည်။ အစဉ်အလာအရ အသက် ၆၀ သည် တရားရှာမှီးရန်အတွက် လောကီ တာဝန်များကို စွန့်ပယ်သည့်အရွယ် ဖြစ်လေသည်။]

နှစ်ပေါင်း ၆၀-ပြည့်လာခဲ့လေပြီ။ မွေးဖွားသည့်ကာလမှကွယ်လွန်သည့် ကာလအထိ အဆက်မပြတ် ပြေးလွှားလှုပ်ရှားခဲ့ရာ၌ နောက်ဘယ်နှစ်နှစ် နေရဦးမည် မသိပေ။ အတိတ်ကို ပြန်ပြောင်းကြည့်ရှုလိုက်ရာတွင် ဘဝ၏ ခါးသီးသော ချိုမြိန်သော အတွေ့အကြုံများရှိခဲ့သော်လည်း၊ ရေတက်ရေကျ ရှိခဲ့သော်လည်း၊ နွေဦးနှင့် သစ်ရွက်ကြွေ ရောင်မျိုးစုံ ကြုံခဲ့သော်လည်း စိတ်နှလုံးသည် ချမ်းမြေ့ဖွယ် တင်းတိမ်ရောင့်ရဲမှုကို ခံစားရပေသည်။

လွန်ခဲ့သည့် နှစ်ကာလများက ရုပ်ပုံလွှာများစွာတို့သည် စိတ်နှလုံး ပိတ်ကားပေါ်၌ ပေါ်လာကြလေသည်။ ထိုရုပ်ပုံလွှာများအနက် အချို့မှာ အလွန်ပင် ပြတ်ပြတ်သားသား ရှိလှပေသည်။

မြန်မာနိုင်ငံ၏ ရှေးဟောင်းနေပြည်တော် ရတနာပုံ မန္တလေးမြို့၌ ကလေးငယ်တစ်ယောက် ဖွားမြင်လာခဲ့လေသည်။ ၆-နှစ်၊ ၇-နှစ်အရွယ်တွင် အဘိုး၏ အရိပ်အာဝါသအောက်၌ ကြီးပြင်းလာခဲ့ရလေသည်။ အဘိုးသည် ရာဂျစတန်နီဘာသာ ဒိုဟာကဗျာအဖွဲ့များကို အမိအရရှိသူတစ်ဦး ဖြစ်သည်။ အဘိုး၏နှုတ်သည် မကုန်နိုင် မခန်းနိုင်သော ဒိုဟာကဗျာအဖွဲ့များ၏ ဘဏ္ဍာတိုက်ကြီး ဖြစ်လေသည်။ သူ၏နှုတ်မှ မကြာခဏ စိတ်ထိခိုက်ဖွယ် ဒိုဟာကဗျာ တစ်ပုဒ် တစ်ပုဒ် ထွက်ပေါ်လာလေ့ရှိသည်။ ထိုကဗျာများသည် သူငယ်၏ စိတ်နှလုံးတွင် နက်ရှိုင်းစွာ စွဲကျန်နေတတ်ပေသည်။

နံနက်အချိန်များ၌ အဘိုးသည် ရာဂျစတန်ပြည်နယ်သားများ ဝတ်လေ့ဝတ်ထရှိသော ဓိုတီအဖြူနှင့် အင်္ကျီအဖြူကို ဝတ်ပြီးလျှင် ပန်းရောင်ခေါင်းပေါင်း ပေါင်းလျက် လမ်းလျှောက်ထွက်လေ့ရှိသည်။ ထိုအချိန်များ၌ သူငယ်ကို အဖော်အဖြစ် ခေါ်ခေါ်သွားလေ့ရှိသည်။ အဘိုးသည် သူ၏

http://www.dhammadownload.com

တောင်ဝှေးကို ကောက်ကိုင်လိုက်သည့်ခဏ၌ ဒိုဟာကဗျာတစ်ပုဒ်ကို ကြေကွဲဖွယ် သံနေသံထားဖြင့် ဆိုလေ့ရှိသည်။

"လာ လာ . . . မိတ်ဆွေ၊ ငါ့ခြေထောက်မသန်တော့။ မင်းကိုပဲ ငါ မှီခိုအားကိုး ရတော့မည်။

ဘုရားကျောင်းကို ဖြည်းဖြည်းသွားကြစို့။

အချိန်ကာလက ငါ့မိခင်၏ ဆုတောင်းမေတ္တာကို ပြည့်ဝအောင် လုပ်လိုက်ပြီ။

နှစ်ပေါင်းများစွာ လွန်ခဲ့သည့်အခါက မိခင်ပေးခဲ့သောဆုမွန် အခု ပြည့်ဝသွားပြီ။"

တစ်ခါတစ်ရံ အဘိုးသည် သူငယ်အား ဒိုဟာကဗျာ၏ အနက်အဓိပ္ပာယ်ကို ရှင်းလင်း ပြောပြလေ့ရှိပေသည်။

"ဘိုးဘိုးက တောင်ဝှေးကိုပြောရတယ်။ အို. . တောင်ဝှေးလှကလေး၊ ဘုရားကျောင်းကို သွားကြစို့။ အခုငါ အားအင်ဆုတ်ယုတ်နေပြီ။ မင်းမပါဘဲ ငါလမ်းလျှောက်လို့မရတော့။ ဘိုးဘိုးငယ်ငယ်တုန်းက အမေက 'ငါ့သား အသက်ရှည်ရှည်နေရပါစေ။ ငါ့သား အသက်အိုသည်အထိနေရပါစေ' လို့ ဆုပေးခဲ့တယ်။ အခုအမေရဲ့ဆုတောင်း ပြည့်ဝသွားပြီ။ အခုကြည့် ဘိုးဘိုး ဒယီးဒယိုင်ဖြစ်နေတဲ့ အဘိုးကြီးဖြစ်နေပြီ။"

ထို့နောက် အဘိုးသည် သူ၏ဇရာဘဝကို သူဟာသူ ရယ်လေသည်။

ထိုအချိန်တွင် အဘိုး မမာမကျန်းဖြစ်သည်။ မကြာခင်အတောအတွင်း ၌ပင် အခြေအနေမှာ အတော်ပင် ဆိုးဆိုးဝါးဝါး ဖြစ်လာသည်။ အိပ်ရာထဲတွင် လဲနေစဉ် အဘိုး၏ ပြုံးနေသောနှုတ်မှ ဒိုဟာကဗျာတစ်ပုဒ် ပေါ်ထွက်လာလေသည်။

"အို့တော၏ဘုရင်၊ ယခု ကျွန်ုပ်တို့ ခွဲခွာရတော့မည်"

ကြွေကျစဉ် သစ်ရွက်က သစ်ပင်ကို ပြောလိုက်ခြင်းဖြစ်သည်။

"အညာတာ အသနားမဖက်သော လေသည် ကျွန်ုပ်ကို ဝှေ့ယမ်း တိုက်ယူသွားသည်။

ကျွန်ုပ် သင့်ကို အပြီးအပိုင် နှုတ်ဆက်ခဲ့ပါသည်"

ဘယ်လောက် ဝမ်းနည်းကြေကွဲဖွယ် ကောင်းသနည်း။ သစ်ရွက်များသည် ရော်ရွက်ဝါဘဝ ရောက်သွားကြသည့်အခါ၌ မကြွေချင်ဘဲနှင့် ကြွေကျ

http://www.dhammadownload.com

သွားကြရသည်။ သူတို့ချစ်ခင်သော သစ်ပင်နှင့် ကွဲကွာသွားကြသည်။ ဘယ်တော့မှ ပြန်မဆုံကြရတော့ပေ။ ဇရာနှင့် မရဏ တရားများသည် မလွဲမသွေ ရောက်လာကြပေလိမ့်မည်။ ယင်းသည် အနိစ္စသဘောတရားဖြစ်လေသည်။ ကျွန်ုပ်တို့ မပိုင်သည့်အရာ ဖြစ်သည်။ ကျွန်ုပ်တို့ မစွမ်းဆောင်နိုင်သည့်အရာ ဖြစ်သည်။ ယင်းသဘောသည် အနတ္တတရား ဖြစ်လေသည်။ မိမိတို့ ချစ်ခင်သောအရာမှ ခွဲခွာရခြင်းသည် ဘယ်လောက် ကြေကွဲဝမ်းနည်းစရာ ကောင်းသနည်း။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဓမ္မသဘောတရားအပြည့် ရှိနေသော ဒိုဟာကဗျာအဖွဲ့ ဖြစ်လေသည်။

တစ်ခုသောညဉ့် အိမ်ရှိလူများအားလုံး တစ်ညလုံးမအိပ်ကြပေ။ သူငယ်လည်း မအိပ်ဘဲ သူ့အဘိုးခုတင်ဘေးဌ ထိုင်နေသည်။ နံနက်မိုးမလင်းခင် ဟိန္ဒူထုံးစံအရ မိခင်မြေပေါ်ဌ အသက်ထွက်သွားစေရန် အဘိုးကို ခုတင်ပေါ်မှ အသာရွှေ့ပြီး ကြမ်းပြင်ပေါ် ချထားပေးလိုက်ကြလေသည်။ သို့သော်လည်း သူငယ်သည် နေမြဲနေရာဌသာ ပေကပ်နေပြီး သူ့အဘိုးကို သာလျှင် မမှိတ်မသုန် ကြည့်နေလေသည်။ အဘိုးသည် အသက်ရှူရပ်သွားလေသည်။ ထို့နောက် ရုတ်တရက် မျက်လုံးဖွင့်ပြီး ကြည့်လေသည်။အိမ်သားအားလုံး နောက်ဆုံးဂါရဝပြုနေခြင်းအနေဖြင့် အဘိုးအား ဦးတိုက်လိုက်ကြလေသည်။ သူငယ်လည်း လူကြီးများနည်းတူ အဘိုးအား ဦးတိုက်လိုက်လေသည်။ အဘိုးမျက်နှာတွင် အပြုံးပေါ်လာလေသည်။ သူငယ်သည် သူ့အဘိုးက သူ့ကို ပြုံးပြသည်ကို တွေ့မြင်သွားလေသည်။ အဘိုးသည် လက်မြောက်လျက် ဆုမွန်ပေးပြီးလျှင် အသက်ရှူလိုက်လေသည်။ ထို ရှူထုတ်လိုက်သော အသက်သည် နောက်ထပ်တစ်ဖန် ပြန်မလာတော့ပေ။ အဘိုး၏လက်သည် ဆုမွန်ပေးသည့်အနေအထားဖြင့် မြောက်လျက်သားပင် ရှိနေသည်။

အလောင်းစင်ပြင်ပြီးလျှင် အဘိုး၏ရုပ်ကလာပ်ကို အလောင်းစင်ပေါ်ဌ တင်ထားကြလေသည်။ အလောင်းပေါ်ဌ အဖိုးတန် ပွင့်ထိုးပွင့်ရိုက်ရှောစောင် လွှမ်းထားလေသည်။ သို့သော်လည်း အဘိုး၏လက်သည် မြောက်လျက်သားပင်ရှိနေသည်။ ထို့နောက် အလောင်းကို မီးသင်္ဂြိုဟ်ရန် သုသာန်သို့ ဆောင်ကြဉ်းသွားကြလေသည်။ သူငယ်လည်း သုသာန်သို့ လိုက်သွားလေသည်။ ဟိန္ဒူထုံးစံအရ အသုဘချသည့်အခါ ကလေးငယ်များ

http://www.dhammadownload.com

သုသာန်သို့ မလိုက်ရပေ။ သို့သော်လည်း သူငယ်သည် သူ့အဘိုး မီးသင်္ဂြိုဟ်သည်ကိုကြည့်ရန် သုသာန်သို့ အတင်းလိုက်လာလေသည်။ မီးပုံအသင့်ပြင်သည်။ အဝတ်လွှမ်းထားသော အဘိုး၏အလောင်းကို မီးပုံပေါ်တင်လိုက်သည်။ ထိုအချိန်ထိပင် အဘိုး၏လက်သည် ဆုမွန်ပေးသည့်အနေအထားဖြင့် မြောက်လျှက်သားပင် ရှိနေသေးသည်။ ထင်းပုံကိုမီးတင်ရှို့လိုက်လေသည်။ အဘန်ငယ်ကြာသွားသောအခါ အဘိုး၏ပြာမျှားကို အနီးတွင် စီးဆင်းနေသော ရောဝတီမြစ်ထဲတွင် မျှောလိုက်လေသည်။ မိသားစုမျှားသည် အိမ်ပြန်လာကြပြီး၊ နေမြနေကြလေသည်။ သို့သော်လည်း အဘိုး၏ဆုမွန်ပေးသည့် အနေအထားဖြင့် မြောက်ထားသောလက်သည် သူငယ်၏ဘဝ၌ တစ်သက်လုံး ပျောက်မသွားတော့ပေ။ အသက် ၇-နှစ်အရွယ် နုနုနယ်နယ် ဘဝ၌ပင် သူငယ်သည် ဇရာတရားကိုလည်းကောင်း၊ ဗျာဓိတရားကိုလည်းကောင်း၊ မရဏတရားကိုလည်းကောင်း ဤမျှ နီးကပ်စွာ တွေ့မြင်ရလေသည်။ ယင်းတရားများကို အပြုံးမပျက်ရင်ဆိုင် သွားသော သူတော်စင်ကြီး တစ်ဦးကိုလည်း တွေ့မြင်ရလေသည်။ သူငယ်၏ စိတ်နှလုံးတွင် အမြစ်တွယ်သွားသော ထိုဓမ္မမျိုးစေ့သည် ၂၄-နှစ်ကြာသွားသောအခါ အညွှန့်အညောင့်ထွက်လာပြီးလျှင် နောက်ပိုင်းကျလာသောအခါ သန်မာ ကြီးထွားသော သစ်ပင်ကြီးတစ်ပင်အဖြစ် အုပ်မိုးဖြန့်ကျက်သွားလေသည်။

သူငယ်သည် မိသားစု ရင်ခွင်ထဲတွင် တဖြည်းဖြည်း အရွယ်ရောက်လာသည်။ သူငယ်၏ အိမ်ဝန်းကျင်မှာ ဘုရားတရားလွှမ်းနေသော ဝန်းကျင်ဖြစ်သည်။ မိဘနှစ်ပါးလုံးသည် ဟိန္ဒူဘာသာကို အစဉ်အလာအရ ကိုးကွယ်ဆည်းကပ်သူများဖြစ်ကြလေသည်။ သူငယ်သည် မိဘနှစ်ပါးထံမှ နတ်ဒေဝါများအား နေ့စဉ် ရှိခိုးဆုတောင်းသော မန္တန်များကို ရွတ်ဖတ် သရဇ္ဈာယ်နည်း သင်ကြား တတ်မြောက်လာလေသည်။ ဘဂဝတ် ဂီတာကိုလည်း ရွတ်ဖတ် သရဇ္ဈာယ်တတ်လာလေသည်။ မိသားစု ဘုရားကျောင်း၌ ဝတ်ပြုသော အခမ်းအနားများတွင် သူငယ်လည်း စိတ်အားထက်သန်စွာ ပါဝင်ခဲ့လေသည်။

ကျောင်းသားအရွယ်၌လည်း သူငယ်သည် ဟိန္ဒူရိုးရာများနှင့် ရင်းနှီးဆက်စပ်မှု ပိုမိုရှိလာလေသည်။ သူတို့၏ အိမ်၌ပင်နေသော သူ၏ဆရာသည် နံနက်တိုင်း သူတော်စင်ကြီးများ၏ ဓမ္မကဗျာများကို သာယာနာပျော်ဖွယ်

http://www.dhammadownload.com

သီဆိုလေ့ရှိသည်။ သူငယ်သည် ထိုကဗျာများကို ခံစားမှုအပြည့်ဖြင့် စိတ်ပါလက်ပါ နားထောင်လေသည်။ သူ၏မျက်လုံးမှ မျက်ရည်များ စီးကျလာလေသည်။ ဆရာနှင့်သူပါ ရောဆိုပြီး ကဗျာရွတ်သံ၌ လုံးလုံး မြုပ်နစ်သွားလေသည်။ သူငယ်သည် သူတော်စင်ကြီးများနှင့် သူတော်စင်ကြီးများ၏ တပည့်များအကြောင်း ဇာတ်လမ်း အတ္ထုပ္ပတ္တိများကိုလည်း ဖတ်လေသည်။ ထိုအခါ နှစ်သက်စွဲလမ်းခြင်း အကြီးအကျယ်ဖြစ်ရလေသည်။ ချို့မြိန်သော ဘုရားတရား ကြည်ညိုခြင်းရေအလျင်သည် သူငယ်တွင်စီးဆင်းလာပြီးလျှင် သူငယ်၏ဘဝတွင် အလှဆင်ပေးလေသည်။ တနဂ်ိနွေနေ့များ၌ သူငယ်သည် အိမ်အနီး၌ရှိသည့် ဟိန္ဒူပြုပြင်ရေးသမားများ၏ ဘုရားကျောင်း(အာရယဆမာ့ဂ်)သို့ သွားလေသည်။ ထိုဘုရားကျောင်း၌ လူမှုပြုပြင်ရေးနှင့်ပတ်သက်သည့် အစီအစဉ်များကို ကြားသိရသည့်အခါ စိတ်ပါဝင်စားမှု များစွာ ရှိလေသည်။

ထို့နောက် အတန်ကြာသွားသောအခါ သူငယ်သည် ဆစ်ခ်လူမျိုးတို့တည်ထောင်ထားသော အထက်တန်းကျောင်းသို့ ပြောင်းပြီး နေရလေသည်။ ထိုကျောင်း၌လည်းကောင်း၊ အနီးရှိ ဆစ်ခ်ဘုရားကျောင်း၌လည်းကောင်း၊ သူငယ်သည် အိန္ဒိယနိုင်ငံ ဘာသာရေးအစဉ်အလာ၏ အလှတရားနှင့် အသိပညာတရားများကို သိမှတ်နားလည်ခွင့်ရသောအခါ ထူးထူးခြားခြား အားရကျေနပ်ခြင်း ဖြစ်ရလေသည်။

ဉာဏ်ထက်မြက်သူဖြစ်ခြင်းကြောင့် သူငယ်သည် အတန်းတိုင်းတွင် မှန်မှန်ရှေ့ပြေးနေသော ထူးချွန်သူတစ်ဦးဖြစ်လေသည်။ သို့ရာတွင် ကျောင်းသားဘဝ၏ အောင်မြင်မှုသည် သူငယ်အား မာန်မာန တက်ကြွစေခဲ့သည်။ ငယ်ငယ်ရွယ်ရွယ်က အစပျိုးလာခဲ့သော ထိုမာန်မာနသည် မသိမသာ နှစ်ပေါင်းများစွာ တည်ရှိလာခဲ့လေသည်။

အသက် တစ်ဆယ့်ခြောက်နှစ်အရွယ်၌ သူငယ်သည် ဆယ်တန်းစာမေးပွဲကို အဆင့်မြင့် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့လေသည်။ တက္ကသိုလ်ပညာဆက်လက် သင်ကြားရန်အတွက် အစိုးရ စကောလာရှစ်လည်း ရရှိခဲ့လေသည်။ ထိုစကောလာရှစ်ဆုသည် သူငယ်၏ မာန်မာနကို ပိုပြီးအားရှိစေခဲ့လေသည်။ သို့သော်လည်း သူငယ်သည်ထိုစကောလာရှစ်စာသင်ဆုကို အသုံးမချလိုက်ရပေ။ ကျောင်းဆက်မနေတော့ဘဲ မိဘလုပ်ငန်းကို ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးရလေသည်။ အသက် ၁၈-နှစ်အရွယ်တွင် သူငယ်အား

http://www.dhammadownload.com

မိဘများက အိမ်ထောင်ချပေးလိုက်ကြလေသည်။ ဘုရားတရားနှင့်ရင်းနှီးဆက်စပ်ခဲ့သူ ဖြစ်သော်လည်း သူငယ်သည် ရာဂနှင့် ဒေါသတရားတို့၏ သားကောင်ဖြစ်လာလေသည်။ ထိုတရားများသည် လုလင်အရွယ်၌ အရှိန်အဟုန် ပိုရလာကြလေသည်။ ထိုကိလေသာတရားများသည် အရွယ်ရောက်လာသည်နှင့်အမျှ ပိုမိုကြီးထွားလာကြလေသည်။ ထိုတရားများကြောင့် မျောက် မီးခဲကိုင်မိသလိုလည်း ဖြစ်ရလေသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန်စစ်တပ်က မြန်မာနိုင်ငံကို သိမ်းပိုက်သောအခါ လုလင်သည် သူ၏ အခြားမိသားစုများနှင့်အတူ အိန္ဒိယတောင်ပိုင်းသို့ ထွက်ခွာသွားလေသည်။ အသက်အရွယ်မကြီးသော်လည်း လုလင်သည် ကူးသန်းရောင်းဝယ်မှုလုပ်ငန်း၌ အကြီးအကျယ်အောင်မြင်မှုရရှိလာလေသည်။ ယင်းအောင်မြင်မှုသည် သူ၏ အတွင်းသန္ဓာန်ထဲ၌ ခွစီးနေသော မာန်မာနဘီလူးကို ပိုပြီးအားဖြည့်ပေးလေသည်။ ဒုတိယ ကမ္ဘာစစ်ကြီးအပြီး မြန်မာနိုင်ငံသို့ပြန်လာသောအခါ လုလင်၏အောင်မြင်မှုမှာ ပိုကြီးကျယ်လာလေသည်။ လုလင်သည် မကြာခင်မှာပင် မြန်မာနိုင်ငံ၌ ရှိသောအိန္ဒိယ အမျိုးသားများ၏ ခေါင်းဆောင်တစ်ယောက် ဖြစ်လာလေသည်။ ဘာသာရေး၊ ပညာရေး၊ စက်မှုလက်မှု၊ ကုန်သွယ်ရေး၊ စာပေ၊ ယဉ်ကျေးမှု၊ လူမှုရေး မည်သည့်နယ်ပယ်၌မဆို ဂုဏ်ထူးဆောင်နေရာတစ်နေရာ လစ်လပ်လိုအပ်လာလျှင် သူ့ကို အလိုလိုပြေးမြင်ကြလေသည်။ အဆင့်အတန်း၊ ဂုဏ်သိက္ခာနှင့် ပတ်သက်၍ အောင်မြင်မှုများသည် သူ၏ မာန်မာနနှင့် ထိုမှတစ်ဆင့် သူ၏ဒုက္ခကိုသာလျှင် ကြီးထွားအောင် ပြုမူ ဖန်တီးနေကြသည်။ တစ်ပြိုင်တည်းမှာပင် သူ၏ဒေါသနှင့် ရာဂတို့လည်း ဆက်လက်ရှင်သန်ကြီးထွားနေကြသည်။ ယင်း ရန်သူမျိုးသုံးပါးသည် သူ၏ စိတ်နှလုံးကို ထိုးနှက်တိုက်ခိုက်နေကြလေသည်။ သူ့အနေနှင့်မူ ပြန်လှန်ခုခံ တွန်းလှန်နိုင်သည့် အားအစွမ်း လက်မဲ့ဖြစ်နေလေသည်။

လုလင်၏ ကိုယ်တွင်းပြဿနာများ တိုးပွားများပြားလာသည်နှင့်အမျှ သူ၏ ဘုရားတရား ကြည်ညိုစိတ်သည်လည်း ပို၍ နက်ရှိုင်းလာလေသည်။ စာပေနှင့် ပတ်သက်သော စည်းဝေးသဘင်များ၌ လုလင်သည် ဓမ္မကထာများကို ရွတ်ဖတ်လေသည်။ တရားစကားများကို ဟောကြားလေသည်။ သူရွတ်ဖတ်သော ဓမ္မကထာများနှင့် သူမြွက်ကြားသော ဓမ္မနှင့်ပတ်သက်သည့်

http://www.dhammadownload.com

ဟောပြောချက်များကြောင့် ပရိသတ်များနှင့်အတူ ကိုယ်တိုင်လည်း ခံစားမှု အပြည့် ဖြစ်ခဲ့ရလေသည်။ မိမိအိမ်၌လည်း လုလင်သည် ဘုရားတရား ကြည်ညိုစိတ် အပြည့်အဝဖြင့် အချိန်ကြာမြင့်စွာ ဂါထာမန္တန်များကို ရွတ်ဖတ် သရဇ္ဈာယ်နေလေသည်။ ထို့ပြင် မိမိကိုးကွယ်သော နတ်ဒေဝတာများအား သူ့ကို ဒုက္ခများစွာ ရောက်စေသည့် ကိလေသာ တရားများမှ သူ့အား လွတ်မြောက်စေရန် အကြိမ်များစွာ တိုးလျှိုးတောင်းပန်လေသည်။ သို့သော်လည်း သူ၏ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများသည်၊ သူ၏ မျက်ရည်များသည်၊ သူ၏ ပူပန်သောကများသည် မည်သို့မျှ အကျိုးမပြုခဲ့ပေ။ သူသည် မိမိ ကိုယ်တိုင်လည်း ဒုက္ခခံနေရလေသည်။ သူတစ်ပါးအားလည်း ဒုက္ခ ပေးနေရ လေသည်။

ထိုအချိန်၌ သူ၏ဘဝတွင် အိန္ဒိယ ဒဿနိကပေဒကို လည်းကောင်း၊ ဂီတာကိုလည်းကောင်း၊ ဥပနိသျှဒ်ကိုလည်းကောင်း ခရေစေ့တွင်းကျ လေ့လာခွင့်ရရှိလေသည်။ သူသည် ဝေဒန္တနှင့်ပတ်သက်ပြီး ဟောပြောလေ သည်။ သံဟိတာပညာ၏ အနက်အဓိပ္ပာယ်ကို ရှင်းလင်းပြောပြသည်။ ပညာရပ်၌ ရပ်တည်နေသူ၏ သဘာဝကို ရှင်းလင်းပြောပြသည်။ ဂီတာ၌ ဖော်ပြပါရှိသော ဝိရာဂသဘောတရား၏ ခက်ခဲ နက်နဲသော အစိတ်အပိုင်း ကို ရှင်းလင်းပြောပြသည်။ သူ၏တရားဟကားများကို ကြားရသောအခါ ပရိသတ်သည် မှင်သက်မိသွားကြလေသည်။ သို့ရာတွင် အိမ်ပြန်ရောက် သွားသည့်အခါ၌ မိမိတွင် ခိုင်မြဲသောပညာ မရှိသောကြောင့် လည်းကောင်း၊ တကယ့် ဝိရာဂသဘောတရားနှင့် ဝေးနေသောကြောင့် လည်းကောင်း သူ သည် အကြိမ်များစွာ မျက်ရည်သုတ်ရလေသည်။ ဘယ်လောက်ပင် အာပေါက်အောင် ရှင်းလင်းပြောပြခဲ့သော်လည်း စကားလုံးများမှာ သူ့ အတွက် စကားလုံးမျှသာလျှင် ဖြစ်နေလေသည်။ ဘုရားတရား ကြည်ညို စိတ်သည် လည်းကောင်း၊ အသိဉာဏ် ကွန့်မြူးခြင်းသည် လည်းကောင်း သူ၏ ကိလေသာတရားများကို အဆုံးသတ်သွားအောင် မပြုလုပ်နိုင်ကြပေ။ တိုးပွားမြဲ တိုးပွားနေကြသည်။ သူ့ကို ပို၍ ရှင်လန်းချမ်းမြေ့ခြင်း မရှိအောင် ပြုလုပ်နေကြလေသည်။

ယင်းသို့အားဖြင့် လုလင်သည် အပြင်ပ၌လောကီနယ်ပယ်မှန်သမျှတွင် အောင်မြင်မှုရရှိနေပြီး၊ အတွင်းသန္တာန်၌မူ ဗျာများနေခဲ့ရလေသည်။

http://www.dhammadownload.com

ယင်းကဲ့သို့ ကြင်နာဖွယ်အခြေအနေ၌ အသက် ၃၁-နှစ်အရွယ်တွင် ထိုစိတ်မချမ်းမမြေ့ ဖြစ်နေသော လုလင်သည် မဟာသူတော်စင်ကြီးဖြစ်သော ဆရာကြီး ဦးဘခင်နှင့်တွေ့ကြုံရပြီး ဆရာကြီးထံမှ မိမိအတွက် အဖိုးအနှဲ့ထိုက်သော ဓမ္မစစ်ဓမ္မမှန် ဝိပဿနာ မဂ််လာဆု လက်ဆောင်ကို ရရှိခဲ့ခြင်း ဖြစ်လေသည်။ အဝိဇ္ဇာအမှေးအခွံပေါက်သွားပြီးလျှင် အတ္တစွဲမာန်မာန ပျောက်ကွယ်စပြုလာလေသည်။ ထိုအခါ သူ၏ရှေ့၌ ဘဝသစ်ပေါ်လာပြီး လျှင် အတွင်းသန္တာန်၌ ကြွယ်ဝလာလေသည်။ ပထမဆုံး ဝိပဿနာ ၁၀-ရက် စခန်း၌ပင် ကြီးမားသောအကျိုးတရားကို ရရှိခဲ့လေသည်။ထိုအကျိုးထူး တရားသည် ဆက်လ က်တရားထိုင်သည်နှင့်အမျှ တိုးတက်လာပြီးလျှင် သူ့ တစ်ကိုယ်တည်း အတွက်မျှသာ မကတော့ဘဲ သူ့ ပတ်ဝန်းကျင်ရှိ လူအများ အတွက်ပင် အကျိုးဖြစ်ထွန်းလာလေသည်။ ဝိပဿနာ ဂင်္ဂါမြစ်ရေသည် သူ၏ မိသားစုတွင် စီးဆင်းလာလေသည်။ မိသားစု ဘဝသည် ငြိမ်းချမ်းလာ လေသည်။ ချမ်းမြေ့လာလေသည်။ ပီတိ ဖြစ်လာ လေသည်။

ဓမ္မစစ်ဓမ္မမှန်၏ အနှစ်သာရကို တွေ့ရသောအခါ ထိုပုဂ္ဂိုလ်သည် ဘာသာရေး အစွဲအလမ်းကြီးခြင်း၊ စိတ်လှုပ်ရှားခြင်း၊ ပျံ့လွင့်ခြင်းများမှ လည်း ကောင်း၊ အနှစ်သာရမဲ့သော အသိဉာဏ်ကွန့်မြူးကစားခြင်း၊ လွဲမှားသော ဒဿနအတွေးအခေါ်များကို လက်ခံခြင်းများမှလည်းကောင်း၊ ရုန်းထွက် လွတ်ကင်းသွားခဲ့လေသည်။ ဂိုဏ်းဂဏစွဲသည်လည်း ကွယ်ပျောက် သွား လေသည်။ သူ့ဘဝ အစိတ်အပိုင်း မှန်သမျှအား ဓမ္မအလင်းရောင်က ထွန်း ပြောင် ဝင်းလက်သွားအောင် လုပ်လိုက်လေသည်။ သူ့ကို မချမ်းမြေ့ မရွှင်လန်းအောင် လုပ်ထားသော ဒေါသ၊ လောဘ၊ မာန မြစ်ဖျားခံရာများကို သူသည် အမြစ်ဖြုတ်ပစ်နိုင်ခဲ့လေသည်။ ထိုကိလေသာတရားများမှ လွတ် ကင်းလာလေလေ တကယ့်အစစ်အမှန် ငြိမ်းချမ်းမှုကို ခံစားရလေလေ ဖြစ် လာလေသည်။

ထိုမဟာသူတော်စင်ကြီး၏ အေးမြချမ်းမြေ့သော အရိပ်အာဝါသ အောက်၌ ၁၄-နှစ်တိတိ နေထိုင်လာခဲ့ရလေသည်။ ထိုနှစ်များအတွင်း လောကီနယ်ပယ်၌လည်း ကြီးမားသောအပြောင်းအလဲများ ဖြစ်ပေါ်လာလေ သည်။ ထိုပုဂ္ဂိုလ်သည် ကူးသန်းရောင်းဝယ်မှု၌လည်းကောင်း၊ စက်မှုလက်မှု လုပ်ငန်းများ၌လည်းကောင်း ထူးထူးခြားခြား အောင်မြင်တိုးတက်မှု

http://www.dhammadownload.com

ရှိလာလေသည်။ သူ၏အတွင်းသန္ဆာန်၌မူ ရှားပါးလှသော ရတနာတစ်လုံးဖြစ်သည့် ငြိမ်းချမ်းမှု၊ တစ်ဖက်စောင်းနင်းမဖြစ်မှု ရှိနေလေသည်။ ထို့နောက် မြန်မာနိုင်ငံ၌ ကုန်သွယ်မှုအားလုံးနှင့် စက်မှုလုပ်ငန်း အားလုံးကို အစိုးရကပြည်သူပိုင်လုပ်လိုက်သောအခါ စိတ်ငြိမ်နေသောကြောင့်၊ စိတ်ချိန်ခွင်ညှာတည့်မတ်နေခြင်းကြောင့် ထိခိုက်တုန်လှုပ်ခြင်း လုံးဝဖြစ်ပေါ်မလာခဲ့ပေ။ နေ့ချင်း ညချင်း သူ၏လောကီ အခြေအနေသည် ဝတ္ထုထဲကလို ပြောင်းလဲသွားလေသည်။ သို့သော်လည်း ဓမ္မရတနာသည် သူ၏အတွင်းသန္ဆာန်၌ရှိနေသည်။ ထိုရတနာ၏ အဖိုးသည် ကြွတက်လာလေသည်။ သူ၏ စိတ်နှလုံးသည် တုန်လှုပ်ခြင်း အလျှင်းမရှိပေ။ သူ့ကံကြမ္မာ၏ အပြောင်းအလဲများအတွက် တာဝန်ရှိသော ပုဂ္ဂိုလ်များအပေါ် အာဃာတစိတ် ပေါ်မလာသည့်အပြင် စိတ်ကောင်း စေတနာကောင်း ထားနိုင်သည့် အခြေအနေပင် ရှိနေသည်။ "ငါ ဝန်ပေါ့သည်မှာ အလွန်ကောင်းပေသည်။ ယခု ငါ ဓမ္မစစ် ဓမ္မမှန်၏ သဘောတရားပိုင်း၊ လက်တွေ့ပိုင်း နှစ်မျိုးလုံးတွင် မိမိကိုယ်ကို တစ်ချိန်လုံး အားဖြည့်ပေးနိုင်တော့မည်" ဟူသော အတွေးပင် ပေါ်ပေါက်လာလေသည်။ စိတ်နှလုံးငြိမ်းချမ်းလာသည်။ ထို့ကြောင့် ချမ်းမြေ့ရွှင်လန်းလာသည်။ အမှန်တကယ်ပင် သူသည် လောကီစည်းစိမ် ဆုံးရှုံးမှုကြောင့် အကြီးအကျယ် အမြတ်ထွက်လာလေသည်။ ထိုအမြတ်မှာ သူ့ဓမ္မဖခင်၏ စေတနာအပြည့်ရှိသော သွန်သင်ညွှန်ကြားမှုအောက်၌ ဓမ္မလမ်းကြောင်းတွင် ပိုမိုတိုးတက်မှုရှိလာအောင် လုပ်ခွင့်ရခြင်းပင် ဖြစ်လေသည်။

ထို့နောက် ထိုပုဂ္ဂိုလ်၏ ဘဝ၌ အခြား အချိန်ကာလတစ်ခု ရောက်လာလေသည်။ အသက် ၄၅-နှစ်အရွယ်၌ ထိုပုဂ္ဂိုလ်သည် သူဘိုးဘွားဘီဘင်များ၏ ဇာတိနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံသို့ ရောက်သွားသည်။ သူနှင့်အတူ သူ့ဆရာပေးသော မင်္ဂလာဆုမွန် ပါသွားလေသည်။ အစပိုင်း၌ အခက်အခဲများ ရှိသော်လည်း ဓမ္မဂဂီသည် မူလပင်ရင်းနိုင်ငံ၌ တစ်ဖန် စီးဆင်းလာပြန်လေသည်။ ထောင်ပေါင်းများစွာသော ဓမ္မသားသမီးများ၏ မိသားစုအသစ်များ ရောက်လာကြလေသည်။ အိန္ဒိယပြည်တွင်းမှသာမက အိန္ဒိယပြည်ပမှလည်း စုဝေးရောက်ရှိလာကြသည်။ အတိတ်ဘဝက မိသားစုများ ဓမ္မနှင့်ပတ်သက်၍ တခြားပုဂ္ဂိုလ်များအား အကျိုးပြုရန် တစ်ဖန် စုဝေးရောက်ရှိလာကြသကဲ့သို့ဖြစ်လေသည်။ အိန္ဒိယနိုင်ငံအနေဖြင့် မိမိ၏ပျောက်ဆုံးသွားသော

http://www.dhammadownload.com

ဓမ္မစစ်ဓမ္မမှန်အမွေအနှစ် ပြန်လည်သိမ်းထားနိုင်ရန် လမ်းပွင့်သွားလေသည်။ ထိုဓမ္မစစ်ဓမ္မမှန်ကို ကမ္ဘာတစ်ဝန်းလုံး ပြန့်ပွားသွားစေရန် လမ်းပွင့်သွားလေသည်။

နှစ် ၆၀ပြည့်မိုင်တိုင်ကို ဖြတ်ကျော်ရင်း စိတ်နှလုံးသည် အတိတ်ကို ပြန်ကြည့်ရုံသာမက အနာဂတ်ကိုလည်း လှမ်းမျှော်ကြည့်လိုက်လေသည်။ ဓမ္မမင်းလမ်းမကြီးသည် ရှေ့တွင် ဖြူးဖြောင့်စွာ ပြန့်ပြူးတည်ရှိနေပေသည်။ ရည်မှန်းချက် ပန်းတိုင်ကို ပြတ်ပြတ်သားသား မြင်နေရသည်။ ဓမ္မလမ်းမတွင် လျှောက်နေသော ခြေလှမ်းတိုင်းသည် ရည်မှန်းချက်ပန်းတိုင်သို့ နီးကပ်လာလေသည်။ အကျိုးထူးတရားကို အကာလိက ခဏမဆိုင်းဘဲ ပေးကမ်းနေပေသည်။

စိတ်နှလုံးထဲတွင် ဓမ္မနှင့်ပတ်သက်၍ လိုလားတောင့်တချက် ဖြစ်ပွားပေါ်ပေါက်လာလေသည်။ အိန္ဒိယနိုင်ငံ၏ တန်ဖိုးမဖြတ်နိုင်သော ဤရွှေဟောင်းရတနာကို ထိုရတနာ၏ နို့ထိန်းသဖွယ်ဖြစ်သော မြန်မာနိုင်ငံ၌ ရာစု နှစ်ပေါင်းများစွာ မျက်ခြည်မပြတ် ထိန်းသိမ်း စောင့်ရှောက်လာခဲ့လေသည်။ ယခုအခါ ထိုရတနာသည် ကျွန်ုပ်၏ အမိနိုင်ငံမှ ပြည်သူပြည်သားအားလုံးအား လည်းကောင်း၊ ကမ္ဘာတစ်ခွင်လုံးမှ လူများအား လည်းကောင်း မဂ်လာ ကောင်းကျိုးပြုနိုင်ပါစေ။ ထိုဓမ္မရတနာသည် စကြဝဠာတစ်ခုလုံးရှိ ဒုက္ခဖိစီးခံနေရသူ မှန်သမျှအား မဂ်လာကောင်းကျိုး ပြုနိုင်ပါစေ။ လူမျိုးဆက် အသစ်သည် ဤအဖိုးမဖြတ်နိုင်သော နည်းနိဿယည်းကို ထိန်းသိမ်း စောင့်ရှောက်သည့် တာဝန်ကိုယူပြီး မိမိ ကိုယ်တိုင်သာလျှင် အကျိုးဖြစ်ထွန်းအောင် မဟုတ်ဘဲ တခြား ပုဂ္ဂိုလ်များအားလည်း အကျိုးဖြစ်ထွန်းအောင် ပြုလုပ်နိုင်ပါစေ။ ဝိပဿနာသည် ကမ္ဘာတစ်ခွင်လုံးရှိ ဒုက္ခဖိစီးနှိပ်စက်ခြင်းခံနေကြရသော မည်သည့်ဒေသက လူကိုမဆို အကူအညီပေးနိုင်ပါစေ။

http://www.dhammadownload.com

၁၅-နှစ်ခရီး

၁၉၈၁-ခုနှစ်၊ ဇန်နဝါရီလ ၁ရက်နေ့တွင် ပူဇော်အပ်ပူဇော်ထိုက်သော ကျေးဇူးရှင် ဆရာကြီး ဦးဘခင် ကွယ်လွန်အနိစ္စရောက်သွားခဲ့သည်။ ဆရာကြီးတွင် ဓမ္မနှင့်ပတ်သက်သည့် အလွန်တရာကြီးမားသော ရည်မှန်းချက်တစ်ခုရှိသည်။ ဆရာကြီးသည် ဗုဒ္ဓမြတ်စွာဘုရားနှင့် ဗုဒ္ဓပုဂ္ဂိုဏ်ထွန်းတော်မူခဲ့သော အိန္ဒိယနိုင်ငံအား ကျေးဇူးဆပ်လိုသည့် ဆန္ဒရှိသည်။ အိန္ဒိယနိုင်ငံမှ ရာစုနှစ်များစွာ မတိုင်မီက အဖိုးအနှဲ့ ထိုက်တန်သော ဝိပဿနာရတနာသည် မြန်မာနိုင်ငံသို့ ရောက်သွားခဲ့သည်။ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံ ရောက်သွားသော ဓမ္မဂဂ်ါအား တစ်ဖန် အိန္ဒိယနိုင်ငံ ပြန်ပို့ပြီး ရေတစ်မွတ်နေကြသော လူပေါင်း ကုဋေကုဋာတို့အား ရေတစ်ပြေအောင် လုပ်ပေးစေလိုသည့် ဆန္ဒရှိသည်။ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ရောက်သွားသော ပဒေသာပင်အနေနှင့် မြေဩဇာကောင်းသော အိန္ဒိယခြံဝင်းထဲ၌ တစ်ဖန်ပြန်ပေါက်လာလျက် အသီးအပွင့်များ သီးပွင့်လာပြီးလျှင် ဒုက္ခမီး ပူလောင်နေကြသည့် လူပေါင်းများစွာတို့အား ချမ်းမြေ့သော အရိပ်အာဝါသကို ပေးစေလိုသည့် ဆန္ဒ ရှိသည်။ အမြိုက်သီးကို ပေးစေလိုသည့်ဆန္ဒ ရှိသည်။ အိန္ဒိယနိုင်ငံ၏ ယင်းအဖိုးထိုက် အဖိုးတန်ရတနာကို အိန္ဒိယနိုင်ငံ၌သာမကဘဲ အိန္ဒိယနိုင်ငံမှ တစ်ဆင့် တခြား ကမ္ဘာ့နိုင်ငံများအားလည်း ပေးဝေလိုသည့် ဆန္ဒရှိသည်။

ဆရာကြီး၏ မြင့်မြတ်သော လိုအင်ဆန္ဒကို ဖြည့်စည်းသည့်အနေနှင့် မဆိုစလောက်ခြေလှမ်းကို ဆရာကြီး အသက်ထင်ရှား ရှိစဉ်ကပင် လှမ်းခဲ့သည်။ လွန်ခဲ့သည့် ၁၅-နှစ်အတွင်း ခြေလှမ်း အလှမ်းနှေးသော်လည်း ကျေနပ်အားရဖွယ် နည်းလမ်းဖြင့်ပင် ရှေ့သို့ တိုးတက်လှမ်းနိုင်ခဲ့သည်။ ယခု ၁၆-နှစ်မြောက် အချိန်မှစ၍မူ အရှိန်အဟုန်ကို တိုးမြှင့်ရပေလိမ့်မည်။ ယခု အချိန်ထိ အိန္ဒိယပြည်တွင်းနှင့် ပြည်ပ၌ တည်ထောင်ထားသော ဝိပဿနာရိပ်သာများ၌ လည်းကောင်း၊ အခြား နေရာပေါင်းများစွာတို့၌ လည်းကောင်း ၄-၅ဦးမျှသော လက်ထောက် ဝိပဿနာပြဆရာများသည် လူများစွာတို့၏ အကျိုးအတွက်၊ လူများစွာတို့၏ စိတ်ချမ်းသာမှုအတွက် (ဗဟုဇနဟိတာယ၊ ဗဟု ဇန သုခါယ) ဓမ္မခရီး လှည့်လည်လျက် ဓမ္မအကျိုးပြု လုပ်ငန်းများကို

http://www.dhammadownload.com

လုပ်ကိုင် ဆောင်ရွက်ခဲ့ကြသည်။ ယခု လက်ထောက် ဝိပဿနာပြဆရာ အရေအတွက်ကိုလည်းကောင်း၊ ဝိပဿနာရိပ်သာနှင့် ယောဂီအရေအတွက်ကို လည်းကောင်း တိုးမြှင့်ဖို့ရန် အချိန်ရောက်လာပြီ။ ထိုမျှသာမက ယောဂီတို့၏ အကျိုးပြုလုပ်ငန်းကိုလည်း နက်နက်နဲနဲ ဆောင်ရွက်လုပ်ကိုင်ဖို့ လိုလာပြီ။ သို့မှသာ အရည်အချင်းပြည့်သူများအနေဖြင့် ဝိပဿနာဘာဝနာအလုပ်၌ ပိုပြီး နက်ရှိုင်းစွာ အကျိုးရှိအောင် လုပ်နိုင်ကြပေလိမ့်မည်။

မိမိ၏ အတွေ့အကြုံကို ကျွန်ုပ်ပြန်လည်သတိရလာသည်။ မြန်မာနိုင်ငံတွင်ရှိနေစဉ်က သတ်မှတ်ထားသည့် အချိန်၌မူ အမြဲမပြတ် တရားထိုင်လေ့ရှိသည်။ သို့သော်လည်း ကျန်အချိန်များ၌မူ ဗာဟီရ အလုပ်ကိစ္စများနှင့် အိမ်ထောင်တာဝန်များကို ထမ်းရွက်ရင်းဖြင့်သာလျှင် အချိန်ကုန်သွားခဲ့သည်။ ယင်းသို့ နေထိုင်လာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကုန်ဆုံးကျော်လွန်လာခဲ့သည်။ ထို့နောက်တွင် မင်္ဂလာရှိသော အကွေ့တစ်ကွေ့ မမျှော်လင့်ဘဲ ရုတ်တရက် ရောက်လာသည်။ ၁၉၆၄-ခုနှစ်မှ ၁၉၆၉-ခုနှစ်အထိ ၅-နှစ်မျှသော အချိန်ကာလသည် မိမိဘဝတွင် ရွှေအခါအခွင့်ကြီးတစ်ခုကို ဆောင်ကြဉ်းလာခဲ့သည်။ အစိုးရသည် ကုန်သွယ်မှုနှင့် စက်မှုလုပ်ငန်းမှန်သမျှကို နိုင်ငံပိုင် သို့မဟုတ် ပြည်သူပိုင် လုပ်လိုက်သည်။ ကျွန်ုပ်အတွက်ကောင်းကျိုး ပြုလုပ်ဆောင်ရွက်ပေးလိုက်သည်ဟုပင် ဆိုချင်သည်။ ဦးခေါင်းပေါ်မှ အလွန်လေးလံသော ဝန်ထုပ်ဝန်ပိုးကြီး ကျသွားလေသည်။ ကျွန်ုပ်သည် ဝိပဿနာနှင့်ပတ်သက်သော ကျမ်းဂန်များကို ဖတ်လိုသည်။ နားလည်အောင် လုပ်လိုသည်။ ယင်းကျမ်းဂန်များမှ တရားဘာဝနာ အလုပ်အတွက် အထောက်အကူဖြစ်မည့် အချက်များကို ရယူလိုသည်။ သို့ရာတွင် အပြေးအလွှား လုပ်နေရသော ဘဝ၌ ဘယ်မှာလာ အခွင့်အလမ်း ရရှိမည်နည်း။

ယခုအခါ၌မူ အခွင့်အလမ်း အပြည့်ရှိနေပြီ။ တစ်ဖန် ပူဇော်အပ် ပူဇော်ထိုက်သော ဆရာကြီးနှင့်လည်း နီးစပ်မှုရှိလာသည်။ တရားဘာဝနာအလုပ်၌ အတောင်တပ်ပေးလိုက်သကဲ့ပင် မြင့်ရာသို့ ပျံတက်သွားခဲ့သည်။ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားသော မူရင်းဒေသနာတော်ကို ဖတ်ရသည့်အခါ ကြက်သီးမွေးညင်းထလာသည်။ ယင်းဒေသနာတော်များသည် မိမိအား ရည်ညွှန်းပြီး ဟောမျှားထားတော်မူသလားဟုပင် အောက်မေ့သည်အထိ ဖြစ်လာသည်။

တစ်ခါတစ်ရံ ဒေသနာတော်ထဲက စကားလုံး တစ်လုံးတစ်လုံးသည်

http://www.dhammadownload.com

မိမိအတွက် ပြောထားသလားဟု ထင်မှတ်လာသည်။ အိမ်တွင် သုတ်တစ်သုတ်ကို ဖတ်ပြီး ရိပ်သာရောက်သွားသည်။ ရိပ်သာတွင် ထိုသုတ်၌ ပါသော စကားလုံး၊ ဝါကျ သို့မဟုတ် အစိတ်အပိုင်းများနှင့် ပတ်သက်ပြီး ဆရာကြီး ရှင်းလင်းပြောပြသောအခါ၌ အမှန်ပင် အမြုံကိုမိုး သွန်းဖြိုးရွာချသကဲ့သို့ ဖြစ်သွားသည်။ ကြည်လင်သော ဓမ္မရေအိုင်ထဲတွင် စိတ်နှလုံးသည် အေးမြသွားလေသည်။

ကရုဏာ၏ရုပ်လုံးဖြစ်သော ပူဇော်အပ် ပူဇော်ထိုက်သည့် ဆရာကြီးသည် ဓမ္မစကားကို ဆွေးနွေးပြောကြားရန် အစဉ် စိတ်အားထက်သန်နေသည်။ တစ်ခါတစ်ရံ ညောင်းညာသည့်အခါ အိပ်ရာပေါ်တွင် လှဲနေရင်းက သူ၏ ဓမ္မသားချစ် ရောက်လာသည်ကို တွေ့သည်နှင့် တစ်ပြိုင်နက် ကရုဏာစိတ်တွေ တဖွားဖွားပေါ်လာပြီးလျှင် မိမိအတွက် အနားယူရန် အလွန်တရာလိုအပ်နေသော်လည်း ဓမ္မစိတ်ဓာတ် ထက်သန်အားကောင်းလာသည်ဖြစ်၍ ဓမ္မအကြောင်းကို ရှင်းလင်းပြောပြလေတော့သည်။ ဓမ္မနှင့် ပတ်သက်သည့် အခက်အခဲများကို ရှင်းလင်းပြောပြလေတော့သည်။ ဗိုင်းငင်သောသူ ဗိုင်းတောင့်မှ ချည်စထွက်လာအောင် ဗိုင်းငင်သကဲ့သို့ ဖြစ်သည်။ အထုံးအဖဲ့ကို ရှင်းလင်းသည်။ ချည်မျှင်တစစီ ခွဲခြားပြီးလျှင် နားလည် သဘောပေါက်အောင် ပြောသည်။

လူ့လောကတွင် ခေတ်စားနေသော အနက်အဓိပ္ပာယ်မည်သည် အဘိဓာန်ထဲက အနက်အဓိပ္ပာယ် ဖြစ်သည်။ သဒ္ဒါနှင့် ကိုက်ညီသော အနက်အဓိပ္ပာယ်ဖြစ်သည်။ သို့ရာတွင် ဆရာကြီးမှာမူ ဝိပဿနာဆရာကြီးဖြစ်သည်။ အတွေ့အကြုံအရ ဖြစ်ပေါ်လာသည့် ဝိပဿနာစွမ်းအားပေါ်၌ အခြေခံလျက် ဓမ္မ၏ နက်နဲသော အနက်အဓိပ္ပာယ်ကို ရှင်းလင်းပြောပြသည်။ ချည်မျှင် တစ်စစီဖြစ်သွားသည်။ အထုံးအဖဲ့ ဖြစ်မနေတော့ပေ။ သူ၏တရားကို နာကြားရသဖြင့် တက်ကြွအားရှိလာသည်။

ယင်းအခြေအနေမျိုးတွင် တရားထိုင်လိုက်သည့်အခါ စိတ်နှလုံးသည် အလွယ်တကူပင် အတွေ့အကြုံများ၏ သိမ်မွေ့သည့်အပိုင်းသို့ စီးဆင်းသွားသည်။ မှားယွင်းသော အယူအဆများ၏ အထပ်အလွှာများသည် ကွာကျသွားကြသည်။ အကြောင်းနှင့်အကျိုးပေါ်မှာ အခြေခံသော၊ အားလုံးနှင့် ဆိုင်သော သဘာဝဓမ္မသည် ဘယ်လောက် ရှင်းလင်းသွားသနည်း။

http://www.dhammadownload.com

ဘယ်လောက် ပြတ်သားသွားသနည်း။ လွတ်ငြိမ်းမှု၏ ပေါ့ပါးမှုကို သိမြင်ခံစားပြီး တရားဘာဝနာအလုပ်မှ ထလိုက်သည်။

အတွေ့အကြုံ၌ ကျေးဇူးအသိတရား ပေါ်လာသည့် မြတ်စွာဘုရား၏ ရင်နှစ် ဓမ္မသားချစ်မျှားမှစ၍ ဆရာကြီးဦးဘခင်အထိ ဆရာစဉ်ဆက်အပေါ် အကြည်ညိုပွားလာသည်။ အကြောင်းမူကား ဤဘဝနာ နည်းနိဿယည်းကို တစ်စုံတစ်ရာနှင့် မရောယှက်စေဘဲ စင်ကြယ်အောင်၊ အဖြူထည်ချည်း ဖြစ်နေအောင် ထိန်းသိမ်းထားကြသောကြောင့် ဖြစ်သည်။ တစ်ပြိုင်တည်းမှာပင် မြတ်စွာဘုရား၏ ဒေသနာတော်ကို စင်ကြယ်နေအောင် ထိန်းသိမ်းစောင့်ရှောက် ထားကြသော ဆရာစဉ်ဆက်အား ကျေးဇူးတင်သည့် စိတ်ဓာတ်လည်း တဖွားဖွား ပေါ်လာလေသည်။

ယင်းဒေနာတော်ကို ရွတ်ဖတ်ခြင်း၊ နှလုံးသွင်းခြင်းအားဖြင့် ဝိပဿနာပွားများ အားထုတ်ရာ၌ ကြီးစွာသော အင်အားကို ရရှိခဲ့သည်။ ပရိယတ္တိနှင့် ပဋိပတ္တိ၊ သို့မဟုတ် သဘောတရားနှင့် လက်တွေ့ ပေါင်းဆုံခြင်းကြောင့်၊ သို့မဟုတ် ရွှေနှင့်မြ ဂဟေဆက်ထားခြင်းကြောင့် ဘယ်လောက်ကြီးမားသော အကျိုးထူးတရား ဖြစ်ပေါ်လာသနည်း။

ယခုခေတ် အိန္ဒိယယောဂီများ ယင်းအခွင့်အရေး ဆုံးရှုံးနစ်နာကြပုံကို ကျွန်ုပ်တွေးမိသည်။ ယင်းယောဂီများထဲမှ ပုဂ္ဂိုလ်ပေါင်း များစွာတို့သည် မြတ်စွာဘုရား၏ မူလဒေသနာတော်ကို ဖတ်ရှုလေ့လာလိုကြသည်။ သို့ရာတွင် ဘယ်မှာရရှိမည်နည်း။ ဒေဝနာဂရီအက္ခရာနှင့် ရေးထားသော တိပိဋကတ်ကို တစ်အုပ်တစ်လေမျှပင် စာအုပ်ဆိုင်များတွင် ဝယ်မရပေ။ ဟိန္ဒီဘာသာပြန် ရဖို့မှာမူ ပိုပြီးခက်ခဲနေသည်။ ဤမျှ ကျယ်ပြန့်သော ပါဠိစာပေထဲက တစ်အုပ်စ၊ နှစ်အုပ်စ ဘာသာပြန်ကိုမူ ရချင်ရပေလိမ့်မည်။ ထိုမှတစ်ပါးကား သုည်အတိသာဖြစ်နေသည်။ ယောဂီများမှာ လက်မှိုင်ချနေကြရလေသည်။

ယောဂီတစ်ဦးဦးသည် သတိပဋ္ဌာန်တရားပတ်တွင် ပါဝင်၍ မြတ်စွာဘုရား၏ ယင်းဒေသနာတော်နှင့် စပ်လျဉ်းသော တရား အနည်းအကျဉ်းကို ကြားနာပြီး တရားဘာဝနာပွားများသည့်အခါ၌ အထူးပင် ကျေနပ်အားရသွားလေသည်။ နည်းနိဿယည်းသည် မည်မျှ ရှင်းလင်းပြတ်သားသွားသနည်း။

http://www.dhammadownload.com

ထိုယောဂီပုဂ္ဂိုလ်သည် အလားတူ ဒေသနာတော်များကို ဖတ်ရှုလေ့လာလိုသော နာကြားလိုသော ဆန္ဒ ဖြစ်ပေါ်လာလေသည်။ ပါဠိတိပိဋကတ်ကိုလည်းကောင်း၊ အဖွင့်အဋ္ဌကထာ ဋီကာ အနုဋီကာတို့ကိုလည်းကောင်း၊ အတွေ့အကြုံရှိသော ယောဂီပညာရှင်များ ဘာသာပြန်ထားသော ယင်းဒေသနာတော်များ၏ ဟိန္ဒီဘာသာပြန်များကိုလည်းကောင်း ဖတ်ခွင့်ရသည့် နေ့တွင် ယောဂီပုဂ္ဂိုလ်တို့သည် အမှန်တကယ်ပင် လက်ခမောင်း ထခတ်ကြပေလိမ့်မည်။

ယောဂီပုဂ္ဂိုလ်အားလုံး ယင်းအချက်နှင့် ပတ်သက်၍ စိတ်ပါဝင်စားပြီး အချိန်ယူလျက် ယင်းဒေသနာတော်များကို လေ့လာနိုင်ကြလိမ့်မည် ဟူသည့် အဓိပ္ပာယ်ကား မဟုတ်ပေ။ သို့ရာတွင် ကျယ်ပြန့်သော အတိုင်းအတာအရ ရေထဲတွင် ငါးသတ္တဝါကဲ့သို့ ကူးနေကြလိမ့်မည်ဖြစ်သော ရင့်ကျက်သည့် ယောဂီများလည်း ရှိလေသည်။ ထို ယောဂီများအတွက် သင့်တင့်လျောက်ပတ်သည့် အခွင့်အလမ်းနှင့် အဆင်ပြေမှုများ ရှိသင့်ပေသည်။

ပါဠိစာပေအပြင် ကျယ်ပြန့်သောသက္ကဋ္ဌစာပေထဲတွင်လည်း ဝိပဿနာလမ်းစဉ်နှင့် ပတ်သက်၍ မည်မျှရေးသားဖော်ပြထားသနည်း။ ပြာကရိုက်စာပေထဲတွင်လည်း အလားတူပင်ဖြစ်လေသည်။ အရည်အချင်းရှိသော ယောဂီပုဂ္ဂိုလ်များအနေနှင့် သုတေသနပြုလုပ်ပါက အားလုံး ထင်ထင်ပေါ်ပေါ် ဖြစ်လာပြီး လူတွေအတွက် ကြီးစွာသောကောင်းကျိုးဖြစ်လာပေလိမ့်မည်။

လုပ်ငန်းမှာ အလွန်တရာ ကြီးမားလှပေသည်။ ယခု အချိန်ရောက်လာပြီ။ လုပ်ငန်းသည် အစဆိုတာမရှိဘဲ မဖြစ်ပေ။ ရှိရမည်သာ ဖြစ်သည်။ ဝိပဿနာရိပ်သာများသည် စာရွက်ဖတ်သည့် ရိပ်သာများ ဖြစ်မလာဖို့ကိုမူ အထူး သတိထားရပေလိမ့်မည်။ မိမိတို့၏ မူလရည်မှန်းချက်ကို မေ့ပျောက်မသွားသင့်ပေ။ ယောဂီများအနေနှင့်လည်း မျက်မှောက် အတွေ့အကြုံကို အခြေခံသော တရားဘာဝနာအလုပ် တဲ့ရပ်သွားလောက်အောင် စကားလုံးအရသာထဲတွင် နစ်မျောမသွားသင့်ပေ။

ယင်းအချက်များကို သတိပြုပြီးလျှင် ဝိပဿနာရိပ်သာများနှင့်ဆက်စပ်နေသော ဌာနများ၌ စွမ်းနိုင်သမျှ ယင်းအလုပ်ကို စတင်လုပ်သင့်ကြသည်။ အစပထမတွင်မူ အီဂတ်ပူရီမှ စတင်သင့်ပေသည်။ ဓမ္မဂီရိတောင်ခြေရင်း

http://www.dhammadownload.com

မြေညီပေါ်တွင် ပါဠိစာပေကျမ်းဂန်များကို လေ့လာခြင်း၊ သုတေသနပြုခြင်း အလုပ်ကို စတင်ပြုလုပ်ရပေလိမ့်မည်။ ယင်းသို့ပြုလုပ်ရာ၌ ဓမ္မဂိရိတွင် အချိန်မှန်မှန် တရားဘာဝနာ အားထုတ်သော ဆရာနှင့်တပည့်များ ပါဝင်ဆောင်ရွက်သင့်ပေသည်။

ကျေးဇူးရှင်ဆရာကြီး ကွယ်လွန်သည့် ၁၆-နှစ်မြောက်၌ ဤ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော လုပ်ငန်းအစကို ကြည့်ရှုဆင်ခြင်ပြီးလျှင် ယောဂီပေါင်း များစွာတို့အား ဝိပဿနာ၏ နက်နဲမှုများနှင့် သိကျွမ်းအောင် လုပ်ပေးလျက် ယောဂီများအတွက် ကောင်းကျိုးဖြစ်ရာဖြစ်ကြောင်း ဖြစ်လာစေရန် ကြိုးပမ်းအားထုတ်ကြရမည်။

http://www.dhammadownload.com

နှစ် ၂၀-ခရိုး

ဓမ္မဒဋ္ဌ ဓမ္မတမန်၏ ဘဝခရီးသည် အနှစ် ၂၀-ပြည့်သွားလေပြီ။ ၁၉၆၉-ခုနှစ်တွင် ပူဇော်အပ် ပူဇော်ထိုက်သော ဆရာကြီးသည် မိမိအား အလွန်တရာ အရေးကြီးသည့် ဝိပဿနာပြဆရာ တာဝန်ကြီးကို လွှဲအပ်ခဲ့လေသည်။ နှစ်အတန်ကြာမျှ လက်ထောက်ဝိပဿနာပြဆရာ အဖြစ်ဖြင့် ဆရာကြီးကို အကျိုးပြုလာခဲ့လေသည်။ ဆရာကြီးထံမှ နည်းပေးလမ်းပြမှုကိုလည်း အလုံအလောက်ရရှိခဲ့သည်။

သို့ရာတွင် ထိုကြီးလေးသော တာဝန်ကြီးကို ဘယ်နည်းဘယ်ပုံထမ်းရွက်ရမည်နည်းဟု စိုးရိမ်မကင်း ဖြစ်မိသည်။ ဆရာကြီး၏ ကြီးကျယ်မှုနှင့် နှိုင်းစာလိုက်လျှင် မိမိကိုယ်ကို ဘာမှမဟုတ်သည့် အသေးအဖွဲမျှလောက်သာ အောက်မေ့သည်။ တစ်ဖန် အိန္ဒိယလိုနိုင်ငံကိုသွားပြီး ဓမ္မဒဋ္ဌတအလုပ်ကို လုပ်ကိုင်ဆောင်ရွက်ရမည်ဆိုပါက အခက်အခဲရှိလာလိမ့်မည်ဟု တွေးမိသည်။

ဓမ္မဒဋ္ဌတများအတွက် မြန်မာနိုင်ငံသည် တစိမ်းနိုင်ငံ ဖြစ်ခဲ့သည့်အချိန်တစ်ချိန် ရှိခဲ့ဖူးသဲည်။ သောဏနှင့် ဥတ္တရမထေရ်တို့သည် တစိမ်းနိုင်ငံသို့ ဓမ္မကို ဆောင်ကြဉ်းသွားတော်မူခဲ့ကြသည်။

ယခုအခြေအနေကား ပြောင်းပြန်ဖြစ်သွားပြီ။ အိန္ဒိယမှလာသော ဓမ္မဂင်္ဂါသည် အိန္ဒိယသို့ ပြန်လာနေပြီ။ မိမိနိုင်ငံသို့ ပြန်လာနေပြီ။ သို့ရာတွင် သွေးထွက်အောင် မှန်နေသည့်အချက်မှာ တစိမ်းတရံစံ နိုင်ငံသို့ ပြန်လာနေခြင်း ဖြစ်သည်။

ဤနိုင်ငံ၌ နှစ်ပေါင်း ၂၅၀၀-အလွန်က ဂေါတမဗုဒ္ဓသည် ကောင်းကျိုးပြုသည့် ဝိပဿနာဘာဝနာနည်းကို ရှာဖွေတွေ့ရှိတော်မူခဲ့သည်။ ဂေါတမဗုဒ္ဓ မတိုင်မီကလည်း သမ္မာသမ္ဗုဒ္ဓ အဆူဆူတို့သည် ဤနည်းပညာကို ရှာဖွေတွေ့ရှိတော်မူခဲ့ကြသည်။ ထိုမဖြိမဒေသ၌မျှသာမကဘဲ၊ ထိုအိန္ဒိယနိုင်ငံ၌မျှသာမကဘဲ၊ ဝိပဿနာသည် အိန္ဒိယမှတစ်ဆင့် တစ်ကမ္ဘာလုံး ပြန့်ပွားသွားခဲ့လေသည်။

ယနေ့ ထိုမဖြိမဒေသ၌သာမကဘဲ အိန္ဒိယတစ်နိုင်ငံလုံး၌ပင် ဝိပဿနာ

http://www.dhammadownload.com

ဆိတ်သုဉ်းသွားလေပြီ။ တစ်ချိန်တုန်းက အိမ်တိုင်း အိမ်တိုင်း၌ မိန်းမယောကျ်ား၊ ကလေး လူကြီး၊ အိမ်ရှင်နှင့် အစေအပါး အားလုံး ဝိပဿနာပွားများခဲ့ကြသော နိုင်ငံ၌ ယခုအခါတွင် ဝိပဿနာပွားဖို့ဝေးစွ။ ထိုနိုင်ငံ၏ ပြည်သူ့ဘာသာစကားတွင် 'ဝိပဿနာ' ဟူသော ဝေါဟာရစကားလုံးသည်ပင် ကွယ်ပျောက်နေပြီ။ ထိုနိုင်ငံသို့သွား၍ ကျွန်ုပ် မည်သို့မည်ပုံ လုပ်ကိုင်ဆောင်ရွက်မည်နည်း။ ဘယ်ပုံဘယ်နည်း အောင်မြင်မှုရရှိနိုင်မည်နည်း။

ဤနိုင်ငံ၌ ဝိပဿနာမျှသာမက အခြားဘာဝနာ တစ်မျိုးမျိုးနှင့် ပတ်သက်၍လည်း အားရဖွယ် အခြေအနေမရှိပေ။ ဓမ္မ၏ အမည်နာမဖြင့် ဘာသာရေး ဓလေ့ထုံးစံများ၊ ကျင့်ကြံမှုများ၊ ပညာဉာဏ် ကွန်မြူးမှု အပြည့်အဝ ရှိသည့် ဟောပြောမှုများ၊ စိတ်လှုပ်ရှားစေသည့် ဝတ္ထုကြောင်းများ၊ မန္တန်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများသာလျှင် ခေတ်စားနေလေသည်။ ယင်းအခြေအနေ၌ တရားပတ်ဝဝ-ရက်အတွင်း အားလုံးသော ဘာသာရေးဓလေ့ထုံးစံ၊ ပူဇော်ဝတ်ပြုခြင်း၊ တရားကျင့်ခြင်း၊ မန္တန်ရွတ်ဖတ် သရဇ္ဈာယ်ခြင်း၊ ပုတီးစိပ်ခြင်း စသည်တို့ကို စွန့်ပယ်ထားရသော ဝိပဿနာတရားစခန်းတွင် လာရောက် တရားထိုင်ရန် မည်သူ အဆင်သင့်ဖြစ်မည်နည်း။

ဤနိုင်ငံ၌ အချို့နေရာများတွင် အချို့ပုဂ္ဂိုလ်များအတွင်း၌ ဘာဝနာတစ်မျိုးမျိုး ထွန်းကားပြန့်ပွားမှုရှိသော်လည်း ဘာဝနာ၏မှီရာမှာ စိတ်ကူးယဉ်လုံးလုံးဖြစ်သည်။ သို့မဟုတ်ကလည်း အတုအယောင်သာ ဖြစ်သည်။ မိမိစိတ်နှင့်လည်းကောင်း၊ ကိုယ်နှင့်လည်းကောင်း ပတ်သက် ဆက်နွယ်နေသော အမှန်တရားများကို မှီရာတည်ရာလုပ်၍ မှန်ကန်သော အမြင်ပေါ်တွင် အခြေခံသည့် ဤဝိပဿနာဘာဝနာကိုမူ ဘယ်သူ ဘယ်လိုလုပ်ပြီး လက်ခံမည်နည်း။

ထွက်သက်ဝင်သက် သက်သက်ကိုသာ အာရုံပြုပါဟုဆိုလျှင် အစဉ်အလာ စွဲလမ်းလာသည့် ဓလေ့ထုံးစံများကို ဖက်တွယ်ထားကြသောလူများသည် မည်သည့်အခါမှ လက်ခံလိမ့်မည် မဟုတ်ပေ။ ထွက်သက်ဝင်သက်နှင့် အတူတကွ အမည်နာမ တစ်ခုခုကို လည်းကောင်း၊ မန္တန်တစ်ခုခုကို လည်းကောင်း ရောနှော ပေါင်းစပ်လိုကြပေလိမ့်မည်။ "ဤခေတ်သည် ကလိယုဂ်ဖြစ်၏။ အမည်နာမကို မရွတ်ဖတ် မသရဇ္ဈာယ်သည့် ဘာဝနာသည် ဤခေတ်၌ ခေတ်စားဖို့မလွယ်" ဟူ၍ ဆုပ်ကိုင်ထားကြပေလိမ့်မည်။

http://www.dhammadownload.com

သို့မဟုတ်ကလည်း “ဘာဝနာစီးဖြန်းမည်ဆိုပါက နတ်ဒေဝီ ဒေဝတာတစ်ဦးဦး၏ အသွင်ကိုဖြစ်စေ၊ ဘုရားသခင်၏ အသွင်ကိုဖြစ်စေ၊ ပြဟ္မာ၏ အသွင်ကိုဖြစ်စေ တည်ရာမှီရာလုပ်သင့်၏။ အသွင်မပါသော ဘာဝနာသည် ဘယ်လိုလုပ် ဘယ်သို့ကျေးဇူးရှိမည်နည်း။ ဝိပဿနာဌ္ဌမူ ဘယ်လိုအမည်နာမမှလည်းမရှိပေ။ ဘယ်လိုမန္တန်မှလည်းမရှိပေ။ ဘယ်နတ်ဒေဝီ ဒေဝတာ သို့မဟုတ် ဘုရားသခင်၏ပုံပန်းသဏ္ဌာန် သို့မဟုတ် အသွင်အပြင်ကိုမှလည်း တည်ရာမှီရာ မလုပ်ပေ။ အကူအညီအပံ့အပိုး မယူပေ။ ဤဘာဝနာမျိုးသည် မိမိတို့အတွက် ဘယ်မှာအသုံးကျမည်နည်း” ဟူ၍ စွဲစွဲမြဲမြဲ ယူဆထားကြပေလိမ့်မည်။ “ဘုရားသခင် သို့မဟုတ် ပရမတ္ထမ၏ အမည်နာမ သို့မဟုတ် အသွင်မပါသော ဘာဝနာသည် ဘာဝနာပင်မဟုတ်ပေ” ဟူ၍လည်း စောဒက တက်ကြပေလိမ့်မည်။

စိတ်ကို အမြစ်အရင်းကစ၍ ဖောက်ပြန်မှုများမှ လွတ်ကင်းအောင် လုပ်ခြင်းသည်သာလျှင် စိတ်ပိုင်းဆိုင်ရာ အလုပ်ဖြစ်၏ဟူသော အချက်ကိုလည်းကောင်း၊ စိတ်ကို ဖောက်ပြန်မှုများမှ လွတ်ကင်းအောင်လုပ်သည့် အလုပ်သည် မိမိအတွင်းသန္တာန်ရှိ ယထာဘူတ အမှန်တရားကိုမြင်သော အမြင်ပေါ်၌ အခြေခံမှသာလျှင် အကျိုးဖြစ်ထွန်း၏ဟူသော အချက်ကိုလည်းကောင်း မည်သည့်အခါမှ လက်ခံကြလိမ့်မည် မဟုတ်ပေ။

ယင်းအမှန်တရားကို ဘယ်သူမှ လက်ခံကြလိမ့်မည် မဟုတ်ပေ။ အကြောင်းမူကား ယင်းအမှန်တရားကို နားလည်သဘောပေါက်ခြင်း မရှိသောကြောင့် ဖြစ်လေသည်။ အကယ်၍ ပြောဖန်များသည်ဖြစ်၍ နားထောင်ရဖန်များသည်ဖြစ်၍ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် ထွက်သက်ဝင်သက် တစ်ခုတည်းနှင့် ပတ်သက်၍ အလုပ်လုပ်ရန် အသင့်ရှိမည်ဆိုပါကလည်း ယင်းအာနာပါနအလုပ်ကို ‘ပရာဏာယမ’ ဖြစ်သွားအောင် လုပ်ပေလိမ့်မည်။ ထွက်သက်ဝင်သက်ကို ထိန်းချုပ်သည့် အတုအယောင် လေ့ကျင့်ခန်းကိုသာ လုပ်ပေလိမ့်မည်။ ထွက်သက်ဝင်သက်ကို အရှိ အရှိအတိုင်း ရှုမြင် သုံးသပ်သည့်နည်းကို သဘောပေါက်လိမ့်မည် မဟုတ်ပေ။ ထိုသို့ ဖြစ်ပါက အဘယ်မှာ လက်ခံမည်နည်း။

ထွက်သက်ဝင်သက်အလုပ်ကို လုပ်စေပြီးနောက် ဝိပဿနာအတွက် ကိုယ်ခန္ဓာအပေါ်တွင် ပေါ်လာသောဝေဒနာများကို ကြားကျက္ခ ရှုမြင်ရန်

http://www.dhammadownload.com

ညွှန်ကြားပြီး၊ ယင်းဝေဒနာ၏ အနိစ္စသဘောတရားကို နားလည်အောင် လုပ်လျှင် ရာဂ ဒေါသမှ ကင်းလွတ်မှု ရရှိနိုင်လိမ့်မည်ဟု ပြောပြပါလျှင်လည်း "ကိုယ်ခန္ဓာကို ဘာကြည့်ဖို့လိုသနည်း။ ကိုယ်ခန္ဓာမှာ မြေကြီးသာဖြစ်၏။ ကျွန်ုပ်တို့ ကိုယ်ခန္ဓာကို အနိစ္စဖြစ်၏။ ခဏသာခံ၏။ ခဏမကြာ ပျက်စီးခြင်း သဘောရှိ၏ဟု ဆိုသည်မှာ ဘာဆန်းသနည်း။ ယင်းအချက်ကို ကျွန်ုပ်တို့ အစဉ်မပြတ် ယုံကြည်ယူဆလာခဲ့ကြသည်။ ယင်းသဘောကို ရှု၍ ဘာထူးမှာနည်း။ အတ္တမ သို့မဟုတ် ပရမတ္တမကို ရှုခိုင်းမှသာ အဓိပ္ပာယ်ရှိမည်။ ယင်းကဲ့သို့ ရှုမှသာ ဘဝ လွတ်မြောက်မှု ရရှိလိမ့်မည်။ ကိုယ်ခန္ဓာကိုရှု၍ ဘာရမှာနည်း" ဟု ပြောပြီး ဆန့်ကျင်ကန့်ကွက်ကြပေလိမ့်မည်။

အတ္တမနှင့် ပရမတ္တမသည် နိစ္စဖြစ်၏။ ဓုဝဖြစ်၏၊ သဿတဖြစ်၏။ ယင်းတို့ကို ရှုခြင်းသည် လွတ်မြောက်ရာ လွတ်မြောက်ကြောင်းဖြစ်၏။ ယင်းသို့ ထင်မှတ် ယူဆထားသူများသည် "အနိစ္စတရားကို ရှုခြင်းသည် ထိုတရားနှင့် ပတ်သက်၍ အစွဲကိုဖျောက်လျက် တွယ်တာကပ်ငြိမှု ကင်းစေရန် အတွက် ဖြစ်၏။ ရည်မှန်းချက်ပန်းတိုင်မှာမူ နိစ္စအထိ ရောက်အောင်သွားရန် ဖြစ်၏" ဟူသော အချက်ကို လက်ခံကြလိမ့်မည် မဟုတ်ပေ။

ထိုပုဂ္ဂိုလ်များသည် "နိစ္စအထိ ရောက်အောင်သွားမည်ဆိုလျှင် နိစ္စသဘောတရားကိုသာလျှင် ဘာကြောင့် မရှုရမှာနည်း။ အနိစ္စသဘောတရားကို ဘာကြောင့်ရှုရမှာနည်း။ ရှုတော့ အနိစ္စကိုရှုသည်။ ရောက်ချင်သည့်နေရာကတော့ နိစ္စဖြစ်၏။ ဘယ်လိုဖြစ်နိုင်မှာနည်း" ဟူ၍ အမှတ်မှားနေကြသည်။ ထိုပုဂ္ဂိုလ်များအား အနိစ္စကိုရှုပြီး အစွဲပြုတ်သွားပါက နိစ္စသူ့အလိုလို ရရှိလာလိမ့်မည်ဟူ၍ အကြိမ်ရာပေါင်းများစွာ ရှင်းလင်းပြောပြသော်လည်း ဘယ်မှာ သဘောပေါက်မည်နည်း။ ဘယ်မှာလက်ခံမည်နည်း။

တစ်ဖန် "ဗုဒ္ဓ၏ ဒေသနာသည် နေရာတကာ၌ ဒုက္ခအတိသာဖြစ်၏ ဟူ၍ ညွှန်ကြားပြောပြထားသည်။ ယင်းသို့ဖြစ်ပါမူ ဘဝသည် စိတ်ပျက်အားလျော့ဖွယ်အတိသာ ဖြစ်နေပေလိမ့်မည်။ ဘယ်လိုလုပ်နေထိုင်သွားမည်နည်း။ အမှန်က လူ့ဘဝ၌ ဒုက္ခနှင့်အတူ သုခသည်ရှိ၏။ဒုက္ခအတိသာဖြစ်၏ ဟူသောအချက်ကို ဘယ်လိုလုပ် လက်ခံ၍ ရမည်နည်း" ဟူ၍လည်း စောဒက တက်ကြပေလိမ့်မည်။ ယင်းအခြေအနေမျိုး၌ ထိုပုဂ္ဂိုလ်များအား အကြိမ်ရာပေါင်းများစွာ ရှင်းလင်းပြောပြရပေလိမ့်မည်။

http://www.dhammadownload.com

သင်တို့ သုခဟု ထင်မှတ်နေသော ကွန္ဒြိယသုခသည် အနိစ္စဖြစ်သော ကြောင့် ဒုက္ခ အတွင်းငုပ်နေသည်။ သုခစစ်သုခမှန်မှာမူ နိစ္စဖြစ်သော၊ သဿတဖြစ်သော၊ ကွန္ဒြေတို့မှအပဖြစ်သော နိဗ္ဗာန်နှင့်စပ်သည့် အခြေအနေ၌သာ ရှိသည်။ ယင်း သုခသည်သာလျှင် အမှန်တကယ် သုခဖြစ်သည်။ 'ပရမံ သုခံ' ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓ၏ ဒေသနာသည် သင်တို့၏ စိတ်နှလုံးတွင် စိတ်ပျက်အားလျော့ခြင်းကို မဖြစ်စေဘဲ မျှော်လင့် အားထား ချက်ကိုသာလျှင် ဖြစ်ပေါ်စေလိမ့်မည်။ အကြောင်းမူကား ဤလမ်းအတိုင်း လျှောက်သွားပါက ဒုက္ခနယ်မြေတစ်ခုလုံးကို ကျော်သွားပြီးလျှင် ထိုအမြတ် ဆုံး သုခ (ပရမံသုခံ)ဖြစ်သော နိဗ္ဗာန်သို့အထိ ရောက်သွားပေလိမ့်မည်။ ဗုဒ္ဓ၏ ဒေသနာတော်သည် မျှော်လင့်ချက် အပြည့်အဝ ရှိနေသည်။ စိတ်ပျက် အားလျော့စရာအချက် တစ်ကွက်မျှမရှိပေ။

သို့ရာတွင် ထိုပုဂ္ဂိုလ်တို့သည် ထိုအချက်ကို လက်ခံဖို့ရန် ဘယ်မှာ အဆင်သင့်ရှိမည်နည်း။ အကြောင်းမူကား ဤနိုင်ငံ၌ ဤဘဝတွင် နိဗ္ဗာန် အခြေအနေကို ကိုယ်တွေ့ကြုံနိုင်သည်ဟူသော အစဉ်အလာ အယူအဆ ပျောက်ကွယ်နေသောကြောင့်ဖြစ်သည်။ ဝိပဿနာဘာဝနာအလုပ်သည် တိမ်မြုပ်နေသောကြောင့်ဖြစ်သည်။

ထိုမှတစ်ပါး အချို့က "ဝိပဿနာသည် လောကီနယ်မှ ရှောင်ခွာသော လမ်းဖြစ်သည်။ ဘဝမှလွတ်မြောက်ရာ လွတ်မြောက်ကြောင်းလမ်းဖြစ်သည်။ ယင်းလမ်းပေါ်တွင် လျှောက်သွားရန်အတွက် အိမ်ယာကို စွန့်ခွာရပေလိမ့်မည်။ ထိုသို့လုပ်ရန်အတွက် ကျွန်ုပ်တို့ အဆင်သင့် မရှိသေး"ဟု ယုံမှားသံသယ ဖြစ်ကြပေလိမ့်မည်။

ထိုပုဂ္ဂိုလ်များအား အကြိမ်ရာပေါင်းများစွာ ရှင်းလင်းပြောပြဖို့ လိုပေလိမ့်မည်။ အိမ်ရာတည်ထောင် လူ့ဘောင်ကို စွန့်ခွာသည့်အတွက် ဝိပဿနာ ပွားများသည့်အလုပ်သည် လွယ်လင့်တကူ ဖြစ်သွားသည်မှာ အမှန်မုချဖြစ် သည်။ သို့ရာတွင် ယောဂီတိုင်းအတွက် အိမ်ရာတည်ထောင် လူ့ဘောင်က စွန့်ခွာသွားဖို့ရန် မလွယ်ပေ။ ထို့ကြောင့် အိမ်ရာတည်ထောင် လူ့ဘောင် အတွင်းမှာနေ၍လည်း ဝိပဿနာ၏ အကျိုးတရားကို ရအောင် ယူနိုင်ပေ သည်။

မြတ်စွာဘုရားလက်ထက်ကလည်း အိမ်ထောင်ရှင်ပေါင်း အရေ

http://www.dhammadownload.com

အတွက် များစွာတို့သည် ဤနည်းပညာ၏ အကျိုးတရားကို ရအောင် ယူခဲ့ကြသည်။ ထိုမှနောက်ပိုင်းတွင်လည်း ရာစုနှစ်ပေါင်းများစွာအထိ ဤနည်းပညာသည် နိုင်ငံရှိ ပြည်သူများအတွက် ကောင်းကျိုး ပြုလာခဲ့လေသည်။ သို့ရာတွင် ယင်း အချက်အလက်များနှင့် ပတ်သက်၍ စိုးစဉ်းမျှပင် မသိနားမလည်ကြသော ပုဂ္ဂိုလ်များကမူ ဝိပဿနာ နည်းပညာကို ဘယ်မှာလက်ခံကြမည်နည်း။ ထိုပုဂ္ဂိုလ်များသည် ဝိပဿနာနည်းကို အိမ်ရာတည်ထောင်လူ့ဘောင်က ခွာရှောင်သောနည်းလမ်း ဖြစ်၏ဟု ယူဆကြပြီးလျှင် ဝိပဿနာနည်းလမ်းမှ ဝေးရာသို့ ရှောင်ရှားနေခြင်းသာလျှင် ကောင်းမည်ဟူ၍ ထင်မှတ်ကြပေလိမ့်မည်။

ထို့ပြင် ပုဒ္ဓမြတ်စွာဘုရား၏ ဒေသနာအပေါ် ၌ နိတ္ထိကဝါဒ သို့မဟုတ် ဘုရားမဲ့ တရားမဲ့ဝါဒ ဟူ၍ ပြစ်တင်ဝေဖန်သည့် အချက်လည်းရှိသေးသည်။ စိတ်ကူးယဉ် အတ္တမနှင့် ပရမတ္တမကို လက်ခံခြင်းသည်သာလျှင် အတ္ထိကဝါဒ သို့မဟုတ် ဘုရားရှိ တရားရှိဝါဒဟု ထင်မြင်ယူဆနေသူများ အနေဖြင့် ကံနှင့်ကံ၏အကျိုးကို လက်ခံယုံကြည်ခြင်းသည်သာလျှင် အမှန်တကယ် အတ္ထိကဝါဒ သို့မဟုတ် ဘုရားရှိ တရားရှိဝါဒဖြစ်၏ ဟူသောအချက်ကို ဘယ်မှာ လက်ခံမည်နည်း။

စာရဿကကဲ့သို့ စားပါ၊ သောက်ပါ၊ ပျော်ပါ ပါးပါ၊ ကွန်လွန်ပြီးနောက် ဘဝကံ၏ ဘာအကျိုးမှမရှိ ဟူသော လောကာယတ အယူအဆကို ယုံကြည်လက်ခံခြင်းသည်သာလျှင် နတ္ထိကဝါဒ သို့မဟုတ် ဘုရားမဲ့ တရားမဲ့ ဝါဒဖြစ်သည်။ သို့ရာတွင် ယင်းအချက်ကို ဘယ်သူ လက်ခံလိုကြမည်နည်း။

ဣဿရနှင့် အတ္တမ၏ တည်ရှိမှုအား ယုံကြည်ခြင်းကိုသာလျှင် တရားဓမ္မဟု ယုံကြည်သူများအနေနှင့် အတ္တမနှင့် ပရမတ္တမ တည်ရှိမှုကို လက်မခံဘဲနှင့် မည်သည့်ပုဂ္ဂိုလ်မှ ရာဂကင်းကွာမှု၊ ကပ်ငြိတွယ်တာခြင်းကင်းမှု၊ ဘဝမှလွတ်မြောက်မှု မဖြစ်နိုင်ဟူ၍ ယုံကြည်သူများအနေနှင့် ယင်းကဲ့သို့သော ဒဿနိကဗေဒ အယူအဆ ချုပ်ကိုင်မှုတွင် ဖမ်းမိနေကြသူများအနေနှင့် စိတ်ကူးယဉ်မှုများမှ လွတ်မြောက်သော၊ စင်ကြယ်သော၊ သိပ်ပံနည်းကျသော ယင်းဘာဝနာနည်းကို ဘယ်မှာ လက်ခံကြမည်နည်း။

ဒဿနိကဗေဒယုံကြည်ယူဆချက်များကိုလည်းကောင်း၊ ဂိုဏ်းဂဏာဆိုင်ရာ ဘာသာတရားကိုလည်းကောင်း ဓမ္မဟု လက်ခံထားကြသူများသည်

http://www.dhammadownload.com

မိမိ ဘာသာတရား၊ သူတစ်ပါး ဘာသာတရား ဟူသော အရှုပ်အထွေးထဲတွင် ရောထွေးယှက်တင် ပါဝင်နေကြသည်ဖြစ်၍ ဓမ္မ၏ အားလုံးနှင့်သက်ဆိုင်သော အသွင်အပြင်ကို ဘယ်မှာ လက်ခံနိုင်ကြမည်နည်း။

ထို့ပြင် အကြီးကျယ်ဆုံး ဆန့်ကျင်မှုတစ်ခု ရှိသေးသည်။ "ပုဒ္ဓ၏ ဒေသနာတော်၌ ကောင်းသည့်အချက်များ ရှိသည်ဆိုလျှင် ရုံကရာကျာရယ်သို့သော ကျွန်ုပ်တို့၏ ဘိုးဘွားဘီဘင်များသည် ထိုဒေသနာကို ဤနိုင်ငံမှ အဘယ့်ကြောင့် ဖယ်ထုတ်ပစ်ကြမှာနည်း။ ထို ဒေသနာတော်၌ အမှန်တကယ်ပင် ချွတ်ယွင်းချက်ရှိသည်။ အပြစ်ရှိသည်။ထို့ကြောင့်သာလျှင် ထိုဒေသနာကို ဤနိုင်ငံက လက်မခံခဲ့ခြင်းဖြစ်သည်။ ယခုအချိန်၌လည်း ထိုဒေသနာကို လက်ခံသူများမှာ ဇာတ်နိမ့်များသာဖြစ်သည်။ အမှန်စင်စစ်မှာမူ ထိုဓမ္မသည် ဇာတ်နိမ့်တို့၏ ဓမ္မသာလျှင်ဖြစ်သည်။ ဇာတ်နိမ့်များမှလွဲ၍ လူ့အဖွဲ့အစည်းရှိ မည်သည့်အတန်းအလွှာကမှ ထိဓမ္မကို လက်မခံပေ။" ယင်းကဲ့သို့သော အခြေအတင် အငြင်းအခုံများကို ဆက်ကာ ဆက်ကာ ပြောကြပေလိမ့်မည်။

ကျွန်ုပ် ပြောပြသောစကားကို မည်သူနားထောင်မည်နည်း။ ကျွန်ုပ်သည် မြန်မာနိုင်ငံတွင်မွေးပြီး မြန်မာနိုင်ငံတွင် ကြီးပြင်းသော်လည်း အိန္ဒိယနွယ်ဖွားသာဖြစ်သည်။ အိန္ဒိယအရင်းခံရှိသော မြန်မာနိုင်ငံသားဖြစ်သည်။ ထို့ကြောင့် အိန္ဒိယလူမျိုးတို့၏ စိတ်နေသဘောထားကို ကောင်းစွာ နားလည်သည်။ အိန္ဒိယ ရောက်သွားသည့်အခါ ယင်းကဲ့သို့သော ပြဿနာများ ပေါ်လာလိမ့်မည်ဟူ၍ တွက်ထားပြီးသား ဖြစ်သည်။

ဝိပဿနာ အတွေ့အကြုံမရှိစဉ်က မိမိလည်း ယင်းပြဿနာများထဲက ပြဿနာအတော်များများနှင့် လုံးထွေးရစ်ပတ်ဖြစ်ခဲ့ရသည်။ မှန်ကန်သော ဝိပဿနာ အတွေ့အကြုံကသာလျှင် ကျွန်ုပ်အား ယင်းအရှုပ်အထွေးများမှ လွတ်မြောက်သွားအောင် လုပ်ပေးသည်။ သို့ရာတွင် ကိုယ်တိုင်မှန်ကန်သော အတွေ့အကြုံမရှိသူ တစ်ယောက်အဖို့ ဘယ်လိုလုပ်နားလည်သဘောပေါက်မည်နည်း။

အခြားကြီးကျယ်သည့် အခက်အခဲတစ်ခုလည်း ရှိသေးသည်။ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်အနေနှင့် ဆန့်ကျင်မှုဟူသမျှကို လျစ်လျူရှုပြီး အိန္ဒိယနိုင်ငံ၏ ယင်း ရှေးဟောင်းနည်းပညာကို စမ်းသပ်ကြည့်လိုသည်ဆို

http://www.dhammadownload.com

လျှင်လည်း ဆယ်ရက်တိတိ အိမ်ယာကိုခွဲခွာလျက်၊ လုပ်ငန်းဆောင်တာများကို ရပ်ထားလျက် ကျွန်ုပ်နှင့်အတူ လာရောက်နေထိုင်ဖို့ရန် ဘယ်မှာအဆင်သင့် ဖြစ်မည်နည်း။ ထိုအချက်ကို ဘယ်သူလက်ခံမည်နည်း။

တခြားဘာဝနာ သို့မဟုတ် ယောဂနည်းများကို ဤနိုင်ငံ၌ ပြုလုပ်ကြသည့်အခါတွင်လည်း အချိန်အတန်ကြာမျှ ဂါထာမန္တန်တစ်ခုခုကို အာရုံပြုနည်း သင်ကြားလေ့လာခြင်း၊ သို့မဟုတ်ကလည်း ယောဂသျှတ္တရကျမ်းအရ 'ပရာဏာယမ'ခေါ်သည့် ထွက်သက်ဝင်သက်ကို ထိန်းချုပ်ခြင်း၊ သို့မဟုတ်ကလည်း လမ်းညွှန်ပြုလုပ်သူ၏ တရားကိုနာခြင်းများကိုပြုလုပ်၍ ကိုယ့်အိမ်ကိုယ်ပြန်ကြလေသည်။ မိမိတို့အိမ်၌ အချိန်အတန်ကြာမျှ အလေ့အကျင့်လုပ်ကြသည်။ ဘယ်လောက် လွယ်သနည်း။ ဘယ်လောက် အရိုးခံဖြစ်သနည်း။

ဤနေရာ ဤစခန်း၌မူ ဆယ်ရက်တိတိ မိမိအိမ်ယာမျှကိုသာမက တစ်ကမ္ဘာလုံးနှင့် အဆက်ဖြတ်ထားရပေလိမ့်မည်။ စာပေးစာယူလည်း မလုပ်ရပေ။ သတင်းစာလည်း မဖတ်ရပေ။ ရေဒီယိုလည်း နားမထောင်ရပေ။ ရုပ်မြင်သံကြားလည်း မကြည့်ရပေ။ ယင်း စည်းကမ်းချက်များကို မည်သူ လက်ခံနိုင်မည်နည်း။

လက်မခံခြင်း၏ အခြားအကြောင်းတစ်ခုလည်း ရှိသေးသည်။ ကျွန်ုပ်သည် ရသေ့ရဟန်းလည်း မဟုတ်ပေ။ အံ့ဖွယ်တန်ခိုးကျွဲဒိပါဒ် ပြနိုင်သောနာမည်ကျော် ဆရာဂုရုလည်း မဟုတ်ပေ။ ကျွန်ုပ်ကဲ့သို့ မထင်မရှား သာမန်လူပုဂ္ဂိုလ်တစ်ဦးထံ၌ ဘဝ၏အဖိုးတန်သော ၁၀-ရက် အချိန်ကာလ ကုန်ဆုံးကျော်လွန်သွားရန် အဆိုပြုချက်ကို ဘယ်သူလက်ခံနိုင်မှာနည်း။

လက်ခံနိုင်သည်ထားဦး။ နေရေးထိုင်ရေး၊ စားရေးသောက်ရေးအတွက် မည်သို့စီစဉ်မည်နည်း။ ၁၀-ရက်မျှသော အချိန်ကာလအတွက် ယောဂီယောက်ျား၊ ယောဂီမိန်းမ အားလုံးအတွက် လိုအပ်သော နေစရာနေရာ၊ စားစရာ သောက်စရာ၊ ထမင်းဟင်းချက်ပြုတ်စရာ လိုအပ်သော ပန်းကန်ခွက်ယောက်နှင့် အိုးခွက်၊ အိပ်ရာထိုင်ခင်း၊ ခြုံစရာစောင်၊ အခိုင်းအစေစသည်များကို ဘယ်သူ စီမံ ဖန်တီးမည်နည်း။ ထိုကဲ့သို့ စီမံဖန်တီးသူမျိုး ဘယ်မှာ ရမည်နည်း။

ထို့ပြင် တရားစခန်းဖွင့်ရန်အတွက် အစပထမတွင် လိုအပ်သော

http://www.dhammadownload.com

ငွေကြေးလည်း ပြည့်စုံရမည်။ ထိုငွေကြေးကို ဘယ်ကရရှိမည်နည်း။ မိမိနှင့် ရင်းနှီးသော အိန္ဒိယလူမျိုးအားလုံးမှာလည်း တစ်လမ်းနှင့် တစ်လမ်း မတူသော ခရီးကို သွားနေကြသော ခရီးသည်များ ဖြစ်ကြသည်။ ထို ပုဂ္ဂိုလ်များထံမှ ဘယ်လို မျှော်လင့်ချက်ထား၍ ရမှာနည်း။ ထိုပုဂ္ဂိုလ်များမှတစ်ပါး လူဦးရေကုဋေများစွာရှိသော ဤနိုင်ငံတွင် တခြားဘယ်သူကများ ကျွန်ုပ်ကို သိမှာနည်း။ ဘယ်သူက ကျွန်ုပ်ကို အကူအညီ ပေးမှာနည်း။

မှန်သော သို့မဟုတ် မှားသော ထိုပြဿနာ အနှီပြဿနာများသည် စိတ်နှလုံးကို အလုပ်ပေးနေသည်။ တစ်ဖက်ကလည်း ဗောဓိသတ္တပေါင်းများစွာနှင့် ဗုဒ္ဓပေါင်းများစွာ ပွင့်ထွန်းခဲ့သော၊ ဇနနှင့် အရဟန္တ ရဟန္တာပေါင်းများစွာ ပေါ်ထွန်းခဲ့သော၊ ရသေ့နှင့် မုနိတပသီပေါင်းများစွာ ပေါ်ထွန်းခဲ့သော၊ သူတော်စင်နှင့် သပ္ပုရိသပေါင်းများစွာ ပေါ်ထွန်းခဲ့သော၊ စင်ကြယ်မြင့်မြတ်သော ဓမ္မ ဘယ်နှစ်ကြိမ်ပေါ်ပြီး လောကကောင်းကျိုးကို ဆောင်လျက် ကမ္ဘာလောကတွင် ဘယ်လောက် ပြန့်ပွားသွားမှန်းမသိသော အလွန်တရာ မြင့်မြတ်သည့် ထိုဓမ္မဘူမိ တရားနယ်မြေကို သတိတရ ဖြစ်လာခြင်းသည် စိတ်နှလုံးတွင် ပိတိပြည့်လျှမ်းစေခဲ့သည်။

ထို ရှေးဟောင်းဗုဒ္ဓနယ်မြေ၏ ဆွဲဆောင်မှုအပြည့်ရှိသော ခေါ်သံသည် ဓမ္မဒူတ ဓမ္မတမန်၏ စာရိကာအတွက်၊ ဓမ္မဒူတ၏ ခရီးအတွက် စိတ်နှလုံးထဲတွင် ဓမ္မစိတ်ဓာတ် နှိုးကြားစေခဲ့သည်။ 'စရထ ဘိက္ခဝေ စာရိကံ' ဟူသည့် မဂ်လာရှိသော နှစ်လိုဖွယ် ကြွေးကြော်သံသည် တစ်ကိုယ်လုံးတွင် ပိတိသောမနဿ ဓမ္မလှိုင်းများကို နှိုးကြားထကြွစေခဲ့သည်။ ဝိပဿနာဆိတ်သုဉ်းနေသော အိန္ဒိယနိုင်ငံတွင် ဓမ္မဂဂ်ါ တစ်ဖန်ပြန်လည် စီးဆင်းတော့မည်။ ဝိပဿနာသည် အိမ်တကာသို့ ချမ်းမြေ့ခြင်းနှင့် ငြိမ်းချမ်းခြင်းကို ရောက်အောင် ပို့ပေးတော့မည်။

ယင်းကဲ့သို့ စဉ်းစား စိတ်ကူးရုံမျှသည် စိတ်နှလုံးတွင် ပိတိလှိုင်းထစေလေသည်။ သို့ရာတွင် တစ်ဖက်ကလည်း အထက်ဖော်ပြပါ ပြဿနာများသည် လုံ့လဥဿာဟဟူသမျှနှင့် တက်ကြွမှုမှန်သမျှတို့ ဗလောင်ဆူနေခြင်းများအား ရေပက်ဖြန်းပြီး အေးသွားအောင် လုပ်လိုက်လေသည်။

ကျွန်ုပ်၏ ယင်းစိတ်အခြေအနေကို ပူဇော်အပ် ပူဇော်ထိုက်သော ဆရာကြီးက ရိပ်မိသွားလေသည်။ ထိုအခါ အလွန်တရာ ချစ်ခင်ကြင်နာပြီး

http://www.dhammadownload.com

အားပေးမှု အပြည့်ရှိသော စကားလုံးများဖြင့် ပြောပြလေသည်။ "ငါ့တပည့် ဘာမှ စိတ်မပူနှင့်။ အိန္ဒိယကို တပည့်သွားတယ်လို့ မမှတ်ပါနှင့်။ ဆရာ့ကိုယ်စား တပည့်သွားတယ်လို့ပဲ မှတ်ပါ။ ဓမ္မကိုယ်တိုင် အိန္ဒိယကို သွားလိမ့်မယ်။ ဓမ္မကိုယ်တိုင် သူ့အလုပ်ကိုလုပ်လိမ့်မယ်။ ဓမ္မကို ဘယ်သူ တားမြစ်ပိတ်ပင်လို့ ရမှာလဲ။ ယခုအခါမှာ ဓမ္မပြန်လည်နိုးကြားချိန် ရောက်လာပြီ။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀-အလွန်က အိန္ဒိယနိုင်ငံမှာ ဝိပဿနာကို အကြောင်းပြုလျက် စင်ကြယ်သောဓမ္မ ပေါ်ပေါက်လာပြီးလျှင် လောကကောင်းကျိုးအတွက် ဖြစ်ခဲ့သလိုပဲ ယခု ဒုတိယဗုဒ္ဓသာသနာ အစပြုတော့မယ်။ ဓမ္မ၏ ဒုတိယအလှည့် အစပြုတော့မယ်။ အဲဒီဓမ္မ၏ ဒုတိယအပိုင်းဟာ အိန္ဒိယမှာ ဝိပဿနာကို အကြောင်းပြုပြီးတော့ အစပြုလိမ့်မယ်။

"ယခု အချိန်ရောက်လာပြီ။ ဝိပဿနာစည်ကြီးမြည်လာပြီ။ ဘယ်သူမှ တားမြစ်ပိတ်ပင်လို့မရဘူး။ ဓမ္မ သူ့အလုပ် သူ့ဟာသူ လုပ်လိမ့်မယ်။ ငါ့တပည့်က ကြားလူအဖြစ်မျိုးသာ လုပ်ရလိမ့်မယ်။ ပါရမီအလွန်ထူးတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက်ကြောင့်သာ ငါ့တပည့် ကြားလူအဖြစ် လုပ်နိုင်ခွင့်ရရှိခြင်းဖြစ်တယ်။ မိမိ၏ ပါရမီထူးကို ပိုပြီးခိုင်မြအောင် လုပ်နိုင်ခွင့် ရရှိခြင်းဖြစ်တယ်။ ငါ့တပည့်သွားပါ။ စိတ်ချလက်ချသာ သွားပါ။ ဓမ္မ သူ့အလုပ်သူ လုပ်လိမ့်မယ်"

ယင်းကဲ့သို့သော စကားလုံးများဖြင့် ဆရာကြီးသည် ချစ်ခင်မှု အပြည့်အဝဖြင့် အားပေးအားမြှောက်ပြုလေသည်။ သူ၏ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော စကားသည် မိမိအတွက် စားမြိန်စာထုပ်ဖြစ်လေသည်။ အပိုင်းအခြားမရှိသော လုံ့လဥဿာဟဖြင့် အိန္ဒိယသို့လာခဲ့လေသည်။

အိန္ဒိယရောက်လာသောအခါ အမှန်တကယ်ပင် ဆရာကြီး အမိန့်ရှိသည့်အတိုင်းပင် ဖြစ်နေလေသည်။ ဓမ္မသည် သူ့အလုပ်ကို သူကိုယ်တိုင်လုပ်လေသည်။ အိန္ဒိယနိုင်ငံရောက်လာပြီးနောက် တစ်လမျှပင်မကြာခင် ဘုံဘောမြို့၌ ပထမဦးဆုံး တရားစခန်းကို ဖွင့်နိုင်လေသည်။ ထို့နောက် ၁၁-ရက်အကြာတွင် မဒရပ်မြို့၌ ဒုတိယ တရားစခန်းကို ဖွင့်လေသည်။ ထိုအချိန်မှစ၍ တရားစခန်းများသည် ဆက်တိုက်ဖြစ်လာခဲ့လေသည်။ တရားစခန်းတစ်ခုပြီးတစ်ခု ဖွင့်နိုင်လာခဲ့လေသည်။ ဓမ္မစကြာ လည်လာခဲ့သည်။ ယခုလည်း လည်နေလေသည်။ နောင်ကိုလည်း ကြာမြင့်စွာသော အချိန်ကာလ

http://www.dhammadownload.com

အထိ လည်နေပေလိမ့်မည်သာဖြစ်သည်။

အမှန်တကယ်ပင် ဓမ္မသည် သူ့အလုပ်ကို သူကိုယ်တိုင်လုပ်သည်။ လူပုဂ္ဂိုလ်မှာမူ ကြားလူအဖြစ်လောက်သာ ရှိသည်။ မြန်မာနိုင်ငံမှထွက်လာစဉ်က စိတ်နှလုံးထဲတွင် ပုစ္ဆာသင်္ကေတတွေ ဘယ်လောက် ဖြစ်ပေါ်လာခဲ့သနည်း။ စိတ်နှလုံးထဲတွင် အမျိုးအစားများပြားသည့် ယုံမှားသံသယအပြည့်ရှိသော လေမုန်တိုင်း ဘယ်လောက်ထခဲ့သနည်း။

အိန္ဒိယရောက်လာသောအခါ အနှောင့်အယှက်အခက်အခဲများ မပေါ်လာဘဲမနေပေ။ ထိုအနှောင့်အယှက်အခက်အခဲများကို မေတ္တာရှေ့ထားပြီး ဇွဲရှိရှိနှင့် ရင်ဆိုင်ခဲ့လေသည်။ အခက်အခဲမှန်သမျှ သူ့အလိုလိုပင် အလွယ်တကူ ပပျောက်သွားလေသည်။ ဓမ္မက အကူအညီပေးလာခဲ့လေသည်။ ခြေလှမ်းတိုင်းခြေလှမ်းတိုင်း၌ ဓမ္မ၏အကူအညီရှိလာသည်ကို သိမြင်လာရလေသည်။

၁၀-ရက်စခန်းဖွင့်ရန်အတွက် နေရာအခက်အခဲ ရှိလိမ့်မည်ဟူ၍ စိုးရိမ်ကြောင့်ကြခြင်း ဖြစ်မိသော်လည်း ထိုပြဿနာလည်း ပြေလည်သွားသည်ကို တွေ့ရသည်။ တချို့နေရာ၌ ဓမ္မသာလာများကိုရပြီး တချို့နေရာ၌ အများနှင့်ဆိုင်သော တခြားနေရာတစ်ခုခုကိုရသည်။ တချို့နေရာ၌ကျောင်းအဆောက်အဦကို ရပြီး တချို့နေရာ၌ ကောလိပ်၊ တက္ကသိုလ်၊ သုတေသနဌာနများမှ ကျောင်းသားဆောင်များကို ရသည်။ တချို့နေရာ၌ စာကြည့်တိုက်အဆောက်အဦးကိုရပြီး တချို့နေရာ၌ စတေဒီယမ် အဆောင်ကို ရသည်။

တချို့နေရာ၌ ကြီးကျယ်ခမ်းနားသော ဘုရင့်နန်းတော်ကို ရပြီး၊ တချို့နေရာ၌ ရှေးဟောင်းအဆောက်အဦကိုရသည်။ တချို့နေရာ၌ ဂန္ဓီတို့လို ဝိနောဗာတို့လို သူတော်စင် ပုဂ္ဂိုလ်များ၏ သခ်ိမ်းကျောင်းများကို ရပြီး၊ တချို့နေရာများ၌ ဘုရားဖူးဌာနများမှ နေရာအဆောက်အဦများကိုရသည်။ တချို့နေရာများ၌ စက်မှုလုပ်ငန်းတစ်ခုခု၏ နေရာကိုရပြီး၊ တချို့နေရာ၌ သူဌေးသူကြွယ်တစ်ဦးဦး၏ ခမ်းနားသောစံအိမ်ကိုလည်းကောင်း၊ လဟာပြင်ထဲတွင် ထိုးထားသော ယာယီတဲကိုလည်းကောင်း ရသည်။ တချို့နေရာ၌ ဟိုတယ်များကိုရပြီး၊ တချို့နေရာ၌ ဆိုနိုတိုရီယမ် တစ်ခုခုကိုရလျက် တစ်ချို့နေရာ၌ ဆေးကုဆောင်တစ်ခုခုကို ရသည်။

တချို့နေရာ၌ လူငယ်အဆောင်ကိုရပြီး၊ တချို့နေရာ၌ ဟိုလီဒေးကင့်

http://www.dhammadownload.com

သို့မဟုတ် စကောက်ကင့်ကိုရသည်။ တချို့နေရာ၌ ပုလိပ်အကယ်ဒမီ ကင်းပတ်ကိုရပြီး၊ တချို့နေရာ၌ အကျဉ်းထောင် အဆောက်အဦများကို ရသည်။ တချို့နေရာများ၌ ဟိန္ဒူဘုရားကျောင်းကိုလည်းကောင်း၊ ဗုဒ္ဓဘာသာကျောင်းများကို လည်းကောင်း၊ ခရစ်ယာန် ဘုရားရှိခိုးကျောင်းကို လည်းကောင်း၊ အစ္စလာမ်ဘာသာ ဗလီကိုလည်းကောင်း ရသည်။

စင်ကြယ်သောဓမ္မကို ကြုံဆိုရန်အတွက် သော့ဂလောက်မှန်သမျှ ကျိုးသွားသကဲ့သို့လည်းကောင်း၊ တံခါးမှန်သမျှ ပွင့်သွားသကဲ့သို့လည်းကောင်း ထင်ရလေသည်။ အမှန်တကယ်ပင် ဓမ္မသည် အလွန်တရာ ကြီးကျယ်မြင့်မြတ် လှပေသည်။ အလွန်တရာ အားကောင်းလှပေသည်။ ဓမ္မသည် ဘုန်းကံရှိလှ ပေစွတကား။ ဓမ္မ၏ ဓမ္မသဘောသည် ဘုန်းကံရှိလှပေစွတကား။

ဤကျယ်ပြန့်ကြီးမားသောနိုင်ငံ၌ ကျွန်ုပ်ကဲ့သို့ မထင်မရှား ပုဂ္ဂိုလ်တစ်ဦးအား ဘယ်သူအကူအညီပေးမည်နည်း ဟူသောယုံမှားသံသယသည် အခြေအမြစ်မရှိဟူ၍ ပေါ်လွင်ထင်ရှားသွားလေသည်။ ဓမ္မထက်ပို၍ မည်သူအကူအညီ ပေးနိုင်ဦးမည်နည်း။ စင်စစ်မိမိတွင် လက်နှစ်ဖက်သာ ရှိသည်။ ဓမ္မတွင်မူ လက်ထောင်ပေါင်းများစွာ ရှိသည်။ ဓမ္မအတွက် ဆောင်ရွက်ရာ၌ ယင်းထောင်ပေါင်းများစွာသော လက်တို့သည် လက်ကမ်းရန်အတွက် ရှေ့တန်းထွက်လာကြသည်။

သူတို့ကိုယ်တိုင် တန်ခြေမန်ခြေယောဂအလုပ်၌ အာရုံစိုက်နေကြသော်လည်း မိမိနှင့်ရင်းနှီးသည့် ဤအိန္ဒိယလူမျိုးများသည် ဝိပဿနာပြန့်ပွားရေးအလုပ်၌ ကူညီပံ့ပိုးသူ ဖြစ်လာကြပြီးလျှင် ဤ မြင့်မြတ်ကြီးကျယ်သော ဓမ္မလုပ်ငန်း၌ အကူအညီပေးကြလျက် အပိုင်းအခြားမရှိသော ကုသိုလ်ကောင်းမှုကို မျှဝေရရှိသူများ ဖြစ်လာကြသည်။

ထို့ပြင် တခြား တစိမ်းပုဂ္ဂိုလ်များလည်း ထောင်နှင့်ချီ၍ ပါဝင်ပတ်သက်လာကြသည်။ ထိုပုဂ္ဂိုလ်များကိုလည်း တစိမ်းဟု ဘယ်မှာပြော၍ ရမည်နည်း။ ဘယ်နှစ်ဘဝကစပြီး ဓမ္မလမ်းကြောင်းပေါ်၌ အတူလက်တွဲလျှောက်လာခဲ့ကြသည် မသိပေ။ ဘယ်နှစ်ဘဝကစပြီး အတူတကွ ပါရမီဖြည့်ဖော်ဖြည့်ဖက် ဖြစ်လာခဲ့ကြသည် မသိပေ။

ထိုပုဂ္ဂိုလ်အားလုံး၏ အကူအညီသည် ဓမ္မ၏အကူအညီသာလျှင်

http://www.dhammadownload.com

ဖြစ်ပေသည်။ ထိုပုဂ္ဂိုလ်တို့၏ လက်သည် ဓမ္မ၏လက်သာလျှင် ဖြစ်ပေသည်။ အမှန်တကယ်ပင် ကျွန်ုပ်တွင် လက်နှစ်ဖက်သာ ရှိသည်။ ဓမ္မတွင်မူ လက်ထောင်ပေါင်းများစွာရှိသည်။ အမှန်တကယ်ပင် ဓမ္မသည် အလွန်တရာ ကြီးကျယ်မြင့်မြတ်လှပေသည်။ အလွန်တရာ ခွန်အားရှိလှပေသည်။ ဓမ္မသည် ဘုန်းကံရှိလှပေစွ တကား။ ဓမ္မ၏ ဓမ္မသဘောသည် ဘုန်းကံရှိလှပေစွတကား။

ယခုအခါတွင် အလုပ်များစွာ လုပ်ရတော့မည်။ လုပ်စရာအလုပ်တွေ အမြောက်အများ ရှိသည်။ သို့ရာတွင် ဤနှစ် ၂၀-အတွင်း ပြုလုပ်ခဲ့သမျှသည် ဝိပဿနာ တိုးတက်ထွန်းကားရေး၏ အနာဂတ်အရှိန်အဟုန် မြင့်ရေးကို ညွှန်ပြနေပေသည်။ လွန်ခဲ့သည့် ၁၃-နှစ် အတောအတွင်း၌ အိန္ဒိယ၊ နီပေါ၊ အင်္ဂလန်၊ ပြင်သစ်၊ အမေရိက၊ ဂျပန်၊ ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံတို့၌ ဝိပဿနာရိပ်သာ ၁၄-ခု ဖွင့်လှစ်ခဲ့ပြီး ယခုလည်း ဖွင့်ဆဲဖြစ်သည်။

ယင်းရိပ်သာများ၌ ကိုယ်ကျိုးမပါဘဲ အကျိုးပြုဆောင်ရွက်နေကြသော ရင့်ကျက်ပြီးသား ယောဂီပေါင်းများစွာတို့သည် စိတ်ရောကိုယ်ပါ အကျိုးပြုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြသည်။ ယင်းတို့အထဲက ၁၀၀-မျှသော အမျိုးသား၊ နှင့် အမျိုးသမီးတို့သည် လက်ထောက်ဝိပဿနာပြဆရာဆရာမအဖြစ် တာဝန် ထမ်းဆောင်နေကြသည်။ ထို ပုဂ္ဂိုလ်များသည် ထောက်ပံ့ကြေး မရရှိကြပေ။ ဤအလုပ်သည် သူတို့အတွက် စီးပွားရှာသည့် အလုပ် မဟုတ်ပေ။ လူတိုင်းလူတိုင်းသည် မိမိတို့၏ ကိုယ်ပိုင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ရှိကြသည်။ ထိုပုဂ္ဂိုလ်များသည် ဓမ္မအကျိုးပြုလုပ်ငန်းကို တစ်စုံတစ်ခု စီးပွားဖြစ်လိုသည့် မျှော်လင့်ချက်ဖြင့် မဟုတ်ဘဲ မိမိတို့အတွက် အကျိုးရှိသော ဤနည်းပညာဖြင့် ဒုက္ခတွင်းနစ်နေကြသော တခြား လူများအား လည်း အကျိုးဖြစ်ထွန်းစေလိုသည့်အတွက် ပြုလုပ်ဆောင်ရွက်နေကြခြင်း ဖြစ်သည်။

ဝိပဿနာနည်းအရ လူအပေါင်းတို့၏ ဒုက္ခလျော့ပါးသွားသည်ကို တွေ့ရလျှင် အလွန်တရာ ကျေနပ်အားရခြင်း ဖြစ်ကြလေသည်။အလွန်တရာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလေသည်။ ယင်းစိတ်ထား၏ အားပေးလှုံ့ဆော်မှုဖြင့် အလုပ်လုပ်နေကြခြင်းဖြစ်သည်။ မိမိတို့၏ ပါရမီကို တိုးပွားအောင် လုပ်နေကြခြင်း ဖြစ်လေသည်။ ကိုယ်ကျိုးမကြည့်သော ယင်း ဓမ္မ အကျိုးပြု

http://www.dhammadownload.com

အမျိုးသား အမျိုးသမီးများသည် ကုသိုလ်ကံ ထူးချွန်လှပေစွတကား။ ကိုယ်ကျိုးမဖက်သော ယင်း ဓမ္မဆရာ ဆရာမများသည် ကုသိုလ်ကံ ထူးချွန်လှပေစွတကား။ ဓမ္မသည် ဘုန်းကံရှိပေစွတကား။ ဓမ္မ၏ ဓမ္မသဘောသည် ဘုန်းကံရှိပေစွတကား။

အခြား စိတ်ပူစရာ အကြောင်းတစ်ခု ရှိသေးသည်။ ဤမျှ တင်းကြပ်သော စည်းကမ်းထားသည့် တရားစခန်းတို့၌ ဘယ်သူ လာရောက် တရားထိုင်ကြမည်နည်း။ ၁၀-ရက်မျှသော အချိန်ကာလအတွက်မျှပင် ဘယ်သူ မိမိတို့၏ လုပ်ငန်းဆောင်တာများကို မျက်ကွယ်ပြုထားနိုင်ကြမည်နည်း။ မိမိတို့၏ ကိုယ်ပိုင်တရားအကျင့် ကျင့်ခြင်းများကို ရပ်စဲထားနိုင်ကြမည်နည်း။ သို့သော်လည်း ဓမ္မအင်အားသည် ယင်း ယုံမှားသံသယကိုလည်း အခြေအမြစ် မရှိကြောင်း သက်သေထူပြလိုက်လေသည်။ အစုလိုက် အပြုံလိုက် လူတွေ ရောက်လာကြသည်။

ပူဇော်အပ် ပူဇော်ထိုက်သော ဆရာကြီးက အကြိမ်များစွာ ဤသို့ ပြောပြလေ့ရှိသည်။ "နှစ် ၂၅၀၀-ကျော်လွန်လာခဲ့ပြီးနောက် ယခုအချိန်သည် ဓမ္မ၏ ဒုတိယအလှည့်ဖြစ်သည်။ ဓမ္မသည် အိန္ဒိယနိုင်ငံ၌ စတင်လိမ့်မည်။ ဝိပဿနာဘာဝနာဖြင့် စလိမ့်မည်။ တစ်ကမ္ဘာလုံးတွင် ပြန့်ပွားသွားလိမ့်မည်။ ဝိပဿနာ အခြေခံအရသာ ပြန့်ပွားသွားလိမ့်မည်။ ထို့ကြောင့် ယခုအချိန်တွင် အိန္ဒိယနိုင်ငံ၌လည်းကောင်း၊ ကမ္ဘာ့နိုင်ငံများ၌လည်းကောင်း ဝိပဿနာ မျိုးစေ့ဗီဇကို ရယူရန် အဆင်သင့်ဖြစ်နေကြသော ပါရမီရှင် ပုဂ္ဂိုလ်အများ အပြား ပေါ်ပေါက်လာကြလေသည်။ ယင်းလုပ်ငန်း၌ ပါဝင်ကူညီလျက် ဘဝ ဘဝပေါင်းများစွာက ဖြည့်ဆည်းလာခဲ့ကြသော ပါရမီတို့ကို သည်ထက်သည် တိုးပွားများပြားစေရန် အလို့ငှာ သည်ထက်သည် အားကောင်းလာစေရန် အလို့ငှာ အဆင်သင့်ဖြစ်နေကြသော ပါရမီရှင် ပုဂ္ဂိုလ်များ အများအပြား ပေါ်ထွက်လာကြလေသည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်များသည် သူ့အလိုလိုပင် စုစည်းလာကြပေလိမ့်မည်။"

အမှန်ပင် စုစည်းလာကြသည်။ စုစည်းလာနေကြသည်။ အတန်းစား အသီးသီးမှ အလွှာအသီးသီးမှ ဂိုဏ်းဂဏအသီးသီးမှ အမျိုးဇာတ်အသီးသီးမှ နိုင်ငံအသီးသီးမှ ရေမွတ်သိပ်နေကြသော လူတို့သည် မိမိတို့၏ ရေမွတ်သိပ်မှု ပြေပျောက်ရန်အတွက် ဓမ္မဂင်္ဂါ၏ကမ်းပါး၌ သူ့အလိုလို စုစည်း

http://www.dhammadownload.com

ရောက်ရှိလာကြသည်။ လူအများအား မိမိတို့ထံ ဆွဲဆောင်သော လုပ်ငန်းရှင်တို့ လုပ်တတ်သည့် ဝါဒဖြန့်မှုမျိုးလည်းမရှိပေ။ နိုင်ငံရေးမျှော်လင့်ချက်ပေးခြင်းမျိုးလည်း မရှိပေ။ "မိမိတို့၏ ဘာသာတရားသည် အန္တရာယ်နှင့် ရင်ဆိုင်နေရသည်"ဟူ၍ လွဲမှားသော စိတ်လိုက်မာန်ပါမှုမျိုးကို နှိုးကြားတက်ကြွစေ သော ကြွေးကြော်သံမျိုးလည်း မရှိပေ။ ဆရာကြီးသမားကြီးများ၏ ပဉ္စလက် သို့မဟုတ် တန်ခိုးပြခြင်းမျိုးလည်း မရှိပေ။

သို့သော်လည်း လူပေါင်းများစွာတို့သည် စုရုံးရောက်ရှိလာနေကြသည်။ လူအမျိုးမျိုး စုရုံးရောက်ရှိလာနေကြသည်။ မြို့ကြီးပြကြီးရှိ အိမ်ကြီးရခိုင်များတွင် စည်းစိမ်နှင့် နေကြသော်လည်း စိတ်နှလုံး မချမ်းမမြေ့ ဖြစ်နေကြသူများသည် လည်းကောင်း၊ တဲပုတ် တဲစုတ်နှင့် လမ်းများကို မိမိတို့၏ အိပ်ရာနေရာ လုပ်နေကြသော ဆင်းရဲနွမ်းပါးသည့်အတွက် စိတ်နှလုံး မချမ်းမမြေ့ ဖြစ်နေကြသူများသည်လည်းကောင်း၊ ကျောင်းဆရာ, ကထိက, ပါမောက္ခ, ဘာသာရေးတရားပြဆရာ, ဆရာဝန်, အင်ဂျင်နီယာ, ရှေ့နေဝတ်လုံ, ကဗျာဆရာ, စာရေးဆရာစသော အသိပညာရှင် အတတ်ပညာရှင် အမည်ခံ မြို့သူမြို့သားများသည် လည်းကောင်း၊ စာမတတ် ပေမတတ် ကျေးတောသူ ကျေးတောသားများသည်လည်းကောင်း၊ လွဲမှားသော မာန်မာန ဖိစီးနှိပ်စက်ခြင်း ခံနေရသော ဇာတ်ကြီးသမားများနှင့် စိတ်အားငယ်နေကြသော အဖိနှိပ်ခံ ဇာတ်နိမ့်သမားများသည်လည်းကောင်း လူအမျိုးမျိုး ပုဂ္ဂိုလ်အမျိုးမျိုးတို့သည် စုရုံးရောက်ရှိလာနေကြသည်။ အရေအတွက်များစွာ စုရုံး ရောက်ရှိလာနေကြသည်။

ထိုပုဂ္ဂိုလ်အားလုံးအား မိမိထံ ဆွဲဆောင်ခေါ်ငင်နေသောဓမ္မ၏ အံ့ဖွယ်စွမ်းရည်တန်ခိုးကား မည်သည့်အရာဖြစ်သနည်း။ လောဘ၊ ဒေါသ၊ မာန၊ ဘယ၊ တဏှာတို့ဖြင့် ဖိစီးနှိပ်စက်ခြင်းခံနေရသော ပုဂ္ဂိုလ်အနေနှင့် မိမိ၏ဖောက်ပြန်မှုများမှလည်းကောင်း၊ ထိုဖောက်ပြန်မှုများကြောင့် ဖြစ်ပေါ်လာသော ဒုက္ခများမှလည်းကောင်း လွတ်ငြိမ်းမှုရနိုင်သော၊ လွယ်ကူသော၊ သိပ်ပွနည်းကျသော၊ ချက်ချင်းလက်ငင်း အကျိုးပေးသော နည်းလမ်းကို ရရှိခြင်းသည်ပင်လျှင် ဓမ္မ၏ အံ့ဖွယ်စွမ်းရည် ဖြစ်လေသည်။ ယင်းထက် ကြီးကျယ်သော တခြား ဘာအကျိုးကျေးဇူး ဖြစ်ဦးမည်နည်း။ ယင်းအံ့ဖွယ် စွမ်းရည်တန်ခိုးသည်သာလျှင် အုပ်စုအားလုံးမှ၊ လူ့အသိုက်အဝန်းအားလုံးမှ လူများ

http://www.dhammadownload.com

အား ဆွဲဆောင် ခေါ်ငင်နေလေသည်။

ဝိပဿနာဘာဝနာ၏ တည်ရာမှီရာသည် ကိုဏ်းဂဏ တစ်စုံတစ်ခု မဟုတ်ပေ။ အများပိုင် အများဆိုင်ဖြစ်သည်။ ထွက်သက်ဝင်သက်ကို ရှုခြင်း၊ မိမိစိတ်နှင့် ကိုယ်၏ အမှန်တရားများကို ရှုခြင်းသည် မည်သူမဆိုလုပ်နိုင်သော၊ လုပ်၍ရသော အရာဖြစ်သည်။ ယင်းသို့ပြုလုပ်ပါက ကိုဏ်းဂဏ အနှောင်အဖွဲ့ထဲတွင် ဖွဲ့နှောင်ရစ်ပတ်ခြင်း မခံရတော့ပေ။ အကျိုးထူးတရားလည်း အားလုံးအတွက် တစ်ပြေးတစ်ညီတည်း ဖြစ်လာနိုင်လေသည်။

ထို့ကြောင့် အားလုံးလာကြခြင်းဖြစ်သည်။ ဟိန္ဒူ၊ မူဆလင်၊ ဗုဒ္ဓဘာသာဝင်၊ ဂျိန်းဘာသာဝင်၊ ဆစ်ခ်၊ ခရစ်ယာန်၊ ဖာရစီ၊ ရဟူဒီ၊ အိန္ဒိယလူမျိုးများ၊ အိန္ဒိယမဟုတ်သော လူမျိုးများ အားလုံး လာကြခြင်း ဖြစ်သည်။

ဓမ္မသည် ဘယ်လိုခွဲခြားမှုမျိုးကိုမှ မပြုလုပ်ပေ။ ဓမ္မသည် ဓမ္မသာလျှင်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့၏ ဓမ္မသာဖြစ်လျှင် ဗုဒ္ဓဓမ္မသာ ဖြစ်မည်။ အားလုံး၏ဓမ္မ ဖြစ်သောကြောင့် အားလုံး လာကြခြင်းဖြစ်သည်။ အားလုံး၏ခေါင်းဆောင်များလာကြခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာဝင် ရဟန်းတော်များသာမကဘဲ ဂျိန်းမုနိများ၊ ဂျိန်းသီလရှင်များ၊ ဟိန္ဒူဆံနျာဆီများ၊ ခရစ်ယာန်ဘုန်းတော်ကြီးများနှင့် ခရစ်ယာန်သီလရှင်များလည်း လာကြသည်။ အရေအတွက် မြောက်မြားစွာ လာကြသည်။

ထိုပုဂ္ဂိုလ် အားလုံးသည် ဓမ္မကို မိမိတို့၏ ဓမ္မဟုပင် ထင်မှတ်ယူဆကြသည်။ ဓမ္မဖြစ်သည် မဟုတ်လား။ မည်သူကိုမျှ ကိုဏ်းဂဏ အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ခြင်း မပြုရုံမျှသာမက ကိုဏ်းဂဏ အနှောင်အဖွဲ့သဘောကိုပင် ချိုးဖျက်ပစ်သည့် စင်ကြယ်သော၊ သုဒ္ဓဖြစ်သော ဓမ္မဖြစ်သည်။ အားလုံးပင် မိမိတို့၏ ဓမ္မအဖြစ် ယူဆကြပေလိမ့်မည်။ ဓမ္မသည် အလွန်တရာ ကြီးကျယ်မြင့်မြတ်လှပေသည်။ အလွန်တရာ ခွန်အားရှိပေသည်။ ဓမ္မသည် ဘုန်းကံရှိပေစွတကား။ ဓမ္မ၏ ဓမ္မသဘောတရားသည် အလွန်တရာ ဘုန်းကံရှိပေစွတကား။

http://www.dhammadownload.com

ဆရာကြီး ဦးဘခင်

ဇန်နဝါရီလ ၁၉-ရက်သည် ထူးထူးခြားခြား ပူဇော်အပ် ပူဇော်ထိုက်သော ဆရာကြီး ဦးဘခင်၏ အထိမ်းအမှတ်နေ့ ဖြစ်သည်။ တစ်နှစ်အလွန်က ဤနေ့ ဤရက်တွင် မြန်မာနိုင်ငံ၏ ဤသူတော်စင် ပုဂ္ဂိုလ်သည် ၇၂-နှစ်အရွယ်တွင် ခန္ဓာဝန်ကို စွန့်လွှတ်ခဲ့သည်။ ဤအထိမ်းအမှတ်နေ့၌ ထိုသပ္ပုရိသ သူတော်စင် ပုဂ္ဂိုလ်ကြီး၏ ဂုဏ်ကျေးဇူးတို့ကို အောက်မေ့လျက် မိမိဘဝအတွက် လုံ့ဆော် အားပေးမှုကို ရယူကြစို့။

ဆရာကြီးဦးဘခင်၏ အကြီးမားဆုံးသော ဂုဏ်ထူးဝိသေသမှာ အလုပ်ကြိုးစားလုပ်ခြင်းဖြစ်သည်။ သူ၏ ၇၂-နှစ်မျှသော ရှည်လျားလှသည့် ဘဝသည် မောပန်းခြင်း မရှိသော အလုပ် ကြိုးစားလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့်သာလျှင် ကုန်ဆုံးကျော်လွန်လာခဲ့လေသည်။ သူ၏ ဘဝတစ်လျှောက်လုံးသည် ခက်ခဲသော ကြိုးပမ်းအားထုတ်မှုများဖြင့်လည်းကောင်း၊ ယင်း ကြိုးပမ်းအားထုတ်မှု၏ အသီးအပွင့်များဖြင့်လည်းကောင်း အပြည့်ဖြစ်နေလေသည်။ အလွန်တရာချို့တဲ့နွမ်းပါးသော မိဘအိမ်၌ မွေးဖွားလာစေကာမူ ဆရာကြီးသည် မိမိ၏ လုံ့လဝီရိယ အင်အားပေါ်၌ အခြေခံလျက် ဘဝ တစ်လျှောက်လုံး ရွှင်လန်းချမ်းမြေ့ခြင်း၊ တင်းတိမ်ရောင့်ရဲခြင်း အပြည့်ရှိသည့် အခြေအနေကို ရရှိခဲ့လေသည်။

ကျောင်းသားဘဝတုန်းကလည်း အလွန်တရာ ဉာဏ်ထက်မြက်ခြင်း၊ ကြိုးပမ်းအားထုတ်ခြင်းတို့ကြောင့် အတန်းတိုင်းတွင် ပထမ ရခဲ့လေသည်။ မက်ထရစ်စာမေးပွဲကို အမှတ်များစွာဖြင့် အောင်ပြီး အစိုးရထောက်ပံ့ကြေး ရရှိခဲ့သည်။ သို့ရာတွင် မိဘများ၏ စီးပွားရေး အခြေအနေကြောင့် အလွန်တရာ ဆန္ဒထက်သန်သော်လည်း တက္ကသိုလ်ပညာကို မသင်ကြားမဆည်းပူးနိုင်ခဲ့ပေ။ တခြားနည်းလမ်း မရှိတော့သဖြင့် အောက်တန်းစာရေးဘဝဖြင့် အသက်မွေးဝမ်းကျောင်းအလုပ်ကို စတင် လုပ်ကိုင်ရလေသည်။

သို့ရာတွင် သူ၏လုံ့လဝီရိယနှင့် တာဝန်ဝတ္တရားကျေပွန်မှုတို့ကြောင့် သူ၏ ကျောင်းနေဘက် သူငယ်ချင်းများ တက္ကသိုလ်အဆင့်မြှင့် ပညာများကို သင်ကြားပြီး အိုင်စီအက်စ်၊ ဘီစီအက်စ် စာမေးပွဲများ အောင်ကြပါလျက်

http://www.dhammadownload.com

အစိုးရဌာနကြီးတစ်ခုခု၏ အကြီးအကဲ မဖြစ်ကြရသေးသောအချိန်၌ ဆရာကြီးသည် လွတ်လပ်သော မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ငွေစာရင်းမင်းကြီး ဖြစ်လာခဲ့လေသည်။

သူ၏ သူငယ်ချင်းမိတ်ဆွေများနှင့်စာလျှင် မက်ထရစ်အဆင့်ထိသာ သင်ကြားဖူးသော်လည်း ဆရာကြီးသည် အစိုးရဌာနတစ်ခု၏ အကြီးအကဲ မျှသာမကဘဲ အစိုးရအမှုထမ်းဘဝဖြင့် ရှိစဉ်အတောအတွင်း၌ နှစ်အတန်ကြာမျှ တစ်ပြိုင်တည်း အစိုးရဌာန လေးဌာနတို့၏ အကြီးအကဲအဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုမျှသာမကဘဲ မည်မျှသော အတိုင်ပင်ခံအဖွဲ့များ၏ အဖွဲ့ဝင် ဖြစ်ခဲ့ရသည်မသိပေ။ ရာထူးတစ်ခုစီ တစ်ခုစီသည် မည်သည့် အရည်အချင်း ပြည့်ဝသော ဝန်ထမ်းကိုမဆို တစ်နေ့လုံး တစ်ညလုံး ယားလို့ မကုတ်နိုင်အောင်ပင် အလုပ်ရှုပ်စေသော ရာထူးများဖြစ်ပေသည်။

သို့သော်လည်း ဤမျှများပြားသော ရာထူးများ၏ တာဝန်ဝတ္တရားများကို မောပန်းခြင်း အလျင်းမရှိဘဲ အပြုံးမပျက်ဆောင်ရွက်နိုင်သူမှာ ဆရာကြီးဦးဘခင်သာလျှင် ဖြစ်လေသည်။ နေ့ညမပြတ် အလုပ် လုပ်နေသော ဆရာကြီးအား မြင်တွေ့ကြရသူများသာလျှင် ပုဂ္ဂိုလ် တစ်ဦးတစ်ယောက် အနေနှင့် ဤမျှများပြားသော အလုပ်ကိစ္စကို မည်သို့မည်ပုံ လုပ်နိုင်သည်ဆိုသည်ကို သိနိုင်ပေလိမ့်မည်။ ဆရာကြီးအနေနှင့် ဤမျှ ကြီးမားသော တာဝန်ဝတ္တရားများကို အောင်မြင်စွာ ထမ်းဆောင်နိုင်သည်ဖြစ်၍ သူ၏ အလုပ်သက်တမ်း တစ်လျှောက်၌ ဌာနတိုင်း ဌာနတိုင်း၏ အောင်မြင်မှု ဂုဏ်သတင်းသည် ယခုအချိန်ထိ ပြိုင်ဘက်ကင်း ဖြစ်နေသည်။ ထို့ကြောင့်ပင် အသက် ၅၅-နှစ် အရွယ်တွင် အစိုးရအလုပ်က အနားယူပြီးသည့် နောက်၌လည်း အစိုးရသည် ဆရာကြီးအား နောက်ထပ် ၁၂-နှစ်အထိ တာဝန်ဆက်လက်ယူစေခဲ့သည်။

၆၇-နှစ်အရွယ်၌ အစိုးရတာဝန်က အနားယူသော အခါ၌လည်း ဆရာကြီးသည် အစိုးရ၏ လိုအင်ဆန္ဒနှင့် ဆန့်ကျင်ပြီး အနားယူရခြင်း ဖြစ်လေသည်။ ဤမျှ ရှည်လျားသော အချိန်ကာလအထိ အစိုးရတာဝန်ကို ယူခြင်းသည် မြန်မာနိုင်ငံအတွက် မျှသာမကဘဲ တစ်ကမ္ဘာလုံးရှိ အစိုးရများအတွက်ပင် ထူးခြားသောဖြစ်ရပ် ဖြစ်ဖို့ရှိလေသည်။ မိမိတာဝန်ဝတ္တရားကို ရပ်နားခြင်းမရှိဘဲ ထမ်းရွက်ခြင်းနှင့် ပျင်းရိခြင်းကို မိမိထံ ချဉ်းကပ်ခွင့်

http://www.dhammadownload.com

မပေးခြင်းသည် ဆရာကြီး၏ အကြီးမားဆုံးသော ဂုဏ်ထူးဝိသေသ ဖြစ်လေသည်။

ဆရာကြီး၏ ကြီးမားသော ဒုတိယ ဂုဏ်ထူးဝိသေသမှာ အမှန်တရားကို မြတ်နိုးခြင်း ဖြစ်သည်။ ရိုးသားဖြောင့်မတ်ခြင်းသည် ဆရာကြီး၏သဘောသဘာဝ၌ အဂ်ါအစိတ်အပိုင်းတစ်ခု ဖြစ်နေသည်။ ဆရာကြီး တာဝန်ယူခဲ့သော ရာထူးဌာနန္တရများမှာ မျက်တောင်ဆေး ဆိုးထားသည့် အခန်းများ ဖြစ်သည်။ ယင်းအခန်းများထဲတွင် ဆရာကြီး ဦးဘခင်ကဲ့သို့ အမှန်တရားကို မြတ်နိုးသော ပုဂ္ဂိုလ်မှသာလျှင် အစွန်းအထင်းမရှိဘဲ နေနိုင်လေသည်။ ဆရာကြီးသည် သူကိုယ်တိုင် အကျင့်စာရိတ္တအထိခိုက်မခံရုံမျှသာမက သူ၏ လုပ်ဖော်ကိုင်ဖက်များစွာတို့အား လည်း အစွန်းအထင်းမရှိအောင် လုပ်နိုင်ခဲ့လေသည်။ ဆရာကြီးသည် အစိုးရတာဝန်ဝတ္တရားကို ဆောင်ရွက်ရာ၌ စည်းစိမ်ဥစ္စာနှင့် ရာထူးဂုဏ်ထူး မက်လုံးကြောင့် ယိမ်းယိုင်သွားခြင်းလည်း မရှိပေ။

အစိုးရတာဝန်မှ အနားယူပြီးသည့်နောက်၌ ဆရာကြီးတွင် ဓမ္မနှင့် ပတ်သက်၍ အလွန်တရာ ကြီးမားသော လိုအင်ဆန္ဒတစ်ခု ရှိလာလေသည်။ ဒုက္ခမီး တောက်လောင်နေကြသော လူသားများ မှန်ကန်သော ရွှင်လန်းချမ်းမြေ့မှု၊ ငြိမ်းချမ်းမှု ရရှိစေရန်အတွက် မိမိကိုယ်တိုင် နိုင်ငံခြား တိုင်းပြည်များသို့ သွား၍ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ဝိပဿနာ လမ်းစဉ်ကို ဖြန့်ဖြူးလိုသည့် လိုအင်ဆန္ဒ ဖြစ်လေသည်။

သို့ရာတွင် အစိုးရအနေနှင့် ဆရာကြီးအား နိုင်ငံခြားသွားရန် နိုင်ငံကူးလက်မှတ် ပေးနိုင်စွမ်းမရှိသည့်အခြေအနေတွင် ရှိနေလေသည်။အကြောင်းမူကား အစိုးရသည် မိမိ သတ်မှတ်ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေနှင့် ချုပ်နှောင်မိရက်သား ဖြစ်နေသောကြောင့် ဖြစ်လေသည်။ ထူးခြားသော အကြောင်းကိစ္စရှိမှ နိုင်ငံကူးလက်မှတ်ကို ထုတ်ပေးနိုင်သည်။ ထို့ကြောင့် သက်ဆိုင်ရာဌာန၏ အကြီးအကဲတစ်ဦးက "မိမိ၏ လျှောက်လွှာ၌ မိမိ၏ အသက်မွေးဝမ်းကျောင်းမှုအတွက် နိုင်ငံခြားသွားပြီး တစ်နေရာရာ၌ အလုပ်လုပ်လိုသည်ဟူ၍ ထည့်ရေးပါ။ ယင်းသို့လျှောက်ထားပါက နိုင်ငံကူးလက်မှတ် အမြန် ထုတ်ပေးပါလိမ့်မည်" ဟူ၍ အကြံဉာဏ်ပေးလေသည်။

သို့ရာတွင် ယင်းသို့ နိုင်ငံကူးလက်မှတ်အတွက် လျှောက်ထားခြင်းမှာ

http://www.dhammadownload.com

မမှန်မကန် လုပ်ခြင်းမျှသာ ဖြစ်သည်။ မမှန်မကန် ပြုမူခြင်းသည် အခြားပုဂ္ဂိုလ်များအတွက် လက်ခံနိုင်စရာ ဖြစ်ချင်ဖြစ်မည် ဖြစ်သော်လည်း ဆရာကြီးဦးဘခင်အတွက်မှာမူ လုံးဝ လက်မခံနိုင်သည့်အချက် ဖြစ်လေသည်။ ဓမ္မ၏ အကျိုးပြုလုပ်ငန်းအတွက် နှိုင်ငံခြားသွားရန် နောက်ဆုံးအချိန် အထိ စိတ်အားထက်သန်ခဲ့သော်လည်း မှန်ကန်မှုမရှိသည့် နည်းကိုမူ အသုံးမပြုခဲ့ပေ။

၁၉၄၂-ခုနှစ် ဖေဖော်ဝါရီလ သို့မဟုတ် မတ်လ အချိန်ကာလဖြစ်သည်။ ဂျပန်စစ်တပ်သည် ရန်ကုန်နှင့်တောင်ငူကို သိမ်းပိုက်ပြီးနောက် မြန်မာနိုင်ငံမြောက်ပိုင်းသို့ ချီတက်နေလေသည်။ အင်္ဂလိပ်အစိုးရသည် အလျင်အမြန် ရန်ကုန်မြို့ကို စွန့်ခွာလျက် အိန္ဒိယနိုင်ငံသို့ တိမ်းရှောင်ထွက်ပြေးလေသည်။ ထိုအချိန်က ဆရာကြီး ဦးဘခင်သည် မန္တလေးဘူတာ၏ ငွေစာရင်း အရာရှိဖြစ်၍ မန္တလေးၭပင် နေထိုင်သည်။ တစ်နေ့တွင် ဂျပန်တို့သည် မန္တလေးမြို့ကို ဗုံးအကြီးအကျယ် ကြဲလေသည်။ ဗုံးဒဏ်ခံရသဖြင့် ဘူတာရုံနှင့်တကွ မီးရထားရုံးလည်း ပျက်စီးသွားလေသည်။

နိုင်ငံခြားသား မီးရထားအရာရှိကြီးများလည်း အားလုံး မန္တလေးကို စွန့်ခွာပြီး မေမြို့နှင့်လားရှိုးသို့ ထွက်ပြေးကြလေသည်။ လားရှိုးမှ လေယာဉ်ဖြင့် အိန္ဒိယသို့ ထွက်ပြေးရန် စီစဉ်နေကြသည်။ ဦးဘခင်ကမူ မန္တလေးမြို့ၭပင် ရှိနေသည်။ သူ့အနေနှင့် အိန္ဒိယသို့ သွားမည်မဟုတ်ပေ။

ဗုံးကြဲပြီးနောက် အချိန်အခိုက်အတံ့ အေးသွားသောအခါ ပျက်စီးသွားသော မီးရထားရုံးကို သွားရောက် စစ်ဆေးကြည့်ရှုသည်။ မီးလောင်သွားသော ပစ္စည်းများ၏ကြားထဲတွင် ရုံးငွေသေတ္တာ သူ့နဂိုအတိုင်း ရှိနေသည်ကို တွေ့ရလေသည်။ သူ၏လက်ထဲတွင် သော့ရှိသည်။ အမှိုက်ပုံကို ဘေးဖယ်လျက် တစ်နည်းနည်းဖြင့် ငွေသေတ္တာကို ဖွင့်လိုက်သည့်အခါ၌ သေတ္တာတွင်းမှ မီးရထားငွေတိုက်က ငွေများထွက်လာလေသည်။

သို့ရာတွင် ထိုငွေမှာ အစိုးရပိုင်ငွေ ဖြစ်သည်။ ဦးဘခင်အနေနှင့် ထွက်ပြေးသွားသော အစိုးရအား ပြန်ပေးရန် လိုအပ်လာသည်။ ယင်းကဲ့သို့ ပြောင်းလဲသွားသော နိုင်ငံ၏လက်ပြကြိုးထဲတွင် ဘယ်ငွေဘယ်ရောက်သွားပြီလဲဟု မည်သူကမှ မေးမည်မဟုတ်ကြောင်းနှင့် ထွက်ပြေးသွားသော ပိုင်ရှင်အနေနှင့်လည်း လာမေးတော့မည့် မဟုတ်ကြောင်းကို ဦးဘခင်သိသည်။

http://www.dhammadownload.com

သို့ရာတွင် ဦးဘခင်သည် ထိုငွေများထဲက တစ်ပြားတစ်ချပ်မျှပင် မိမိထံတွင် ထားရန် စိတ်ကူးထဲ၌ပင် မထည့်နိုင်ပေ။

သူ၏ အမှန်တရားကိုမြတ်နိုးခြင်းသည် ဤမျှလောက်ပင် ဖြစ်လေသည်။ အိမ်တွင် သူ၏သမီးငယ် မမာမကျန်းဖြစ်နေသည်။ သမီးအတွက် ဆေးဖိုးဝါးခ အပြင်းအထန် လိုအပ်နေသည်။ သို့ရာတွင် သူ၏ စိတ်နှလုံးထဲတွင် သူ၏ တာဝန်ဝတ္တရားက အသံပြုနေသည်။ ဦးဘခင်သည် တင့်ဂုဏ်တရိုရိုဖြစ်နေသော သူ၏မိသားစုကို ထားခဲ့ပြီးလျှင် ချက်ခြင်းပင် ကျစ်ကားဖြင့် မေမြို့တက်သွားလျက် သူ၏အထက်က အရာရှိအား ငွေအားလုံး ပေးလိုက်လေသည်။ ထိုအခါကျမှပင် စိတ်နှလုံးထဲက အလုံးကြီးကျသွားပြီး မိသားစုကို ကြည့်ရှုစောင့်ရှောက်ရန် မန္တလေးသို့ ပြန်လာခဲ့လေသည်။ သူ၏ ဘဝတစ်ခုလုံး၌ ယင်းကဲ့သို့ အဖြစ်အပျက်မျိုး အပြည့်ရှိနေသည်။

ဆရာကြီးဦးဘခင်သည် ကရုဏာနှင့် မေတ္တာ၏ မျက်မှောက်ကိုယ်ဟူဖြစ်သည်ဟုပင် ထင်ရလေသည်။ တာဝန်ဝတ္တရားများဖြင့် ဤမျှပိနေသော်လည်း သူ၏စိတ်နှလုံးထဲတွင် လူပေါင်းများစွာတို့အတွက် ဓမ္မအကျိုးပြုအလုပ်လုပ်ရန် လုံ့လဥဿာဟ ပြင်းပြစွာ ပေါ်ပေါက်နေလေသည်။ ဤမျှများပြားသော အလုပ်ကိစ္စများကြားထဲက ဆရာကြီးသည် လစဉ်လတိုင်း တရားစခန်းဖွင့်ရန် လိုအပ်သောအချိန်ကာလကို ရယူလျက်ရှိပေသည်။ ဒုက္ခမီးတောက်နေသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သူ့ထံ ဓမ္မ သင်ကြားလေ့လာရန် ရောက်လာပါက ဆရာကြီးသည် မိမိ၏ အဆင်မပြေမှု ထောင်ပေါင်းများစွာကို လျစ်လျူရှုလျက် ထိုပုဂ္ဂိုလ်အား မပျက်မကွက် ဓမ္မ သင်ကြား ပြသပေးလေသည်။

တစ်ခါတစ်ရံ၌မူ ယောဂီ တစ်ယောက် နှစ်ယောက်အတွက်ပင် ဖြစ်စေကာမူ တရားစခန်းဖွင့်လျက် ထိုယောဂီ တစ်ယောက် နှစ်ယောက် အတွက်လည်း မလျော့သော လုံ့လဝီရိယဖြင့် ကြိုးစားအားထုတ်လေသည်။ ယောဂီတိုင်း ယောဂီအတိုင်းအတွက် ဆရာကြီး၏ စိတ်နှလုံးထဲတွင် အပိုင်းအခြားမရှိသော ချစ်ခင်ကြင်နာမှု ရှိလေသည်။ လူတိုင်း လူတိုင်းအား မိမိ၏ သားရင်းခေါက်ခေါက် တစ်ယောက်ဟုပင် ထင်မှတ်လေသည်။

မကွယ်လွန်မီ သုံးရက်အထိ တရားစခန်းတစ်ခုကို ပြီးမြောက်အောင် ဖွင့်လှစ်သွားခဲ့လေသည်။ မကွယ်လွန်မီ တစ်ရက်အထိလည်း ယောဂီ

http://www.dhammadownload.com

တစ်ယောက် နှစ်ယောက်အား ဓမ္မ သင်ကြားပြသ ပေးနေသေးသည်။ ယောဂီတိုင်း ယောဂီတိုင်းအတွက် အပိုင်းအခြားမရှိသော မေတ္တာကရုဏာ ပြည့်လျှံနေလေသည်။ သတ္တဝါ အားလုံးအတွက်လည်း သူ၏စိတ်နှလုံးတွင် ထိုမျှလောက်သော အပိုင်းအခြားမရှိသည့် ချစ်ခင်ကြင်နာမှု အပြည့်ရှိနေသည်။

သူ၏ အပိုင်းအခြားမရှိသော မေတ္တာဘာဝနာကြောင့် ရိပ်သာရှိ မြေပါး ကင်းပါးအထိ သူတို့၏ ကိုက်တတ်သည့် သဘာဝကို စွန့်လွှတ်ထားသည် ဆိုသည်ကို ရိပ်သာတွင် နေထိုင်ကြသော လူများသာ သိရှိကြသည်။ သက်ရှိ သတ္တဝါအားလုံး သူ၏ အပိုင်းအခြားမရှိသော မေတ္တာ၏ သြဇာအရှိန်အဝါ လွှမ်းမိုးမှုခံကြရလေသည်။ ရိပ်သာရှိ အစိတ်အပိုင်းအားလုံး သူ၏ မေတ္တာရေ ဖြင့် စိမ့်ထုံနေကြသည်။ ရိပ်သာရှိ သစ်ပင်ပန်းပင်များကိုပင် အဘယ်မျှသော ချစ်ခင်ကြင်နာမှုဖြင့် ပြုစုစောင့်ရှောက်သနည်း။ သူ၏နှလုံးသားထဲက ချစ်ခင် ကြင်နာမှုသည် ရိပ်သာထဲက ပန်းမာလ်များပေါ်တွင်လည်းကောင်း၊ သစ်ရွက် များပေါ်တွင် လည်းကောင်း ဖိတ်စင်ကျနေသည်။

တရားအကျင့် ကျင့်သုံးရာနယ်မြေဖြစ်သော ထို 'တပေါဘူမိ' ၌ အသီး အနှံများ ထူးထူးခြားခြား ချိုမြိန်နေခြင်းသည် လည်းကောင်း၊ ပန်းပွင့်များ ထူးထူးခြားခြား အရောင်အဆင်း လှပတင့်တယ်နေခြင်းသည်လည်းကောင်း၊ ထူးထူးခြားခြား ရနံ့ကြိုင်လှိုင်နေခြင်းလည်းကောင်း မေတ္တာလှိုင်းတံပိုင်း၏ သြဇာ အရှိန်အဝါကြောင့်သာလျှင် ဖြစ်လေသည်။

တစ်နှစ်တွင် မျှော်လင့်မထားသော အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာ ခဲ့လေသည်။ မြန်မာနိုင်ငံကဲ့သို့ ဆန်ရေစပါး ပေါများကြွယ်ဝသောနိုင်ငံ၌ သရောကြီးခိုင်းသော အခြေအနေမျိုး ဆိုက်ရောက်လာခဲ့သည်။ ကောက်ပဲ သီးနှံ အထွက်လျော့လာသည်။ အစိုးရသည် ဆန်ကို ခွဲတမ်းစနစ်ဖြင့် ရောင်းချလေသည်။ ယင်း အခြေအနေကြောင့် ပြည်သူလူထုသည် အလွန်တရာ ဗျာများသွားကြလေသည်။ ထိုအချိန်၌ ဒုက္ခရောက်နေကြသော မိမိနိုင်ငံသူ နိုင်ငံသားများအား ဆရာကြီးသည် အပိုင်းအခြားမရှိသော ကရုဏာတရား ဖြစ်ပေါ်လာလေသည်။ ဆရာကြီး၏ နှုတ်ဖျားပေါ်၌သာမက ကိုယ်ခန္ဓာ တစ်ခုလုံး၌ "ဖိတော ဘဝတု လောကော စ ရာဇာ ဘဝတု ဓမ္မိကော" ဟူသော အသံသာလျှင် ပဲ့တင်ညံနေလေသည်။

http://www.dhammadownload.com

ထို့နောက် မကြာမီ အချိန်အတွင်းမှာပင် အိန္ဒိယနိုင်ငံ၌လည်း သရောကြီးခိုင်းလာလေသည်။ ငတ်မွတ်ခေါင်းပါးသည့်ဘေး ဆိုက်ရောက်လာလေသည်။ ၂-နှစ်ဆက်၍ ယင်း အခြေအနေအတိုင်းသာလျှင် ဖြစ်နေခဲ့သည်။ ဆရာကြီး၏ ကရုဏာသည် တစ်ဖန် နိုးကြားလာပြန်သည်။

ဆရာကြီးသည် ရိပ်သာ၏ထောင့်တစ်ထောင့်၌ ဖြူဆွတ်သော မြင့်မား သော ဟိမဝန္တာ တောင်ထွတ်သဏ္ဌာန်တစ်ခု ပြုလုပ်ထားသည်။ နေ့စဉ် နေ့တိုင်း ထို ဟိမဝန္တာတောင်ထွတ် ပုံသဏ္ဌာန်အနီး၌ ရပ်လျက် တရားနှလုံးသွင်း ပြီးလျှင် ကောင်းကျိုး မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံသော ဆုတောင်းမေတ္တာ ပို့သလေသည်။ "ငါသည် အိန္ဒိယတစ်နိုင်ငံလုံး၌ ဘယ်နှစ်ကြိမ် မွေးဖွားခဲ့သည် မသိပေ။ ဤမြင့်မြတ်သော ဟိမဝန္တာဒေသ၌ တရားဘာဝနာအားထုတ်ရန်အတွက် နှစ်ပေါင်းများစွာ နေထိုင်ခဲ့သည်။ ယနေ့ ထိုနိုင်ငံသူ နိုင်ငံသားတို့သည် ဒုက္ခရောက်နေကြသည်။ ထိုနိုင်ငံသူ နိုင်ငံသားတို့သည် ဦးခွန်းချမ်းမြေမှုနှင့် ငြိမ်းချမ်းမှု ရရှိပါစေသတည်း။ အားလုံး ဓမ္မနှင့်အညီ နေထိုင်နိုင်ကြပါစေသတည်း" ဟူ၍ မြွက်ကြားလေသည်။

မကြာခဏ ဤသို့လည်း မြွက်ကြားလေသည်။ "အိန္ဒိယနိုင်ငံသို့ မိမိ မပျက်မကွက် သွားရောက်ရမည်။ မြန်မာနိုင်ငံအပေါ်၌ အိန္ဒိယနိုင်ငံ၏ တရားကြွေးမြီ တင်ရှိနေပေသည်။ ထိုတရားကြွေးမြီကို အိန္ဒိယနိုင်ငံအား ပြန်ဆပ်ရမည်။ မိမိရရှိသော ဤအဖိုးမဖြတ်နိုင်သည့် ဝိပဿနာနည်းသည် အိန္ဒိယနိုင်ငံပိုင် ဖြစ်သည်။ ထိုဝိပဿနာနည်းကို အိန္ဒိယအား ပြန်ပေးရ၏။ ပျောက်ဆုံးနေသော မိမိ၏ ဤရွှေအိုးကို ပြန်ရလျှင် အိန္ဒိယသည် ကုသိုလ်ကံ ထူးလာလိမ့်မည်။ ယခုအချိန်၌ ထိုနိုင်ငံတွင် ပါရမီရင့်သော ပုဂ္ဂိုလ်များ အမြောက်အများ ရှိနေကြသည်။ ထိုပုဂ္ဂိုလ်များအား သဒ္ဓမ္မနှင့် ပတ်သက်၍ အနည်းအကျဉ်းမျှပင် သတိတရား နိုးကြားလာစေပါက ထိုပုဂ္ဂိုလ်များသည် မဆိုင်းမတွ ဓမ္မလမ်းမပေါ်၌ လျှောက်သွားကြပြီးလျှင် မိမိတို့၏ ကောင်းကျိုးကို သယ်ပိုးဆောင်ရွက်ကြလိမ့်မည်"။

ဆရာကြီးကိုယ်တိုင်မူ အိန္ဒိယနိုင်ငံသို့ မသွားနိုင်ခဲ့ပေ။ သို့ရာတွင် ဆရာကြီး၏ အမိန့်အရ သူ၏ ဓမ္မသားချစ်က အိန္ဒိယနိုင်ငံ၌ လူပေါင်းများစွာတို့အား ဝိပဿနာနည်းပြသောအခါ ဆရာကြီး၏ ပီတိသောမနဿသည် အပိုင်းအခြား မရှိတော့ပေ။ သူ၏ တရားစကားများ၌ အဆုံးအပိုင်းအခြား

http://www.dhammadownload.com

မရှိသော မေတ္တာတရားသည် ပြည့်လျှံဝေကျနေသည်။

ဤမြင့်မြတ်သော အထိမ်းအမှတ်နေ့၌ ထိုသပ္ပုရိသ သူတော်ကောင်း သူတော်မြတ်၏ ဂုဏ်ကျေးဇူးများကို အောက်မေ့ တသ ပြီးလျှင် ကျွန်ုပ်တို့ အနေနှင့် လှုံ့ဆော်အားပေးမှုကို ရယူကြစို့။ မိမိတို့၏ဘဝ၌ သူလိုပင် တာဝန်ကျေပွန်အောင်၊ အမှန်တရားမြတ်နိုးတတ်အောင်၊ တစ်စုံတစ်ခုမျှော်လင့်ချက်မထားသော အကျိုးပြုလိုစိတ်နှင့် မေတ္တာ ကရုဏာ တရားများ ပြည့်ဝနေအောင် ကြိုးစားအားထုတ်စို့။ ယင်းသို့ ပြုလုပ်ခြင်းသည်သာလျှင် ကောင်းကျိုးရှိအောင် ပြုလုပ်ခြင်းမည်ပေမည်။ မင်္ဂလာအပေါင်းနှင့် ပြည့်ဝအောင် ပြုလုပ်ခြင်း မည်ပေသည်။

❖ ❖ ❖

http://www.dhammadownload.com

မြန်မာနိုင်ငံမှ ရဟန်းသံဃာတော်များ

လက်ငါးချောင်းတွင် အတိုအရှည်ရှိသည်။ သိုးအုပ်ရှိလာလျှင် သိုးမဲတစ်ကောင်တော့ပါလာတတ်သည်။ သို့သော်လည်း မြန်မာနိုင်ငံမှ ရဟန်းသံဃာတော်များသည် ယေဘုယျအားဖြင့် အကျင့်သီလရှိသူများသာလျှင် ဖြစ်ကြသည်။ ရဟန်းသံဃာတော်များထဲက အများစုမှာ ပရိယတ္တိကို သင်ကြား၊အား၊ထုတ်ကြလေသည်။ ဝိနည်း၊ဒေသနာတော်နှင့် ညီစွာသူတော်စင် ဘဝဖြင့် နေထိုင်သီတင်းသုံးခြင်းကိုမူ အားလုံးလိုလိုပင် လုပ်ကြလေသည်။

သုံးကုဋေအထိ လူဦးရေရှိသော မြန်မာနိုင်ငံတွင် ရဟန်းသံဃာတော်တို့၏ ဦးရေသည် တစ်သိန်းခွဲ နှစ်သိန်းလောက်ရှိသည်။ သို့ရာတွင် ယင်းရဟန်းသံဃာတော်များအတွက် ပြည်သူလူထုအနေနှင့် တာဝန်ကြီးလေးသည်ဟု မထင်မှတ်ပေ။ အကြောင်းမူကား လူအဖွဲ့အစည်းအတွက် ရဟန်းသံဃာတော်များ လိုအပ်သည်မှာ မငြင်းသာသောအချက် ဖြစ်ပေသည်။

ကျေးရွာတိုင်း ကျေးရွာတိုင်း၌ ဘုန်းကြီးကျောင်း တစ်ကျောင်းမူ မုချရှိလေသည်။ ထိုကျောင်းများ၌ ရဟန်တစ်ပါးဖြစ်စေ၊ တစ်ပါးထက်အများဖြစ်စေ နေထိုင်သီတင်းသုံးကြပြီးလျှင် လူဒါယကာ ဒါယိကာမများ သဒ္ဓါရှေ့ထားပြီး လျှဒါန်းသော ဆွမ်းကွမ်းအပေါ်၌ မှီနေကြသည်။ ထိုရဟန်းတော်များသည် ကျေးရွာသူ ကျေးရွာသားများအား တရားဓမ္မ ညွှန်ကြားဟောပြကြလေသည်။

ထို့ပြင် တစ်ပြိုင်နက်တည်းမှာပင် တစ်ရွာလုံးမှ ကလေးသူငယ် သူငယ်မများအား ဘာသာစကား၊ စာပေ၊ ဂဏန်းသင်္ချာ၊ သမိုင်း စသော လောကီ ပညာရပ်များကိုလည်း သင်ကြားပို့ချပေးလေသည်။ ထို့ကြောင့် လူနည်းစု အနည်းငယ်မှလွဲ၍ မြန်မာတစ်နိုင်ငံလုံး၌ ရာနှုန်းပြည့်နီးပါး စာတတ်ကြလေ သည်။ ယင်းသို့ဖြစ်ခြင်းမှာ ထိုရဟန်းသံဃာတော်များနှင့် ဘုန်းကြီးကျောင်း များ၏ ကျေးဇူးကြောင့်ပင် ဖြစ်လေသည်။ မြန်မာနိုင်ငံရှိ ရဟန်းသံဃာတော်များအား ကြည်ညိုသဒ္ဓါပွားများခြင်း၏ အကြောင်းတစ်ရပ်လည်း ဖြစ်ပေသည်။

http://www.dhammadownload.com

ထိုရဟန်းသံဃာတော်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၌မည်မျှ ရှေ့တန်းရောက်ကြသည် ဆိုသည်ကို ကျွန်ုပ်သည် ငယ်ရွယ်စဉ်အခါကပင် သိမြင်လာခဲ့သည်။ ထိုအချိန်က အိန္ဒိယနိုင်ငံတွင် မဟတ္တမဂန္ဓီ၏ ပြည်တွင်းဖြစ်သုံးစွဲရေးတိုက်ပွဲ အရှိန်အဟုန်မြင့်နေချိန် ဖြစ်သည်။ ယင်းတိုက်ပွဲ၏ ဩဇာအရှိန်အဝါသည် မြန်မာနိုင်ငံအပေါ်တွင်လည်း ကျရောက်လာလေသည်။ ယင်းတိုက်ပွဲ၌ မန္တလေးမြို့ရှိ ရဟန်းသံဃာတော်များသည် အရေးကြီးသော အခန်းကဏ္ဍက ပါဝင်ပေသည်။

ယခုခေတ်တွင် နိုင်လွန်ပိတ်ပါးများကို အသုံးပြုကြသကဲ့သို့ ထိုအချိန်ကလည်း မြန်မာအမျိုးသမီးများသည် မန်ချက်စတာမှ ထုတ်လုပ်သော ပဒုမ္မာပိတ်ပါးများကို အသုံးပြုကြသည်။ ရဟန်းသံဃာတော်များ၏ ပိတ်ပင်တားမြစ်ချက်ကြောင့်သာလျှင် အမျိုးသမီးများသည် ပဒုမ္မာနှင့် ဇာပိတ်ပါးများ အသုံးပြုခြင်းကို ရပ်ပစ်လိုက်ကြခြင်း ဖြစ်လေသည်။ ထို ရဟန်းသံဃာတော်များ၏ တိုင်းပြည် အကျိုးပြုလုပ်ငန်းများကို မြင်ရသော ကျွန်ုပ်သည် ထို အရွယ်ကပင် ရဟန်းသံဃာတော်များအပေါ် အလွန်တရာ အကြည်ညိုပွားခြင်း ဖြစ်ခဲ့လေသည်။

ထိုအချိန်က မြန်မာနိုင်ငံ၌ နာမည်ကျော် လူထုအကျိုးဆောင် ရဟန်းတော် မှာ ဦးဥတ္တမ ဖြစ်လေသည်။ ဦးဥတ္တမသည် အိန္ဒိယနိုင်ငံတွင်လည်း နေထိုင်သီတင်းသုံးခဲ့သည်။

တစ်ချိန်တွင် ကျွန်ုပ် မူလတန်းကျောင်းတွင် ကျောင်းတက်နေစဉ် ဆရာတော် ဦးဥတ္တမသည် မြန်မာနိုင်ငံတွင် လှည့်လည်ရင်း မန္တလေးမြို့သို့လည်း ကြွလာသည်။ ကျွန်ုပ်တို့ကျောင်းတွင် ဦးဥတ္တမနှင့် ပတ်သက်သော အခမ်းအနားတစ်ခု ကျင်းပသည်။ ကျောင်းဆရာ ပဏ္ဍာစ် ကလျာဏဒတ္တ ဒူဗေသည် ဟိန္ဒီ ကဗျာဆရာဖြစ်သည်။ ဆရာသည် ဆရာတော်ဦးဥတ္တမအား ဂုဏ်ပြုချီးကျူးသည့် ကဗျာတစ်ပုဒ် ရေးစပ်သည်။ ထိုကဗျာကို ကျွန်ုပ်တို့ ကျောင်းသား ၅-ယောက် ၆-ယောက်လောက်က သံပြိုင်ရွတ်ဆိုကြသည်။ ထိုကဗျာ၏ နောက်ဆုံးအပိုဒ်ကို ကျွန်ုပ် ယခုထက်ထိ သတိရနေသည်။

“ကျိုက်ဆေး အာပ ဥတ္တမ ဟဲ၊ ဟမင် ဥတ္တမ ဗန ဂျာယင်း”

အရှင်သူမြတ်သည် ဥတ္တမ (မြင့်မြတ်သူ) ဖြစ်သကဲ့သို့ ကျွန်ုပ်တို့အား လည်း ဥတ္တမ (မြင့်မြတ်သူ) ဖြစ်အောင် ပြုလုပ်တော်မူပါ။

http://www.dhammadownload.com

ဆရာ ဒူဝေဂျီသည် ဦးဥတ္တမနှင့်ပတ်သက်၍ ချီးကျူးဂုဏ်ပြုသော မိန့်ခွန်းစကား အနည်းငယ် မြွက်ကြားသည်။ ထိုမိန့်ခွန်းတွင် ဦးဥတ္တမ၏ တိုင်းပြည်အကျိုးပြု လုပ်ငန်းများကို ထည့်သွင်း ပြောကြားသွားသည်။ ထို မိန့်ခွန်းစကားသည် ကျွန်ုပ်၏ နှလုံးသားထဲတွင် နက်ရှိုင်းစွာ သြဇာ လွှမ်းမိုး နေခဲ့လေသည်။ ယင်းအချက်သည် မြန်မာနိုင်ငံမှ ရဟန်းသံဃာတော်များ အား သူငယ်အရွယ်ကပင် အကြည်ညိုပွားခဲ့ခြင်း၏ အကြောင်းတစ်ရပ် ဖြစ် လေသည်။

လုလင်အရွယ်၌ စစ်ပြီးမြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက် ၁၉၄၈-ခုနှစ်မှစ၍ ရန်ကုန်မြို့မှာနေစဉ် ရဟန်းသံဃာတော်များနှင့် နီးနီး ကပ်ကပ် နေခွင့် အကြိမ်များစွာ ရရှိခဲ့သည်။ အိန္ဒိယနိုင်ငံမှ ဘဒ္ဒန္တ အာနန္ဒာ ကောသလ္လာယနနှင့် ဘိက္ခုဂျဂဒိသ ကဿပတို့ မြန်မာနိုင်ငံ ကြွလာစဉ်က မဂိုဏ်(ရွှေဘုံသာ)လမ်း အိမ်၌သာလျှင် တည်းကြလေသည်။ ဆွမ်းကွမ်း လျှဒါန်းသည့် ကုသိုလ်ကောင်းမှု ပြုခွင့်ရလေသည်။

ထိုရဟန်းတော်များကို အကြောင်းပြုလျက် မြန်မာရဟန်းသံဃာတော် အချို့နှင့် ရင်းနှီးမှု ရှိလာခဲ့လေသည်။ ၁၉၅၃-၁၉၅၄ ခုနှစ် ဆဋ္ဌသင်္ဂါယနာ တင်ချိန်၌ကား ဦးချန်ထွန်းနှင့် အခြား မြန်မာမိတ်ဆွေများကို အကြောင်းပြု လျက် စာတတ်ပေတတ် ဆရာတော် သံဃာတော်များစွာတို့နှင့် ဆက်စပ်မှု ရှိလာခဲ့လေသည်။

စစ်ကြိုခေတ် မြန်မာနိုင်ငံ မန္တလေးတွင်နေစဉ်က ပဉ္စမသင်္ဂါယနာတင် ပွဲကျင်းပစဉ် မင်းတုန်းမင်းကြီး ကုသိုလ်ပြုခဲ့သော ကျောက်ထက်အက္ခရာတင် ပိဋကတ်သုံးပုံကို မြင်ဖူးတွေ့ဖူးခဲ့သည်။ သို့ရာတွင် ထိုအချိန်က ဗုဒ္ဓ ဒေသနာတော်နှင့် စပ်လျဉ်း၍ အသိဉာဏ် လုံးဝမရှိသေးသဖြင့် ထိုပိဋကတ် တော် ကျောက်စာများသည် မိမိ၏ စိတ်နှလုံးအပေါ်တွင် မည်သို့မှ သြဇာ အရှိန်အဝါ မသက်ရောက်ခဲ့ပေ။

သို့ရာတွင် ဆဋ္ဌသင်္ဂါယနာတင်ချိန်၌ ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာ တော် အပြည့်အစုံသည် မည်မျှကျယ်ဝန်းကြောင်း၊ ယင်းဒေသနာတော်၏ အဖွင့် အဋ္ဌကထာ ဋီကာ အနုဋီကာများမှာလည်း မည်မျှ ပြန့်ကျယ်ကြောင်း သိရှိလာသောအခါ အလွန်တရာဝမ်းသာခြင်း၊ အံ့သြခြင်း ဖြစ်မိလေသည်။ ပို၍ အံ့သြရသည်မှာကား မြန်မာနိုင်ငံမျှသာမကဘဲ သီရိလင်္ကာ၊ ထိုင်း၊ လော၊

http://www.dhammadownload.com

ကမ္ဘောဒီယား စသော နိုင်ငံများမှ ရဟန်းသံဃာတော်များလည်း ဤ ကျယ်ပြန့်သော ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်လျက် အရှည်တည်တံ့အောင် ပြုလုပ်ဆောင်ရွက်လာခဲ့ကြသည်ကို သိရသောကြောင့် ဖြစ်လေသည်။ ထိုအခါ ရဟန်း သံဃာတော်များအား အပိုင်းအခြားမရှိသော ကြည်ညို သဒ္ဓါပွားများ လာခဲ့လေသည်။

မြတ်စွာဘုရား၏ ဒေသနာတော်ကို အပိုင်းသုံးပိုင်းခွဲ၍ စုစည်းထားလေသည်။ ထို့ကြောင့် တိပိဋကဟူ၍ ခေါ်ခြင်းဖြစ်သည်။ အဓိပ္ပယ်ကား ဒေသနာတော်ကို စုစည်း ထည့်သိုထားသော ခြင်းတောင်း သုံးတောင်း ဖြစ်သည်ဟု အဓိပ္ပယ်ရသည်။ ယင်းသုံးမျိုးကား သုတ္တန္တပိဋကဓ၊ ဝိနယပိဋကဓ၊ အဘိဓမ္မပိဋက ဖြစ်လေသည်။

သံဃာတော်တချို့သည် ခေတ်အဆက်ဆက် သုတ္တန်ကို အာဂုံဆောင်လျက် ထိန်းသိမ်းလာခဲ့ကြသည်။ ထိုသံဃာတော်တို့ကို သုတ္တဓရဟု ခေါ်သည်။ ယင်းသို့အားဖြင့် သံဃာတော် တချို့ကို ဝိနယဓရ ဟူ၍ လည်းကောင်း၊ အခြား သံဃာတော် တချို့ကို အဘိဓမ္မဓရဟူ၍ လည်းကောင်း ခေါ်ဆိုကြသည်။

ထို့မှတစ်ပါး ခေတ်အဆက်ဆက်တိုင်းလိုလို၌ ပိဋကသုံးပုံလုံးကို အာဂုံဆောင်ကြသော ဉာဏ်ပဋိဘာန် ထက်မြက်သည့် သံဃာတော်အချို့လည်း ရှိကြသေးသည်။ ထိုရဟန်းသံဃာတော်များအား တိပိဋကဓရဟု ခေါ်ဆိုလေသည်။

စစ်ပြီး မြန်မာနိုင်ငံ၌လည်း ယင်းကဲ့သို့သော ရဟန်းပုဂ္ဂိုလ်များ ပေါ်ထွက်လာကြလေသည်။ ယင်းတို့အထဲမှ ပထမဦးဆုံးသော ရဟန်းတော်မှာ ကျွန်ုပ်၏ဇာတိ မန္တလေးမြို့အနီးတွင် ရှိသော ရောဝတီ တစ်ဖက်ကမ်း မင်းကွန်းကျောင်းတိုက်တွင် နေထိုင်သီတင်းသုံးသော ပုဂ္ဂိုလ် ဖြစ်လေသည်။ ကျွန်ုပ်သည် ထိုဆရာတော်အား ဖူးမြော်ရန် မင်းကွန်းရောက်သွားသည်။ ဆရာတော်၏ ကြီးမြတ်သော ဉာဏ်ပညာကြောင့် ကျွန်ုပ်သည် အလွန်တရာ အံ့ဩြ ဝမ်းမြောက်သွားခဲ့ရလေသည်။ ယခုအခါတွင်ကား ထိုဆရာတော်သည် မြန်မာနိုင်ငံ၌ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါး ဖြစ်နေပြီ။

ပညာရှိရဟန်းတော်များထဲတွင် ဦးသေဋ္ဌိလ မဟာထေရ်လည်း အလွန်

http://www.dhammadownload.com

တရာ ဩဇာညောင်းသော ဆရာတော်တစ်ပါး ဖြစ်လေသည်။ ဆရာတော်သည် နှစ်ပေါင်းများစွာ အင်္ဂလန်၌ သီတင်းသုံးခဲ့သည်။ ဓမ္မ၏ အသိခက်သော အနက်အဓိပ္ပာယ်များကို လွယ်ကူသော အင်္ဂလိပ်ဘာသာစကားဖြင့် ရှင်းလင်းပြောပြရာ၌ အလွန်တရာ ကျွမ်းကျင်သော ဆရာတော်ဖြစ်လေသည်။

ထိုနည်းအတိုင်းပင် မန္တလေးအနီး အမရပူရ၌ သီတင်းသုံးသော အရှင် ဇနကာဘိဝံသ မဟာထေရ်ကို ဖူးတွေ့ရသောအခါ ဆရာတော်၏ ပညာဉာဏ် ကြီးမားခြင်းနှင့် အတူတကွ မြင့်မြတ်စင်ကြယ်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ အလုပ် ကြိုးစားလုပ်ကိုင်ခြင်းများကို တွေ့မြင် သိရှိရသောကြောင့် မအံ့သြဘဲ မနေနိုင်ခဲ့ပေ။

ဆရာတော်သည် အလွန်တရာ လွယ်ကူသော ဘာသာစကားဖြင့် ဓမ္မ နှင့်ပတ်သက်၍ ကျမ်းစာအုပ်များစွာကို ရေးသားခဲ့လေသည်။ တစ်တုံ့းပြည် လုံးက ဆရာတော်ကို အလွန်တရာ အလေးအမြတ် ပြုကြလေသည်။ သို့ရာတွင် ဆရာတော်သည် မာန်မာန လုံးဝမရှိပေ။ ရိုးသားဖြောင့်မတ်ခြင်း၊ မာန်မာနကင်းခြင်း၏ သက်ရှိရုပ်လုံး ဖြစ်လေသည်။ စကားဆွေးနွေးလျှောက်ထားကြည့်ချိန်သောအခါ စိုးစဉ်းမျှပင် ပညာရှိကြောင်း မပြပေ။

မဟာပဏ္ဍိတ ရာဟုလာသံကိစ္စည်းနှင့် ပတ်သက်၍ ရာဟုလာသံကိစ္စည်းသည် အားလျားမှောက်ပြီး နာရီပေါင်းများစွာ စာရေးသားသည်ဟု ကြားရဖူးသည်။ ဆရာတော် အရှင်ဇနကာဘိဝံသသည်လည်း နာရီပေါင်းများစွာ မတ်တပ်ရပ်၍ စာရေးသားလေသည်။ စည်းဝေးပွဲများ၌ မိန့်ခွန်းစကား ပြောကြားသူ၏ရှေ့တွင် ထားသော ခုံမြင့်မျိုးထက် အနည်းငယ်မြင့်သော ခုံပေါ်၌ စာရေးရန် ရိုက်စွတာခပ်ကြီးကြီးတစ်ခု တင်ထားသည်။ ဆရာတော်သည် မတ်တပ်ရပ်လျက် ထိုရိုက်စွတာပေါ်တွင် စာရေးသည်။ အထောက်အထားလိုလျှင် အသုံးပြုရန်အတွက် စာအုပ်ဘီရိုကြီးတစ်ခု အနီးမှာ ထားသည်။ သို့ရာတွင် ပညာဗဟုသုတနှင့် မှတ်ဉာဏ်ထက်မြက်သူဖြစ်၍ ဆရာတော်အတွက် အထောက်အထား ကျမ်းဂန်စာအုပ်လိုအပ်သည်မှာ အလွန်တရာမှ နည်းလေသည်။

ပူဇော်အပ် ပူဇော်ထိုက်သော ဆရာကြီး ဦးဘခင်နှင့်လည်းကောင်း၊ ဝိပဿနာနှင့်လည်းကောင်း နီးစပ်မှုရှိပြီးသည့် နောက်ပိုင်း၌ မန္တလေးမှ

http://www.dhammadownload.com

မစိုးရိမ်ဆရာတော်၊ ရန်ကုန်ခြောက်ထပ်ကြီးဆရာတော်၊ ဗဟန်းကံဦးကျောင်းဆရာတော်စသော အခြား အထင်အရှား ကျော်ကြားသော ဆရာတော်များနှင့်လည်း နီးစပ်မှုရှိလာလေသည်။ ထိုဆရာတော်ကြီးများ၏ သူတော်စင် သူတော်မြတ် သဘောသဘာဝကို ဖူးတွေ့. ကြည်ညိုရသဖြင့် များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိလေသည်။

သို့ရာတွင် မိမိ၏နှလုံးသား နက်ရှိုင်းရာသို့အထိ ရောက်သွားသော ဝိပဿနာဆရာတော်မှာ ဝေဘူဆရာတော်ဖြစ်လေသည်။ ဆရာတော်၏ ကြည်ညိုဖွယ် မျက်နှာတော်၏ ငြိမ်းအေးခြင်း၊ ကျက်သရေရှိခြင်း၊ စိတ်နှလုံးကိုယူကြုံးဆွဲဆောင်မှုရှိသော ဆရာတော်၏ ပြုံးချိုခြင်းတို့သည် လူတိုင်းအတွက် အလွန်တရာ ဆွဲဆောင်မှု အပြည့်ရှိသော အရာများ ဖြစ်လေသည်။ ဝိပဿနာ ယောဂီများ အတွက်မှာမူ ပြောဖွယ်မရှိပေ။

ဆရာကြီးဦးဘခင်သည် ဝေဘူဆရာတော်နှင့် အလွန်တရာ နီးနီးကပ်ကပ် ဆက်စပ်မှုရှိလေသည်။ ဆရာကြီးနှင့် ဝေဘူဆရာတော်၏ ပထမစ၍တွေ့ဆုံပုံမှာလည်း အလွန်တရာ ထူးခြားဆန်းကြယ် လှပေသည်။ ဒုတိယကမ္ဘာစစ် မဖြစ်မီက အဖြစ်အပျက်တစ်ခု ဖြစ်သည်။ ဆရာကြီးသည် မြန်မာနိုင်ငံ မီးရထားစာရင်းစစ်အရာရှိ ဖြစ်၍ မြန်မာနိုင်ငံမြောက်ပိုင်း မီးရထားဘူတာရုံများတွင် လှည့်လည်စာရင်းစစ်သည့် တာဝန် ယူရလေသည်။

မီးရထားဌာနက ဆရာကြီးအတွက် အထူးတွဲတစ်တွဲ ပေးထားသည်။ ထိုရထားတွဲကို ဆရာကြီး၏ စာရင်းစစ်ခရီးအတွက် ရထားတစ်စီးစီးနှင့် ချိတ်ထားပြီးလျှင် စာရင်းစစ်မည့် ဘူတာသို့ ရောက်သည့်အချိန် ထို ရထားတွဲကို ဖြုတ်ပြီး ထားပစ်ခဲ့လေသည်။ စာရင်းစစ်သည့်ကိစ္စ ဆောင်ရွက်ပြီးစီးသော အခါ ရှေ့ခရီးအတွက် ထိုရထားတွဲကို တစ်ဖန် ရထားတစ်စီးစီးနှင့် ချိတ်ထားလိုက်ပြန်လေသည်။

တစ်ခါတွင် ဆရာကြီး အသုံးပြုသော ထိုရထားတွဲကို မှားပြီး ဘူတာငယ်တစ်ခု၌ ဖြုတ်ထားခဲ့ပြီး ရထားရှေ့ဆက် ထွက်သွားလေသည်။ ထို ဘူတာငယ်ကလေးတွင် စာရင်းစစ်ရမည့် အစီအစဉ် မရှိပေ။ သို့သော်လည်း ထို ဘူတာတွင် ရပ်မိပြီဖြစ်၍ စာရင်းစစ်သည့် အလုပ်ကို လုပ်ရလေသည်။

စာရင်းစစ်သည့်အလုပ်မှာ မကြာခင် ပြီးစီးသွားသော်လည်း ရှေ့ဆက်ရမည့်ခရီးအတွက် ရထားမှာ ညနေကျမှ ရောက်လာမည်။ ဆရာကြီးသည်

http://www.dhammadownload.com

နေ့လယ်စာ စားသောက်ပြီးနောက် အချိန်အတန်ကြာမျှ တရေးတမော အိပ်လိုက်သေးသည်။ ထို့နောက် ဘာဆက်လုပ်မည်နည်း။ ဤမျှ အချိန်ကြာကြာ ရထားတွဲထဲတွင် ဘယ်လိုလုပ်နေ၍ ရမည်နည်း။ ဆရာကြီးသည် ရုံပိုင်ကို ခေါ်ကာ ရွာဘက် ထွက်လာခဲ့လာသည်။

ခပ်လှမ်းလှမ်း၌ တောအုပ်တစ်ခုကို လှမ်းမြင်ရသည်။ တောအုပ်ထဲတွင် ကျောင်းကလေး တစ်ကျောင်း ရှိသည်။ "အဲဒီကျောင်းမှာ ဘယ်သူနေသလဲ" ဟူ၍ ဆရာကြီးက မေးသည်။

"တရားထိုင်တဲ့ ဘုန်းကြီးတစ်ပါး နေပါတယ်" ရုံပိုင်ထံမှ အဖြေရသည်။

"လာ . . . အဲဒီသွားကြရအောင်။ အဲဒီဘုန်းကြီးနဲ့တွေ့ချင်ပါတယ်"

"ဆရာ . . . အခုလိုအချိန်မှာ အဲဒီဘုန်းကြီးက ဘယ်သူ့ကိုမှ အတွေ့မခံဘူး"

"လာလေ သွားကြည့်ရအောင်"

ဆရာကြီးနှင့် ရုံပိုင်တို့သည် လူသွားလမ်းကလေးအတွင်း သွားကြရာ ကျောင်းအနီး ရောက်သွားကြသည်။ လူတစ်ယောက်ကိုတွေ့၍ မေးမြန်းစုံစမ်းကြည့်သောအခါ ထိုလူက "ညနေ ၆-နာရီကျမှ ကျောင်းတံခါး ဖွင့်တယ်။ ဒါပေမဲ့ သိပ်မကြာဘူး ပြန်ပိတ်တယ်။ ၆-နာရီ မတိုင်ခင်တော့ ကျောင်းတံခါး မဖွင့်ဘူး"။

ဆရာကြီးကပြောသည် "ငါတို့ ကျောင်းအပြင်ဘက်ကပဲ ကန်တော့ပြီး ပြန်ကြမယ်။ ဘုန်းကြီးကို ဒုက္ခမပေးချင်တော့ပါဘူး"

ဆရာကြီးသည် ကျောင်းရှေ့၌ထိုင်လျက် ဝိပဿနာ၏ အနိစ္စ သဘောတရားကို နှလုံးသွင်းပြီးလျှင် ဦးသုံးကြိမ်ချပြီး ကန်တော့လေသည်။ "တပည့်တော်တို့ အရှင်သူမြတ်ဘုရား၏ မေတ္တာတော်ကို ခံယူရန် ရောက်လာကြခြင်း ဖြစ်ပါသည်ဘုရား" ဟူ၍ စိတ်ထဲကပင် လျှောက်ထားလိုက်လေသည်။ ထိုခဏ၌ပင် တံခါးပွင့်လာသည်ကို တွေ့ရလေသည်။ "ဘယ်ကလာကြသလဲ" ဟူ၍ ဘုန်းကြီးက မေးသည်။

ဆရာကြီးက သူမည်သူမည်ဝါ ဖြစ်သည် ဆိုသည်ကို ပြောပြလိုက်လေသည်။

"ဘာအလို ရှိသလဲ"

"နိဗ္ဗာန်ပါ ဘုရား"

http://www.dhammadownload.com

“နိဗ္ဗာန်ကို ဘယ်လိုလုပ်ရနိုင်သလဲ”

“ဝိပဿနာအားထုတ်ပြီး ရနိုင်ပါတယ်ဘုရား”

“ဝိပဿနာ အားထုတ်သလား”

“တင်ပါ့ဘုရား”

“ဝိပဿနာ အားထုတ်နည်း ဘယ်သူဆီမှာ သင်သလဲ”

“ဆရာသက်ကြီးဆီမှာ သင်ပါတယ်ဘုရား”

“တောထဲမှာ ဘယ်နှစ်နှစ်လောက် အားထုတ်ဖူးသလဲ”

“တောထဲတော့ တစ်ခါမှ မသွားဘူးပါဘုရား။ အိမ်မှာပဲ တရား အားထုတ်ပါတယ်”

“ဘယ်လိုအားထုတ်သလဲ”

ဆရာကြီးက သူအားထုတ်သည့်နည်းကို ဘုန်းတော်ကြီးအား လျှောက်ထား ပြောပြ လိုက်လေသည်။ ဆရာတော်သည် အခြိန် အတန်ကြာမျှ ဆရာကြီးနှင့်အတူ တရားထိုင်သည်။ ထို့နောက် အံ့ဩစွာ အမိန့်ရှိတော်မူသည်။ “ငါတို့ နှစ်ပေါင်းများစွာ တောထဲမှာနေပြီး ရရှိတဲ့အရာကို တကာက အိမ်မှာနေပြီး ရရှိတယ်။ အလွန်တရာ ကုသိုလ်ထူးတယ်။ ပါရမီရှင်တစ်ဦး ဖြစ်ပေတယ်။ တကာ့ဆီမှာ အင်မတန်ကြီးမားတဲ့ပညာ ရှိနေပြီ။ လူတွေ အဲဒီပညာ ရဖို့လိုတယ်။ အခြိန်ဆွဲမနေနှင့်။ လူတွေကို အဲဒီပညာ ချက်ချင်း သင်ကြား ပြသပေးပါ။

“အိမ်ပြန်ရောက်တဲ့အခါ တပည့်တော် ကြိုးစားပါ့မယ်ဘုရား”

“အိမ်ပြန်ရောက်အောင် မဆိုင်းနှင့်။ ယနေ့ယခုအခြိန်မှာပဲ သင်ကြား ပြသပါ။ တစ်ဦးဦးအတွက် အကျိုးရှိလာပါလိမ့်မယ်”

ဆရာကြီးသည် ရုံပိုင်နှင့်အတူ ရွာထဲပြန်လာသည်။ ဘူတာရုံရောက် သည်နှင့် သူ၏တွဲထဲ တက်သွားသည်။ ရုံပိုင်၏ တောင်းပန်ချက်အရ ဆရာကြီးသည် ရုံပိုင်အား အာနာပါနနည်းကို သင်ကြား ပြသပေးလေသည်။ ထိုရုံပိုင်သည် ဆရာကြီး၏ ပထမဆုံးသော ယောဂီတပည့် ဖြစ်လေသည်။

http://www.dhammadownload.com

ဓမ္မတိုင်းပြည်မှာ ၁၂၅-နှစ်ကြာ

အတိတ်၏ ပြုတင်းပေါက်အတွင်း လှမ်းကြည့်လိုက်သည်။ စိတ်နှလုံး ကားချပ်ပေါ်တွင် စိတ်ပါဝင်စားဖွယ် စိတ်ကူးရုခင်း ရုကွက်တစ်ခု ကြွတက် လာသည်။

၁၂၅-နှစ် အလွန်က ဖြစ်ပျက်ခဲ့သော သမိုင်းအဖြစ်အပျက်တစ်ခု ဖြစ်သည်။

၁၈-နှစ်အရွယ်ရှိ တက်ကြွလှုပ်ရှားလျက်ရှိသော လုလင်တစ်ယောက် သည် ဗီကာနေရ်ပြည်နယ်၊ ကျုရုမြို့မှ သူ မရောက်ဘူးသေးသော ခရီး အလှမ်းဝေးလှသည့် နေရာသို့ သွားရန်အတွက် ခရီးထွက်လာခဲ့သည်။ အမှန်တကယ်ပင် ခက်ခက်ခဲခဲ သွားရမည့် ခရီးဖြစ်သည်။ သို့ရာတွင် လုပ်ငန်း၏ ထက်သန်အားကောင်းသော လုံ့လဝီရိယသည် လုလင်အား တစ်လှမ်းပြီး တစ်လှမ်း ရှေ့သို့တွန်းပို့နေသည်။ ထိုအချိန်က ကျုရုအထိ မီးရထား မပေါက် သေးပေ။ သဲကန္တာရရှိ သဲမြေထူထပ်သော လမ်းများပေါ်တွင် တချို့နေရာ၌ ခြေလျင်သွားပြီး တချို့နေရာတွင် ကုလားအုပ်စီးပြီး ဗီကာနေရ် ပြည်နယ်မှ ခရီးအလှမ်းဝေးသော ဗြိတိသျှပိုင်ပြည်နယ်၏ မီးရထားဘူတာရုံ တစ်ခုအထိ ရောက်အောင် သွားရသည်။

ခရီး အလှမ်းဝေးလှသော ယင်း မီးရထားဘူတာမှ မီးရထားစီးပြီးလျှင် ကလကတ္တားသို့လာခဲ့သည်။ ယင်းခရီးသည် လုလင်၏ ပထမဦးဆုံး ခရီးဖြစ် သည်။ သူဘဝတွင် ပထမဆုံးအကြိမ် အိမ်ကထွက်ခွာလာခဲ့ပြီး အသက်မွေး ဝမ်းကျောင်းမှုအတွက် တစ်ရပ်တစ်ကျေးသို့သွားခြင်း ဖြစ်သည်။ ကလ ကတ္တားမြို့ရောက်လာသည်။ ကလကတ္တား၌ ကျုရုနှင့် ကျုရုအနီးရှိ ရှေခါ ဝါတီမှ လူ အတော်များများ အလုပ်လုပ်နေကြသည်ကို တွေ့ရသည်။ အကယ်၍ ဆန္ဒရှိလျှင် ကလကတ္တား၌လည်း နေ၍ရသည်။ သို့ရာတွင် မမြင် ရသော စွမ်းအားတစ်ခုက လုလင်ကို ရှေ့ခရီးဆက်သွားဖို့ အားပေးလှုံ့ဆော် နေသည်ဟု ထင်နေရသည်။ ရှေ့ဆက်ပြီး ပင်လယ်ခရီးရှည် ခရီးခဲ ထွက်လာ ခဲ့သည်။ လုလင်သည် ယခင်က မီးရထားနှင့်လည်း ခရီးမသွားခဲ့ဘူးပေ။ ပင်လယ်ခရီးလည်း မသွားခဲ့ဘူးပေ။ သို့သော်လည်း လုံ့လဝီရိယ နှစ်ဆ

http://www.dhammadownload.com

တိုးမြှင့်လျက် ခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် ပင်လယ်ကူးသဘော်ဝယ် တစ်စင်းနှင့် ထိုအချိန်က အလွန်တရာ ခက်ခဲပြီး ရှည်လျားလှသော ခရီးကို စွန့်စား ထွက်ခွာလာပြီးနောက် ရန်ကုန်မြို့ ရောက်ရှိလာသည်။

မြန်မာနိုင်ငံ ရောက်ရှိလာသောအခါ ဗာဗာ မည်ကဲ့သို့သော လုပ်ငန်းစတင် လုပ်ကိုင်သည်ကို ကျွန်ုပ်မသိပေ။ သို့ရာတွင် ငယ်ငယ်တုန်းက ဗာဗာ ထုတ်ဖေါ်ပြောပြသည်ကို ထောက်ထားလျက် အထည်အရောင်းအဝယ် စတင် လုပ်ကိုင်သည် ဆိုသည့်အကြောင်း မှန်းဆသိရှိရသည်။ ရန်ကုန်မြို့မှ အဝတ်အထည်များကို ဝယ်ယူပြီးလျှင် ထိုအချိန်က မြန်မာနိုင်ငံ နေပြည်တော် မန္တလေးမြို့သွားပြီး ရောင်းချခြင်း ဖြစ်ပေလိမ့်မည်။ ထို့နောက် ရန်ကုန်နှင့် မန္တလေး အသွားအလာလုပ်ပြီး ရောင်းဝယ်ဖောက်ကားသည့် ယင်း အလုပ်ကို မလုပ်တော့ဘဲ အရောင်းအဝယ် ပြုလုပ်ဖို့အတွက် တခြား နေရာကို ရွေးချယ်လိုက်ပုံရသည်။ ထိုအချိန်က ဗာဗာသည် အထည်ထုပ်ကို မြင်းပေါ်တင်လျက် မန္တလေးမြို့မှ ရှမ်းပြည်သို့ သွားရောက် ရောင်းချသည်။ ထို အချိန်က ရှမ်းပြည်ရှိ စျေးနေရာကလေးများ၌ တစ်ပတ်တစ်ကြိမ် စျေးနေ့ သတ်မှတ်ပြီး စျေးရောင်း၊ စျေးဝယ်လုပ်သည့် အလေ့အထရှိသည်။ စျေး နေရာ တစ်ခုစီ တစ်ခုစီ၌ ရက်ခြားခြားပြီး စျေးအရောင်းအဝယ် လုပ်ကြသည်။ ထို့ကြောင့် ဗာဗာသည် မြင်းများပေါ်တွင် ကုန်ပစ္စည်းများ တင်ပြီး သူကိုယ်တိုင်ကမူ မြင်းစီးသည့်အခါစီး၊ မြင်းများနှင့်အတူ မညီမညာ မပြေ မပြစ် ကျောက်စရစ်ခဲများ ဒင်းကြမ်းဖြစ်နေသော လမ်းများပေါ် ခြေလျင် လျှောက်သည့်အခါ လျှောက်လျက် စျေးတစ်စျေးမှ အခြားစျေးတစ်စျေးသို့ ရွှေ့ပြောင်းပြီးလျှင် ကုန်ပစ္စည်းများကို ရောင်းချနေပေလိမ့်မည်။ ယင်းကဲ့သို့ အရောင်းအဝယ် လုပ်ရာ၌ ဗာဗာ မည်ရွေ့မည်မျှ ဆင်းရဲဒုက္ခ ခံခဲ့ရမည်ဆို သည်ကို တွေးကြည့်၍ပင် ရလိမ့်မည်မဟုတ်ပေ။ အထူးအားဖြင့် စားရေး သောက်ရေး ကိစ္စများ၌ မည် မျှ အခက်အခဲ တွေ့ရှာမည်နည်း။ မိရိုးဖလာ သက်သတ်လွတ်စားသူ ဖြစ်ခြင်းကြောင့် တစ်လ၊ ကိုးသီတင်းခံသည့် ရိက္ခာကို ယူဆောင်ပြီး ခရီးသွားရခြင်း ဖြစ်ပေလိမ့်မည်။ သိုးနေသော ရိုတီများနှင့် ဟင်းသီးဟင်းရွက် အခြောက်ကြော်များ၊ သနပ်များကိုသာ နေ့စဉ် အဆာပြေ စားပြီး နေရရှာပေလိမ့်မည်။ ရေသောက်ဖို့အတွက်လည်း အခက်ခဲမရှိဘဲ နေမည်မဟုတ်ပေ။ သောက်ရေအတွက် ရာဂျစထာနီပေါင်းထုပ်ရှည်ကြီးကို

http://www.dhammadownload.com

ဖြည်ပြီးလျှင် ရေပုံးကြိုးသဏ္ဌာန် ပြုလုပ်လျက် မိမိနှင့်ပါလာသည့် 'လိုတာ' ကြေးခွက်ကိုခို၍ ရေတွင်း ထဲက ရေကို ခပ်ယူပြီး သောက်ရပေလိမ့်မည်။ နှစ်ပေါင်းများစွာ ယင်းကဲ့သို့ အပင်ပန်း အဆင်းရဲခံပြီး အရောင်းအဝယ် အလုပ် လုပ်ပြီးနောက် သား ၃-ယောက် အလုပ် လုပ်ကိုင်နိုင်သည့်အရွယ် ရောက်လာသောအခါ မန္တလေးမြို့တွင် ဆိုင်ခပ်သေးသေးဖွင့်ပြီးလျှင် ပုံမှန် အရောင်းအဝယ်အလုပ် လုပ်ကိုင်ခဲ့သည်။ တဖြည်းဖြည်း ဆိုင်ကို ချဲ့ထွင်နိုင်သည့် အခြေအနေ ရောက်ရှိလာသည်။ ဆိုင်ငယ်ကလေးက ဆိုင်ကြီးဖြစ်လာသည်။ ဆိုင်ကြီးက ထို့ထက်ကြီးသော ဆိုင်ကြီး ဖြစ်လာသည်။ နောက်ပိုင်း အရောင်းအဝယ်အလုပ်ကို သား၃-ယောက်အား လွှဲအပ်နိုင်သည့် အခြေအနေ ရောက်ရှိလာသောအခါ ဗာဗာသည် အလုပ်ခွင်က အနားရသွားသည်။

ဗာဗာ၏ အမွေအနှစ်

၁။ခရီးသည်ဘဝ

ဗာဗာ၏ ယင်း ခက်ခဲသော ခရီးသည်အတွေ့အကြုံကို ကြားရသော ကြောင့် ကျွန်ုပ်၏သူငယ်ဘဝ စိတ်နှလုံးထဲတွင်လည်း ခရီးသည်ဘဝ စိတ်ပါဝင်စားမှု နိုးထလာသည်။ အခါအခွင့် ပေါ်လာသည်နှင့် ခြေသလုံးအိမ်တိုင် ခရီးသည် ဘဝမျိုးဖြင့် နေသွားလိုသည့်စိတ် ပေါ်လာသည်။ ထို့ကြောင့်ပင် ဖြစ်ပေလိမ့်မည်။ ၁၂-နှစ်သားအရွယ်တွင် ကျွန်ုပ်သည် ပထမဦးစွာ တစ်ကိုယ်တော် ခရီးရှည်ထွက်ခဲ့သည်။ မန္တလေးမှထွက်လာပြီး သာစည်ကို ဖြတ်လျက် ရှမ်းပြည် ကလောမြို့ကို သွားသည်။ ကျွန်ုပ်၏ အစ်မသည် ကလောမြို့ရှိ သူ့ခဲအို၏ ဇနီးအိမ်တွင် နေ့ရက်အတန်ကြာ သွားနေသည်။ ကျွန်ုပ်အစ်မကို ခေါ်ပြီး မန္တလေးမြို့သို့ ပြန်လာရမည့် ယင်းခရီးကို စွန့်စားပြီး ထွက်လာခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် အတွေ့အကြုံ မရှိသေးသောကြောင့် ကျွန်ုပ်အစ်မ၏ ခဲအို အိမ်လိပ်စာကို ယူမလာခဲ့ပေ။ ကလောမြို့တွင် သူတို့အိမ်ကို ဘယ်မှာ သွားရှာမည်နည်း။ အိပ်ရာလိပ်ကလေးကို ထမ်းပြီး စျေးတဝိုက်၌ ပတ်ချာလှည့် ရှာနေသည်။ ကျွန်ုပ်အစ်မ၏ခဲအိုကို နာမည်လောက်တော့ သိသည်။ သို့ရာတွင် ထိုနေရာတဝိုက်၌ ကျွန်ုပ် မည်သည့် အိန္ဒိယလူမျိုးကိုမှ မတွေ့ရပေ။ မည်သူကို မေးမည်နည်း။ ကံကောင်းထောက်မသည့် အားလျော်စွာ

http://www.dhammadownload.com

စျေးထဲတွင် ကျွန်ုပ်အစ်မ၏ခဲအို ဟင်းသီးဟင်းရွက် ဝယ်နေသည်ကို တွေ့ရသည်ဖြစ်၍ ခပ်လှမ်းလှမ်းပင် သူ့ကို မှတ်မိသွားသည်။ အဘယ့်ကြောင့်ဆိုသော် သူ၏ မုတ်ဆိတ်မွေးကြိုးများက သူ့ကို တစ်ခြားလူများနှင့် မတူဘဲ ထူးထူးခြားခြား မှတ်မိအောင် အကူအညီ ပေးနေသည့် အတွက်ကြောင့် ဖြစ်သည်။

ယင်းခရီးသည် ကျွန်ုပ်၏ ပထမဦးဆုံးအကြိမ် ထွက်လာသော တစ်ကိုယ်တော်ခရီး ဖြစ်သည်။ ထို့နောက်တွင်ကား ခရီးမည်မျှ သွားခဲ့သည်ဆိုသည်ကို မသိတော့ပေ။ အခက်အခဲဆုံး သွားရသောခရီးမှာ ၁၈-နှစ် အရွယ်က မန္တလေးမှမုံရွာ၊ ကလေး၀၊ တမူးကို ဖြတ်လျက် မြန်မာနှင့် အိန္ဒိယနိုင်ငံ နယ်စပ်ဖြစ်သော ဖြတ်ကျော်သွား၍ မလွယ်သည့် တောင်တန်းခရီးများကို ခြေလျင်ခရီး သွားခဲ့သော ထိတ်လန့်စိုးရွံ့ဖွယ် အတွေ့အကြုံ ဖြစ်သည်။

ကျွန်ုပ်နှင့် အစ်ကိုဗာဗူသည် ကျွန်ုပ်တို့မိသားစုကြီး၏ ခေါင်းဆောင်အဖြစ်ဖြင့် ယင်းခရီးကို ဦးဆောင်သွားကြသည်။ ဖခင်ကြီးစသော သက်ကြီးရွယ်အိုများကမူ မန္တလေးမြို့တွင် ကျန်ရစ်ခဲ့ကြသည်။ နေ့ရက်အတန်ကြာပြီး သည့်နောက်မှ သူတို့ အိန္ဒိယ လိုက်လာကြသည်။ မြန်မာနိုင်ငံ၌ ရှိသမျှပစ္စည်းထားခဲ့ပြီး အိန္ဒိယ ရောက်လာသောအခါ လုပ်ငန်းကိုင်ငန်း ရှာဖွေရင်းနှင့် မြောက်ပိုင်းမှ တောင်ပိုင်းသို့လည်းကောင်း၊ အရှေ့မှ အနောက်ပိုင်း အိန္ဒိယနိုင်ငံ၏ ဒေသအသီးသီးသို့လည်းကောင်း ခရီးလှည့်လည် သွားလာခဲ့ပြီး နောက်ဆုံးတွင် မိမိတို့၏ သိဟောင်းကျွမ်းဟောင်းဖြစ်သည့် ရုံကရန်ကို ရှာရင်း တောင်ပိုင်း မာလာဗာရသို့ ရောက်ရှိလာပြီးလျှင် မာလာဗာရ၌ ရုံကရန်၏ အကူအညီဖြင့် အရောင်းအ၀ယ် စတင်လုပ်ကိုင်ရာ အောင်မြင်မှုရရှိခဲ့သည်။

ဒုတိယကမ္ဘာစစ်ပွဲ ပြီးသွားပြီးနောက် အိန္ဒိယမှ မြန်မာနိုင်ငံ ပြန်လာသောအခါ၌လည်း ရောင်း၀ယ်ဖောက်ကားသည့် အလုပ် အောင်မြင်မှု ရရှိသည်။ ထို့ကြောင့် ကုန်သည်တစ်ယောက်အနေဖြင့် မြန်မာနိုင်ငံ၌သာမကဘဲ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးသို့ မကြာခဏ ခရီးထွက်ခဲ့ရသည်။ ထို့နောက် လုပ်ငန်းကိုင်ငန်းက အနားယူပြီး တရားဓမ္မဘက် ရောက်ရှိလာသောအခါ အိန္ဒိယနိုင်ငံမှသာမကဘဲ ကမ္ဘာ့နိုင်ငံ အသီးသီးသို့ ဓမ္မခရီး လှည့်လည်နေရပြီး ယင်း ဓမ္မခရီးသည် သက်ဆုံးတိုင် လှည့်လည် သွားလာနေရမည့်ခရီး

http://www.dhammadownload.com

ဖြစ်လိမ့်မည်ဟု ယုံကြည်စိတ်ချသွားသည်။

ယင်း ခရီးသည်ဘဝကို ဗာဗာထံမှ အမွေအနှစ်အဖြစ် ရရှိခဲ့ခြင်း ဖြစ်သည်။

၂။ အတုမဲ့သဒ္ဓါတရား

ရှစ်နှစ်ခန့်အထိ ကျွန်ုပ်သည် ဗာဗာနှင့် အနီးကပ်နေခဲ့ရသည်။အားလပ်သည့် နေ့ရက်တိုင်း ဗာဗာသည် မဟာမြတ်မုနိ ဘုရားသို့ သွားသည်။ ကျွန်ုပ်တို့ နှစ်ယောက် (အကိုဗာဗူနှင့်ကျွန်ုပ်)ကို ခေါ်သွားသည်။ အစ ပထမ၌မူ ဓာတ်ရထားစီးပြီး သွားကြသည်။ မန္တလေးဈေးချို့မှ ရှမ်းစုအထိ ဓာတ်ရထားနှင့် ခရီးသွားရသည်မှာ အလွန်တရာ စိတ်ပါဝင်စားဖွယ် နှစ်ချို့က်ဖွယ်ကောင်းသည်။ မဟာမြတ်မုနိဘုရား တန်ဆောင်းထဲတွင်လည်း ကျယ်ဝန်းသောခန်းမကြီး ရှိနေသည်။ ယင်းခန်းမကြီးထဲတွင် ပြေးလိုက်လွှားလိုက် ဂုန်လိုက်ပေါက်လိုက်နှင့် ကစားရသည်မှာလည်း အလွန် ပျော်စရာကောင်းသည်။ သို့ရာတွင် ယင်း ကျောင်းတော်သည် မဟာမြတ်မုနိဘုရား ကိုးကွယ်တည်ထားသော ကျောင်းတော် ဖြစ်သည်ဟူ၍ ဗာဗာက ကျွန်ုပ်တို့ကို ပြောပြသည်။ ဘုရားတန်ဆောင်းအတွင်း၌ အော်ဟစ်ဆူညံခြင်း မပြုလုပ်ရပေ။

ထို့နောက် တတိယ စိတ်ပါဝင်စားစရာတစ်ခု ပေါ်လာသည်။ စကားမပြော တုံ့ဘိုဘောနေပြီး ဘုရားဂန္ဓကုဋီတိုက်တော်ကို သုံးကြိမ်သုံးခါပတ်ပြီး ဗာဗာ၏အနီးတွင် လာထိုင်ကြသည်။ ဗာဗာသည် အဓိက ရုပ်ပွားတော်ဖြစ်သော မဟာမြတ်မုနိ ရုပ်ပွါးတော်ရှေ့၌ တင်ပလ္လင်ခွေ ထိုင်ပြီးလျှင် မျက်လုံးမှိတ်လျက် စကားမပြောဘဲ ထိုင်နေသည်။ ယင်းကဲ့သို့ မည်သည့်အချိန်ထိ ဗာဗာ ထိုင်နေသည်ဆိုသည်ကိုမူ မမှတ်မိတော့ပေ။ သို့ရာတွင် နာရီဝက်လောက်အထိ ထိုင်လိမ့်မည်ဟု ခန့်မှန်းရသည်။

ဗာဗာသည် မည်ကဲ့သို့ တရားအာရုံပြုနေသည်ကိုလည်း မသိပေ။ ပထမဦးစွာ ဗာဗာအနီးတွင် ၅-မိနစ်၊ ၆-မိနစ်လောက် ထိုင်နေသောအခါ ငြီးငွေ့လာသည်ဖြစ်၍ တိတ်တဆိတ်ထပြီး အပြင်ဘက် ထွက်သွားသည်။ သို့သော်လည်း တဖြည်းဖြည်း မျက်လုံးမှိတ်ပြီး ဗာဗာနှင့် အတူ ထိုင်ရသည်ကို နှစ်ခြိုက်လာသည်။ လေးဘက်လေးရပ် ပတ်ဝန်းကျင်တွင် ငြိမ်သက်အေးချမ်းမှု ကြီးစိုးနေသည်။

http://www.dhammadownload.com

ယင်း အခြေအနေကို နှစ်ခြိုက် သဘောကျလာသည်။ တစ်ချိန်လုံး ဗာဗာနှင့်အတူ ထိုင်နေသည်။ အနီးအနား ဝန်းကျင်တစ်ဝိုက်၌လည်း လူအတော်များများ ယင်းကဲ့သို့ပင် မျက်လုံးမှိတ်ပြီး ထိုင်နေကြသည်။ ယင်းတို့အထဲက အချို့မှာ ပုတီးစိပ်နေကြသည်။ ဗာဗာကမူ ပုတီးမစိပ်ပေ။ တချို့ကမူ အသံမထွက်အောင် တိုးတိုးကလေး ဓမ္မဂါထာ ရွတ်ဆိုနေကြသည်။

ဗာဗာကမူ ဓမ္မဂါထာတစ်ခုခုကိုလည်း ရွတ်ဆိုမနေပေ။ တိတ်ဆိတ်ငြိမ်သက်စွာသာ ထိုင်နေသည်။ ယင်းကဲ့သို့ တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက် ထိုင်နေခြင်းကို ကျွန်ုပ်တို့လည်း နှစ်ခြိုက်ကြသည်။ မန္တလေးမြို့၌ ကျွန်ုပ်တို့၏အိမ်မှ ၁၀-မိနစ်လောက် လျှောက်သွားရသည့်အဝေးတွင် ဆတျနာရာယဏ ဘုရားကျောင်းရှိသည်။ ဘုရားကျောင်း ခန်းမထဲတွင် ကရိရှဏှနှင့် ရာဓာတို့၏ ရုပ်တုရှိသည်။ မလှမ်းကမ်း အခန်းတစ်ခန်းထဲတွင် ရှိဝရုပ်တုရှိသည်။ ယင်းဘုရားကျောင်းသို့ ဗာဗာသွားသည်ကိုလည်း တစ်ခါမျှ မတွေ့ရပေ။ သို့သော် ကျွန်ုပ်တို့သည် ဖခင်ကြီးနှင့်အတူ ထိုဘုရားကျောင်းသို့ အကြိမ်များစွာ သွားကြသည်။

ထူးထူးခြားခြား စိတ်ဝင်စား ဖွယ်ကောင်းသည်မှာ ဝါခေါင်လတွင် ရှိဝဘုရား ကိုးကွယ်သူများ စုဝေးကြခြင်းဖြစ်သည်။ ဝါခေါင်လတွင် ကရိရှဏှဘုရားကျောင်းတွင် ပုခက်များ၊ ဒန်းများ ဆင်ထားခြင်းသည် အလွန် စိတ်ပါဝင်စားဖွယ်ကောင်းသည်။ ယင်းပွဲသဘင်များ၌လည်း ဗာဗာ သွားရောက်သည်ကို တစ်ကြိမ်မှ မတွေ့ရပေ။ မဟာမြတ်မုနိ တန်ဆောင်း၏ သန့်ပြန့်မှုနှင့် နှိုင်းယှဉ်ကြည့်လျက် သိရသော ယင်းဘုရားကျောင်းများ၏ မသန့်ပြန့် မစင်ကြယ်မှုကိုလည်းကောင်း၊ မဟာမြတ်မုနိဘုရားတန်ဆောင်း၏ ငြိမ်သက်အေးချမ်းမှုနှင့် နှိုင်းယှဉ်ကြည့်လျက် သိရသော ယင်း ဘုရားကျောင်းများက ဆူဆူညံညံအသံများကို လည်းကောင်း ဗာဗာ မနှစ်သက်ပေ။

နောက်ပိုင်း ၃၁နှစ်အရွယ်တွင် ပထမဆုံးအကြိမ် ဝိပဿနာရိပ်သာ၌ တရားထိုင်သောအခါ ဝိပဿနာရိပ်သာ၏ တိတ်ဆိတ်ခြင်းနှင့် ငြိမ်သက်ခြင်း ဝန်းကျင်အခြေအနေသည် ငယ်စဉ်တောင်ကျေး ကလေးအရွယ်က အခြေအနေကို ပြန်လည်သတိရလာစေပြီးလျှင် ယင်းအခြေအနေသည် ကျွန်ုပ်အား သံလိုက်ဓာတ်ကဲ့သို့ ဆွဲဆောင်ထားသည်။

ယခင်ယခင်ဘဝများက ပါရမီလည်းရှိခဲ့ပေလိမ့်မည်။ သို့ရာတွင် ယခု

http://www.dhammadownload.com

ပစ္စက္ခဘဝ၌ သူငယ်ဘဝက မဟာမြတ်မုနိတန်ဆောင်းတွင် ဗာဗာနှင့်အတူ တင်ပလ္လင်ခွေထိုင်နေစဉ်က စိတ်ထဲတွင် ပေါ်လာသော မျိုးစေ့ဗီဇ၏ ကောင်းမှု အရှိန်အဝါကြောင့် ပထမဦးဆုံး တရားပတ်၌ပင် ကျွန်ုပ်သည် ဝိပဿနာ အရသာကို သိမြင်လာသည်။ ငယ်စဉ်တောင်ကျေး ကလေးဘဝက ရှင်တော် ပုဒ္ဓဘုရား၏ ငြိမ်းအေးသော ဆင်းတုတော်နှင့် ပတ်သက်ပြီး ထက်သန် အားကောင်းသော ဆွဲဆောင်မှုသည် နေ့စဉ်နှင့်အမျှ တိုးပွား များပြားလာသည်။

၃။ ဆန့်ကျင်ဘက်နှစ်ခု

ငယ်စဉ်တောင်ကျေး ကလေးဘဝကပင် စတင်ပြီး ထူခြားဆန်းကျယ်သော ဆန့်ကျင်ဘက်သဘောရှိသည့် ဘဝမျိုးဖြင့် နေလာခဲ့ရသည်။ ဖခင်ကြီး၏ အထည်ဆိုင်တွင် ကျွန်ုပ်၏ယောက်ဖ ရှရီမဟာဒေဝျိနာထာနီသည် စာရေးကြီးအလုပ် လုပ်သည်။ ကျွန်ုပ်၏ယောက်ဖသည် ကျွန်ုပ်ထက် အသက်ကြီးသည်။ သူတို့၏သား သို့မဟုတ် ကျွန်ုပ်၏တူသည်လည်း ကျွန်ုပ်ထက် လအနည်းငယ်ကြီးသည်။ ထို့ကြောင့် ငယ်စဉ်တောင်ကျေး ကလေးအရွယ်ကပင် ကျွန်ုပ်၏ စိတ်နှလုံးတွင် ကျွန်ုပ်၏ယောက်ဖ ဩဇာလွှမ်းမိုးမှု ရှိနေသည်။ သူ၏ ထိန်းထိန်းချုပ်ချုပ် ခြိုးခြိုးခြံခြံနေသော ဘဝကို ကျွန်ုပ် နှစ်ခြိုက်သည်။ အလွန်တရာ ရိုးသားသော ဘဝနေနည်းမျိုးဖြင့် နေထိုင်ခဲ့သူ ဖြစ်သည်။ ခြေသလုံးအထိ ထူထဲသော ဓိုတီကိုဝတ်ပြီး ယင်း၏အပေါ်ပိုင်းတွင် သာမန်ရိုးရိုးအင်္ကျီဖားဖား ဝတ်ထား သည်။ အိမ်အပြင်ဘက် ထွက်လျှင် ဦးခေါင်းပေါ်တွင် ဗောင်းထုပ် ပေါင်းထားသည်။ ယင်းအဆင်အပြင်သည် နေ့စဉ်နေ့တိုင်းဝတ်သော သူ၏အဝတ်အစား ဖြစ်သည်။ နေ့ထူးရက်ထူး အခါထူးမျာ၌ပင် သူ့ကို တခြား အဝတ်အစား ဝတ်သည်ကို မတွေ့ရပေ။ ၂၄-နာရီ အတွင်း တစ်ကြိမ်သာ ရိုးရိုး အစားအစာ စားသည်။ နံနက် ၄-နာရီ ထလျက် ဧရာဝတီ-ဂင်္ဂါမြစ်ဆိပ်ကို ခြေလျင်သွားပြီး ရေချိုးသည်။ ပြန်လာသောအခါတွင် ဧရာဝတီ-ဂင်္ဂါမြစ်ရေကို ဆောင်ကျဉ်းလာပြီးလျှင် ရေတော်သောအခါ ယင်းရေကိုပင် သောက်သည်။

ကျွန်ုပ်၏ ယောက်ဖသည် ကျွန်ုပ်နှမနှင့်အတူ အိမ်တွင်မအိပ်ဘဲ ဆိုင်၌သာ အိပ်သည်။ သူတို့တွင် သားတစ်ယောက်နှင့် သမီးတစ်ယောက်သာ ရှိ

http://www.dhammadownload.com

သည်။ သားတစ်ယောက်နှင့် သမီးတစ်ယောက် မွေးဖွားပြီးသည့်နောက်တွင် ဖြဟ္မစရိယအကျင့်ကို မကျိုးမပျက်စေဘဲ ကျင့်သုံးလျက် တောခိုနေသော ဘဝမျိုးဖြင့် နေထိုင်သွားသင့်သည် ဟူ၍ ကျွန်ုပ်၏ယောက်ဖ အကြိမ် များစွာ ပြောသည်ကို ကြားဖူးသည်။

ကျွန်ုပ်၏ယောက်ဖသည် ရှိဝဘုရားကို အလေးအနက် ဆည်းကပ် ကိုးကွယ်သူဖြစ်သည်။ နံနက်စောစော အချိန်၌ အောင်မြင်သောအသံဖြင့် ဘုရားရှိခိုးနေတတ်သည်။ ရှိဝဘုရား၏ ထုတိမင်္ဂလာဂါထာများကို ရွတ်ဖတ် နေတတ်သည်။ သူ၏ အသံသည် ဆွဲဆောင်မှု ရှိသည်။ မကြာခဏ ဝေဒ နတ်ချင်းများကိုလည်း ရွတ်ဖတ်သရဇ္ဈာယ်သည်။ သူ၏အသံထွက်သည် အလွန်တရာ နှစ်လိုဖွယ်ကောင်းသည်။ သူ၏အသံလှိုင်းများသည် စိတ်နှလုံး ထဲတွင် နှစ်သိမ့်ချမ်းမြေ့ဖွယ်ကို ဖန်တီးပေးသည်။

ကျွန်ုပ်ကိုယ်တိုင် ရှိဝဘုရား ထုတိမင်္ဂလာဂါထာများကို သံနေသံထား နှင့် ဆိုသည့်အခါမျိုး၌ အမှားပါသွားလျှင် ကျွန်ုပ်၏ ယောက်ဖက ကျွန်ုပ်၏ အသံထွက်ကို ပြင်ပေးသည်။ အသံကို ပြင်ပေးသည်။ သူ၏ ဂုဏ်အရည် အချင်းများကြောင့် ကျွန်ုပ်၏ စိတ်နှလုံးတွင် သူနှင့်ပတ်သတ်ပြီး ရိုသေ လေးစားမှုအသိ လွှမ်းမိုးနေသည်။ ဗာဗာနှင့်အတူ ကျွန်ုပ် မဟာမြတ်မုနိ ဘုရား လိုက်သွားခြင်းကို မဟာဒေဝသည် လုံးဝ နှစ်မြို့ခြင်းမရှိပေ။ ဗာဗာ၏ စိတ်နှလုံးအပေါ်တွင် ပုဒ္ဓကြည်ညိုမှု ဩဇာအရှိန်အဝါ လွှမ်းမိုးနေခြင်းသည် အန္တရယ်ရှိသည် ဟူ၍ ဗာဗာနှင့်ပတ်သက်ပြီး မကြာခဏ ပြောတတ်သည်။

" မင်းတို့ကလေးတွေ အဲဒီဩဇာ အလွှမ်းမိုး မခံရအောင် လုပ်ရမယ်" ဟူ၍လည်း ပြောပြသည်။ "ပုဒ္ဓသည် ကျွန်ုပ်တို့ ဗိရှဏှု၏ ကိုယ်ပွား အဝတာရ ဖြစ်သည်။ ထို့ကြောင့် ပုဒ္ဓအပေါ်တွင် ကြည်ညိုလေးစားမှု ပြုလုပ်ခြင်းသည် အပြစ်မဟုတ်ပေ။ သို့ရာတွင် မကြာခဏ ဘုရားတန်ဆောင်း၊ ဘုရားကျောင်း သွားခြင်းအားဖြင့် ပုဒ္ဓဘာသာဝင်များ၏ စက်ကွင်းထဲ ရောက်သွားမှာ စိုးရိမ်ရ သည်။" ကျွန်ုပ်၏ယောက်ဖသည် ယင်းကဲ့သို့ အယူအဆရှိသည်။ သူကိုယ် တိုင်ကမူ ပုဒ္ဓရုပ်ပွားတော် ကိုးကွယ်ထားသော မည်သည့် ဘုရားတန်ဆောင်း၊ ဘုရားကျောင်းကိုမှ မသွားပေ။ " လမ်းက ကျဉ်းကျဉ်းကလေး ဆိုပါတော့။ ရှေ့ဘက်ကလည်း အမှုန်ယစ်နေတဲ့ဆင် ပြေးလာတဲ့အတွက် နင်းချေသွား မယ့် အန္တရာယ် ရှိနေတယ်။ ဒါပေမဲ့ လက်ဝဲဘက်မှာ ဂျိန်းဘုရားကျောင်းရှိပြီး

http://www.dhammadownload.com

လက်ျာ ဘက်မှာ ဗုဒ္ဓဘာသာဝင်တို့၏ ဘုရားကျောင်း ရှိနေတယ်။ ယင်း ဘုရား ကျောင်းများ၏ တံခါးကို ဖွင့်ထားမည်ဆိုလျှင် ယင်းအခြေနေမျိုး၌ မိမိ၏ အသက် မဆုံးရှုံးစေလိုသည့် အတွက်ကြောင့်ပင် ဖြစ်စေ၊ ယင်း ဘုရား ကျောင်း နှစ်မျိုးထဲက ဘယ်ဘုရားကျောင်းကိုမှ ဝင်မသွားသင့်။ ဆင်နင်းချေ သွားသည်ဖြစ်စေ၊ အဲဒီလို အမှားမျိုးကို မပြုလုပ်သင့်" ဟူ၍ ကျွန်ုပ်၏ ယောက်ဖသည် ကျမ်းစာ အကိုးအကား တစ်ခုခုကို အထောက်အထားပြု လျက် ပြောပြလေ့ရှိသည်။

ဗိရှဏုဘုရား အနေနှင့် 'ဗုဒ္ဓအဝတာရ' ဗုဒ္ဓကိုယ်ပွားယူရခြင်း၏ အကြောင်းမှာ အသူရာတို့ကို ဝေဒတရားနှင့် ကင်းအောင်လုပ်ပြီး၊ အဝိဇ္ဇာ တရား၊ မောဟတရား ဖုံးလွှမ်းနေအောင် လုပ်လိုသည့်အတွက်ကြောင့် ဖြစ် သည်။ ယင်းသို့ ပြုလုပ်ခြင်းကြောင့် အသူရာတို့သည် နတ်ြည်နတ်ရွာသို့ မသွားရဘဲ ငရဲသို့ သွားရလိမ့်မည်ဟူ၍လည်း ကျွန်ုပ်၏ ယောက်ဖသည် မကြာခဏ ပြောပြလေ့ရှိ သည်။

ယင်းအကြောင်းအရာနှင့် ပတ်သက်၍လည်း ကျွန်ုပ်၏ ယောက်ဖ သည် ကျမ်းစာများမှ အထောက်အထား ဂါထာများကို ထုတ်ပြီး ပြောပြလေ့ ရှိသည်။ ယင်းအထောက်အထားများသည် ဗိရှဏုပုရာဏ် ကျမ်းထဲမှာ ပါသော အဆိုအမိန့်များ ဖြစ်လိမ့်မည် ဆိုသည့်အကြောင်းကို နောက်ပိုင်းတွင် ကျွန်ုပ် နားလည်လာသည်။

ဗာဗာနှင့် ကျွန်ုပ်၏ယောက်ဖ နှစ်ယောက်လုံး ကျွန်ုပ်အတွက် လေးစား အပ်သူများဖြစ်ကြသည်။ ယောက်ဖ၏ ပညာကြွယ်ဝမှုသည် ကျွန်ုပ်၏ စိတ် နှလုံးပေါ်တွင် လေးလေးနက်နက် ထင်ဟပ်လျက် ရှိသည်။ သူ၏ မကြာ ခဏ ရွတ်ဆိုပြောပြသော ကျမ်းစာအထောက်အထားများကို နာယူ မှတ်သား ရခြင်း၏ ဩဇာသည် ထိုအချိန်က သူငယ်၏ စိတ်နှလုံးတွင် အလေးအနက် ထင်ဟပ်နေသည်။ ကျမ်းစာ၏ အဆိုအမိန့်သည် မည်သည့်အခါမှ မှားယွင်း မှု မရှိနိုင်ပေ။ ထို့ကြောင့် ကျွန်ုပ်သည် မိမိကိုယ်ကို ဗုဒ္ဓ ဒေသနာတော်မှလည်း ဝေးအောင် ရှောင်ရှားနေခဲ့သည်။ သို့ရာတွင် ဗာဗာ၏ ဩဇာအရှိန်အဝါ ကြောင့် ဗုဒ္ဓမြတ်စွာဘုရား၏ မဟာကရုဏာတော်နှင့် ပတ်သက်ပြီး ကြည်ညို သဒ္ဓါပွားများလာခဲ့ရသည်။

ဒုတိယကမ္ဘာစစ်အတွင်း အိန္ဒိယရောက်သွားသောအခါ အိန္ဒိယတွင်

http://www.dhammadownload.com

ဖတ်ရသော စာပေများကြောင့်လည်းကောင်း၊ ယင်း အကြောင်းအရာများနှင့် ပတ်သက်ပြီး ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် ဆွေးနွေးပြောကြားရသည့် အတွက်ကြောင့်လည်းကောင်း ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာတော်နှင့် ဆန့်ကျင်ဘက် အယူအဆဟောင်းသည် နက်ရှိုင်းသည်ထက် နက်ရှိုင်းလာသည်။

ထူးဆန်းသော ဆန့်ကျင်ဘက်နှစ်ခု ရှိနေသည့် ဘဝနေနည်းမျိုးနှင့် နေထိုင်လာခဲ့ရသည်။ တစ်ဖက်တွင် ဗုဒ္ဓမြတ်စွာဘုရား၏ ကရုဏာတော်နှင့် ပတ်သက်ပြီး ကြီးမားသော သဒ္ဓါတရား တဖွားဖွားဖြစ်နေသည်။ ယင်း သဒ္ဓါတရားသည် ထိုအချိန်က ကျွန်ုပ်၏ ကဗျာများတွင် ပြတ်ပြတ်သားသား ထင်ဟပ်နေသည်။ နောက် တစ်ဖက်ကလည်း ဗုဒ္ဓ၏ ဒေသနာတော်များနှင့် ပတ်သတ်ပြီး ယုံကြည်မှု ကင်းမဲ့နေသည်။

အတိတ်ကို ပြန်ကြည့်လိုက်သောအခါ ဗာဗာ၏ သြဇာအရှိန်အဝါကို တွေ့မြင်နေရသည်။ ယင်း သြဇာအရှိန်အဝါသည် ကျွန်ုပ်၏ စိတ်နှလုံးတွင် ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာတော်နှင့် ပတ်သက်ပြီး ရှေးအယူအဆပေါင်း များစွာရှိနေသော်လည်း ဗုဒ္ဓမြတ်စွာဘုရား ကိုယ်တော်တိုင်နှင့် ပတ်သက်ပြီး ပေါ်လာသော ယုံကြည်ချက်ကိုမူ သေးငယ်သွားအောင် မပြုလုပ်ပေ။ ဗာဗာ၏ ယင်းအမွေအနှစ်သည် ကျွန်ုပ်အတွက် ဝိပဿနာ၏ ခိုင်မာအားရှိသော အခြေခံအုတ်မြစ် ဖြစ်လာနိုင်သည်။

၄။ ရာဂစရိတန်ဒိဟာကဗျာနှင့် ကျေးလက်ပုံပြင်

ထိုအချိန်က ဗာဗာ၏ထံတွင် မကုန်နိုင်မခမ်းနိုင်သော ဘဏ္ဍာတိုက်ရှိသည်။ ယင်းဘဏ္ဍာတိုက်သည် အသက်ရှင်လျက်ရှိသော ကမ္ဘာ့စွယ်စုံကျမ်းကြီးသဖွယ် ဖြစ်နေသည်။ ယင်းဘဏ္ဍာတိုက်ထဲက အမြဲမပြတ် သစ်ဆန်းသော ကျေးလက်ရိုးရာ ပုံပြင်များနှင့် ဒိဟာကဗျာများကို နားထောင်ခွင့် ရရှိသည်။ ဒိဟာကဗျာ အများအပြားမှာ အကြိမ်များစွာ ရွတ်ဆိုနေရသော ကဗျာများ ဖြစ်သည်။ ဗာဗာထံမှ ကြားရသော ကျေးလက်တောရွာပုံပြင်များသည်လည်း စိတ်ပါဝင်စားဖွယ် ကောင်းလှသည်။ အဆုံးအမ ဥပဒေသများနှင့်လည်း ပြည့်စုံသည်။ ထိုနည်းအတိုင်းပင် ဗာဗာထံမှ နားထောင်ရသော ဒိဟာကဗျာများတွင်လည်း ဓမ္မသဘောများ သက်ဝင်နေသည့်အပြင် တပြိုက်နက်တည်းမှာပင် လက်တွေ့ ကျင့်သုံး လိုက်နာအပ်သည့် လောကနီတိနှင့်

http://www.dhammadownload.com

ပတ်သက်သော အဆိုအမိန့်များလည်း ပါဝင်ပတ်သက်နေသည်။

ကျွန်ုပ်သည် ယင်းဒိုဟာကဗျာများကို အလွန်တရာ နှစ်သက်မြတ်နိုးသည်။ ထို့ကြောင့်ပင် ဖြစ်ပေလိမ့်မည်။ ကျွန်ုပ်တွင် ဒိုဟာကဗျာ ရေးဖွဲ့တတ်သော ဉာဏ်စွမ်းဉာဏ်စ ရှိလာသည်။ ဗာဗာ အသက်ထင်ရှား ရှိနေစဉ်ကပင် ကျွန်ုပ် သည် ၇-နှစ်၊ ၈-နှစ်အရွယ်က ပထမဦးဆုံး ဒိုဟာကဗျာကိုရေးဖွဲ့ခဲ့သည်။ ယင်းကဗျာ၏ အမှားတစ်ခုကို ဗာဗာကိုယ်တိုင် ရယ်ပြီး၊ ပြင်ပေးသည်။ ယင်းသို့အားဖြင့် ကျွန်ုပ်အတွက် စာပေမျိုးစေ့သည် ဗာဗာ၏ အရိပ်အာဝါသအောက်၌ပင် ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သည်။ ယင်းစာပေ ကဗျာမျိုးစေ့သံ့သည် ယခုထက်တိုင် အညွှန့်အညောက်ပေါက်ပြီး ပွင့်လန်း စည်ကားနေတုန်း ဖြစ်သည်။

၅။ တိုင်းချစ်ပြည်ချစ်စိတ်

ဗာဗာသည် နေ့စဉ် သတင်းစာဖတ်လေ့ရှိသည်။ သို့ရာတွင် မျက်စိအမြင် အားနည်းလာသောကြောင့် သူကိုယ်တိုင် မဖတ်နိုင်တော့ပေ။ ကျွန်ုပ်က သူ့ကို ဖတ်ပြရသည်။ အသက်အရွယ် ငယ်ငယ်ကပင် ဟိန္ဒီနှင့်ပတ်သက်သော ကျွန်ုပ်၏ အသိဉာဏ်သည် သာမန်ထက်ပိုမို လွန်ကဲနေသည်။ ထို့ကြောင့် စာဖတ်သည့်အခါ အခက်အခဲမရှိဘဲ လွယ်လွယ် ဖတ်၍ရသည်။

သတင်းစာများတွင်ပါသော သတင်းများနှင့် ပတ်သက်ပြီး ဗာဗာ၏ ဝေဖန်ပြောဆိုချက်များကို ကြားရသောအခါ ပုံမှန်အသိဉာဏ်သည် တိုးပွားများပြားလာသည်။ ဗာဗာ၏ စိတ်နှလုံးထဲတွင် ကိန်းအောင်းနေသော မျိုးချစ်စိတ်သည် ကျွန်ုပ်အပေါ်တွင်လည်း ဩဇာအရှိန်အဝါ စူးရှလာသည်။ အင်္ဂလိပ်တို့သည် အိန္ဒိယနှင့် မြန်မာကို ကျွန်လုပ်ထားကြသည်။ ယင်းအချက်နှင့် စပ်လျဉ်းပြီ ဗာဗာသည် စိတ်မချမ်းမြေ့မှု ကြီးစွာဖြစ်နေသည်။ ထို့ကြောင့်ပင် ဗာဗာသည် လွတ်လပ်ရေးတိုက်ပွဲနှင့် ပတ်သက်သော သတင်းတိုင်းကို စိတ်ပါဝင်စားစွာ ခံစားမှုအပြည့်ဖြင့် လေ့လာသည်။ သူ့ထင်မြင်ချက်ကိုလည်း ပြောပြသည်။ ယင်း အချက်များသည်လည်း ကျွန်ုပ်၏ စိတ်နှလုံးတွင် လေးလေးနက်နက် ဩဇာအရှိန်အဝါ သက်ရောက်မှု ရှိလာသည်။

နောက်ပိုင်းတွင် ကျွန်ုပ်သည် လွတ်လပ်ရေးတိုက်ပွဲများ၌ ကာယကံမြောက် ပါဝင်လှုပ်ရှားရာ၌ အောင်မြင်မှုမရရှိသော်လည်း မိခင်တိုင်းပြည်

http://www.dhammadownload.com

မြန်မာနိုင်ငံနှင့်လည်းကောင်း၊ အဘိုးအဘွားများ၏ ဇာတိနယ်မြေ အိန္ဒိယနိုင်ငံနှင့်လည်းကောင်း ပတ်သက်ပြီး ဗာဗာ စိုက်ပျိုးခဲ့သော ယင်းတိုင်းချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်သည် ထိုအချိန်က ကျွန်ုပ်၏ ကဗျာများတွင် ပြတ်ပြတ်သားသား ထင်ဟပ်ပေါ်လွင်နေသည်။ နိုင်ငံနှစ်နိုင်ငံနှင့် ပတ်သက်ပြီး ခိုင်မာအားရှိသော မဂ်လာဆုတောင်းများသည် ယနေ့ထက်တိုင် စိတ်နှလုံးထဲတွင် ရှင်သန်ကြီးထွားနေသည်။

ဗာဗာသည် မြန်မာဘုရင်များနှင့် ပတ်သက်၍လည်း အလွန်တရာလေးစားကြည်ညိုမှုရှိသည်။ မြန်မာဘုရင်များ၏ တရားဓမ္မနှင့် ပတ်သက်သော စိတ်သဘောထားများကို ဗာဗာသည် ထူးထူးခြားခြား ချီးကျူးစကားပြောကြားလေ့ရှိသည်။

ဗာဗာကပြောပြသည်။

အင်္ဂလိပ်များသည် မလိမ့်တပတ်လုပ်ပြီး မြန်မာဘုရင်များ၏ တိုင်းနိုင်ငံကို လုယူသည်။ အင်္ဂလိပ်အစိုးရ ရောက်ရှိလာပြီးသည့်နောက်တွင် တိုင်းသူပြည်သားတို့၏ စီးပွားရေးအခြေအနေသည် ဆုတ်ယုတ်ပျက်စီးသွားသည်။ ဓမ္မ နှင့်ပတ်သက်သော နယ်ပယ်၌လည်း ဆုတ်ယုတ်နစ်နာမှုများ ဖြစ်ပွားခဲ့သည်။ နောက်ဆုံးတွင် သီပေါဘုရင်ကို နန်းတော်မှ အကျဉ်းသားအဖြစ် ဖမ်းပြီး၊ မန္တလေးမြို့ ရောဝတီမြစ်ကမ်းပါးမှ ခေါ်ဆောင်သွားချိန်၌ တွေ့ရသော ယင်းမြင်ကွင်းကို သတိရသောအခါ ဗာဗာသည် အကြီးအကျယ် စိတ်မချမ်းမမြေ့ ဖြစ်ရသည်။

ထို့နောက် သီပေါမင်းကို အိန္ဒိယနိုင်ငံ၏ အနောက်ဘက်ကမ်းခြေ၌ အကျဉ်းသားဘဝအဖြစ် အခြေမဲ့အနေမဲ့ ထားခြင်းသည်လည်း ဗာဗာ၏ စိတ်နှလုံးကို အကြီးအကျယ် စိတ်မကောင်းခြင်း ဖြစ်ပွားစေခဲ့သည်။ ဗာဗာ၏ စိတ်နှလုံးထဲတွင် မြန်မာနိုင်ငံရှိ ရိုးသားဖြောင့်မတ်သော ပြည်သူ ပြည်သားများနှင့် ပတ်သက်ပြီး အလွန်တရာ ချစ်ခင်မြတ်နိုးသည့် သဘောထားထင်ဟပ်နေသည်။

မြန်မာနိုင်ငံသူ နိုင်ငံသားများ ရိုးသားသော၊ အယောင်ဆောင် ကင်းမဲ့သော ဘဝနေနည်းမျိုးဖြင့် နေထိုင်ကြသည်ကို ဗာဗာသည် အမြဲတစေ ချီးကျူးစကား ပြောလေ့ရှိသည် ။ အင်္ဂလိပ်အစိုးရ ရောက်ရှိလာပြီးနောက် မြန်မာနိုင်ငံသူ နိုင်ငံသားတို့အပေါ်တွင် ကျရောက်လာသော နိုင်ငံခြား ဩဇာ

http://www.dhammadownload.com

အရှိန်အဝါ အမှားများကို တွေ့ရသောအခါတွင်လည်း ဗာဗာသည် စိတ်မချမ်းမသာ ဖြစ်ရသည်။

နောက်ပိုင်းတွင် သိုးဖြူအုပ်ထဲတွင် သိုးမဲတချို့ရှိသည်ကို ကျွန်ုပ်လည်း တွေ့ရသည်။ သို့ရာတွင် ယေဘုယျအားဖြင့် မြန်မာများသည် တခြားလူမျိုးထက် အကျင့်သီလရှိကြသည်။ ယင်းသို့ဖြစ်ရခြင်း၏ အကြောင်းတစ်ခုမှာ ဒုစရိုက်ကျူးလွန်လျှင် ဆိုးကျိုးခံရလိမ့်မည်ဟု ငယ်ရွယ်စဉ်ကပင် အဆုံးအမခံခဲ့ကြရသည့်အတွက်ကြောင့် ဖြစ်သည်။ ဆိုးကျိုးခံရသည်ကို မသိအပ် မသိရသည့် စွမ်းအားတစ်ခုက လည်းကောင်း၊ ဘာသာရေးကျင့်ဆုံး တစ်ခုခုက လည်းကောင်း မကယ်နိုင်ပေ။ ကံစီမံရာခံရမည်ဟူသော သဘာဝတရားကို အကြွင်းမဲ့ ယုံကြည်ကြသောကြောင့် မြန်မာတို့သည် မိမိတို့၏ ကံတရားကို အထူး သတိထားကြသည်။ ထို့ကြောင့် မိမိတို့၏ ရှေးဟောင်းဓမ္မနှင့် ပတ်သက်သော ယဉ်ကျေးမှုကို အသက်ရှင်နေအောင် မပြတ် ကြိုးစား အားထုတ်ကြသည်။ ထို့ကြောင့်ပင် မိမိတို့၏တိုင်းပြည်တွင် အနောက် ယဉ်ကျေးမှုဩဇာ သည်လောက် အလွှမ်းမိုးမခံရခြင်း ဖြစ်သည်။ မြန်မာတို့သည် မိမိတို့၏ အမျိုးသားအသွင်ကို မစွန့်ကြပေ။ လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံတွင် ဓမ္မတရားတော် အသက်ပြန်ဝင်လာခြင်းကို ပြတ်ပြတ်သားသား တွေ့မြင်နေရသည့်အတွက် ကျွန်ုပ် အလွန် ဝမ်းသာအားရ ဖြစ်ရသည်။ ဗာဗာ၏ အမွေအနှစ်အဖြစ် ကျွန်ုပ် အမိနိုင်ငံချစ်စိတ် လက်ဆောင်မွန် ရရှိခဲ့သည်။ ကုသိုလ်ကံ ထူးပေစွတကား။

၆။ စားသုံးသူများအပေါ် သဘောထား

ဗာဗာသည် နှစ်ပေါင်းများစွာ အလွန်ကပင် ကုန်ရောင်းကုန်ဝယ် လုပ်သော တာဝန်ဝတ္တရားများက လွတ်လွတ်ကျတ်ကျတ် အနားယူပြီး နေထိုင်လာခဲ့သည်။ သူ၏ သား၃-ယောက်က ဗာဗာ၏ လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ကြသည်။ ကုန်ရောင်းကုန်ဝယ် အလုပ်ကိစ္စ၌ နီတိကျင့်ဝတ် လိုအပ်ပုံကို ဗာဗာ မကြာခဏ ပြောပြသည်။ ယင်းအကြောင်းအရာနှင့် ပတ်သက်သော အတွေ့အကြုံသည် သူ၏စိတ်နှလုံးထဲတွင် နက်ရှိုင်းစွာ ထင်ဟပ်နေသည်။

ဗာဗာကပြောပြသည်။

http://www.dhammadownload.com

ထိုအချိန်က အိန္ဒိယကုန်သည်အချို့. မြန်မာအစိုးရကို တစ်ပတ်ရိုက်ကြသောကြောင့် အိန္ဒိယကုန်သည်လောက တစ်ခုလုံး မြန်မာနိုင်ငံအစိုးရ၏ အမြင်တွင် ဂုဏ်သိက္ခာကျဆင်းသွားသည်။ ဗာဗာ၏ ယင်းပြောပြချက်သည် ကျွန်ုပ်၏ စိတ်နှလုံးတွင် အလေးအနက် ဩဇာသက်ရောက်မှု ရှိသွားသည်။ ကုန်သည်လောက၌ ရှိသင့်ရှိအပ်သော ကျင့်ဝတ်စည်းကမ်းနှင့် ပတ်သက်ပြီး ဗာဗာ မကြာခဏ ပြောပြသည်။ ဖောက်သည်များ၊ ဈေးဝယ်သူများသည် ကျွန်ုပ်တို့၏ ထမင်းရှင် ဖြစ်ကြသည်။ ကျွန်ုပ်တို့ ရှာဖွေရရှိသော ငွေကြေးများသည် ဖောက်သည်များ၊ စားသုံးသူများထံမှ ရရှိသောငွေကြေး ဖြစ်သည်။ ထို့ကြောင့် မိမိတို့၏ ထမင်းရှင်ကို မည်သည့်အခါမှ မလှည့်စားသင့်ပေ။

ဗာဗာ၏ ယင်းအဆုံးအမ ဩဝါဒသည် ကျွန်ုပ်၏ စိတ်နှလုံးပေါ်တွင် လေးလေးနက်နက် ဩဇာအရှိန်အဝါ စူးရှနေသည်။ ကုန်ရောင်းကုန်ဝယ်လုပ်စဉ် အချိန်ကာလအတွင်းကမူ ဗာဗာ၏ ယင်းအဆုံးအမကို လိုက်နာကျင့်သုံးခဲ့သည်သာ ဖြစ်သည်။ ယခု ကုန်သည်ဘဝကအနားယူပြီး ဝိပဿနာတရားပြန့်ပွားအောင် လုပ်သောအခါ၌ကား လွန်ခဲ့သော နှစ်အနည်းငယ်ကစပြီး အမေရိကန်၊ ကနေဒါ၊ ဥရောပနိုင်ငံများနှင့် အိန္ဒိယနိုင်ငံမှ ထိပ်တန်းကုန်သည်များသည် ဝိပဿနာနှင့် ပတ်သက်ပြီး စိတ်ဝင်စားမှုရှိလာကြသည်။ ယင်းတို့အားလည်း ယင်းတရား အဆုံးအမကိုသာ ပြောပြသည်။

၇။ ကုန်သွယ်မှုနှင့်ဗန္ဓုလ

မြန်မာဘုရင်များအကြောင်း ပြောပြသောအခါ ဗာဗာသည် ဗန္ဓုလစစ်သူကြီးအကြောင်း မကြာခဏ ထည့်ထည့်ပြောတတ်သည်။ ဗန္ဓုလသည် မျိုးချစ်သူရဲကောင်း စစ်သူကြီးဖြစ်သည်ဟု ဗာဗာက ထင်မှတ်ယူဆထားသည်။ သို့ရာတွင် စစ်ပွဲတစ်ပွဲတွင် အင်္ဂလိပ်တို့က ဗန္ဓုလကို ဥပါယ်တမျည်ဖြင့် ကျဆုံးသွားအောင် လုပ်လိုက်ကြသည်။ မြန်မာပြည်သူပြည်သားများသည် မိမိတို့၏ စစ်သူကြီးကို အလွန်တရာ လေးစားကြည်ညိုကြသည်။ ဗာဗာထံမှသာ မကဘဲ နောက်ပိုင်းတွင် တခြားပုဂ္ဂိုလ်များထံမှလည်း ဗန္ဓုလ၏ ဂုဏ်ပုဒ် ထုတ်ဖော်ချီးကျူးသည်ကို ကြားသိရသည်။

ဗန္ဓုလအမည်နာမကို အကြောင်းပြုလျက် ကျွန်ုပ်တို့၏ ကုန်သွယ်ရေးလုပ်ငန်းတွင် အရေးပါအရာရောက်သော အဖြစ်အပျက်တစ်ခု ဖြစ်ပျက်ခဲ့

http://www.dhammadownload.com

သည်။ ကျွန်ုပ်တို့ မန္တလေးမြို့က ဆိုင်အတွက် အထည်များကို များသော အားဖြင့် ရန်ကုန်မြို့မှ ဝယ်ယူလျက် ထုပ်ပိုးပြီး မန္တလေးယူလာသည်။ အိန္ဒိယ နိုင်ငံမှလည်း အထည်အချို့ မှာယူသည်။ ထိုအချိန်က ကျွန်ုပ်တို့နိုင်ငံတွင် မာလာဗာရ် (ကေရလ)မှ ပလေကပ်လုံချည် တင်သွင်းရောင်းချသည်။ မာလာဗာရ်ရှိ ကန္နာန္နရ်မြို့မှ ပီ.ရုံကရန် အမည်ရှိ ကုန်သည်တစ်ဦးသည် မန္တလေးမြို့သို့ အချိန်မှန်မှန် လာလေ့ရှိသည်။ ကျွန်ုပ်တို့ဆိုင်နှင့် တခြားဆိုင်များမှ 'အော်ဒါ' ယူသွားပြီးလျှင် အိန္ဒိယမှ ကုန်ပစ္စည်းများ တင်ပို့သည်။ တစ်ကြိမ်တွင် သူ တင်ပို့ရမည့် ကုန်ပစ္စည်းအတွက် အော်ဒါယူရန် ပီ.ရုံကရန် မန္တလေး ရောက်လာသောအခါ ကျွန်ုပ် သူနှင့် အသိဖြစ်သွားသည်။ ထိုအချိန်က ကျွန်ုပ်၏ အသက်မှာ ၁၂-နှစ်မျှသာ ရှိသေးသည်။ ပီ.ရုံကရန်သည် ဟိန္ဒီစကားလည်း နားမလည်ပေ။ မြန်မာစကားလည်း နားမလည်ပေ။ ကျွန်ုပ်တို့ အသိုင်းအဝိုင်းထဲတွင်လည်း အင်္ဂလိပ်စကား ပြောတတ်သူ မရှိပေ။ ထို့ကြောင့် ပီ.ရုံကရန် ရောက်လာသည့် အချိန်တိုင်း စာသင်ကျောင်းတစ်ကျောင်းမှ အင်္ဂလိပ်စကား ပြောတတ်သော ကျောင်းဆရာတစ်ဦးဦးကို ခေါ်ရသည်။ ထိုကျောင်းဆရာ၏ အကူအညီဖြင့် စကားပြောရသည်။

သို့ရာတွင် ယခုတစ်ကြိမ် ပီ.ရုံကရန် ရောက်သောအခါ ဖခင်ကြီးက "သားလည်း အင်္ဂလိပ်စာ သင်နေတယ်မဟုတ်လား။ ပီ.ရုံကရန်ကို အင်္ဂလိပ်လို ပြောကြည့်ပါလား" ဟု ကျွန်ုပ်ကို ပြောသည်။ ဖခင်ကြီး ခိုင်းသည့်အတိုင်း ကျွန်ုပ် ပီ.ရုံကရန်ကို အင်္ဂလိပ်လိုပြောကြည့်သည်။ ပီ.ရုံကရန်နှင့် ဖခင်ကြီး နှစ်ဦးလုံး ကျေနပ်အားရသွားကြသည်။ ခါတိုင်းကဲ့သို့ပင် လုံချည်တင်ပို့ပေးရန် 'အော်ဒါ'ပေးလိုက်သည်။

ထိုအခါ ကျွန်ုပ်က "တကယ်လို့ ကျွန်ုပ်တို့ ဆန္ဒရှိရင် ကျွန်ုပ်တို့မှာတဲ့ လုံချည်မှာ ကျွန်ုပ်တို့ကုမ္ပဏီက 'ထရိတ်မာ့က်'(ကုန်ပစ္စည်းတံဆိပ်) တပ်ပေးလို့ရတယ်"ဟု ပီ.ရုံကရန်ကပြောသည်။ ဖခင်ကြီး အကြီးအကျယ် ဝမ်းသာအားရဖြစ်သွားသည်။ ကျွန်ုပ်တို့ မှာယူတင်သွင်းသော လုံချည်များသည် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်များ၌သာ မကဘဲ မြန်မာပြည်မြောက်ပိုင်းမြေပြန့်ဒေသများ၌လည်း တွင်တွင်ကျယ်ကျယ် ရောင်းချရသည့် အတွက်ကြောင့် ဖြစ်သည်။ ယင်းလုံချည်များတွင် တခြားကုန်ပစ္စည်း တံဆိပ် တပ်ထားသည်။ အကယ်၍ ကျွန်ုပ်တို့ကိုယ်ပိုင် ကုန်ပစ္စည်းတံဆိပ် တပ်ထားမည်

http://www.dhammadownload.com

ဆိုပါက လုံချည်များ အရောင်းရ တွင်ကျယ်သည်နှင့်အမျှ အနာဂတ် ကာလ တွင် ကျွန်ုပ်တို့အတွက်လည်း အကျိုးများစွာ ဖြစ်ထွန်းလာပေလိမ့်မည်။ ပြဿနာတစ်ခု ပေါ်လာသည်။ ကျွန်ုပ်တို့လည်း နှစ်ခြိုက်သော၊ စားသုံးသူများ လည်း သဘောကျသော မည်ကဲ့သို့သော 'ထရိတ်မာ့က်'မျိုးကိုတပ်မည်နည်း။ ထိုအချိန်၌ ကျွန်ုပ်စိတ်ထဲတွင် 'ဗန္ဓုလ' အမည်ပေါ်လာသည်။ ဖခင်ကြီးက လည်း 'ဗန္ဓုလ' အမည်ကို သဘောကျသည်။ မဟာမြတ်မုနိ ဘုရားသွားစဉ် က ပန်းချီကားများ ရောင်းချသော ပန်းချီဆရာတစ်ဦး၏ ဆိုင်တစ်ဆိုင်ကို တွေ့ခဲ့သည်။ ယင်းဆိုင်တွင် ပန်းချီကား လှလှကလေးများကို ရောင်းချ သည်။ ထိုဆိုင်သို့သွားပြီး ပန်းချီဆရာကို 'ဗန္ဓုလ'ပုံ အဆွဲခိုင်းသည်။ ပန်းချီ ဆရာကလည်း 'ဗန္ဓုလ'ပုံ ၂-ပုံ ချက်ခြင်း ဆွဲပေးသည်။ တစ်ပုံမှာ မတ်ရပ်ပုံ ဖြစ်ပြီး၊ အခြားပုံတစ်ပုံက ဗန္ဓုလ၏ တိုင်းသိပြည်သိ အမှတ်လက္ခဏာ သံ ခမောက်၊ ဓားလွယ်၊ ဓားအိမ်ပုံ ဖြစ်သည်။ ဒုတိယပုံကို ကျွန်ုပ်လည်း နှစ်သက် သည်။ ဖခင်ကြီးလည်း သဘောကျသည်။ ယင်းပုံကို ပီ.ရှံကရန်အား ပေး လိုက်သည်။ ထို့နောက် မာလာဗာရ်မှ ကျွန်ုပ်တို့ လုံချည် မှာယူတင်သွင်းသော အခါ ယင်းလုံချည်များတွင် ကျွန်ုပ်တို့၏ ယင်း 'ထရိတ်မာ့က်'ကို ကပ်ထား သည်။ ထို့နောက် အချိန်အနည်းငယ်ခန့် ကြာသွားသောအခါ အဟမဒါဗတ် မှ မှာယူတင်သွင်းသော ပိတ်အုပ်များတွင်လည်း ကျွန်ုပ်တို့၏ 'ဗန္ဓုလ' တံဆိပ် ကိုပင် တပ်ထားသည်။ ဘုံဘေမှ မှာယူတင်သွင်းသော တူရကီ မျက်နှာသုတ် ပုဝါ များတွင်လည်း ယင်း'ဗန္ဓုလ' တံဆိပ်ကိုပင် တပ် ထားသည်။ သို့ရာတွင် ယင်း တံဆိပ်များထဲက လုံချည်၌ တပ်ထားသော တံဆိပ်ကသာ ပိုပြီး ထင်ရှားကျော်ကြားသွားသည်။ ယင်း အဖြစ်အပျက်များသည် ဒုတိယ ကမ္ဘာ စစ် မဖြစ်မီက အဖြစ်အပျက်များ ဖြစ်သည်။

ဒုတိယကမ္ဘာစစ် နောက်ပိုင်း မြန်မာနိုင်ငံပြန်လာပြီး ကူးသန်းရောင်း ဝယ်ရေးလုပ်ငန်း လုပ်သောအခါ ကျွန်ုပ်ငယ်စဉ်က ရွှေးချယ်ခဲ့သော 'ဗန္ဓုလ' အမည်နာမကို ပြန်လည်သတိရလာသည်။ နောက်ပိုင်းတွင် ဗုဒ္ဓမြတ်စွာဘုရား လက်ထက်တော်အခါက ဘုရားရှင်၏ ဒါယကာ ကောသလဘုရင် ပသေနဒိ ၏ သူရဲကောင်း သေနာပတိ စစ်သူကြီးလည်း ဖြစ်သော၊ ဘုရားရှင်၏ ထင်ရှားသော ဒါယိကာမ မလ္လိကာ၏ ခင်ပွန်းလည်းဖြစ်သော ပုဂ္ဂိုလ်၏ အမည်နာမမှာလည်း 'ဗန္ဓုလ'ဖြစ်သည်ကို သိရသောအခါ 'ဗန္ဓုလ'ဟူသော

http://www.dhammadownload.com

အမည်နာမကို ကျွန်ုပ် ပိုမို နှစ်ခြိုက်သွား သည်။ ထို့ကြောင့် ထိုအချိန်က စက်မှုလုပ်ငန်းများကို လုပ်ကိုင်သောအခါ 'ဗန္ဓုလဘလန်းကက်မိလ်စ်' (ဗန္ဓုလ စောင်စက်)၊ 'ဗန္ဓုလ ပလတ်စတစ်'၊ 'ဗန္ဓုလ ဘရန်းအိုင်လ်စ်' (ဗန္ဓုလ ဖွဲနုဆီစက်)၊ 'ဗန္ဓုလ တက်စတိုင်းမိလ်စ်' စသော အမည်နာမများကို အသုံးပြုခဲ့ သည်။ စက်မှုလုပ်ငန်းအားလုံးကို 'ဗန္ဓုလ' အမည် တပ်ထားသည့်အတွက် ပြည်သူတို့၏ အားပေးမှု ရရှိသည်မှာလည်း တိုက်ဆိုင်မှုတစ်ရပ်ပင် ဖြစ်သည်။ အထူးအားဖြင့် 'ဗန္ဓုလ' တံဆိပ် တပ်ထားသော ဗန္ဓုဂ စောင်သည် ထူးထူးခြားခြား နာမည်ကျော်ကြား လူကြိုက်များလာသည်။ ယင်းသို့ နာမည်ကျော်ကြား လူကြိုက်များခြင်း၏ အခြား အကြောင်းတစ်ရပ်မှာ ဗာဗာညွှန်ကြားသော လူကျင့်ဝတ် အပြည့်ရှိသည့် ကုန်သွယ်ရေးနှင့် ပတ်သက်သော ကျင့်ဝတ်ကို လိုက်နာကျင့်သုံးပြီး ကုန်ပစ္စည်း၏ အရည်အသွေး 'ကွယ်လယ်တီ' ကို အဆင့်မြှင့်ထားခြင်းကြောင့် ဖြစ်သည်။ ကွယ်လယ်တီနှင့် ပတ်သက်ပြီး စားသုံးသူကို မည်သည့်နည်းနှင့်မှ မလှည့်စားရ ဆိုသည့်မူကို အပြည့်အဝ သတိထားသည်။

ထို့နောက် ကူးသန်းရောင်းဝယ်ရေးအလုပ်က ကျွန်ုပ် အနားယူပြီး မြန်မာအစိုးရက ပုဂ္ဂလိက ကူးသန်းရောင်းလုပ်ငန်းကြီးများကို ပြည်သူပိုင်လုပ်ပြီးသည့်အချိန် ကျွန်ုပ်၏သားများသည် မြန်မာနိုင်ငံ၌ ကုန်ကူးသန်းရောင်းဝယ်မှု ပြုလုပ်ကြသောအခါ သူတို့၏ ကုန်သွယ်မှုလုပ်ငန်းများကို 'ဗန္ဓုလ နေရှင်နယ်လီမိတက်'၊ 'ဗန္ဓုလအင်တာနေရှင်နယ်လီမိတက်' အမည်များ ပေးထားသည်ကို တွေ့ရသည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။ ရောင်းဝယ်ဖောက်ကားမှု လုပ်ငန်းများနှင့် ကျွန်ုပ် ဆက်စပ်မှု မရှိတော့ပြီဖြစ်သော်လည်း ကျွန်ုပ်၏ မျိုးဆက်သစ်များ ဗန္ဓုလအမည် မွေမသွားကြသည်ကို တွေ့ရသည့် အတွက်ကြောင့်လည်း အားရဝမ်းသာ ဖြစ်ရသည်။ ကျွန်ုပ်၏သားများ ယခု 'ဗန္ဓုလ တိုးရ်စ် အင်ဒ် ထရားဗလား' (ဗန္ဓုလခရီးသွားလုပ်ငန်း) အမည်ဖြင့် အသစ် တည်ထောင်ထားသော ကုန်သွယ်မှုလုပ်ငန်းကို တွေ့ရပြန်သောအခါ ပိုပြီး ပီတိဖြစ်ရသည်။ ကျွန်ုပ်အတွက် ဝမ်းမြောက်ဝမ်းသာ မဖြစ်ဘဲ နေ၍မရသော အကြောင်းအရာများ ဖြစ်သည်။ ဗာဗာ ဂုဏ်ပြုခဲ့သော မြန်မာဘုရင်များ အပါအဝင် မြန်မာသမိုင်းဝင် သူရဲကောင်းစစ်သူကြီး 'မဟာဗန္ဓုလ' အမည်နာမသည် ကျွန်ုပ်၏စိတ်နှလုံးတွင်

http://www.dhammadownload.com

နက်ရှိုင်းစွာ ထင်ဟပ်နေသည်။ ယင်းအမည်နာမကို မြန်မာနိုင်ငံ၌ ကုန်ကူးသန်းရောင်းဝယ်မှု လုပ်ကိုင်နေကြသော ဗာဗာ၏ ပဥ္စမမျိုးဆက်အထိ ထိန်းသိမ်းထားကြသည်။ ယခုအခါတွင်ကား မြန်မာနိုင်ငံက ဂိုအင်ကာမိသားစု တစ်ခုလုံးသည် 'ဗန္ဓုလ' အမည်နာမနှင့် ဆက်စပ်မှု ရှိနေသလိုပင် ဖြစ်နေသည်။ ကျွန်ုပ်၏ မိခင်မြန်မာနိုင်ငံ၌ လွန်ခဲ့သော ၁၂၅-နှစ်ကစ၍ မျိုးဆက်ငါးဆက်အထိ ဆင်းသက်လာခဲ့သော ဗာဗာ၏ ဂိုအင်ကာမိသားစုသည် ယခုအခါ၌ 'ဗန္ဓုလ' အမည်နှင့် အနက်အဓိပ္ပာယ်တူ ပရိယာယ်စကားလုံး ဖြစ်နေပြီ။ ယင်းအချက်ကို တွေ့မြင် သိရှိရသောကြောင့် ဖရဏာပီတိ ဂွမ်းဆီထိသကဲ့သို့ နှစ်သိမ့်ဝမ်းမြောက်ခြင်း ဖြစ်ရပေသည်။

http://www.dhammadownload.com

Contact Information for Vipassana Centres

Courses of Vipassana meditation in the tradition of Sayagyi U Ba Khin as taught by S.N.Goenka are regularly held at more than 80 centers in many countries around the world. Worldwide schdules, information and application forms are available from the Vipassana vipassana website: **www.dhamma.org**. Further information about S.N.Goenka and the work of the Vipassana Research Institute is available at **www.vri.dhamma.org**. Information may also be obtained from the following centres:

India

Maharashtra

Dhamma Giri and Dhamma Tapovana
Vipassana International Academy, Dist. Nashik, Igatpuri 422 403
Tel: [91] (02553) 44076, 44086; Fax: [91] (02553) 44176
e-mail: <dhamma@vsnl.com> Website: <www.vri.dhamma.org>

Dhamma Pattana, Mumbai e-mail: mhhomes@hotmail.com

Dhamma Sarita, Khadavli, e-mail: sumedh@bom3.vsnl.net.in

Dhamma Kolhapur, Tel: (0231) 651 146

Dhammananda, Pune, e-mail: webmaster@pune.dhamma.org

Dhamma Sarovara, Dhule, Tel: c/o [91] (02562) 22 741, 22 614

Dhamma Ajanta, Aurangabad, Tel: [0240] 334532, 332324, 484445

Dhamma Naga, Nagpur, e-mail: cecorp@nagpur.vsnl.net.in

Dhamma Vati, Nashik

Dhamma Manamoda, Manmad, Tel: (02591) 25141

Dhamma Sugati, Nagpur

Dhamma Punna, Pune

North India

Dhamma Thalī
Rajasthan Vipassana Centre, PO Box 208, Jaipur 302 001, Rajasthan
Tel: [91] (0141) 641 520, 641 411; Fax C/o 561 283;
e-mail: dhammjpr@jpi.dot.net.in

Dhamma Salila,Dehramsala, e-mail: lakshya@nde.vsnl.net.in

Dhamma Sikhara, Dharamsala. e-mail: info@sikhara.dhamma.com

Dhamma Dhaja, Punjab, Tel: (01882) 72333

Dhamma Sota, Near New Delhi. e-mail: logicstat@vsnl.com

Dhamma Tihar, New Delhi

http://www.dhammadownload.com

Dhamma Rakkhaka, New Delhi
Dhamma Suvatthi, Sravasti UP,
Dhamma Licchavi, Bihar. Tel: (0621) 247 750, 243 206, 243 407
Dhamma Upavana, Bihar. Tel: (0621) 244675
Dhamma Bodhi, Bodh Gaya. Tel: (0631) 400 437
Dhamma Cakka, Sarnath, UP. Tel: [91] (0542)346 644
Dhamma Vimutti, Kushinagar, UP. Tel: [91](0551) 310 805
Dhamma Lakkhana, Lacknow

Gujarat

Dhamma Sindhu
Kutch Vipassana Centre, Village-Bada, Tal. Mandvi, Dist. Kutch 370475
Tel: Off. [91] (02834) 73303, Teacher's.Res. 73304
Fax: (02834) 20118, 20497; e-mail: dhammasindhu@ yahoo.com
City Contact: (02834) 20076 [Mr Ishwarlal Shah]
Dhamma Kota, Rajkot. Tel: [91] (0281) 220861, 220862
Dhamma Pitha, Ahmedabad. Tel: (02714) 22473
Dhamma Divakara, Mehsana. Tel: (02762) 44744,53315
Dhamma Vata, Vadodara

Central and East India

Dhamma Gaṅga, Calcutta
Bara Mandir Ghat, Harishchandra Dutta Road, Panihati (Sodepur).
Dist. 24 Parganas (N.), West Bengal 743 176. Tel: (033) 553 2855
City Office: 9 Bonfield Lane, Kolkata 700 001
Tel: (033) 242 1767, 242 8043, Fax: C/o (033) 225 5174
e-mail: badani@giasc101.vsnl.net.in
Dhamma Kanana, Balaghat. Tel: (07632) 73145
Dhamma Ketu, Durg
Dhamma Pala, Bhopal. e-mail: mpveneer@bom2.vsnl.net.in

South India

Dhamma Khetta
Vipassana International Meditation Centre, 12.6 Km. Nagarjunsagar Road, Kusumnagar, Vanasthali Puram, Hyderabad 500 070, A.P.
Tel: Off. (040) 424 0290, Teacher's Res. 424 1746; City Off. 473 2569
Fax: C/o (040) 461 3941; e-mail: vimc_hyd@hotmail. com
Dhamma Nijjhana, Near Hyderabad
Dhamma Sumana, Bangalore. e-mail: maitri@blr.vsnl.net.in

http://www.dhammadownload.com

Dhamma Setu, Chennai (Madras). e-mail: Meridian@md3.vsnl.net.in

Nepal

Dharmaśṛiṅga

Nepal Vipassana Centre, PO.Box No. 12896, Budhanikanth, Muhan Pokhari, Kathmandu Nepal. Tel: [977] (01) 371 655, 371 007
City Office: Jyoti Bhawan, Kantipath, GPO Box 133 Kathmandu
Tel: [977] (01) 250 581, 225 490, 223 968; Fax: 224 720, 226 314
e-mail: nvc@htp.com.np

Dhamma Janani, Nepal. Tel: [977] (051) 21426

Dhamma Tarai, Nepal. Tel: [977] (051) 22793

Dhamma Birata, Biratnagar, Nepal. Tel: Off. (977)(21)25486

Dhamma Chitavana, Nepal

Cambodia

Dhamma Kamboja

Cambodia Vipassana Centre, Next to Kompong Ko Buddhist Temple, P.O. Box 867, Dist. Koh Thom, Kandol Province, Phnom Penh 3, Cambodia. e-mail: [Cambodian trust] <ivcc@forum.org.kh>
Tel: c/o [855] (23) 26594

Dhamma Ankura, Cambodia. e-mail: ivcc@forum.org.kh

Dhamma Latthika, Cambodia, e-mail : <ivcc@forum.org.kh>

Indonesia

Dhamma Jāvā

Contact: Indonesia Vipassana Meditation Foundation,
Komplek Gading Biddt Indah Blok B 17, Jl. Bukit Gading Raya, Kelapa Gading Brami, Jakarta Utara 14240, Indonesia. Tel: [62] (21) 451 3848;
Fax : 451 3680; e-mail: dhamma-java@biz.net.id

Japan

Dhamma Bhānu

Japan Vipassana Mediation Centre, Iwakamiyoku, Hatta, Mizucho-cho, Funai-gan, Kyoto 622 0324; Tel & Fax: [81] (0771) 86 0765;
e-mail: info@bhanu.dhamma.org

Mongolia

Dhamma Maṅgala

C/o Dr Jambal Hatanbaatar, Mongolian Medical Centre, Ulaanbaater,

http://www.dhammadownload.com

Songino Hairhan Duureg, Mongolia 21/892
Tel: [976] 682 636, 368 064; Fax: [976] 681176

Myanmar

Dhamma Joti

Vipassana Centre, Wingaba Yele Kyaung, Nga Htal Gyi Pagoda Road, Bahan, Yangon, Myanmar; Tel: [95] (01) 549 290, 546 660
e-mail: dhammajoty@mptmail.net.mm
Office: No. 134, Shwe Bon Tha Street, Yangon, Myanmar
Tel: [95] (01) 272 467, 248 174, 248 175; Fax: 289 965
Contact: Mr Banwariji Goenka, Bandoola International Limited, Goenka Geha, 3rd Floor, 77 Shwe Bon Tha Street, Yangon, Myanmar
Tel: [95] (01) 253601, 245327, 281505; Res. 524983;
Fax: [95] (01) 248174; e-mail: BANDOOLA@mptmail.net.mm

Dhamma Ratana and Dhamma Makuṭa

Okpo Monastery, Myoma Ward, Mogok, Myanmar
Contact: U Kan Hla, President, Trustee Committee, 80, Shan Su Qr., Mogok, Myanmar. Tel: [91] (09) 60704, 60498

Dhamma Maṇḍapa and Dhamma Mandala

Near Mandalay Arts & Science University, Bhamo Monastic Compound, 39th St., Mahar Aung Mye Tsp., Mandalay, Myanmar
Contact: Dr. Soe Aye, Secretary, Trustee Committee. Tel: [95](02) 34854

Dhamma Mahawana, Pyin Oo Lwin Myanmar

Sri Lanka

Dhamma Kūṭa

Vipassana Meditation Centre, Mowbray, Hindagala, Peradeniya, Sri Lanka. Tel: [94) (070) 800 057; e-mail: dhamma@sltnet.lk

Taiwan

Dhammodaya

No.35, Lane 280, Chung-Ho Street, Section 2, Ta-Nan, Hsin She, Taichung 426, P.O Box No. 21,Taiwan. Tel: [886] (04) 581 4265, 582 3932;
Fax: [886] (04) 581 1503
E-mail: tvc@tpts6.seed.net.tw or shih@mail.tku.edu.tw

Thailand

Dhamma Kamala

Thailand Vipassana Centre, 200 Baan Nernpasuk, Tambon Dongkeelek,

http://www.dhammadownload.com

Maung District, Prachinburi 25000, Thailand.
Tel/Fax: [66] (037) 403 515
Contact: Mr Nirand Chayodam, Tel: Res.[66] (02) 552 1731;
Off: 521 0392. Fax: [66] (02) 552 1753
Dhamma Abha, Thailand. e-mail: sutthi@ksc.th.com
Dhamma Suvanna, Thailand. e-mail: sutthi@ksc.th.com

Australia & New Zealand

Dhamma Bhūmi
P.O. Box 103, Blackheath, NSW 2785, Australia
Tel: [61] (02) 4787 7436; Fax: [61] (02) 4787 7221
e-mail: info@bhumi.dhamma.org Web site: www. bhumi.dhamma.org
Dhamma Pabha, Tasmania, Australia.
e-mail: info@pabha.dhamma.org
Dhamma Padipa, Western Australia. Tel : [61] (08) 9433 4858
Dhamma Aloka, Victoria, Australia
Dhamma Rasmi, Queensland, Australia
Dhamma Padipa, Western Australia. TeL: [61] (08)9433 4858
Dhamma Medini
Burnside Road, RD3 Kaukapakapa, New Zealand
Tel: [64] (09) 420 5319
Dhamma Niketana, Adelaide, New Zealand
e-mail : info@sa.au.dhamma.org

Europe

Dhamma Dīpa
Harewood End, Herefordshire, HR2 8JS, England, U.K.
Tel: [44] (01989) 730 234; Fax: [44] (01989) 730 450
e-mail: info@dipa.dhamma. org
Dhamma Geha
Vipassana Meditation Haus, Kirchenweg 2, 76332 Bad Herrenalb, Germany. Tel: [49] (07083) 51169; Fax: [49] (07083) 51328
e-mail: DhammaGeha@aol.com
Dhamma Dvara, Germany, Europe
Dhamma Mahī
'Le Bois Planté' Louesme, F-89350 Champignelles, France.
Tel: [33] (0386) 457 514; Fax [33] (0386) 457 620
e-mail: info@mahi.dhamma.org
Dhamma Nilaya, Saints, France. e-mail : vimuti@hotmail.com and

http://www.dhammadownload.com

e-mail : aaksv@hotmail.com

Dhamma Aṭala

Centro Vipassana "Dhamma Atala", 29025 Obolo di Gropparello (PC) Italy. Tel/Fax : [39] (0523) 857 215; e-mail:info@atala. dhamma.org
Web site: www.atala.dhamma.org
City office: Vipassana Italia. Via Martinelli 64, 20092 Cinisello B. (MI) Italy. Tel/Fax: [39] (02) 660 0214; e-mail: info@atala. dhamma.org

Dhamma Sumeru

Centre Vipassana, No.140, Ch-2610 Mont-Soleil, Switzerland
Tel: [41] (32) 941 1670; Fax: [41] (32) 941 1650
e-mail:info@sumeru.dhamma.org

Dhamma Neru

Centro de Vipassana, Apartado Postal 29, Santa Maria de Palautordera 08460 Barcelona, Spain. Tel: [34] (93) 848 2695; Fax: [34] (93) 848 1584
e-mail:<info@neru.dhamma.org>
Web site: http://www.neru.dhamma.org

Dhamma Pajjota

Vipassana Belgium vzw, Driepaal 3, B - 3650 Dilsen-Stokkem, Belgium
Tel/Fax: [32] (08) 975 7657, e-mail: vipassana.dilsen@ skynet.be

North America

Dhamma Dharā

VMC, 386 Colrain-Shelburne Road, Shelburne MA 01370-9672, USA
Tel: [1] (413) 625 2160; Fax:[1] (413) 625 2170
e-mail: info@dhara.dhamma.org Web site: www.dhara.dhamma.org

Dhamma Kuñja

Northwest Vipassana Centre, P.O. Box 345, Ethel, WA 98542-0345, USA
Tel: [1] (360) 978 5434; Fax: [1] (360) 978 5433
e-mail: info@kunja.dhamma.org Web site: www.kunja.dhamma.org

Dhamma Mahāvana

California Vipassana Centre, P.O. Box 1167, North Fork, CA 93643,USA
Tel: [1] (559) 877 4386, Fax: [1] (559) 877 4387
e-mail: info@mahavana.dhamma.org
Web site: www.mahavana.dhamma.org

Dhamma Sirī

Southwest Vipassana Centre, P.O. Box 190248, Dallas, TX 75219, USA
Tel: [1] (214) 521 5258, or (972) 932 7868
Fax: Center (972) 962 8858; in Dallas (214) 219 5125;
e-mail: info@siri.dhamma.org Web site: www.siri.dhamma.org

http://www.dhammadownload.com

Dhamma Manda, California, USA
e-mail: registration@manda.dhamma.org
Dhamma Pakasa, Chicago, USA
Dhamma Surabhi
Box 529, 3495, Cambie Street, Vancouver, B.C. V5Z 4R3, Canada
Tel: [1] (604) 730 9877 or (250) 3784506 e-mail: info@surabhi.dhamma.org
Dhamma Suttama Canada. e-mail: info@suttama.dhamma.org
Dhamma Makaranda
Contact: German Cano, Carmen Serdan 114, 50120 Toluca, Mexico
Tel: [52] (72) 131-367; Fax: 1266-70;
e-mail: germar@toluca.podernet.com.mx

World Vipassana Contacts

INDIA

Maharashtra & Goa

Vipassana Akot, Maharashtra. Tel: 07258-23225
Vipassana Akola, Maharashtra. Tel: 07258-442232
Vipassana Bhusaval, Maharashtra. Tel: 07258-24431
Vipassana Chandrapur, Maharashtra. Tel: 07172-52131
Vipassana Chandrapur Jail, Maharashtra. Tel: C/o 07172-54379
Vipassana Gomant Kendra,Goa, India.e-mail: elinks@goa1.dot.net.in
Vipassana Khamgaon. Tel: 442232, Goa, India
Vipassana Kolhar, Goa, India. Tel: 02422-53479
Vipassana Kotamba, Goa, India. Tel: 02422-42346
Vipassana Latur, Goa, India. Tel: 02422-45666, 47666
Vipassana Nanded, Goa, India. Tel:02422-23208, 35232
Vipassana Nandurbar, Goa, India. Tel: 02564-22731
Vipassana Sugatanagar, Goa, India. Tel: 02422-52279
Vipassana Yuvatmal, Yavatmal-4455001

North India

Vipassana Bikaner (Rajastan), North India. Tel: 0151-886731
Vipassana Chandigarh, North India. Tel: 0151-264333
Vipassana Dehradun, Norht India. Tel: 0151-653366
Vipassana Jhansi,U.P, North India. Tel: 0517-782359
Vipassana Jodhpur, North India. Tel: 0517-32048, 33260
Vipassana Kanpur, UP, North India. e-mail: arpita@lwl.vsnl.net.in
Vipassana Kushinagar, U.P, North India. Tel: 05563-7135

http://www.dhammadownload.com

Vipassana Lucknow, U.P, North India. Tel: 381835,
Vipassana Mainpuri, U.P, Norht India. Tel: 05672-34824
Vipassana Nainital, UP, Norht India. Tel: 05942-36286.2
Vipassana Sravasti, U.P, North India. Tel: 0542-386457
Vipassana Varanasi, North India. Tel: 0542-382344

Gujarat

Vipassana Anumala, Gujarat. Tel: 02626-34686
Vipassana Baroda, Gujarat. Tel: 0265-562768, 571824
Vipassana Dharmaj, Gujarat. Tel: 0265-44490
Vipassana Gandevi, Gujarat. Tel: 02634-53166, 53115
Vipassana Malpur, Gujarat. Tel: 02774-43135
Vipassana Mandvi-Kutch, Gujarat. Tel: 02834-20076
Vipassana Palanpur, Gujarat. Tel: 02742-57565
Vipassana Surat, Gujarat. Tel: 0261-474627, 476435
Vipassana Surendranagar, Gujarat. Tel: C/o 02752-50409
Vipassana Thara, Gujarat. Tel: 02747-2127

Central and Eastern India

Vipassana Berhampur (Orissa). Tel: 0680-282136
Vipassana Bhilai-Durg(M.P). Tel: (0788)211945, 431075
Vipassana Bilaspur. Tel: 20267
Vipassana Calcutta(W.B). Tel: 475-6372
Vipassana Gwailor. Tel: 0751-340487
Vipassana Jabalpur. Tel: 0761-42724,423465, 313726
Vipassana Kawarda (M.P). Tel: 07741-32230
Vipassana Khariyar Road (Orissa). Tel: 06678-22407
Vipassana Khurda (Orissa). Tel: 0674-490516
Vipassana Kurseong (West Bengal). Tel: 0353-43229,25086
Vipassana Mahasamunda(M.P). Tel: 07723-22982
Vipassana Manipur. Tel: 0674-490160
Vipassana Raipur. Tel: 0771-233-676
Vipassana Ratlam. Tel: 07412-30933, 30060

South India

Vipassana Auroville (T.N), South India. Tel: 62045
Vipassana Bangalore (Karnataka), South India. Tel: 222-4330
Vipassana Chennai(T.N). Tel: 044-4334546/47, 8272167, 8263706
Vipassana Coimbatore(T.N), South Inida. Tel: 472441
Vipassana Hyderabad. Tel: 4554945
Vipassana Kottayam. e-mail: jems@md4.vsnl.net.in

http://www.dhammadownload.com

Vipassana Madurai. e-mail: renukamehta@rediffmail.com
Vipassana Mangalore(Karnataka). Tel: 0824-742130
Vipassana Pala, Kottauam(Kerala). Tel: 0482-212047

Outside India

Vipassana Africa, Sovenga. e-mail: dhammaza@iii-world.com
Vipassana Argentina, Buenos Aires.
e-mail: dhamma@augusta.com.ar (or) info@ar.dhamma.org
Vipassana Bahrain, Abqaiq 31311. Saudi Arabia.
Tel : [966](3) 572-4260
Vipassana Belgium. e-mail: dirkmieke@compuserve.com
Vipassan Benelux. e-mail: dirkmieke@compuserve.com
Vipassana Bolivia, Tarija. e-mail: epino@cosett.com.bo (or)
e-mail: info@bo.dhamma.org
Vipassana Brazil. e-mail: kilkerry@openlink .com.br
e-máil: info@br.dhamma.org
Vipassana Alberta, Canada. Tel: [1](403)244 0165
Vipassana British Columbia, Canada.
e-mail: info@surabhi.dhamma.org
Vipassana Nova Scota, Canada. e-mail: ad919@chebutcto.ns.ca
Vipassana Ontario, Canada.
Tel: [1](514)481-3504. e-mail: nrosen@interlog.com
Vipassana Chile. e-mail: luzjimen@entelchile.net
Vipassana Colombia. e-mail:danieltr@openway.com.co
Vipassana Cuba. e-mail: info@cu.dhamma.org
Vipassana Denmark. e-mail: Vipassana@post8.tele.dk
Vipassana Ecuador. e-mail: juribe@uio.satnet.net
Vipassana Ecuador. e-mail: info@ec.dhamma.org
Vipassana French Polynesia, Tahiti. Tel: [689] 43-26-50
Vipassana Greece. Tel: [30] (831) 41483
Vipassana Hong Kong. e-mail: info@hk.dhamma.org
Vipassana Hungary. e-mail: dhamma@mail.datanet.hu
Vipassana Jakarta Selatan, Indonesia. e-mail: irengreg@rad.net.id
Vipassana Iran. e-mail: vipassana_ir@hotmail.com
Vipassana Association Ireland. e-mail: vipeire@hotmail.com
Vipassana Israel Trust. e-mail: ivt@netvision.net.il
Vipassana Kyoto, Japan. e-mail: jvipa@mbox.kyoto-net.or.jp
Vipassana Argentina, Latin America
e-mail: dhamma@augusta.com.ar

http://www.dhammadownload.com

Vipassana Malaysia, Kuala Lumpur. e-mail: info@my.dhamma.org
Vipassana Netherland. Tel: [31]543-353
Vipassana Panama. Tel: [507]223-5439; e-mail: info@pa.dhamma.org
Vipassana Peru. e-mail: chrisav@peru.itete.com.pe
Vipassana Peru. e-mail: info@pe.dhamma.org
Vipassana Portugal. Tel: [351](81)971-489
Vipassana Romania, e-mail: tomescud@fx.ro
Vipassana Russia , Moscow. e-mail: vipassana@mail.ru
Vipassana Singapore. e-mail: jaya@pacific.net.sg or
Bandoola@theoffice.net
Vipassana Scandinavia, Sweden. Tel: [46](8)25 59 29
Vipassana Serbia, Loznica. Tel: [34](91)734-9990
Vipassana Switzerland. e-mail: loehr@bluewin.ch
Vipassana Thailand, Bangkok. e-mail: pomphen@bkk.a-net.net.th
Vipassana United Arab Emirates. e-mail: goenka@emirates.net.ae
Vipassana London, Uinted Kingdom. Tel: [44](181)387-8844
Vipassana Uruguay. e-mail: info@uy.dhamma.org
Vipassana Arizona, United State, US. Tel: [1](602) 940-9540
Vipassana Colorado, US. Tel: (970) 835-8295
Vipassana Florida, US. e-mail: sevipas@iname.com
Vipassana Idaho, US. Tel: [1](208) 788-4450
Vipassana Georida. e-mail: jyotis@arches.uga.edu
Vipassana Illinois, US. e-mail: info@midwest.dhamma.org
Vipassana Kansas, US. e-mail: sharat@gte.net
Vipassana Minnesota, US. Tel: [1](612)362-9190 (or)
e-mail: mettatoall@aol.com
Vipassana New Mexico, US. e-mail: hipy@juno.com (or)
e-mail: info@mx.dhamma.org
Vipassana New York, US. e-mail: lucyyu@webspan.net (or)
e-mail:neell@looksmart.com
Vipassana Texas, US. e-mail: vip@onramp.net
Vipassana North Carolina, US. e-mail: Ncvasite@aol.com
Vipassana Utah, US. Tel: [1](801)485-7040
Vipassana Virginia, US, e-mail: Vipassana@magicflutes.com
Vipassana Wisconsin, US. e-mail: debdavis@csd.uwm.edu
Vipassana Washington, US. e-mailL SDCorley@aol.com
Vipassana Venezuela. e-mail: ravamir@etheron.net
e-mail: info@ve.dhamma.org

http://www.dhammadownload.com

ဗာဗာ၊ ကြွယ်ဝပြီး မြင့်မြတ်သော မြန်မာနိုင်ငံ၌ ဗာဗာ အရေး
ချသည်မှာ အလွန်တရာ ကံကောင်းလှပေသည်။ ထိုနိုင်ငံ၌
ကျွန်တော်သည် ဘဝသံသရာ ပင်လယ်သမုဒ္ဒရာကို ဖြတ်ကူးရာ
ဖြတ်ကူးကြောင်း ဖြစ်သော ရတနာသုံးပါးကို ရရှိပေသည်။

ဗာဗာ၊ သုဝဏ္ဏဘူမိ ရွှေနိုင်ငံသို့ မိသားစုထဲမှ ပထမဦးဆုံး
ရောက်ရှိလာသူမှာ ဗာဗာ ဖြစ်ပေသည်။ ထိုနိုင်ငံ၌ ရွှေကိုလည်း
အများအပြား ရှာ၍ ရပေသည်။ အဖိုးဖြတ်၍မရသော
ဓမ္မရတနာကိုလည်း ရှာ၍ ရပေသည်။

အကယ်၍ ဗာဗာသာ မြန်မာနိုင်ငံ ရောက်မလာလျှင်
ကျွန်တော်တို့သည် မည်သည့်အရပ် မည်သည့်လမ်း၌
မည်သို့သော အသွင်အပြင်ဖြင့် လှည့်လည် သွားလာနေရမည်
မသိပေ။ သို့သော်လည်း ကျွန်တော်တို့သည် ဤ မြန်မာနိုင်ငံ၌
ကြီးမားများပြားသော ဥစ္စာဓနကို လည်းကောင်းမြင့်မြတ်သော
ဓမ္မကိုလည်းကောင်း ရရှိပေသည်။

